www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

# သူဝေး

# ဝဲစားစက်ရုပ်

လုံးချင်းဝတ္ထုသစ်

cOvEr tkk

BURMESE CLASSIC .com

Thu Way

www.burmeseclassic.com

www.burmeseclassic.com



HWE THAMIEE PUBLISHING HOUS

# သုဝေး

## ဝဲတားစက်ရုပ်

Thu Way

ရွှေသမီးစာပေ

အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ ရန်ကုန်မြို့။

ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၁၉၀။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ။(၀၉၉၅၈)
၂၁၄ အမှတ်(၂)ဗိုလ်တထောင်ဈေးလမ်း၊
ရန်ကုန်။

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သုဝေး ဧည

( ဝဲစားစက်ရှပ် ) သုဝေး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
၂၀၀-စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။ (၁) ဝဲစားစက်ရှပ်

# ဝဲစားစက်ရှပ်

www.burmeseclassic.com

www.burmeseclassic.com

# ဝဲစားစက်ရုပ်

BURMESE CLASSIC .com

## (M)

စက်ရုပ်ဝင်မှု ကြီးကြပ်ရေးဌာနမှာ ဝန်ထမ်းအဖြစ်လျှောက်ရာကနေ ပယ်ချခံရပြီး ဆာလဖျူရစ်ဖျော်ရည်စက်ရုံ၊ ပန်းကန်ပြားပျံ၊ မှန်လုပ်ငန်းစက်ရုံတွေကနေ မောင်းထုတ်ခံခဲ့ရတဲ့ 'သူ'ဟာ အသင့်စားသုံးနိုင်သော ဘဏ္ဍာရီခြောက်ဘီစကစ်များစက်ရုံဆီ ရောက်ခဲ့ပါတယ်။

"ဟင် . . . ဟေ့ကောင် . . . ဘာဝင်လာလုပ်တာလဲ"

"ဟာ . . . ငါတို့စက်ရုံက အစားအသောက်တွေကို မသန့်ရှင်းဘူးလို့ သတင်းထွက်အောင်လာလုပ်တာလား"

သူ စက်ရုံထဲ ခြေလှမ်းရုံရှိသေး စက်ရုံထဲက လုပ်သားစက်ရုပ်တွေက သူ့ကိုတွေ့မြင်သွားပြီး မတူသလို မတန်သလို အော်ဟစ်ကြတယ်။

"မ . . . မဟုတ်ပါဘူး။ ကျွန် . . . ကျွန် . . . တော် . . . စက်ရုံအဝမှာ ဝန်ထမ်းအလိုရှိသည်ဆိုလို့ အလုပ်လာလျှောက်တာပါ"

"အောင်မာ . . . မင်းလိုကောင်ကို ဘယ်သူက အလုပ်ခန့်မှာလဲ။ လာ လာချည်သေး"

"သွားစမ်းကွာ . . . စက်ဆီဆော်ကိုနံလို့။ တစ်ကိုယ်လုံးကို ဟောင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့အပေါ် အကဲပိုစွာ ရှုံ့ရှာပြကြတယ်။

တညီတညွတ်တည်း မောင်းထုတ်ကြတယ်။ မြေနိမ့်ရာလှံစိုက်ချင်တဲ့ သွေးကြွစက်ရုပ်တချို့က ကန်ကျောက်ထိုးကြိတ်ဖို့တောင် လက်ဆစ်တွေ တဖျောက် . . . ဖျောက် . . . ချိုးလာကြတယ်။

သူ ဘာတတ်နိုင်မလဲ။ နောက်ဆုတ်နောက်ဆုတ်နဲ့ ခေါင်းငုံ့လှည့်ထွက်ခဲ့ရတာပေါ့။

ဝဲစားစက်ရုပ်ကို ဘယ်စက်ရုံကမှ အလုပ်မခန့်ကြဘူး။

ᅎ ᅎ ᅎ



**(A)**

သူဟာ အိမ်ခြေရာခြေမဲ့တစ်ဦးပေါ့။ ဂျစ်ပစီစက်ရုပ်လို့ပြောရင်လည်း ရမလားပဲ။ ညဆို လူခြေတိတ်တဲ့ ကြုံလေရာလမ်းကြားထဲမှာ အိပ်စက်ရတယ်။ အေးလွန်းတဲ့ညတွေဆို ခွေးစက်ရုပ်တွေရဲ့ မနီးမဝေးမှာ အိပ်တတ်တယ်။ အများအားဖြင့်တော့ နိုက်ကလပ်တွေရဲ့နောက်ဖေးက ဂရက်ဖတီတွေ ( ) ပေပွနေအောင်ဆွဲထားတဲ့ အမှောင်လမ်းသိုးသိုးထဲမှာ သွားအိပ်တာ များပါတယ်။

ဒါပေမဲ့ တစ်ညမှာတော့ . . .

"ဟေ့ကောင် . . ."

ပတ်တရောင်ရဲစက်ရုပ်ကြီးက ကွေးအိပ်နေတဲ့သူ့ကို ဓာတ်မီးနဲ့ထိုးပြီး ဖင်ကိုကန်နှိုးတယ်။ သူ အိပ်မှုန်စုံမွှားနဲ့ နိုးလာပြီး . . .

"ဘာလဲဗျ"

"ဘာလဲလုပ်မနေနဲ့ ပါးပိတ်ရိုက်လိုက်လို့ နားထင်ထဲက မှလီပုံစံအရိုးတွေ အရစ်ပြုန်းသွားဦးမယ်"

စက်ရုပ်ရဲသားကြီးက ဘလိုင်းကြီးဖြတယ်။

"မင်းကို ဒီနေရာမှာ ဘယ်သူအိပ်ခိုင်းလဲ"

"ဘယ်သူအိပ်ခိုင်းတယ်ရယ်လို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဒီလိုပဲ ကျွန်တော်အိပ်နေကျပါပဲ"

www.burmeseclassic.com

"ဆောင့်ကန်ထည့်လိုက်လို့ ခါးရိုးစပရိန် ဖရိန်စောင်းသွားဦးမယ်။ မင်း . . . ဒါ မှောင်ရိပ်ခိုနေတာပဲကွ။ ငါဖမ်းထည့်လိုက်မှ စက်ရုပ်အခွင့်အရေး ဆုံးရှုံးတယ်တွေ ဖြစ်သွားဦးမယ် . . . ဟင်း'

စက်ရုပ်ရဲသားကြီးက ဟိုဘက်လမ်းထဲမှာ တကယ်မှောင်ရိပ်ခိုပြီး မဖွယ်မရာလုပ်နေတဲ့ နိုက်ကလပ်ပြန်စုံတွဲတွေကိုကျ သွားမပြောဘဲ သူ့ကိုမှ လာရစ်နေတယ်။

"သွား . . . ဒီနေရာက ထွက်သွား။ အို . . . မြို့ထဲကကို ထွက်သွားကွာ။ နောက်တစ်ခါ မင်းကို မြို့ထဲမှာတွေ့ရင် ငါကိုယ်တိုင် ဈေးထဲထည့်ပစ်မယ်"

သူ ဘာတတ်နိုင်မှာလဲ။ မြို့ပြင်ဆီ ခေါင်းငုံ့ဦးတည် . . .။

အဲဒီအချိန်ကစပြီး . . .

ဝဲစားစက်ရုပ်ဟာ မြို့ပြင်က ထရန်စဖာအိုးစုတ်ကြီးထဲမှာ အိပ်တယ်။



**(N)**

သူဟာ သင်းကွဲစက်ရုပ်ပါပဲ။ အခုမှ စက်ရုပ်ဖြစ်ကာစ စက်ရုပ်ကလေးတွေကတောင် သူ့ကို နှိမ်စရာဟားစရာလို သဘောထားကြတယ်။

"အနူကြီး . . . အနူကြီး . . ."

အဲဒီလိုအော်ဟစ်ပြီး စက်ရုပ်ကလေးတွေက သူ့ကို ခွာတ်ခဲတွေနဲ့ ကောက်ပေါက်ကြတယ်။

သူကလည်း ကလေးတွေပြုသမျှကို ခေါင်းငုံ့ခံပါတယ်။ ဒီလိုဖြစ်ရခြင်းအဲကြောင်းဟာ ကလေးတွေအပြစ်မှ မဟုတ်ဘဲလို့ သူတွေးတယ်။ သူ့မျက်နှာကို ခွာတ်ခဲတောင့်တွေ လာမှန်ပေမယ့် အဲဒီကြားကပဲ ကလေးတွေကို သူ ပြုံးပြလိုက်တယ်။

ဝဲစားစက်ရုပ်မှာ အနှံ့တာခံစိတ်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

သူ မြို့ပြင်ကိုပြန်လာတာ နောက်ကျတဲ့ညဆို သူ့အနောက်က မူးယစ်တဲ့လမ်းသရဲစက်ရုပ်တွေ လိုက်လာကြတယ်။

လမ်းသရဲစက်ရုပ်တွေဟာ ဘီးတစ်လုံးတည်းပါတဲ့ လျှပ်စီးဆိုင်ကယ်တွေကို တဗျင်းဗျင်းစီးနင်းလို့ ကဲနေကြတယ်။ အသံသေးအသံကြောင်တွေ အော်ဟစ်လို့ပေါ့။

"ဟော့ကောင် . . . ဝဲစား . . . ငါတို့ကို သီချင်းဆိုပြစမ်း"

"လုပ်ပါ . . . ဝဲကြီးရ။ နစ်ရာပေးပါ့မယ်"

"အေပေး . . . ပေကပ်ကပ် လုပ်မနေနဲ့။ ဆို . . . ဆို . . . ဆိုစမ်း"

သူ့ကို အနိုင်ကျင့်ပြီး ဆိုခိုင်းကြတယ်။

သူ ဘာတတ်နိုင်မလဲ။ သူတို့ အလိုကျပဲပေါ့။ ဒါပေမဲ့ သူက ဘာသီချင်းမှ ကောင်းကောင်းမရဘူး။ ဒါကြောင့် ကဗျာတစ်ပုဒ်ကိုသာ ရွတ်ပြလိုက်တယ်။ သူရွတ်ပြလိုက်တဲ့ကဗျာက သူတို့ဂြိုဟ်မှာ ရေးထေးရှိတဲ့ ခေါက်ရိုးကျိုး မဲပြာပုဆိုးပုံစံမျိုးတွေ မဟုတ်ဘူး။ တစ်မျိုးတစ်မဆန်းကြယ်ပြီး ခွဲထွက်နေတယ်။ သစ်တယ်။ နက်ရှိုင်းလှပတဲ့ ဆွဲငင်မှုပါတယ်။



ဒါကြောင့် သူကဗျာရွတ်နေပုံကို လမ်းသရဲစက်ရုပ်တွေတောင် အမူးပြေပြီး ငေးယူရတယ်။

ဒါပေမဲ့ သူ ဘယ်လောက်ပဲ ကဗျာရွတ်ကောင်းပါစေ ရွတ်လို့ပြီးသွားရင်တော့ ရမ်းကားတတ်တဲ့ လမ်းသရဲစက်ရုပ်တွေက ကာဗွန်မိနောက်ဆိုဒ်အရက်တွေနဲ့ သူ့ကို ခေါင်းပေါ်ကနေ လောင်းချတော့တာပဲ။

"ဝဲစားက ဒီလောက် ကဗျာမရွတ်တတ်သင့်ဘူးကွဟား . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

သူ့တစ်ကိုယ်လုံး အနံ့ပြင်းတဲ့အရက်တွေ စိုရွှဲကုန်ပေါ့။ ဘာပဲဖြစ်ဖြစ်ပါ ဝဲစားစက်ရုပ်မှာ အနုပညာဓာတ်ခံရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (Y)

သူဟာ စက်ရုပ်မတွေကို နာကျည်းတယ်။

သူ့မှာ ဆန်းပြားတဲ့ရောဂါစွဲကပ်လာပြီး မကြာခင်မှာပဲ သူနှစ်ပေါင်းများစွာ ကြိုးကြိုးစားစား လုပ်ခဲ့တဲ့အလုပ်ကနေ ထုတ်ခံခဲ့ရတယ်။ အလုပ်ထုတ်ခံရလို့ စိတ်ညစ်ပြီး အိမ်ပြန်လာတော့ သူ အိမ်တွင်းပစ္စည်းတွေ သူ့အိမ်ရှေ့အပြင်မှာ ထုတ်ခံထားရတာတွေ့တယ်။ ဘာတွေလဲ။ ဘာဖြစ်ကုန်တာလဲလို့ သူ ပါးစပ်အဟောင်းသားနဲ့ အံ့သြနေချိန်မှာပဲ အိမ်ပေါက်ဝမှ ဝဖီးတဲ့စက်ရုပ်မကြီး ခါးထောက်လျက်ပေါ်လာပြီး . . .

"ဝမ်းနည်းပါတယ်။ နင့်လိုရောဂါသည်ကို ငါ အိမ်မငှားနိုင်တော့ဘူး။ ထွက်သွားပါတော့"

ရျောင်းခနဲ တံခါးပိတ်ပြီး စက်ရုပ်မကြီး ပြန်ဝင်သွားတယ်။

သူ စိတ်ဓာတ်ကျစွာနဲ့ မြေပေါ်ကပစ္စည်းလေးတွေကို ပြန်စုဆည်းနေတုန်း ခြံရှေ့က ဟွန်းသံကိုကြားလိုက်တယ်။ ကြည့်လိုက်တော့ အမိုးဖွင့် ယာဉ်ပျံတစ်စီးပေါ်က ဆင်းလာတဲ့ စက်ရုပ်အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။

သူ ဝမ်းသာသွားတယ်။ သူ သူမရှေ့ အပြေးသွားရပ်လိုက်တယ်။



"လူးဝစ် . . . မင်း ကိုယ့်ဆီလာတာ ကိုယ်ဝမ်းသာတယ်ကွာ။ ကိုယ် ဒီမှာ အရာရာအဆင်မပြေ . . ."

"ကျွန်မနဲ့ရှင်နဲ့ဇာတ်လမ်းက ပြီးသွားပါပြီ . . . အမ်"

သူ ပါးစပ်ပိုင်းသွားတယ်။ သူမက ပုံမှန်မျက်နှာထားနဲ့ပဲ . . .

"ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက်တော့ ရှင် မမေးလောက်တော့ပါဘူးနော်။ ရှင့်အခြေအနေလည်း ရှင်သိမှာပါ။ ရှင့် ကိုယ့်ရောဂါကိုယ် ဂရုစိုက်ပါ။ ကျွန်မသွားမယ်"

သူမ ကျောခိုင်းလှည့်ထွက်သွားပြီး ယာဉ်ပျံပေါ်တက်သွားတယ်။ ယာဉ်ပျံပေါ်မှာ အသင့်စောင့်နေတဲ့ မျက်မှန်မည်းပိန်းပိန်းကြီးတပ်ထားတဲ့ စက်ရုပ်အထီးတစ်ကောင်ကလည်း ရှိနေတယ်။ သူမ ယာဉ်ပေါ်ရောက်တော့ အဲဒီစက်ရုပ်ငနဲက သူမကို တစ်ချက်နမ်းသေးတယ်။ ပြီးမှ ယာဉ်ကို အရှိန်နဲ့ ဆောင့်ထွက်မောင်းနှင်သွားတယ်။

သူ ဒူးထောက်ကျန်ခဲ့ရပေါ့။

အရာရာအားလုံးကို တစ်ပြိုင်တည်း ဆုံးရှုံးလိုက်ရတဲ့နေ့။

သူနာသွားတယ်။ မမေ့ဘူး။ အဲဒီနေ့ရဲ့ မြင်ကွင်းဟာ သူ့ဦးနှောက် မန်မိုရီထဲမှာ ဘယ်တော့မှ မိုင်းရပ်စ်မကိုက်ဘဲ အကောင်းအတိုင်းဆင်ကျန်နေတယ်။ ဒါကြောင့် . . .

ဝဲစားစက်ရုပ်ဟာ စက်ရုပ်မတွေကို နောင်ကျဉ်သွားတာ မလွန်ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (R)

သူဟာ ပျံကျအလုပ်လေးတွေ ဟိုစပ်စပ်ဒီစပ်စပ် လုပ်ကိုင်ခဲ့ရတယ်။

သူဟာ ရတဲ့ငွေကြေးလေးနဲ့ ဝမ်းရေးအတွက် ဖြေရှင်းရသလို တချို့ငွေတွေကိုလည်း ခြစ်ကုတ်ပြီး ဖွဲ့စုနေတယ်။

သူဟာ တစ်လပြည့်တိုင်း စုမိတဲ့ငွေတွေကို မိဘမဲ့စက်ရုပ်ကလေးများဂေဟာကို သွားရောက်လှူဒါန်းခဲ့တယ်။ နောက်ဖေးပေါက်ကနေဝင်ပြီး သူနဲ့ရင်းနှီးတဲ့ 'ရှာဆွစ်' အမည်ရှိ ဆရာမတစ်ယောက်ဆီမှာ တိတ်တခိုး သွားလှူတယ်။ တခြားသူမြင်သွားရင် ငြိုငြင်မှာစိုးလို့ တိတ်တခိုးလှူဒါန်း ရတာပါ။

"အမ်ရယ် . . . မင်းမလဲ အဆင်ပြေတာ မဟုတ်ဘဲနဲ့"

ဆရာမက ကရုဏာသက်စွာပြောတော့ သူ ခေါင်းခါတယ်။

"ကျွန်တော့်မှာ အဆင်ပြေတယ်မပြေဘူးဆိုတာတွေ သိပ်မရှိတော့ပါဘူး။ ကျွန်တော်နဲ့ဘဝတူတွေ အဆင်မပြေမှာကိုပဲ စိုးပါတယ်"

ဒီလိုပြန်ပြောပြီး လက်ထဲကငွေစက္ကူတွေ ပေးခဲ့တယ်။

ဝဲစားစက်ရုပ်ဟာ မိဘမဲ့တစ်ယောက်လည်းဖြစ်တယ်။

ᨍ ᨍ ᨍ



## (O)

သူက ငွေလေးသာ မဖြစ်စလောက်ရှာနိုင်တာ။ ဟိုထောက်ပံ့ ဒီထောက်ပံ့နဲ့ ကိုယ်ဒုက္ခကိုယ်ရှာပြီး သူတော်ကောင်းက လုပ်ချင်သေးတယ်။

အရက်သမားကြီး ဂျေအိုင်ဟာလည်း သူ ညနေတိုင်း အရက်ကိုက်နေရသူပါပဲ။ ဂျေအိုင်ဟာ တီထွင်ရေးအဖွဲ့က နှင်ထုတ်ခံထားရတဲ့ သိပ္ပံပညာရှင်စက်ရုပ်တစ်ရုပ်ပါ။ မူးရူးလာရင် သူ့ကို သိပ္ပံပညာအကြောင်းတွေ ဂြိုဟ်တွေ၊ ကြယ်တွေအကြောင်း ပြောပြတော့တာပဲ။ ကမ္ဘာလို့ အမည်ရတဲ့ဂြိုဟ်အကြောင်းကိုတော့ အပြောဆုံးပဲ။ ပြီးတော့ ကမ္ဘာဂြိုဟ်သားတွေနဲ့ ပြောနိုင်ဆိုနိုင်တဲ့ ဘာသာစကားတွေကိုလည်း သူ့ကိုသင်ပေးတယ်။

တစ်ခါက သူ မေးကြည့်မိပါတယ်။

"ဂျေအိုင်က ဘာလို့ အရက်သောက်တာလဲ"

"အသည်းကွဲလို့"

မူးနေလို့ လျှာလေးအာလေးဖြစ်ပြီးတော့ စကားမပီတော့တာပါ။

ဝဲစားစက်ရုပ်ဟာ အသည်းကွဲတဲ့ အမူးသမားကြီးရဲ့ မိတ်ဆွေဖြစ်တယ်။

ᨍ ᨍ ᨍ



www.burmeseclassic.com

www.burmeseclassic.com

## (B)

မိုးတွေ ရွာပြီ။

ထီးမေ့ခဲ့တဲ့စက်ရုပ်တွေ လမ်းဘေးမိုးလုံဖန်သားစင်္ကြံတွေဆီ ပြေးလွှားသွားနေကြတယ်။

အဲဒီအထဲမှာ သူမပါပါဘူး။ သူက အဲဒီလို လုပ်စရာမလိုဘူးလေ။ မိုးရွာထဲ လမ်းလျှောက်ခဲ့တယ်။ ရွာနေတဲ့မိုးရေစက်တွေကို လက်နဲ့ လှမ်းလှမ်းပုတ်တယ်။ လမ်းပေါ်မှာ အိုင်နေတဲ့မိုးရေတွေကို ခြေထောက်နဲ့ ကန်တယ်။

ရိုဘော့ဂြိုဟ်တစ်ဂြိုဟ်လုံး သိပ်ကြောက်ရွံ့တဲ့ မိုးရေတွေကို သူ မကြောက်ပါဘူး။

ဘယ်တုန်းကလဲ။ သူ ရောဂါစဖြစ်ပြီးတဲ့ အချိန်ကပေါ့။ သူ့အတွက် ရေဟာ အန္တရာယ်မရှိတော့ပါ။

ဝဲစားစက်ရုပ်ဟာ ပထမဆုံး ရေစိုခံစက်ရုပ်ဖြစ်လာတယ်။

ᨈ ᨈ ᨈ



## (O)

တစ်ခါက မိုးပျံဘူတာရဲ့ Toilet တစ်ခုထဲမှာ မေးခွန်းတစ်ကြောင်း သူ ဖတ်ဖူးတယ်။

"ခင်ဗျားသာ သိပ်စွမ်းပကားကြီးမားတဲ့ လက်နက်တစ်ခုကို ပိုင်ဆိုင်ရရင် ဘာလုပ်မှာလဲ"

အောက်က တခြားသူတွေဖြေထားတာ အမျိုးမျိုးပေါ့။ ဓားပြတိုက်မယ်။ မကောင်းတဲ့သူတွေကို နှိမ်နင်းမယ်။ တခြားဂြိုဟ်တွေကို နယ်ချဲ့မယ် စသဖြင့်ပေါ့။

ဝဲစားစက်ရုပ်ကတော့ ဒီလိုဖြေတယ်။

'အဲဒီလက်နက်ကို ပြန်ဖျက်ဆီးပစ်မယ်' တဲ့။

ᨈ ᨈ ᨈ



www.burmeseclassic.com

www.burmeseclassic.com

## (T)

သူ့ရဲ့ နေထိုင်ရာ ထရန်စဖာအိုးစုတ်ကြီးက သူ့တစ်ကိုယ်စာ လဲလျောင်းဖို့ပဲ ကျယ်ဝန်းပါတယ်။

"မိန်းမယူရင်တော့ ဒီမှာ အိပ်လို့ရမှာမဟုတ်ဘူး"

လို့ ဂျေအိုင်က ပြောသေးတယ်။

အဲဒီ ထရန်စဖာအိုးထဲမှာတော့ သူ နေ့တိုင်းဖတ်တဲ့ စာအုပ်တွေနဲ့ ပြွတ်သိပ်လို့ပေါ့။ သူဟာ စာဖတ်တယ်။ ဒါကြောင့် တော်တော်များများကို တွေးဆနားလည်တတ်လာတယ်။ စကြာဝဠာလောကကြီးအကြောင်း ပိုသိလာပြီး သက်ရှိသက်မဲ့အားလုံးရဲ့ အလိုအပ်ဆုံးအရာကိုလည်း သူ ရှာဖွေတွေ့ရှိလာတယ်။

ဝဲစားစက်ရုပ်က ယုံကြည်တယ်။

အားလုံးလိုချင်တဲ့အရာဟာ ငြိမ်းချမ်းရေးပဲ။



# The Mangy Robot



www.burmeseclassic.com

www.burmeseclassic.com

[လောကကြီးတွင် သက်ရှိနှင့် သက်မဲ့ဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။ သို့သော် သက်ရှိနှင့် သက်မဲ့တို့ကို တိတိကျကျ သတ်မှတ်ထားသောနယ်ခြားဟူ၍ မရှိပါ။]

**Joseph Wood Krutch,**

**(1893-1970)**



## (1)

မိုးပျံယာဉ်လမ်းတွေ မီးရောင်တဖျပ်ဖျပ်နဲ့ ရှုပ်ပွနေတာဟာ ရိုဘော့ဂြိုဟ်ရဲ့ ရှုခင်းပါပဲ။ စက်ရုပ်ဦးရေ တိုးတက်လာတာနှင့်အမျှ အဆောက်အဦးတွေ ပိုမိုချွန်တက်မြင့်မားလာသလို ယာဉ်သွားလမ်းတွေ ပိုမိုကွန်ယက်ယှက်ဖြာလာတယ်။ တချို့ယာဉ်တွေက စည်းကမ်းမဲ့စွာပဲ လေထဲမှာ ဖြစ်သလိုမောင်းတယ်။ တချို့ဈေးသည်တွေလည်း လေထဲမှာ ယာဉ်ထိုးရပ်ပြီး ဈေးရောင်းလို့၊ တချို့စုံတွဲတွေကလည်း လေထဲမှာပဲ ဆောဘီမကြည့် နမ်းရှိုက်သရုပ်ပျက်လို့။

ဒီလို တောက်ပမှုတွေသွယ်တန်းနေတဲ့ မြို့တော်က 'အမ်ဆေးနပ်'ဆိုတဲ့ ဝဲစားစက်ရုပ်လေးနဲ့တော့ ဘာမှမဆိုင်သလိုပါပဲ။ 'အမ်'ဟာ မြို့တော်ခန်းမအနီးက ချောင်ကျကျ လမ်းဘေးကော်ဖီဆိုင်ထဲ ဝင်ခဲ့တယ်။ ဆိုင်နာမည်က 'လျှပ်စစ်ကုန်း'။ စက်ရုပ်စာပေသမားတွေ ထိုင်ကြတဲ့ဆိုင်ပါ။

စက်ရုပ်အယ်ဒီတာတွေ၊ စက်ရုပ်ဂျာနယ်လစ်တွေ၊ စက်ရုပ်စာရေးဆရာ၊ စက်ရုပ်ကာတွန်းသမား၊ စက်ရုပ်ကဗျာသမား စုံလို့ပါပဲ။

'အမ်' ကော်ဖီတစ်ခွက်မှာပြီး ထိုင်သောက်နေလိုက်တယ်။

"အဲဒီ (MMT-23) ရဲ့လက်ရာတွေက ကျုပ်တို့ဂြိုဟ်ရဲ့ အာရုံခံစားမှုမျိုးတောင် ဟုတ်ရဲ့လားလို့ သံသယဖြစ်မိတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ ကျုပ်လည်း အဲ့ဒါကိုပြောချင်နေတာပဲ။ ဒီအတိုင်းဆို ဒီနှစ် ဂလက်ဆီကဗျာဆုအတွက်တော့ (MMT-23)ရဲ့ကဗျာတွေထဲက တစ်ပုဒ်ပုဒ် ရမှာပဲ"

"ဒါနဲ့ ခင်ဗျားတို့က ဒီလောက်ပြောနေတာ အဲဒီ (MMT-23) ဆိုတဲ့စက်ရုပ်ကိုကော အခုထိ တွေ့ဖူးသေးလို့လား"

"အဲ . . ."

"အဟင်း . . ."

စက်ရုပ်သုံးရုပ်ထိုင်နေတဲ့ စကားဝိုင်းလေး စကားတွေနင်ပြီး ငြိမ်ဆိတ်သွားတယ်။ ယနေ့ခေတ် သူတို့ဂြိုဟ်ရဲ့ စာပေလောကမှာ ပဟေဠိဖြစ်နေတာ အဲဒီကိစ္စပါပဲ။ ဘယ်သူမှန်းမသိတဲ့ (MMT-23) ဆိုတဲ့ကလောင်ရှင်။ လမ်းဘေးစာတိုက်ပုံးထဲ ပေးပို့သူလိပ်စာမဲ့တဲ့နည်းနဲ့ စာမူတွေပို့ပြီး ပုန်းလျှိုးကွယ်လျှိုးနေနေတတ်တဲ့ ထူးဆန်းသောကဗျာဆရာ။

အမ်လည်း သူတို့စကားတွေကို တိတ်တိတ် လှမ်းနားစွင့်နေတယ်။ အဲဒီအချိန် 'အမ်' အနားကိုရောက်လာတာက ကဗျာဆရာ ဘာမီတွန်ဆိုတဲ့ စက်ရုပ်ပါပဲ။ သူက ကဗျာဆရာသာဆိုတာ သုံးလေးနှစ်နေလို့မှ တစ်ပုဒ်လောက်ပါတာ။ ဘယ်ပါမလဲ ကဗျာတွေက စွံမှမစွံတာ။ ကဗျာတွေသာ မစွံတာ။ လေကျ တအားပေါ။ လေပေါစက်ရုပ်လို့တောင် နာမည်ပြောင်းသင့်တယ်။ လေပေါတဲ့အပြင် ကြွားလုံးတွေလည်း အဆက်မပြတ်လွှတ်တတ်တယ်။ ဒါကြောင့် သူ့ကို စာပေသမားအားလုံး ဝေါင်ဝေါင်ရှေးကြတယ်။

'အမ်' ကတော့ အမြဲ အေးအေးသည်းခံတတ်သူဆိုတော့ သူ့အကြိုက်ပေါ့။ ထုံးစံအတိုင်း အမ်ကိုရှေ့ထားပြီး သူ ကြွားလုံးတွေ ဒရဟော သွန်တော့တယ်။ ဒါပေမဲ့ ထုံးစံအတိုင်းပါပဲ သူကြွားပြီးရင် အမ်သောက်တဲ့ကော်ဖီဖိုးတော့ ရှင်းပေးပါလိမ့်မယ်။

ဘာမီတွန်က . . .



"မင်း စဉ်းစားကြည့်ကွာ။ မင်းက စာပေသမားမဟုတ်ဘူး ဆိုပေမယ့် ငါရှင်းပြတာကို ဖြည်းဖြည်းလိုက်နားထောင်ရင် ငါ့ကဗျာကို ညဏ်မီလာပါလိမ့်မယ်။ ငါ့ကဗျာတွေက သာမန်စက်ရုပ်တွေအတွက် တအားခေါင်းစားစေတယ်လေကွာ။ တော်ရုံ အယ်ဒီတာတွေလည်း ငါ့ကဗျာတွေကို မလိုက်နိုင်တော့ သူတို့မဂ္ဂဇင်းတွေထဲ မသုံးရဲကြဘူးပေါ့"

" . . . . . . . "

"အင်း . . . ဒါလည်း သူတို့အပြစ်တော့ ဘယ်ဟုတ်မလဲ။ ငါ့အရေးအသားတွေက အလွန်တရာမြင့်မားနေတာကိုး။ တကယ်တော့ ငါရေးတဲ့နည်းပညာကလည်း . . . "

အမ် နားနှစ်ဖက်ကို ညှပ်မပိတ်မိရုံတမည်ပါပဲ။ ခေါင်းငုံ့ရင်း နားထင်ကြောတွေ ရှုံ့နေမိတယ်။

"အေးလေ . . . ယူတတ်မှ ရမှာပဲ။ မင်းလို ငါ့စကားကို ခေါင်းဖော်တမ်း နားထောင်ပြီး မှတ်ယူတတ်တဲ့သူတောင် ဆယ်ခွန်းတစ်ခွန်းလောက် လိုက်မီမှာဆိုတော့လည်း . . ."

အမ်က ခေါင်းငုံ့ပြီးနေတာကို သူ့စကား လေးလေးနက်နက် မှတ်သားနေတာလို့ ထင်နေသေးတယ်။ အမ်ခမျာ ကော်ဖီတစ်ခွက်ဖိုး ကိုယ်တိုင်မဝယ်သောက်လိုတာကြောင့် တောင့်ခံနေခဲ့ရတယ်။ ဘာပဲပြောပြော ပြောပြီးတော့လည်း ပြီးတာပါပဲလေ။ စက်ရုပ်အောက်ကျို့လို့ စက်ရုပ်ပိမသေပါဘူး။

ညနေကျတော့ အဲဒီကော်ဖီတစ်ခွက်ဖိုးငွေနဲ့ အရက်ကလေးတစ်ဆုံးဝယ်ပြီး ပြန်လာခဲ့တယ်။

သူတစ်နေ့လုံး ဆောက်လုပ်ရေးလုပ်ငန်းမှာ အပင်ပန်းဆုံးအလုပ်တွေ လုပ်ခဲ့ရတယ်။ ပြီးတော့ နေ့လယ်ပိုင်းမှာလည်း အချိန်ပိုင်းအလုပ်အနေနဲ့ ပစ္စည်းအဟောင်းတွေ သန့်စင်တဲ့စက်ရုံမှာ အညစ်ပတ်ဆုံးပစ္စည်းတွေကို ကိုင်တွယ်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခု ညနေဆိုတော့ အလုပ်ပြီးပြီ။ မြို့ပြင်က ကျောခင်းရာလေးဆီသို့ ပြန်။ အမ်ရဲ့ နိစ္စဓူဝက စိုပြည်ပြာလွင်ခြင်း မရှိရှာပါဘူး။

"ဟူး . . . "

မြို့ပြင်က ရေကန်စပ်မှာ သူထိုင်တယ်။ မြက်ခင်းမှာ ကိုယ်တစ်ပိုင်းလှဲရင်း (ခြေထောက်တွေကတော့ စင်းလှဲမထား) မျက်လုံးမှိတ်နေလိုက်တယ်။ အကောင်းအဆိုး အတွေးတွေအကုန်လုံး မောင်းထုတ်ထားတယ်။ နေလို့ကောင်းလိုက်တာ။

ဒီအချိန်ပဲ ရေကန်ထဲက အသံတချို့ကို သူ ကြားလိုက်ရပါတယ်။ ရေတွေ လှုပ်ရှားတိုးခတ်သွားနေသံတွေ။ ငါးတွေ ခုန်ပွက်တာကြောင့် မဟုတ်မှန်းလည်း သူ အလိုလိုသိနေတယ်။

သူ့ရဲ့ တစ်ကိုယ်တော်အပန်းဖြေမှုလေး နည်းနည်း အနှောင့်အယှက်ဖြစ်သွားတယ်။ ဟူး . . . သက်ပြင်းထပ်ချပြီး လှဲထားတဲ့ကိုယ်တစ်ပိုင်းကို ပြန်မတ်လိုက်တယ်။ သည်သောအခါမှာတော့ သူ့မျက်လုံးထဲ မြင်ကွင်းတစ်ခုက တိုးဝင်လာပေါ့။

ရေကန်ရဲ့ဟိုဘက်ကမ်းစပ်မှာ စက်ရုပ်မလေးတစ်ယောက်။ ရေချိုးနေတာမဟုတ်ဘူး။ ဒါပေမဲ့ ဖိနပ်ချွတ်ပြီး ရေထဲဆင်းသွားတယ်။ 'အမ်' မျက်လုံးနည်းနည်း ပြူးသွားတယ်။ ဒါ ထိပ်တန်းအန္တရာယ်ပဲ။ ဒီဂြိုဟ်ကစက်ရုပ်တွေအားလုံး အကြောက်ရဆုံးနဲ့ အရှောင်ကြဥ်ရဆုံးက ရေပါပဲ။ စက်ရုပ်တစ်ရုပ်ဟာ ရေနဲ့ထိပြီး မကြာခင် မခံနိုင်အောင် ယားယံလာတတ်တယ်။ ရေထဲ တစ်ကိုယ်လုံးမြုပ်စရာမလိုပဲ ကိုယ်တစ်ပိုင်းလောက်နှစ်ပြီး စိမ်ထားလိုက်ရင်ကို ဆယ်မိနစ်ကြာရင် အရည်ပြားတွေတဖောင်းဖောင်းပေါက်ကွဲပြီး စုတ်ပြတ်စွာ သေဆုံးသွားရတယ်။ ဒါစက်ရုပ်တိုင်းသိတဲ့ သဘာဝအသိတစ်ခုပဲ။

အခု ဒီစက်ရုပ်မလေးလည်း မသိလို့မဟုတ်နိုင်။ သိသိရက်နဲ့ ရေထဲဆင်းနေတာဆိုတော့ သူ့ကိုယ်သူ . . . သတ် . . . သေ . . . ။

"ဟင် . . . "



ဒီအတွေးက အမ့်ခါးကို ကျင်စက်နဲ့ တို့လိုက်သလို ပိုမတ်သွားစေတယ်။ အမ်က မိန်းမတွေကို နာကျည်းပေမယ့် ဒီလိုအသက်သေးနဲ့ ကြုံနေရတာကိုတော့ ငုတ်တုတ်ကြည့်မနေနိုင်ပါ။ သို့သော် သူကျေနပ်လို့ သူလုပ်နေတာဆိုတော့လည်း အရမ်းဝင်မစွက်ဖက်သင့်။ ထို့ကြောင့် ခဏလောက် ဆက်စောင့်ကြည့်နေလိုက်တယ်။ မတတ်သာတဲ့အဆုံးကျမှ သွားကယ်ဖို့ ဆုံးဖြတ်လိုက်တယ်။

စက်ရုပ်မလေး ရေထဲဆင်းတာ ဒူးဆစ်နားအထိ ရောက်လာပြီ။

တစ်ကိုယ်လုံး မြုပ်အောင်ဆင်းလို့ကတော့ တန်းရှော့ခ်ရိုက်ပြီး သေရုံသာ။ ဒူးခေါင်းကျော်ကျော်အထိ ဆင်းလာပြီ။ သေချာတယ် သေကြောင်းကြံစည်ရုံအပြင် တခြား ဘာမှမဖြစ်နိုင်။ ဒါပေမဲ့ ပေါင်ရင်းအထိ ဆင်းပြီးချိန်မှာတော့ . . . အား . . . ဆိုပြီး အော်ဟစ်လို့ ကမ်းပေါ် ပြန်ပြေးလာပါတော့တယ်။

အမ် ခေါင်းမော့ရယ်မောမိသား။ အလကား သေလည်းမသေဘဲနဲ့။ ဒါပေမဲ့ အမ် အရယ်ရပ်သွားတယ်။

ကောင်မလေး ကမ်းစပ်ဆီပြန်ပြေးလာရင်း ချော်လဲသွားလို့ပါ။ ရေထဲ ဗိုင်းခနဲလဲသွားတယ်။ ခြေထောက်တစ်ခုခု ဖြစ်သွားတယ်။ ပြန်မထနိုင်တော့ဘူး။ ယားယံလာပုံလည်း ပေါ်တယ်။ စက်ရုပ်မလေး တစ်ကိုယ်လုံး လွန်းထိုးလှုပ်ရှားနေတယ်။

အမ် သက်ပြင်းချ၊ ခေါင်းယမ်းရပြန်တယ်။ စက်ရုပ်တွေ၊ စက်ရုပ်တွေ တယ်ခက်ပါလား။ ဟိုဘက်ကမ်းစပ်ဆီ အမြန်ပြေးသွားရတယ်။ ပြီးတော့ ရေကန်ထဲ တဗွမ်းဗွမ်းပြေးဆင်းတယ်။

စက်ရုပ်မလေးက မျက်လုံးလေးအဝင်းသားနဲ့ သူ့ဆီလာနေတဲ့ အမ်ကို ကြောင်ကြည့်နေတယ်။ အနားရောက်တော့ အမ်က စက်ရုပ်မလေးကို ဒူးကောက်ခွက်အောက်နှင့် ချိုင်းနှစ်ဘက်အောက်လက်လျှိုသွင်းကာ ချီလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အို . . ."

စက်ရုပ်မလေး ယားယံတာကို ခဏမေ့ပြီး ရင်ဖိုသွားတယ်။ အမ်ကတော့ ရင်ထဲ ဘာဘာညာညာမှ မဖြစ်အား။ သူမမျက်နှာကိုလည်း မကြည့်။ ကမ်းပေါ် ခြောက်သွေ့သောနေရာအထိ သွားပြီးမှ သူမကို အောက်ချပေးလိုက်တယ်။ သူမ မြေပေါ်ပြန်ရောက်ရောက်ချင်း ယားလို့ ကုတ်နေရှာတာ။ တစ်ကိုယ်လုံးပါပဲ။ ကုတ်ရင်းတန်းလန်းနဲ့ အမ့်ကို အကဲခတ်နေသေးတယ်။

အမ်က သူ့ဘေးလွယ်အိတ်ထဲက တစ်ခုခု နှိုက်နေတယ်။ အိတ်ထဲက လက်ပြန်ထုတ်လိုက်တော့ လက်ထဲမှာ ဆေးရည်ကြည်ပုလင်းသေးသေးလေး ပါလာတယ်။

"ရော့ . . . ဒါ အယားပြေဆေးပဲ"

စက်ရုပ်မလေးက သွက်သွက်လှမ်းယူပြီး သူ့လက်ဖဝါးထဲ ဆေးရည်တစ်စက်ကို လောင်းထည့်လိုက်တယ်။ ပြီးတော့ သူ့ကိုယ်ပေါ်မှာ လိမ်းသုတ်ပါတယ်။

အမ် စိတ်လေသလို ခေါင်းယမ်းရပြန်တယ်။

"အဲဒါ လိမ်းဆေးမဟုတ်ဘူး။ သောက်ဆေး"

"ဟင် . . . "

ဒီကောင်မလေးကတော့ အော်ကြောလန်လေးပါ။ အယားပြေဆေးတောင် မသုံးတတ်ဘူးတဲ့။

"ရှင်က ဆေးပေးကတည်းက တစ်ခါတည်း ပြောပါလား။ ဘာလို့ စကားကို ကပ်စေးနဲ့နေသေးလဲ"

သူ့အပြစ်ကို ကိုယ့်အပြစ်လုပ်ပြီး စွာတာတာ ပြန်ပြောတယ်။ ပြီးမှ လက်ကျန်ဆေးကို မော့သောက်လိုက်တယ်။ ဆေးအာနိသင်မပြသေးသဖြင့် ကုတ်တော့ကုတ်နေရဆဲ။

ကုတ်ရင်းပင် သူမ အမ့်ကိုလည်း သတိထားမိလိုက်တယ်။ အမ်လည်း ရေထဲဆင်းပြီး သူမကို ကယ်ခဲ့တာပဲမို့လား။ ဒါနဲ့တောင် . . .



"ရှင်ကကျတော့ ဘာလို့မယားတာလဲ။ ရှင်လည်း ရေထိခဲ့သေးတာပဲ"

အမ်က သူမကိုမကြည့်ဘဲ မခိုးမခန့် ပြုံးတယ်။

"ကိုယ်က ဒီရိုဘော့ဂြိုဟ်မှာရှိတဲ့ တစ်ဦးတည်းသော ရေစိုခံစက်ရုပ်လေ"

"ဟင် . . ."

စက်ရုပ်မလေး နားမလည်သလို ဖြစ်သွားတယ်။ ပြီးမှ အသိတစ်ခု ခေါင်းထဲ လျှပ်ပြက်သွားတယ်။ အမ်ရဲ့ အဝတ်အစားလွတ်နေတဲ့ အရေပြားတိုင်းကို လိုက်ကြည့်တော့တယ်။ အမ့် အရေပြားပေါ်က မွေးညှင်းအမျှင်လေးတွေကို တွေ့လိုက်ရတော့ သူမ အလိုအလျောက် ရှူးတထွက်သွားတယ်။

"ဝဲစားစက်ရုပ်"

အမ့်မျက်နှာက ခံစားမှုကို ထိန်းနိုင်သလို တည်ငြိမ်လျက်ပါပဲ။ အမ် ဝဲစားတယ်ဆိုတာ ခန္ဓာကိုယ်မှာ ဘုတွေပေါက်ပြီး ယားသဖြင့် ကုတ်လေပွားလေဖြစ်တဲ့ ညစ်ပတ်ရိရွဲတဲ့ဝဲကို ပြောတာမဟုတ်ပါဘူး။ မွေးညှင်းအမျှင်လေးတွေ ပေါက်လာတာကို ပြောတာပါ။

ဒီဂြိုဟ်က စက်ရုပ်မှန်ရင် ဘယ်နေရာမှ အမွေးမပေါက်ဘူး။ ဒါပေမဲ့ အမ့်မှာတော့ အမွေးတွေပေါက်လာခဲ့ပြီလေ။ ဒီလို အမွေးတွေ ပေါက်လာခဲ့တာကို ဝဲစားတာလို့ စက်ရုပ်အဖွဲ့အစည်းတစ်ခုလုံးက တညီတညွတ်တည်း သတ်မှတ်လိုက်ကြတယ်။

"ရှင် . . . ရှင် . . . တကယ်ပဲ ဝဲစားစက်ရုပ်"

အမ် ခေါင်းညိတ်ပြလိုက်တယ်။

သူမက အမ့်တစ်ကိုယ်လုံးကို ပတ်ကြည့်လို့မဆုံး ဖြစ်နေတယ်။ အမွေးအမျှင်တွေ တွေ့ရတာကိုလည်း ထူးဆန်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ ရှင့်အကြောင်းတွေ ကြားဖူးတယ်။ ရှင့်ကို စက်ရုပ် တွေ အားလုံးက ဖယ်ကျဉ်ထားတဲ့ အကြောင်းတွေလေ။ ရှင့်ကို ကျွန်မ သိပ်တွေ့ချင်နေခဲ့တာ။ အဟား . . . အခုမှပဲ တွေ့ရတော့တယ်"

စက်ရုပ်မလေး တကယ်ပဲ ဝမ်းသာနေတယ်။

"ဘာလို့တွေ့ချင်တာလဲ"

"မသိဘူး။ ဒီလိုပဲ တွေ့ကြည့်ချင်တာပဲ။ မြင်ဖူးချင်တာမျိုးပေါ့"

"ကဲ . . . အခု မြင်ဖူးပြီ။ ဘာလုပ်မှာလဲ"

"ကိုင်ကြည့်မယ်"

"ဟင် . . ."

အမ် တွန့်သွားသလို ကောင်မလေးလည်း ကြောင်သွားတယ်။ ပြီးမှ ထစ်ထစ်ငေါ့ငေါ့နဲ့ စကားပြန်ဖြည့်တယ်။

"ရှင့်အရေပြားကို ကိုင်ကြည့်ချင်တယ်လို့လေ"

"မကိုင်နဲ့။ ငါ မိန်းကလေးတွေရဲ့ အသားနဲ့ မထိချင်ဘူး"

ဆေးအာနိသင်ပြလာတာကြောင့် သူမ သိပ်မယားတော့ပါ အမ်က အခုမကိုင်ခိုင်းလည်း သူမကတော့ တစ်နေ့နေ့ ရအောင်ကိုင် ကြည့်မှာပဲလို့ စက်ရုပ်မလေးက တေးမှတ်ထားလိုက်တယ်။

ပြီးတော့ အမ်ကလည်း မမေးဘဲ ရေထဲဆင်းတဲ့အကြောင်း ပြောပြနေသေး။

"စိတ်ညစ်လို့လေ။ ကိုယ့်ကိုယ်ကိုယ် သတ်သေမလားလို့ ဒါပေမဲ့ ရေထဲဆင်းရင် ကျွန်မကိစ္စက သေဖို့မတန်သေးဘူးလို့တွေးမိသ လန့်လည်း လန့်လာတာနဲ့ ပြန်ပြေးတက်ခဲ့တာလေ။ တော်သေးတ ရှင်ကယ်လို့"

အမ်က ဘာမျှပြန်မပြောဘူး။

"ကျွန်မ ဘာလို့သတ်သေချင်တာလဲ ရှင်သိလား"

". . . . ."

"မသိလည်း တစ်ချက်လောက် ခန့်မှန်းကြည့်ပါလား"



စက်ရုပ်မလေးက သူ့ကို စကားမပြောပြောအောင် လုပ်နေ တယ်။ အမ်လည်း ပြီးပြီးရော လျှောက်ပြောလိုက်တယ်။

"အကြွေးတောင်းတဲ့သူတွေ များလာလို့မို့လား"

"အောင်မာ . . . စက်ရုပ်ပါးဝလို့။ ကျွန်မကို ဘာများမှတ်နေ တာ။ သူကမှ သူ့ရည်းစား နောက်ဘဲနဲ့ပါသွားလို့ မချိမဆန့်ကျန်နေတဲ့ ရှင်နဲ့"

အမ် ဝုန်းခနဲ ထရပ်လိုက်တယ်။

သူမလည်း လန့်သွားတယ်။ အမ် စိတ်ကို တော်တော်ပြန်ထိန်း အိတ်ကိုပြန်လွယ်၊ အရက်ပုလင်းကိုလည်း ကောက်ကိုင်လိုက် တယ်။ ဒီအချိန်ပဲ . . .

"ယခု နေရောင်ခြည်(30%)၊ အစိုဓာတ်(40%) ဖြစ်နေပါသဖြင့် ကြီးမင်း အနေနှင့် ဤပတ်ဝန်းကျင်တွင် မနေသင့်တော့ပါရှင်"

စက်ရုပ်ကောင်မလေးရဲ့ လက်ကောက်ဝတ်မှာပတ်ထားတဲ့ ရီယာတစ်ခုက အသံထွက်လာတာပါ။ ပတ်ဝန်းကျင်နဲ့ ကျန်းမာရေး ခြေအနေကို သတိပေးတဲ့စက်ပါ။ ဒါမျိုးစက်က အတော်ကြွယ်ဝတဲ့ က်ရုပ်တွေမှ အသုံးပြုနိုင်တာပါ။

"ကဲ . . . မင်းစက်ကလည်း အော်နေပြီ။ ပြန်တော့။ ဪ .. နဲ့ ခုနက မင်းပြောတာမှန်တယ်။ ငါ့ရည်းစားက ငါ့ကိုစွန့်ပစ်ပြီး တခြား နောက် ပါသွားတာ"

သူ လှည့်မကြည့်ဘဲ လျှောက်ခဲ့တယ်။

သူမ အိုးအိုးအမ်းအမ်းလေး ကျန်ခဲ့တယ်။

ခုနက လွှတ်ခနဲပြောလိုက်မိတဲ့ စကားအတွက်လည်း အားနာ တယ်။



www.burmeseclassic.com

www.burmeseclassic.com

## (2)

အဲဒီနေ့က သူ ကုမ္ပဏီကပြန်လာတာ မိုးချုပ်တယ်လေ။ မိုးပျံ ရထားကလည်း နောက်ကျသေးတယ်။ ဘူတာမှာတင် တစ်နာရီလောက် ကြာခဲ့တယ်။ တစ်နေ့လုံး အလုပ်တွေ ပင်ပန်းခဲ့တယ်။ ပင်ပင်ပန်းပန်း ကြိုးစားခဲ့သလောက် အကျိုးအမြတ်လည်း ရခဲ့ပါတယ်။ သူတို့ကုမ္ပဏီနဲ့ တခြားကုမ္ပဏီကြီးတစ်ခုနဲ့ စာချုပ်ချုပ်နိုင်ခဲ့တယ်။ နည်းပညာဖလှယ်ရေး နဲ့ ပူးပေါင်းကုန်သွယ်ရေး စာချုပ်တစ်ခုပါ။ သိပ်ကြီးမားတဲ့ ပရောဂျက် တစ်ခုပဲ။ ဒီစာချုပ်က သူ့အတွက် ရာထူးတစ်ဆင့်တက်စေမှာ သေချာ မှန်း သူသိနေတယ်။

"ဟား . . . ဟား . . ."

သူ အပြန်လမ်းမှာ ပင်ပန်းပေမယ့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေ ခဲ့တယ်။ Meeting ပြီးတော့ အလုပ်သဘောအရ တစ်ခွက်ဟစ်ဖလား လေး ဆွဲခဲ့ရသေးတော့ ခြေလှမ်းတွေကလည်း နည်းနည်းယိုင်နေတယ်။

"ဒီစာချုပ် မနက်ဖြန် ကုမ္ပဏီဥက္ကဋ္ဌရုံးခန်းကို ပို့လိုက်ရင် ငါ ရာထူးတက်ပြီ။ လစာကိစ္စလည်း ပြန်ညှိရတော့မယ် ဟား . . . ဟား"

ရှေ့ဆီဆိုရင် သူငှားနေတဲ့အိမ်ရှိတဲ့ လမ်းကွေ့ကလေးထဲ ရောက် တော့မယ်။ အခုတော့ ချောင်းကူးတံတားတစ်ခုကနေ ဖြတ်လျှောက်နေ



ခုပါတယ်။ ချောင်းကမ်းစပ်မှာ အရိုးခေါင်းပုံနဲ့အတူ 'ရေအန္တရာယ် သတိပြု' ဆိုတဲ့ ဆိုင်းဘုတ်လည်း ထောင်ထားတယ်။

မနက်ဖြန် အလုပ်ဆင်းရင် 'လူးကစ်'နဲ့ချိန်းပြီး သူ့စွမ်းဆောင် ချက်တွေအကြောင်း ကြွားရဦးမယ်လို့ တွေးနေတယ်။ လူးကစ်က 'ရှင် သိပ်တော်တာပဲ'လို့ချီးကျူးပြီး အနမ်းတွေ ပေးချွေလိမ့်မယ်လို့လည်း မျှော် လင့်နေတယ်။ သူ စာချုပ်ကို နောက်တစ်ခေါက် ပြန်ကြည့်ချင်လာတယ်။ ဒါကြောင့် လမ်းသွားရင်းပဲ အိတ်ထဲကစာချုပ်ဖိုင်ကို ဆွဲထုတ်တယ်။ ကြပ် နေတယ်။ ထုတ်လို့မရဘူး။

သူ အားနည်းနည်းပိုသုံးပြီး ဆွဲထုတ်တယ်။ ကြပ်နေတုံးပဲ။ ဆွဲ ထုတ်တယ်။ မရဘူး။ ဆွဲထုတ်တယ်။ ကြပ်နေတယ်။ ဆွဲထုတ်တယ်။ ဆောင့်ဆွဲထုတ်လိုက်တယ်။

"ဟာ . . ."

အားနဲ့ဆောင့်ဆွဲလိုက်ရာမှာ စာချုပ်ဖိုင်က ခုန်ထွက်သွားတယ်။ အချိန်မှာပဲ အားပါတဲ့ လေပြည်တသုတ်ကလည်း 'ဝှစ်'ခနဲမြည်အောင် တိုက်ခတ်သွားတယ်။ စာချုပ်ဖိုင် ကျွမ်းတစ်ပတ်ပစ်ပြီး လေထဲခုန်ဝဲလွင့် သွား . . .

သူလည်း ဘာမှမစဉ်းစားနိုင်ဘဲ လေထဲလှမ်းခုန်ခုပစ်၊ သူ တံတားပေါင်တန်းကို ကျော်လွန်ကာ လေထဲ . . ။ စာချုပ်ဖိုင်နဲ့ သူ့လက် ထဲမှာပဲ ကပ်လွဲသွားတယ်။ သူခုန်းတုံးကခုန်ခဲ့ပြီး အောက်မှာရေပြင် မှာ အခုမှ သတိဝင်သွားတယ်။ မျက်လုံးအစုံ ပြူးထွက်သွားတယ်။

"အား . . ."

စာချုပ်ဖိုင်လည်း ရေထဲကျသွား။ သူလည်း . . .

"ဗွမ်း . . ."

အလေးချိန်နဲ့ အရှိန်အရ သူ ရေအောက် တော်တော်နက်နက် ထိ မြုပ်သွားတယ်။ ဒါ ဓကော်ရုပ်တစ်ရုပ်အတွက် သိပ်အန္တရာယ်များ အခြေအနေပဲ။ သူ့ခြေတွေလက်တွေ အကုန်ခတ်ကာ ရေပြင်ပေါ်

www.burmeseclassic.com

ပြန်တက်ဖို့ အသည်းအသန်ကြိုးစားတယ်။ ဒါပေမဲ့ အနှောင့်အယှက်က ရှိနေတယ်။ သူ့ခြေထောက်က တစ်ခုခုနဲ့ ငြိနေပြန်တယ်။ သူ ရေပြန်ငုပ်ပြီး ခြေထောက်မှာငြိနေတဲ့ ရေမှော်ပင်တွေကို သွားဖြည်ရတယ်။ ဖြည်နေစဉ်မှာပဲ သူ့ခေါင်းက မိုက်ခနဲ မိုက်ခနဲ မူးလာတယ်။ တစ်ကိုယ်လုံးလည်း ယားယံလာတယ်။ ပါးစပ်ထဲ ရေတွေ စီးဝင်လာတယ်။

ပါးစပ်ထဲဝင်လာတဲ့ရေတွေကို ပြန်တွန်းထုတ်ဖို့ ကြိုးစားတော့ စိတ်က ရုတ်တရက် ထူးဆန်းသွားတယ်။ သူ ရေတွေကို မျိုချချင်စိတ်မျိုး ပေါ်လာမိသလိုပဲ။ ဟုတ်တယ်။ သူ ရေတွေ မျိုချမိသွားတယ်။ သူ့ကိုယ်သူ နောက်ဆုံးမှတ်မိတာလည်း အဲ့ဒါပါပဲ။

သူ ရေတွေမျိုချတာကို နောက်ဆုံးမှတ်မိတယ်။

• • •

သူ သတိပြန်ရလာတော့ ဆေးရုံခုတင်မှာ။

ဆရာဝန်စက်ရုပ်တွေက သူ့ကို ကြောက်ရွံ့ရွံ့ရှာဖွယ် သတ္တဝါတစ်ကောင်လို ခြံရံကြည့်နေကြတယ်။ နည်းနည်းစာနာပုံရတဲ့ ဆရာဝန်တစ်ယောက်က . . .

"အမ်ဆေးနပ် . . . ခင်ဗျားရဲ့ကိုယ်ခန္ဓာပေါ်မှာ ဘာတွေ ထူးခြားနေသလဲဆိုတာ စစ်ဆေးကြည့်ပါဦး"

အမ် သူ့ကိုယ်သူ ပြန်ငုံ့ကြည့် စစ်ဆေးတယ်။ အမွှေးအမျှင်သေးသေးလေးတွေ သူ့ကိုယ်ပေါ်မှာ နေရာအနှံ့ ပေါက်ရောက်နေတာကို သူ တွေ့လိုက်ရတယ်။

"ဟင် . . . ဒါ . . . ဒါ . . . ဘယ်လိုဖြစ်တာလဲ"

"ကျုပ်တို့လည်း အဲ့ဒါကိုပဲ အဖြေရှာနေတာပါ။ ခင်ဗျား ရေထဲ ကျသွားပြီးတော့ ခင်ဗျားခန္ဓာကိုယ်အတွင်းပိုင်းမှာ ထူးဆန်းတဲ့ ဓာတ်ပြုမှုတွေ ဖြစ်ပေါ်သွားပုံရတယ်။ ဒီအမွှေးအမျှင်တွေကို ပျောက်အောင်



ကုနိုင် မကုနိုင် ကျုပ်တို့ လေ့လာရဦးမှာပါ။ ပြီးတော့ ဒါ . . . ကူးစက်နိုင်၊ မကူးစက်နိုင် မသေချာသေးတာကြောင့် ခင်ဗျားကို သီးသန့်ခန်းထဲမှာ ပြောင်းရွှေ့ထားပါမယ်"

"ဗျာ . . ."

အမ်ဆေးနပ်ရဲ့ ထူးဆန်းတဲ့ ကျန်းမာရေးသတင်းတွေဟာ မုန်တိုင်းနဲ့ပါလာတဲ့ ပင်လယ်ရေလို ဆိုးရွားစွာပျံ့နှံ့ခဲ့ပါတယ်။ ရိုဘော့ဂြိုဟ်ရဲ့ ဆေးပညာသမိုင်းမှာ ကုလို့မရတဲ့ ပထမဦးဆုံးရောဂါတစ်ခု ဖြစ်ခဲ့တယ်။ ဒါကို ဆေးပညာရှင်တွေဘက်က ဝန်မခံခဲ့ကြပါဘူး။ သူတို့ရဲ့ ဆေးပညာကို အထိပါးမခံလိုတဲ့အတွက် အမ်ရဲ့ရောဂါကို ဝဋ်နာကံနာတစ်ခုလို ခပ်သဲ့သဲ့ သတင်းလွှင့်ခဲ့ကြတယ်။ ဒါ မိမိဂြိုဟ်ကို စော်ကားလို့ မမြင်ရတဲ့ ပါဝါမြင့် ဂြိုဟ်စောင့်စက်ရုပ်တွေက ဒဏ်ခတ်တာပဲဆိုတဲ့ အသံမျိုးတွေလည်း မန်မိုရီနိမ့်တဲ့စက်ရုပ်တွေဆီက ထွက်လာခဲ့တယ်။

အမ် အထူးခန်းထဲကနေ အပြင်ထုတ်တဲ့နေ့က ဆေးခန်းအဝမှာ မီဒီယာသမားတွေ ပြွတ်သိပ်လို့ပေါ့။ ဓာတ်ပုံတဖျပ်ဖျပ်နဲ့။ ဒါပေမဲ့ အနီးတော့ မကပ်ရဲကြဘူး။ ရောဂါကူးမှာစိုးလို့ အဝေးကနေပဲ ဓာတ်ပုံရိုက်ကြတယ်။ သတင်းတွေကိုတော့ ကောလာဟလတွေရယ်၊ ကိုယ်ထင်တာတွေရယ်ပေါင်းပြီး ရေးထုတ်ကြတော့တယ်။

အဲ့ဒီလပိုင်းက သတင်းစာနဲ့ဂျာနယ်တွေမှာ အမ်ဆေးနပ်အကြောင်းတွေ ပလူပျံခဲ့တယ်။ ဝဲစားစက်ရုပ်၊ ဝဲစားစက်ရုပ်ဆိုတဲ့ ခေါင်းစဉ်တွေဟာ မမြင်ချင်မှအဆုံး ရေပန်းစားခဲ့တယ်။

နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့သူ့ကို ဆေးရုံနဲ့ နောက်ဖေးပေါက်ကနေ တိတ်တဆိတ် ဆင်းစေခဲ့တယ်။ ဘဝရဲ့ ကုတ်ခြစ်ရာပြင်းထန်တဲ့ အလှည့်အပြောင်းကြီးဟာ သုံးလေးရက်အတွင်းမှာ ဖြစ်ပွားစေခဲ့တယ်။

ကုမ္ပဏီကို သူသွားတော့ ကုမ္ပဏီအဝင်ဝမှာပဲ သူ့ကို အလုပ်ထုတ်လိုက်တဲ့အကြောင်း တရားဝင်စာ ကပ်ထားနှင့်နေပါပြီ။ သူ့အိမ်အပြန်လမ်းမှာ သူ့ကို လူတွေက သူနဲ့ခပ်ဝေးဝေးမှ ရှဲသွားကြပြီးမှ တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းဝိုင်းကြည့်တာတွေကို အဆက်မပြတ် ခံခဲ့ရတယ်။ အိမ်ပြန်ရောက်တော့ သူ့ပစ္စည်းတွေကို အိမ်ရှင်က အိမ်အပြင် ထုတ်ထားပြီးနေပါပြီ။ တစ်ဆက်တည်းပဲ သူရည်းစားကပါ သူလိုကောင်နဲ့ လမ်းခွဲတာ မလွန်ကြောင်း လာရောက်ပြောဆိုသွားခဲ့တယ်။

သူ နေစရာ၊ စားစရာမဲ့စွာ လမ်းများပေါ်၊ အမှောင်တွေထဲမှာ ကိုယ့်နာမည်ကိုယ်မြင်ခဲ့ရတယ်။ တွေးပွေ့မယ့် ရင်ခွင်မရှိတဲ့ဘဝမှာ ကန်ကျောက်မယ့်ခြေထောက်တွေပဲ အပြည့်ရှိနေခဲ့တယ်။ လတွေ၊ နှစ်တွေကြာအောင် လမ်းများပေါ် . . .။

နှစ်တချို့ကြာမှ အမ်ဆေးနပ်ရဲ့ရောဂါ မကူးစက်နိုင်ဘူးလို့ စက်ရုပ်တွေက စိတ်ချခဲ့ကြတယ်။ အဲ့ဒီတိုင်အောင် ရှောင်ရှားကြဆဲ။ ပစ်ပယ်ကြဆဲ။ ဘယ်သူမှမလုပ်ချင်တဲ့ အလုပ်တွေမှာ အနိမ့်လခလေးနဲ့ သူ အလုပ်လေးတွေဘာတွေ ရလာခဲ့တာကတော့ နောက်ပိုင်း ကံကောင်းမှု တစ်ခုပါပဲ။

အလုပ်ကပြန်လို့ ညတွေနက်ရင် လူရှင်းတဲ့လမ်းကြားတွေမှာ ပေပေတေတေ သွားအိပ်ရတယ်။ ဒီအခွင့်အရေးလေးတွေကိုတောင် အာဏာရူး ပတ်တရောင်ရဲ့တစ်ကောင်ကြောင့် ဆုံးရှုံးခဲ့ရတယ်။

တကယ်တော့ နေတတ်ရင် မြို့ပြင်မှာလည်း ပျော်စရာကောင်းပါတယ်။

လူဆိုးလူညစ်တွေနည်းတော့ လေကောင်းလေသန့်တွေတောင် ပိုမိုရရှိသေး။

ጁ ጁ ጁ



(3)

သူ လမ်းသွားရင်း စိတ်က အလိုလို တွေးဖြစ်နေတာပါ။ သူ့ရောဂါ စတင်ပုံအကြောင်းကိုလေ။

ပြန်တွေးတိုင်း ပြန်နာကျင်ရတာကတော့ အတိတ်ဆိုးတွေပါပဲ။

သူ သူ့ကျောခင်းရာနေရာ ထရန်စဖာအိုးစုတ်ကြီးဆီရောက်တော့ ဂျေအိုင်ကို တွေ့ပါတယ်။ ဂျေအိုင်က ထရန်စဖာအိုးရဲ့ အပေါက်ဝမှာ ထိုင်ပြီး အမ့်ကို မျှော်နေတယ်။

အမ်လာတာတွေ့တော့ ကလေးတစ်ယောက်လို အူယားဖားယားပြေးသွားပြီး အမ့်လက်ထဲကပုလင်းကို ယူတယ်။ ပြီးတော့ ပုလင်းအစို့ကို ကိုက်ဖွင့်ပြီး ဂလုဂလုနဲ့ လည်ဇလုပ် ဖောင်းလိုက်ပိန်လိုက်ဖြစ်အောင် မော့ပါတော့တယ်။

အမ် ထရန်စဖာအိုးထဲဝင်ပြီး အဝတ်အစားလဲလိုက်တယ်။ ပြန်ထွက်လာတော့ ပုလင်းတစ်ဝက်ကျိုးနေပြီဖြစ်တဲ့ ဂျေအိုင်က လျှာလေးလေးကြီးနဲ့ စကားတွေလျှောက်ပြောနေပါပြီ။ ထုံးစံအတိုင်း ကမ္ဘာဆိုတဲ့ အမည်ရှိဂြိုဟ်ကြီးအကြောင်းတွေပါပဲ။

"ကမ္ဘာဂြိုဟ်နဲ့ ငါတို့ဂြိုဟ် အဓိကကွဲပြားတာ အဲ့ဒါပဲ။ ကမ္ဘာဆိုတဲ့ဂြိုဟ်က သက်ရှိသက်မဲ့ ခွဲခြားမှုမြင့်မားတယ်။ ပြီးတော့ ငါတို့ဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

လောက် အရာဝတ္ထုတိုင်းက လျှပ်စစ်ဓာတ်လွယ်လွယ်နဲ့ မထုတ်ပေးနိုင်ဘူး"

ဂျေအိုင်ရဲ့ တချို့စကားတွေကို သူ စိတ်မဝင်စားလှပါဘူး။ ဒါပေမဲ့ အလိုက်အထိုက်သဘောအရ ပြန်မေးပြုတာမျိုးတော့ လုပ်ပေးမိတာပါပဲ။

"သက်ရှိတွေကကော"

"သက်ရှိတွေလည်း အတူတူပဲ။ သူတို့ကိုယ်တိုင် လျှပ်စစ်ဓာတ်ကို မထုတ်လုပ်နိုင်ဘူး။ အဲ . . . ရှိတဲ့သတ္တဝါတွေတော့လည်း ရှိတယ်"

"ဟုတ်လား . . . ဘယ်လိုသတ္တဝါတွေလဲ"

"ငါးရှဉ့်"

"အာ . . ."

ဂျေအိုင်က လျှပ်စစ်ငါးရှဉ့်ကို ပြောတာပါ။ ဒါပေမဲ့ အမ့်လို ကမ္ဘာဂြိုဟ်အကြောင်း ဂျေအိုင်ပြောပြမှ သိတဲ့ သာမန်စက်ရုပ်တစ်ရုပ်က ဒီစကားကို အတည်အတန့်လို့ ဘယ်ယုံချင်ပါ့မလဲ။ မူးရူးပြီး အပြောင်အပျက်ပြောနေတာလို့ပဲ ထင်နေတယ်။

"ကဲ . . . မင်းကို ငါပြောမယ်"

ဂျေအိုင်က သူ့အင်္ကျီအိတ်ကပ်ထဲက Remove တစ်ခုကို ထုတ်ပြီး ထရန်စဖာအိုးရဲ့ နံရံဆီကိုချိန်ပြီး ခလုတ်နှိပ်လိုက်တယ်။ ထရန်စဖာအိုးနံရံမှာ အလင်းပုံရိပ်တချို့ ပေါ်လာတယ်။

ပတ်လမ်းတစ်ခု။ အဲဒီပတ်လမ်းထဲမှာ အရာဝတ္ထုတစ်ခုက အနည်းငယ် တိမ်းစောင်းပြီး လည်နေတယ်။

"အဲ့ဒါ ကမ္ဘာဂြိုဟ်ပဲ"

"သြော် . . ."

"ဂြိုဟ်ရဲ့ပတ်လမ်းပေါ်မှာ တွေ့လား (Space Station) လို့ခေါ်တဲ့ အာကာသယာဉ်စခန်းတွေ အများကြီးပဲ"



ထရန်စဖာအိုးပေါ်မှာထင်နေတဲ့ ဂြိုဟ်ပတ်လမ်းပေါ်က အနီ အစက်ပြောက်ကလေးများကို ဂျေအိုင်က ညွှန်ပြီးပြောတယ်။

"ဒီကမ္ဘာဂြိုဟ်က သိပ်နားလည်ရခက်တဲ့ ဂြိုဟ်ကြီးတစ်လုံးပဲ"

ဂျေအိုင်ပြောပြထားသဖြင့် အမ်လည်း ကမ္ဘာအကြောင်း တော်တော်များများ သိပြီးနေပါပြီ။ ထိုဂြိုဟ်တွင် နေထိုင်ကြသော အဆင့်မြင့်သတ္တဝါများကို လူဟုခေါ်ကြောင်း၊ ထိုလူများနဲ့ လွန်ခဲ့တဲ့ (၂၅)နှစ်က အကြီးအကျယ် စစ်ပွဲဖြစ်ပွားခဲ့ကြောင်း၊ သူတို့သတ်မှတ်ခုနှစ်အရ ယခု သူတို့ဂြိုဟ်မှာ (AD-2113)ဖြစ်ကြောင်း၊ လူတွေကို အင်မတန်တန်ခိုးရှိသော ဘုရားသခင်က ဖန်ဆင်းခဲ့တာဖြစ်ကြောင်းနဲ့ ဘုရားသခင်ကိုလည်း လူတွေ ပြန်ဖန်တီးခဲ့တာလည်း ဖြစ်နိုင်ကြောင်းကို ဂျေအိုင့်သဘောအရ အမ် နားဝအောင် ကြားခဲ့ရပြီးပါပြီ။

ဒါပေမဲ့ဂျေအိုင့်စကားတွေက တစ်ခါပြော တစ်မျိုးခွဲထွက်နေသဖြင့် အမ့်အတွက် မှတ်သားလို့ မရိုးနိုင်ခဲ့။

"အဲ့ဒီဂြိုဟ်က ဉာဏ်ရည်အမြင့်ဆုံးဖြစ်တဲ့ လူဆိုတဲ့သတ္တဝါတွေဟာ ယဉ်ကျေးမှုအမျိုးမျိုး တီထွင်တတ်သလို၊ ရက်စက်မှုအမျိုးမျိုးလည်း ကျူးလွန်တတ်တဲ့ သတ္တဝါပဲ"

" . . . . "

"သူတို့မှာ ဘယ်တော့မှ အဆုံးမသတ်တဲ့ လောဘတွေရှိတယ်။ သူတို့ရဲ့ပိုင်နက်တွေကို အမြဲတမ်း ချဲ့ထွင်ချင်နေတယ်။ သူတို့ဟာ လက်နက်တွေမျိုးစုံကိုလည်း ထုတ်လုပ်နိုင်ကြတယ်။ ကြောက်စရာအကောင်းဆုံးစွမ်းအင်နဲ့ လက်နက်တစ်မျိုးလည်း ရှိတယ်"

"အိုင်းစတိုင်းဆိုတဲ့လူ အစပြုခဲ့တဲ့ဟာမို့လား"

"အင်း . . . မင်း . . . ဘယ်လိုသိလဲ"

"ဂျေအိုင် တစ်ခါ ပြောပြဖူးတယ်လေ။ ကမ္ဘာပေါ်မှာ ဂျေအိုင်အလေးစားဆုံးက အဲ့ဒီလူဆို။ ကမ္ဘာဂြိုဟ်ကလူတွေက ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်က စက်ရုပ်တွေထက် စွမ်းအင်အသုံးပြုမှုနဲ့ တီထွင်မှုမှာ အိုင်ကျူ နိမ့်ပေမယ့် အဲဒီအိုင်းစတိုင်းဆိုတဲ့လူကတော့ ကျွန်တော်တို့ထက်တောင် သာလွန်နိုင်မယ်လို့ ဂျေအိုင်ပြောခဲ့တာကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်"

ဂျေအိုင်က အရက်တွေပေနေတဲ့ နှုတ်ခမ်းကြီးနဲ့ ပြုံးတယ်။

"အင်း . . . မင်းမှတ်မိတာ ကောင်းတယ်။ ငါ အခု အဲ့ဒီလက်နက်ထက် သာလွန်ပြည့်စုံပြီး ထိန်းချုပ်နိုင်မယ့် လက်နက်ကို တီထွင်နေတယ်။ အောင်လည်း အောင်မြင်တော့မယ်"

ပြောလည်းပြော၊ မြေတွင်လည်း တုတ်ချောင်းဖြင့် အီကွေးရှင်းတစ်ခုကို ဆွဲပြတယ်။ $E = mc^2$ တော့ မဟုတ်ဘူး။ သူတို့ ရှိဘော့ဂြိုဟ်သုံး သင်္ကေတအက္ခရာတွေပါပဲ။

"ဒါ ဂျေအိုင့်လက်နက်အတွက် အီကွေးရှင်းလား"

"အင်း . . . လိုအပ်ချက်တွေတော့ ရှိသေးတယ်။ အဲ့ဒါ မင်းမှာ ငွေဘယ်လောက်ရှိလဲ"

"ဟင် . . ."

အမ် ယောင်ယမ်းပြီး ရင်ဘတ်ကအိတ်ကပ်ဆီ လက်ဖိမိသေး။ ပြီးမှ သူ စိတ်မကောင်းခြင်းနဲ့ ခေါင်းကို ဖြည်းဖြည်းယမ်းပြလိုက်တယ်။

"ကျွတ် . . ."

ဂျေအိုင် စုတ်သတ်တယ်။

"ငါ ငွေတော်တော်များများ လိုနေတယ်။ လိုအပ်တဲ့ ဓာတ်ကူ ပစ္စည်းတွေဝယ်ဖို့ကွ။ ဟင်း . . . ငွေမရှိရင်တော့ ကြာဦးမှာပဲ"

ဂျေအိုင့် ဓာတ်ခွဲခန်းအတွက် လိုအပ်မယ့်ပစ္စည်းတွေအတွက် အမ် စိတ်မကောင်းပါ။ ဒီလောက် ငွေအများကြီး သူ ဘယ်လိုရှာနိုင်မလဲ။ လောလောဆယ်မရှာနိုင်လည်း စိတ်ထဲတော့ စာရင်းမှတ်ထားလိုက်တယ်။ သူ ဂျေအိုင့်အတွက် ငွေပိုရှာရမယ်။



"ဂျေအိုင် . . . အဲ့ဒီလက်နက်အောင်မြင်သွားရင် ရှိဘော့ဂြိုဟ်ကာကွယ်ရေးအဖွဲ့အစည်းဆီ သွားအပ်မှာပေါ့ ဟုတ်လား။ ဒါဆို ဂျေအိုင်လည်း အဆင့်မြင့်ရာထူးတစ်နေရာ ပြန်ရတော့မှာပေါ့"

အမ် ဂျေအိုင်အတွက် ဝမ်းသာမိပေမယ့် . . .

"ထွီ . . ."

ဂျေအိုင်တံတွေးသံက နာကျင်မှုနဲ့ . . .

"ဘယ်မှ မအပ်ဘူး။ ဒီရှိဘော့ဂြိုဟ်ရဲ့ ဘယ်အဖွဲ့အစည်းကိုမှ ငါ တီထွင်မှုကို ပေးမှာမဟုတ်ဘူး။ ရှင်းရှင်းပဲ ပြောမယ်။ ဒီဂြိုဟ်က ဘယ်အဖွဲ့အစည်းကိုမှ ငါမယုံကြည်ဘူး"

ဂျေအိုင့်မှာ ဘာအတိတ်တွေ ရှိနေပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com

**(4)**

“အင်း . . . ကျွန်တော် လတ်တလောအတွင်းပေါ့ ငွေများများ ရနိုင်ချေရှိလား”

မေးသာမေးရတာပါ။ ကိုယ့် ပုံမှန်အခြေအနေအရဆိုရင် ဘယ်ရှိမလဲ။ ကွန်ပျူတာက စက္ကန့်ဝက်လောက် Loading ပြီးတော့ အသံထွက်ဖြေလာတယ်။

“ရှိပါတယ်”

တဲ့။

အမ် မျက်ခုံးမြင့်သွားတယ်။ ဘာပဲဖြစ်ဖြစ် စိတ်ချမ်းသာသွားတယ်။ နောက်ထပ် အကြွေစေ့တစ်စေ့ကို ကွန်ပျူတာအပေါ်က အပေါက်ကလေးထဲ ထည့်လိုက်ပြီး . . .

“အင်း . . . ကျွန်တော် . . . ကျွန်တော်၊ အများက တရားဝင်လက်ခံလာမယ့် ကဗျာဆရာတစ်ယောက်ကော ဖြစ်လာနိုင်လား”

ကွန်ပျူတာက ခုနလိုပဲ Loading လုပ်နေတယ်။ ဒီတစ်ခါ တော်တော်ကြာသွားတယ်။ ပြန်မဖြေဘူး။

လမ်းဘေးက အပျော်တမ်းမေးတဲ့ ဗေဒင်ရုံကလေးတွေပါ။ ဖုန်းရုံကလေးတစ်ခုလိုပဲ မတ်တတ်ရပ် အကြွေစေ့ထည့်ပြီး မေးရတယ်။



ကွန်ပျူတာက အကြွေစေ့ထည့်လိုက်တာနဲ့ ရှေ့မှာလာရပ်တဲ့ စက်ရုပ်ကို Auto ဓာတ်ပုံရိုက်တယ်။ ပြီးတော့ မေးတဲ့မေးခွန်းနဲ့ ဓာတ်ပုံမှာမြင်ရတဲ့ ရုပ်ပိုင်းဆိုင်ရာကတစ်ဆင့် အထဲမှာတွက်ချက်ပြီး စက္ကန့်ပိုင်းအတွင်း အဖြေထုတ်ပေးတယ်။ အရင်တုန်းက ခေတ်စားခဲ့ပေမယ့် အခုတော့ ဖျက်သိမ်းဖို့လျာထားခံရလောက်အောင် ခေတ်နောက်ကျသွားပြီမို့ ဘယ်သူမှ အပျော်တမ်းအနေနဲ့တောင် မမေးကြတော့ပါဘူး။

အမ်လည်း စိတ်ပါလွန်းလို့ မဟုတ်ပါဘူး။ စိတ်လေလေနဲ့ ဝင်မေးနေမိတာပါ။ Loading က တော်တော်ကြာနေတာမို့ ပြန်ဖြေမှာမဟုတ်တော့ပါဘူးဆိုပြီး အမ် အဲ့ဒီအထဲက ထွက်ခဲ့ဖို့ ပြင်လိုက်တယ်။ အဲ့ဒီအချိန်ကျမှ . . .

“ဖြစ်မယ်။ စက်ရုပ်တိုင်းက လေးစားရမယ့် ကဗျာဆရာတစ်ယောက်ဖြစ်လာမယ်။ ပြီးတော့ ဒီရက်ပိုင်း နှလုံးသားရေးရာပါ စန်းပွင့်မယ်”

အမ် ကြောင်သွားတယ်။

ဘယ့်နှယ် . . . စက်က မေးတာတင်မကဘူး မမေးတဲ့ နှလုံးသားတွေပါ လာပြောနေတယ်။ ဒီနေ့ စက်က သူ့အတွက်မေးသမျှ အကောင်းတွေချည်း ဟောပေးနေပါလား။ အံမယ် . . .မမေးဘဲနဲ့ နှလုံးသားရေးရာတောင် စန်းပွင့်ဦးမယ်ဆိုပြီး ပြောလိုက်သေး။ အမ် ရယ်ချင်သာတာပဲ သိတယ်။

“အလကား . . . ဒီစက်တွေ ဒီလိုစုတ်နေလို့ ခေတ်နောက်ကျကျန်ခဲ့တာပဲ”

အမ် ဒီလိုရေရွတ်ပြီး လမ်းဘေးဗေဒင်ရုံကလေးထဲက ပြန်ထွက်ခဲ့တယ်။ လေတွေတအားတိုက်နေတဲ့ အပြင်လမ်းမှာ ကောင်းကင်ဟာ မှောင်နေတယ်။ အမ် တစ်ယောက်တည်း ခုနက ဟောစာတမ်းတွေကို ပြန်တွေးမိပြီး ရယ်ချင်မှုနဲ့အတူ စိတ်လက်ပေါ့ပါးနေတယ်။

www.burmeseclassic.com

ဒီအချိန် စာရွက်တစ်ရွက်ဟာလွင့်လာပြီး အမ့်မျက်နှာရှေ့က ဖြတ်ပျံလာတယ်။ အမ် လက်နဲ့ လှမ်းဖမ်းလိုက်တယ်။ သတင်းစာအပိုင်း အစတစ်ရွက်ပါ။

သတင်းစာထဲမှာ ပုံတစ်ပုံ။ ဝန်ကြီးတစ်ယောက်ရဲ့ မိသားစု ခရီးသွားတဲ့ပုံပါ။ ပုံထဲမှာ ဝန်ကြီးရယ်၊ ဝန်ကြီးဇနီးရယ်၊ ဝန်ကြီးရဲ့သမီးရယ်။ သုံးယောက်။

အမ် ဓာတ်ပုံကို မတော်တဆ ကြည့်မိရာက စပြီး သေချာထပ်ထပ်ကြည့်နေမိတယ်။ ဝန်ကြီးရဲ့ သမီးဆိုသူတစ်ယောက်ကို မြင်ဖူးသလိုလို . . .။

နောက်မှ သူ့နှုတ်ခမ်းက ပြုံးသွားတယ်။

သူ မှတ်မိသွားတယ်။

သတင်းစာအပိုင်းအစကို ဆက်မလွင့်သွားအောင် အမှိုက်ပုံးထဲ သေချာသွားထည့်လိုက်တယ်။

• • •

လျှပ်စီးဆိုင်ကယ်တွေ အုပ်လိုက်မောင်းနှင်လာသံကို ကြားရတယ်။ အမ် လှည့်မကြည့်ဘူး။ ညတောင် ကောင်းကောင်းမရောက်သေးဘဲ သောင်းကျန်းနေတဲ့ လမ်းသရဲစက်ရုပ်တွေကို အမ် စိတ်ညစ်မိတယ်။ အခုချိန် သူတို့မူးနေရင် သူ့ကို လာရစ်ကြဦးမယ်လို့လဲ အမ် ကြိုသိနေမိတယ်။

ထင်တဲ့အတိုင်းပဲ အမ့်ဘေးဝဲယာမှာ လျှပ်စီးဆိုင်ကယ်တွေ အရှိန်လျှော့ပြီး ကပ်လိုက်လာကြတယ်။

"ဝဲစား . . . ဝဲစား . . ."

အဲ့ဒီလို သံပြိုင်အော်ကြတယ်။



လျှပ်စီးဆိုင်ကယ်တွေကြားကမှ အနီမှိန့်ပျံ့အမိုးဖွင့်ယာဉ်တစ်စီးကို စီးနင်းလာတဲ့ လမ်းသရဲတစ်ကောင်ကတော့ ဒီလမ်းသရဲအုပ်စုရဲ့ ခေါင်းဆောင်လို့ ပြောချင်လည်းရတယ်။ နာမည်က 'တီကော်ရီ'။ သူ့အဖေက ကာကွယ်ရေးဝန်ကြီးချုပ် 'အဂီ'။ ဝန်ကြီးတစ်ယောက်ယောက်ရဲ့ သားက သောင်းကျန်းနေတာကို သူတို့ဂြိုဟ်ရဲ့ အထက်ပိုင်းက ရပ်တည်ရဲ့ မျက်နှာလွှဲထားပုံပဲ။

တီကော်ရီက သိပ်အနိုင်ကျင့်တတ်တာမို့ အမ် သူနဲ့မဆုံချင်ပါ။

ဒါပေမဲ့ အနီမှိန့်ပျံ့ အမိုးဖွင့်ယာဉ်သံကို ဘေးဘက်အနီးနားက ထပ်ကြားမိတော့ တီကော်ရီ သူ့နားရောက်လာမှန်း သိလိုက်တယ်။

"ဟေ့ကောင် . . . ဝဲစား၊ မင်း အလုပ်က ပြန်လာတာလားကွ"

အမ် မော့မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်တယ်။

"ပြောစမ်းပါဦး၊ မင်း . . . ဘာတွေလုပ်နေတာတုံး"

"နံနက်ပိုင်း ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်ကြမ်းပေါ့။ နေ့လယ်ဘက်တော့ ပစ္စည်းအဟောင်းသန့်စင်တဲ့စက်ရုံမှာ လုပ်တယ်"

အမ် ကောင်းကောင်းဖြေတယ်။

"ပစ္စည်းအဟောင်းတွေ သန့်စင်တဲ့စက်ရုံဆိုတော့ အိမ်သာခွက်တွေမှာလည်း ကိုင်ရမှာပေါ့ . . . ဟုတ်လား"

"အင်း . . . ကိုင်ရပါတယ်"

"ဟား . . . ဟား . . . ကိုင်ရတယ်တဲ့။ ဒီကောင် မစင်ပုံးတွေ ကိုင်ရတယ်တဲ့ . . . ဟား . . . ဟား . . ."

တီကော်ရီက သူ့ကောင်တွေဘက်လှည့်ပြီး ရယ်ပြောပြောတော့ နေတဲ့ လမ်းသရဲကောင်တွေလည်း တဟားဟား လှောင်အော်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အမ် အာရုံနောက်ပေမယ့် ဒါမျိုးတွေ ရိုးနေပြီမို့ စိတ်ထဲမထား ပါဘူး။ စိတ်အပြင်ကို မောင်းထုတ်လိုက်တယ်။

"အိမ်ရောက်ရင် . . . ဩော် . . . ဆော်ရီး . . . မင်းရဲ့ ထရန့်စဖာအိုးကြီးဆီရောက်ရင် လက်ကို အက်ဆစ်ပျော့နဲ့ သေချာ ဆေးဦးနော်။ တော်ကြာ ဒီထက်ဆိုးတဲ့ရောဂါတွေဖြစ်ရင် မြို့ပြင်မက ဂြိုဟ် ပေါ်ကနေပါ နှင်ထုတ်ခံနေရဦးမယ် . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . "

ရယ်မောလို့ သူတို့ယာဉ်တွေကို အရှိန်မြှင့်ပြီး ထွက်သွားကြ တယ်။ တော်သေးတယ်။ သူတို့ သိပ်မမူးသေးလို့ အမ့်ကို ဘာမှ ထိထိ ခိုက်ခိုက် မလုပ်သွားတာ။

အမ် သူတို့ထွက်သွားမှ လွှဲထားတဲ့မျက်နှာကို ပြန်တည့်ပြီး ခေါင်းထောင်လိုက်မိတယ်။

အဲဒီမှာပဲ သူ တွေ့ဖြစ်အောင် တွေ့လိုက်ရပါသေးတယ်။

အနီမှိုင်းပျံ အမိုးဖွင့်ယာဉ်ရဲ့ အရှေ့ပိုင်းမှာ တီကော်ရီဖက်ထား တဲ့ စက်ရုပ်မတစ်ယောက်။ အဲ့ဒီစက်ရုပ်မက သူ့ကို လည်ပြန်လှည့်ကြည့် နေတာ။ သူလည်း ကြည့်မိလိုက်တော့ စက်ရုပ်မက မျက်နှာကို ချက်ချင်း ရှေ့ပြန်လှည့်သွားတာ . . .

"လူးကစ်"

ဟုတ်တယ် . . . လူးကစ်ပဲ။ တီကော်ရီရဲ့ ရင်ခွင်ထဲ ဝပ်လျက် အောင်ရှိနေတဲ့ စက်ရုပ်မဟာ လူးကစ်တဲ့လား။

အမ် စိတ်မကောင်း ဖြစ်လာတယ်။ ဒါ လူးကစ်ရဲ့ ဘယ်နှစ် ယောက်မြောက် တွဲတဲ့ကောင်လဲ။ တီကော်ရီရဲ့လည်း ဘယ်နှမြောက် အပျော်ရည်းစားဖြစ်မလဲ။ အမ် . . . လူးကစ်နဲ့ ပျော်ခဲ့ချိန်များကို မတွေး မိအောင် ကြိုးစားရင်း ခေါင်းခါမိတယ်။



"အင်းပေါ့လေ . . . နင် ရွေးချယ်ခွင့်ရှိပါတယ်။ ဝဲစားထက် ခန့်ကြီးသား လမ်းသရဲက ပိုသာမှာပေါ့"

အမ် ဆက်လျှောက်ခဲ့တယ်။ ဗေဒင်ကတော့ နှလုံးသားရေးရာ ...န်းပွင့်မယ်တဲ့။ အခုတော့ ရည်းစားဟောင်းကို တခြားကောင်နဲ့ တွဲနေ တာပဲ တွေ့လိုက်ရတယ်။ ကံကြမ္မာက သူ့ဆို လှျာထုတ်ဆူပုတ် ပြောင် ပြချင်နေတာခက်တယ်။

ဟူး . . . ။

• • •

'ဂျီအိုဒဲဆစ်' မိဘမဲ့ စက်ရုပ်ကလေးများကျောင်း။

အဲ့ဒီကျောင်းရှေ့ရောက်တော့ ကျောင်းအဝင်ပေါက်ကနေ သူ ...င်ခဲ့ပါဘူး။ ကျောင်းအနောက်ဘက်ကို သွားတယ်။ ခြံစည်းရိုးလေး ...ို အသာခုန်ကျော်ပြီး ကျောင်းအနောက်ဘက် အစွန်ဆုံးက အဆောင် ...းဆီ သွားလိုက်တယ်။ အဆောင်ရှေ့ရောက်တော့ တံခါးကို ပုတ်လိုက် ...တယ်။

တံခါးကိုပုတ်ရင်း ဘေးဘီကိုလည်း ကြည့်တယ်။ တခြားစက် ရုပ်တွေ မတွေ့သွားဖို့ သူ သတိထားနေတယ်။

"ကျွိ . . ."

တံခါးဖွင့်သံနဲ့အတူ အထဲက သက်တမ်းငါးဆယ်လောက်ရှိ ...ဲ့ စက်ရုပ်အမျိုးသမီးကြီးတစ်ယောက် ထွက်လာတယ်။

"အို: . . . အမ် . . . မျှော်နေတဲ့အချိန်နဲ့ ကွက်တိပါပဲလား"

"ဘာတွေဖြစ်လို့ မျှော်နေရတာလဲ . . . ရှာဆွစ်"

အမ် အဆောင်လေးထဲကို မိဘမဲ့ကလေးတွေကို ထိန်းကျောင်း ...ဲ့ ရှာဆွစ်ဆိုတဲ့ စက်ရုပ်ဆရာမနဲ့အတူ ဝင်ခဲ့တယ်။ အခန်းထဲက စားပွဲ ...း ရှာဆွစ်အရင်ထိုင်ပြီးမှ အမ်က ဝင်ထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကလေးတွေ ကျန်းမာရေး မကောင်းဘူးကွယ်။ ကလေးတွေ နှစ်ဆယ်လောက် ဝမ်းလျှောနေတယ်။ အလျှူရှင်တွေကလည်း ရှားလိုက်တာကွယ်။ ချမ်းသာတဲ့ကျောင်းတွေကိုပဲ ထပ်ထပ်လှူဒါန်းနေကြပြီး တို့ကျောင်းကျတော့ အလိုလို မေ့နေကြတယ်"

" . . . . . "

"နောက်တစ်ပတ်ပြီးရင်တောင် နေ့စဉ် အကျွေးအမွေးအတွက် အခက်ကြုံရတော့မယ်။ အခု အရေးကြီးတာကတော့ ကလေးတွေ ဆေးဖိုးပဲ။ အခမဲ့ဆေးခန်းတွေ ဆက်သွယ်ထားပေမယ့် အလုပ်မဖြစ်ခဲ့ပါဘူးကွယ်"

" . . . . . . "

ရှာဆွစ်က တကယ့်ကို အကြံအိုက်စွာ ညည်းညူတယ်။ အမ်ကလည်း သူကြီးပြင်းခဲ့တဲ့ မိဘမဲ့ကျောင်းလေး အကြပ်အတည်းဖြစ်နေတော့ ခေါင်းခဲရတယ်။

သူ့အိတ်ကပ်ထဲက တစ်လလုံး ညစာမစားဘဲ စုထားတဲ့ ငွေတချို့ကို ထုတ်လိုက်တယ်။

"ဒါလေး အရင်ယူထားပါလား . . . ရှာဆွစ်"

အမ်ရဲ့ တစ်လစုငွေက ကလေးတွေအတွက် လတ်တလော ဆေးဖိုး အဆင်ပြေလောက်မလားပဲ။ တစ်ပတ်စာပဲ ကျန်တော့တဲ့ နေ့စဉ် အကျွေးအမွေးအတွက်တော့ အမ် တခြားနည်းနဲ့ ကြံရဦးမယ်။

"အားနာလိုက်တာ . . . အမ်ရယ်။ ဒီကျောင်းပေါ် မင်းရဲ့ ကျေးဇူးတွေ သိပ်များနေပါပြီကွယ်"

"ပြောင်းပြန်ပြောနေပါပြီ။ ကျွန်တော်က ဒီကျောင်းကနေ စက်ရုပ်ဖြစ်လာတဲ့သူပါ။ ကျွန်တော် တစ်လှည့် ပြန်အလုပ်အကျွေး ပြုသင့်ပါတယ်။ ပြီးတော့ ရှာဆွစ်ဟာ ကျွန်တော့်ကို စက်ရုပ်အရာသွင်းပြီး တူတူ တန်တန်ဆက်ဆံတဲ့ စက်ရုပ်အရေအတွက်ထဲမှာပါတဲ့ ကျွန်တော့်ဘဝကိုနားလည်တဲ့ စက်ရုပ်တစ်ရုပ်ပဲလေ"



ရှာဆွစ် သူ့ကို သနားရင်နာစွာ ကြည့်နေတယ်။

အမ် . . . ကလေးလေး . . . မင်းဟာ ဒီလိုစိတ်ထားလှပတဲ့ စက်ရုပ်တစ်ရုပ်ဖြစ်တယ်ဆိုတာ မင်းအမေ မြင်သွားသင့်တယ်ကွယ်။

"ရှာဆွစ် . . . ဘာလို့ ကျွန်တော့်ကို ဒီလောက်စိုက်ကြည့်နေတာလဲ"

"သြော် . . . အဟင်း . . . ကျေးဇူးတင်လို့ပါကွယ်။ မင်းဟာ သိပ်ကြင်နာ စာနာတတ်တဲ့ စက်ရုပ်လေးပါပဲ။ မင်းဆီကိုလာမယ့် ကံကောင်းခြင်းတွေ နှောင့်နှေးနေတာဖြစ်မယ်။ မလွဲမသွေတော့ မင်းဆီရောက်လာမှာပါ။

အမ် ပြုံးပြလိုက်တယ်။

"ကျေးဇူးပါ . . . ရှာဆွစ်၊ ကျွန်တော် ပြန်ဦးမယ်။ တခြားဆရာမတစ်ယောက်ယောက်တွေ့သွားလို့ ဝဲစားစက်ရုပ်လှူတဲ့ငွေ မယူဘူးလို့ ပြောနေဦးမယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

အမ် ထရပ်လိုက်တယ်။ ရှာဆွစ်က အမ့်လက်ထဲက တစ်စုံတစ်ရာကို တွေ့သွားသေးတယ်။

"လက်ထဲကပုလင်းက ဘာလဲ . . . အမ်၊ မင်း . . . အရက်တွေ ညတိုင်းသောက်နေတာလား"

"အဟင်း . . . ဒါ ဂျေအိုင်ဆိုတဲ့ ဦးလေးကြီးအတွက်ပါ။ ဘာကွယ်ရေးဌာနက နှင်ထုတ်ခံထားရတဲ့ သိပ်တော်တဲ့ တီထွင်သူတစ်ယောက်လေ"

သြော် . . . သူ အရက်တွေချည်း သောက်နေတာလား။ ရှာဆွစ် စိတ်ထဲက ရေရွတ်မိသွားသေးတယ်။

"ကဲ . . . ကဲ . . . သွားတော့ . . . အမ်။ နောက်ကျနေမယ်"

ရှာဆွစ် အခန်းဝအထိ တံခါးတီးတိုးဖွင့်လို့ လိုက်ပို့တယ်။ အမ်က လာလမ်းအတိုင်း တိတ်တဆိတ် ပြန်ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အမ်ထွက်သွားတာကို ရှာဆွစ် ပြတင်းပေါက်ကနေ ခိုးကြည့်နေသေးတယ်။ စိတ်ချရမှ အိပ်ရာခေါင်းရင်းဆီပြေးပြီး ခေါင်းအုံးကိုလှန်လိုက်တယ်။ ခေါင်းအုံးအောက်မှာ ဓာတ်ပုံတစ်ပုံ လဲလျောင်းနေတယ်။ တစ်ခြမ်းပြဲနေတဲ့ ဓာတ်ပုံကလေးရယ်ပါ။

ဓာတ်ပုံကို ယူကြည့်ပြီး ရှာဆွစ် မျက်ရည်တွေ စို့ဝဲလာခဲ့တယ်။ ဓာတ်ပုံကို ခေါင်းအုံးအောက် မြန်မြန်ပြန်ထည့်လိုက်တယ်။ ပြီး ပြတင်းပေါက်မှာသွားရပ်လို့ အဆုံးအစမရှိတဲ့ ကြယ်ရောင်ကောင်းကင်ထဲ မော့ကြည့်ရင်း . . .။

"သူငယ်ချင်းရေ . . . မင်းသားလေးဟာ ကံမကောင်းရှာပါလားကွယ်"

ᅐ ᅐ ᅐ



အမ် ခြစည်းရိုးပေါ်က ခုန်ချလိုက်တယ်။ ပြီးတော့ လက်နှစ်ဖက်ရိုက်ပြီး ဖုတ်ဖက်ခါလိုက်တယ်။ နောက် ခြစည်းရိုးကိုကျော်ပြီး အရင်ဖစ်ချထားခဲ့တဲ့ ချုံပုတ်ထဲက အရက်ပုလင်းကို ပြန်ကောက်ပြီး လမ်းမပေါ်တက်ခဲ့တယ်။ သြော် . . . ညတောင် ကောင်းကောင်းရောက်နေပြီပဲ။

ထိုအခိုက်မှာပဲ . . .

"ဟော့ . . . သူခိုး"

ဆိုပြီး အသံကျယ်လောင်လောင်က နားထဲစူးဝင်လာတယ်။

အမ် လှည့်ကြည့်လိုက်တော့ အော်သံပိုင်ရှင်က အမ့်ကို လှမ်းခုန်အုပ်ပါတော့တယ်။

"သူခိုး . . . သူခိုး . . . မိဘမဲ့ ကလေးကျောင်းထဲကနေအောင် ခိုးရလောက်အောင် ရိုင်းလှချည်လား"

"အာ . . . ဒုက္ခပဲ . . . ဟော့ . . ."

"ဝတ်စားတာလည်းမပြောနဲ့ စိတ်ဓာတ်ကလည်း ယုတ်တာကိုး။ အောင်စုတ်ကြီး . . . သူခိုးကြီး။ ရှင့်ကို ထောင်ထဲထည့်ပစ်မယ်။ အင့် . . . အင့် . . ."

အမ့်ကို ထုရိုက်ပြီး အမ့်လက်တစ်ဖက်ကိုလည်း လက်ထိတ်နဲ့ခတ်ပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အမ် ဘလိုင်းကြီးခံနေရတော့ တင်းသွားတယ်။ သူ့ကို ရိုက်ပုတ်နေတဲ့ကြားက လက်တွေကိုဖယ်ပြီး အတင်းကြည့်မှ သူ့ကို သူခိုးလို့ စွပ်စွဲပြီး အပေါ်ကခွ နှိပ်စက်နေသူကို တွေ့လိုက်ရတယ်။

"ဟင် . . ."

သူ တစ်ခါ အသက်ကယ်ဖူးတဲ့ စက်ရုပ်ကောင်မလေးပါ။ အခု ဘာကြောင့်မှန်းမသိ သူ့ကို လာအကြမ်းဖက်နေတယ်။ ဟုတ်တယ် . . အဲ့လို ပြောလို့ရတယ်။ လာ အကြမ်းဖက်နေတယ်။

"ဖယ်ပါဦး . . . ပင့်ခ်ဝါဝါရယ်"

အမ် ကျန်တဲ့လက်တစ်ဖက်နဲ့ အားယူပြီး တွန်းလှဲလိုက်တော့ စက်ရုပ်ကောင်မလေးလည်း သူ့ကိုယ်နဲ့ကွာသွားပြီး ဖင်ထိုင်လျက် လဲကျသွားတယ်။

စက်ရုပ်မလေးက မျက်မှောင်ကြုတ်ပြီး သူ့ကိုကြည့်လို့။

"ရှင်က ကျွန်မနာမည် ဘယ်လိုသိတာလဲ"

"အဟင်း . . . မင်းက ဝဲစားစက်ရုပ်ကို ဘယ်လောက်ထိ နှိမ်ချင်တာလဲ။ ငါသိနိုင်တဲ့ ကိစ္စတွေလည်း ရှိပါသေးတယ်ကွ"

ကောင်မလေးက ထလာပြီး . . .

"ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့။ ရှင် ဘယ်လိုလို့ ကျွန်မနာမည်သိတာလဲ ဝဲစားသူခိုးရဲ့"

"အဲ့ဒါ ထားပါဦး။ ကျွန်တော့်ကို ဒီလက်ထိတ်ကြီး အရင်ဖြုတ်ပေးပါဦး"

"ဘာလို့ ဖြုတ်ရမှာလဲ။ သူခိုးဟာ လက်ထိတ်နဲ့ ထိုက်တန်တယ်"

"ကျုပ်က ဘာခိုးလို့လဲ . . . အမိရဲ့"

"အဟင်း . . . စိန်ကဲကျောက်ကဲထက် စက်ရုပ်အကဲ ခက်၏ဆိုတဲ့စကားရှိပေမယ့် ကျွန်မ ဒီလောက် အကဲခတ်မညံ့ဘူး။ ရှင် ဒီကျောင်းထဲ ခိုးကြောင်ခိုးဝှက် ဝင်သွားတာလည်း မြင်တယ်။ မသင်္ကာ



လို့ ထပ်စောင့်ကြည့်နေတာ ထွက်လာတဲ့အချိန်အထိလည်း ခိုးကြောင်ခိုးဝှက်ပဲ။ ဒါ သူခိုးပုံစံမဟုတ်လို့ ဘာလဲရှင့်"

ဟူး . . . မလွယ် . . , မလွယ်။ ဒီစက်ရုပ်မလေးက ရုပ်လေးလှပသလောက် တဇောက်ကန်းလေး။ သူထင်ရာတွေချည်း ဇွတ်ပြော၊ ဇွတ်အမှန်လုပ်နေတယ်။

"ကဲ . . . ငါသူခိုးဆိုရင် ဘယ်မှာလဲ ခိုးရာပါပစ္စည်း။ ရှာလေရှာ "

"အေး . . . ရှာမယ်"

ကောင်မလေးက ဟင့်ခနဲ နှုတ်ခမ်းတစ်ချက်မဲ့ပြီး ထလိုက်တယ်။ သူ့တစ်ကိုယ်လုံးကို ဟိုပုတ်ဒီစမ်းနဲ့ တကယ်လိုက်ရှာပါတော့တယ်။ အမ်က လေလေနဲ့ပဲ ရယ်ချင်နေမိတယ်။ တော်တော်ကြာတဲ့အထိရှာပြီး ဘာမှမတွေ့ဘဲ တစ်ထစ်လျှော့လိုက်တယ်။

"ရှင် . . . ခိုးလာတဲ့ပစ္စည်းတွေကို ဘယ်မှာဝှက်ထားခဲ့တာလဲ"

"အာ . . . ကပ်သီးကပ်သပ်ကွာ။ ငါ မခိုးပါဘူးဆို"

သူမ မျက်မှောင်ကြုတ် နှားထင်ကုတ်တယ်။ ဘယ်လိုစွပ်စွဲရဦးမလဲ စဉ်းစားနေပုံပဲ။ ဒါပေမဲ့ စဉ်းစားမရတော့ဟန်နဲ့ လက်ထိတ်ကို ရီမုနဲ့ လှမ်းဖြုတ်ပေးလိုက်တယ်။

ကျီခနဲမြည်ကာ လက်ထိပ်က နှစ်ခြမ်းကွဲကာ ပွင့်သွားတယ်။

"ရှင် . . . ကျွန်မ ရေကန်ထဲမှာချော်လဲတုန်းက ကယ်ခဲ့ဖူးလို့ အခု ခဏလွှတ်ပေးလိုက်မယ်။ မနက်ကျမှ ကျွန်မ ဒီကျောင်းဝင်းထဲ ဝင်စစ်ဆေးမယ်။ တစ်ခုခု မသင်္ကာတာတွေ့တာနဲ့ ရှင့်ကို ကျွန်မ လာဖမ်းမယ်"

"မင်းသဘောပါကွာ။ လောလောဆယ် ဟိုလမ်းပေါ်မှာ ငါ့အရက်ပုလင်းလေး ကျကွဲသွားတယ်။ အဲ့ဒါလေး ပြန်လျော်ပေးပါဦး"

"ဟွန်း . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမ သူ့ကို အမြင်ကတ်သလို ကြည့်တယ်။ ဒီလောက် အရက်ကြိုက်ရသလား။ ဝဲစားတာတောင် နည်းသေး။

"လျော်ပေးပါ့မယ်။ မနက်ကျမှသာ ရှင် ထွက်ပြေးဖို့ မကြိုးစားနဲ့။ ရှင် သူခိုးဖြစ်ကြောင်း သက်သေအထောက်အထားနဲ့တကွ ရှင့်ကို လာဖမ်းမယ်။ ဥပဒေရဲ့အထက်မှာ ဝဲစားလည်း မရှိရဘူး။ ကျွန်မလည်း မရှိဘူး။ ကျွန်မကြောင့်ပျက်စီးရင် ကျွန်မလျော်ပေးမယ်။ ရော့ .. အရက်ဖိုး"

သူမက ငွေစက္ကူထုတ်ပေးတယ်။ ကောင်မလေးက အရက်တစ်လုံး ဘယ်လောက်လဲ သိပုံမရဘူး။ သူပေးနေတဲ့ ငွေပမာဏက တော်ရုံလွန်းပျံယာဉ်တစ်စီးတောင် ဝယ်လို့ရလောက်မယ်။

အမ် သူမပေးတဲ့ ငွေစက္ကူထဲက တန်ဖိုးအသေးဆုံး ငွေစက္ကူတစ်ရွက်ကိုပဲ အသာ ဆွဲထုတ်ယူလိုက်တယ်။

"ဒီတစ်ရွက်ဆို လုံလောက်ပြီ"

သူမ သူ့ကို ကြာကြာကြည့်မိသွားတယ်။ ပေးသလောက်ထက် လိုသလောက်လေးကိုပဲ ရိုးရိုးသားသား ဖဲ့ယူသွားတဲ့သူ့ကို။ ဒီအခိုက်မှာပဲ . . .

"ယခု ဆီးသွားခြင်းကို ထိန်းချုပ်မှု နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပါပြီ။ ယခု စက္ကန့်ပိုင်းအတွင်း ဆီးသွားပါရန် သတိပေးအပ်ပါတယ်ရှင် . . . တီ . . . တီ . . . တီ . . ."

သူမရဲ့ ခါးမှာပတ်ထားတဲ့ အညစ်အကြေးစွန့်တာကို သတိပေးတဲ့ ကိရိယာက အသံထွက်လာတာပါ။ ကောင်မလေး မျက်နှာရဲသွားတယ်။ အမ်လည်း ခွီခနဲ ရယ်မိသွားတယ်။

"သွား . . . သွား . . . လမ်းပေါ်မှာ ပေါက်ချနေမိဦးမယ်"

"အာ . . . အဲ့ဒါ ရှင်နဲ့ဘာဆိုင်လဲ။ ကျွတ် . . . ဒီစက်ကလဲ"

အဲ . . . သူမ ရှက်သွားရှာတယ်။



"ဒီနားမှာ Toilet ရှိတယ်လို့ မမျှော်လင့်နဲ့ . . . ဝန်ကြီးသမီးရဲ့။ ဟိုဘက်သစ်ပင်တွေ အနောက်ထဲသွား ကိစ္စရှင်းမှရမှာ"

"ရှင် . . . လျှာ . . . လျှာ . . . အရမ်းရှည်တာပဲ။ ကျွန်မကို ဝန်ကြီးသမီးမှန်း ဘယ်လိုသိတာလဲ။ ကျွန်မနာမည်လည်း ဘယ်လိုသိတာလဲဆိုတာ ရှင်ပြောရဦးမယ်။ ရှင် ထွက်မသွားနဲ့နော်"

ပြောပြီး ပင့်ခ်ဝါဝါးဆိုတဲ့ စက်ရုပ်မလေး အမှောင်ချုံထဲဘက်ဆီ ပြေးထွက်သွားတယ်။

အမ် ခေါင်းမော့ပြီး သဘောတကျ ရယ်ဖြစ်သွားတယ်။ စိတ်ဝင်စားစရာကောင်မလေးပဲ။ သူ့အကြောင်းကိုက ညနေက အပြန်လမ်းမှာ လွင့်လာတဲ့ သတင်းစာအပိုင်းအစလေးထဲက နည်းနည်း သိခဲ့ရတာပါ။

လက်ထဲက ငွေစက္ကူကိုတွေ့မှ 'ဂျေအိုင်' အရက်ဆာနေတော့မှာပဲလို့ တွေးမိပြီး ကောင်မလေးလစ်တုန်း ဒီနေရာက ထွက်ခဲ့လိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

(5)

## ရှိဘော့ဂြိုဟ်

### ဂြိုဟ်၏ပုံသဏ္ဍာန်

လုံးဝန်းတယ်၊ လအရွယ်အစားထက်ပင် သေးငယ်တယ်၊ ဘဲဥပုံပတ်လမ်းအတိုင်း လည်ပတ်တယ်။ ချိုင့်ဝှမ်း၊ တောင်တန်းနည်းတယ်။ မြေပြန့်များတယ်။ မြေဆွဲအားနည်းတယ်။ ရေရှိတယ်။ အောက်စီဂျင်နည်းတယ်။ ဓာတ်ငွေ့မျိုးစုံရှိတယ်။ သိပ်မစိမ်းစိုတဲ့ သစ်ပင်တွေရှိတယ်။ သက်ရှိ ရှိတယ်။

ကမ္ဘာဂြိုဟ်မှ အလိုချင်ဆုံးသတ္တုတွေ ပေါတယ်။ ဂြိုဟ်ပေါ်ရှိ သက်ရှိသက်မဲ့အရာအားလုံး လျှပ်စစ်ဓာတ်ရှိတယ်။ အနည်းနဲ့အများပဲ ကွာတယ်။





တိရစ္ဆာန် တော်တော်များများရှိတယ်။ ကမ္ဘာမြေမှာ မရှိတော့တဲ့ သတ္တဝါတချို့တောင် တွေ့နိုင်တယ်။ ဉာဏ်ရည်အမြင့်မားဆုံးဖြစ်တဲ့ သက်ရှိတွေဟာ ကမ္ဘာပေါ်ကလူတွေနဲ့ ပုံသဏ္ဍာန်ဆင်တူတယ်။ သူတို့ကိုယ်သူတို့ စက်ရုပ်လို့ ခေါ်ဝေါ်ကြတယ်။

စက်ရုပ်ဆိုပေမဲ့ သံထည်များနဲ့ ဖွဲ့စည်းထားခြင်းမဟုတ်။ သို့သော် မာကြောတင်းမာတဲ့ အရေပြားရှိ၊ လိင်အင်္ဂါနေရာတွေသာ ပျော့ပျောင်းမှုရှိ၊ လှုပ်ရှားမှုမှာလည်း လူသားတွေထက် တောင့်တင်းကာ ထောင့်ချိုးဆန်။ မျက်နှာပုံစံမှာ ဘဲဥပုံစံ ခပ်ချောချောရှိ။ ဆံပင်မွေး၊ မျက်ခုံးမွေး၊ ချိုင်းမွေး၊ လက်မွေး၊ ခြေမွေး စသဖြင့် မည်သည့်အမွေးမျှ မရှိ။ ဒီလို အမွေးအမျှင် လုံးဝကင်းမဲ့ခြင်းက လူတွေနဲ့ အကွဲပြားဆုံး အချက်။

ဖို၊ မ လိင်အင်္ဂါများမှာ ကမ္ဘာပေါ်ရှိ ဖို၊ မ လိင်အင်္ဂါများအတိုင်း။

စက်ရုပ်မများမှာ ခေါင်းတွင် နှင်းတံဖြင့် ဘုသီးလေးနှစ်လုံးရှိ၊ လှပလွန်းတဲ့ စက်ရုပ်မလေးများရဲ့ နှင်တံဘုသီးက ပန်းရောင်လေးလင်းနေတတ်ပြီး သာမန်ရုပ်ရည်က အပြာရောင်လင်းပြီး မလှပသူက အနက်ရောင်ရှိတယ်။

သူတို့ ရှိဘော့ဂြိုဟ်ယဉ်ကျေးမှုအရ စက်ရုပ်မလေးတွေဟာ အဲ့ဒီနှင်တံဘုသီးကလေးတွေကို အစွပ်ကလေးတွေနဲ့စွပ်ကာ ဖုံးကွယ်ထားတတ်တဲ့ အစဉ်အလာရှိပြီး သူတို့ရည်းစားဖြစ်သူကိုမှ ဖော်ထုတ်ပြလေ့ရှိ။

### နိုင်ငံရေး

ရှိဘော့ဂြိုဟ်တစ်ခုလုံးက ရှိဘော့နိုင်ငံဖြစ်ပြီး ရှိဘော့မြို့တော်လည်းဖြစ်တယ်။ နေကြပ်၊ လကြပ်ပြီးတိုင်း သမ္မတတစ်ကြိမ်ရွေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးတွေ ရာထူးချင်းတူပေမယ့် ဩဇာလွှမ်းမိုးပုံချင်း မတူဘူး။ နိုင်ငံအတွင်းရေး မငြိမ်ဘူး။ ရှုပ်ထွေးနေတယ်။ ပြည်သူတွေ မနှစ်သက်ကြဘူး။

ဂြိုဟ်ပတ်လမ်းကို ပုံမှန်ဝင်ရောက်နေတဲ့ ဥက္ကာပျံခဲတွေကို ရှင်းလင်းဖို့ လက်နက်တွေ အဆက်မပြတ်ထုတ်တယ်။ ထွင်တယ်။ လွန်ခဲ့တဲ့ အနှစ် (၂၅)နှစ်က တခြားဂြိုဟ်တစ်ခုက သက်ရှိတွေနဲ့ တိုက်ပွဲဖြစ်ပြီးကတည်းက စစ်ပွဲကင်းရှင်း။

## စီးပွားရေး

ဝမ်းရေး သိပ်မပူရ။ သာမန်အလုပ်တစ်ခုရှိရုံနဲ့ ဝမ်းဝအောင်စားနိုင်။ နေရေးလည်း နေတတ်ရင် သိပ်မပူရ။ အဓိကအားဖြင့် ခေတ်မီပစ္စည်းများ မပြတ်ထွန်းကားတာကြောင့် ခေတ်နဲ့အပြိုင် မြင့်မားလာတဲ့ နေထိုင်မှု အဆင့်အတန်းနောက် အမီလိုက်နိုင်ရေးသာ ကြိုးစားကြရ။

ဆင်းရဲချမ်းသာကွာဟမှုကတော့ မြင့်မား။

## ဘာသာရေး

ရေးရိုးစွဲစက်ရုပ်တွေက ဒီဂြိုဟ်ကို ပါဝါမြင့် စက်ရုပ်တွေက ထွင်ခဲ့တာလို့ပြောပြီး ဂြိုဟ်စောင့်စက်ရုပ်ကြီးတွေရှိတယ်လို့ ယုံကြည်ကြတယ်။

ဒါပေမဲ့ ကိုးကွယ်ခြင်းကတော့မရှိ။

ဒါကြောင့် ဘာသာရေးကျမ်း၊ အဆောက်အအုံ စသဖြင့်လည်း မရှိ။



## ရာသီဥတု

အလင်းဗေဒထင်ယောင်မှားမှု (Irradiation) အရ ဒီဂြိုဟ်ကို နေဘက်မှာ ဝါကျင်ကျင်အလင်းရောင်ဖြင့် မြင်နိုင်။ သောကြာဂြိုဟ်မှာရှိတဲ့ တိမ်တိုက်တွေထဲက ရေမှုန်တွေမှာ ဆာလဖျူရစ်အက်ဆစ်အပြင်းစားတွေ ပါဝင်ပါတယ်။ ဒီလိုပဲ ဒီဂြိုဟ်မှာလည်း အက်ဆစ်မိုးတွေ ရွာတတ်တယ်။ အက်ဆစ်မိုးရေကသာ စက်ရုပ်တွေနဲ့တည့်တယ်။

သာမန်မိုးရေကတော့ စက်ရုပ်တွေကို အသက်အန္တရာယ်ပေးနိုင်တယ်။ ဒါကြောင့် မိန်းလမ်းမတွေရဲ့ဘေးမှာ အရေးပေါ်မိုးခိုဖို့ မိုးရေခံနိုင်တဲ့ မိုးလုံဖန်သားစင်္ကြံတွေကို တည်ဆောက်ထားပေးရတယ်။

## သဘာဝ

ခံစားမှုဉာဏ်ထက် နည်းပညာဉာဏ် ပိုကောင်းတယ်။ လက်ချောင်းတွေပေါ်က အရေးအကြောင်းများကိုကြည့်ပြီး ကိုယ်ဘယ်အချိန် သက်တမ်းကုန် (သေဆုံး) မလဲကို တွက်ချက်နိုင်တယ်။ (တခြားထိခိုက်မှုနှင့် ရောဂါဘယကြောင့်မပါ)။ ရေနဲ့ အစိုဓာတ်ကြောက်တယ်။ အိမ်ထောင်ပြု၊ သားမွေး ပြုလုပ်ကြတယ်။

## အနုပညာ

ပန်းချီ၊ ရုပ်ရှင်၊ ဂီတ၊ အက၊ စာပေ စသဖြင့် စုံလင်တယ်။ ကမ္ဘာပေါ်မှာတောင်မရှိတဲ့ အနုပညာအမျိုးအစားတွေ ဒီဂြိုဟ်မှာရှိတယ်။ နည်းပညာအသုံးပြုပြီး တင်ဆက်တဲ့ အနုပညာရပ်တွေများတယ်။

အခုနှစ်ပိုင်းအတွင်း 'ကဗျာ'ကို စက်ရုပ်တွေ ပိုစိတ်ဝင်စားလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမရှိတာကြောင့် ရိုးရာအစဉ်အလာယဉ်ကျေးမှု၊ သဘာဝယဉ်ကျေးမှုနဲ့ ဥပဒေနဲ့ ကန့်သတ်ထားတဲ့ ယဉ်ကျေးမှုတွေပဲရှိတယ်။ နောက်ဆုံး အတည်မပြုရသေးတဲ့ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ဥပဒေတစ်ခုရှိတယ်။ အဲ့ဒါက ရိုဘော့ဂြိုဟ်က စက်ရုပ်မတစ်ယောက်ဟာ တခြားဂြိုဟ်က ဆန့်ကျင်ဘက်လိင်နဲ့ လက်မထပ်ရဘူးဆိုတာပါပဲ။

### လျှို့ဝှက်ချက်

လွန်ခဲ့တဲ့ (၂၅)နှစ်လောက်က ဖြစ်ပျက်ခဲ့တဲ့စစ်ပွဲကို စက်ရုပ်အစိုးရက မဖြစ်ခဲ့သလို လျှို့ဝှက်ထားချင်ခဲ့တယ်။ သူတို့အမှားကြောင့်ဖြစ်တဲ့ စစ်ပွဲတွေမို့လို့ပေါ့လေ။

ဒီစစ်ပွဲအကြောင်း ဒီဂြိုဟ်က စက်ရုပ်ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်မသိအောင် ထိန်းချုပ်ထားခဲ့ကြတယ်။ ကျောင်းပြဋ္ဌာန်းစာအုပ်တွေမှာလည်း သင်ခွင့်မပေးဘူး။ စစ်ပွဲတုန်းက ရန်ဘက်ကမ္ဘာဂြိုဟ်ရဲ့ ဘာသာစကားတွေကိုလည်း အများတတ်မြောက်အောင် မဖြန့်ဝေခဲ့ပါဘူး။ ဒီစက်ရုပ်အထက်ပိုင်း အဖွဲ့အစည်းတွေက သူတို့အမှားကို အမြဲလျှို့ဝှက်ဖို့ကြိုးစားနေတာပါပဲ။

ᨓ ᨓ ᨓ



## (6)

### ကျောင်းသားရင်သား မခွဲခြားရေးနေ့

မြို့ထဲ ကမ်းနားလမ်းတစ်လျှောက်မှာ ပွဲတော်နေ့ဖြစ်တာနဲ့အညီ အခွန်ကင်းလွတ်ခွင့်လည်း ပေးထားတာမို့ မုန့်ဆိုင်တွေ၊ လောင်းကစားဆိုင်တွေ၊ အပျော်စီးယာဉ်တွေ၊ ပွဲတော်အမှတ်တရပစ္စည်းဆိုင်တွေ၊ စက်ရုပ်ကလေးတွေအတွက် ကစားစရာပစ္စည်းဆိုင်တွေနဲ့ စည်ကားသိုက်မြိုက်နေပါပြီ။

တစ်မြို့လုံး စက်ရုပ်တွေ ဒီမြို့လယ်ကမ်းနားလမ်းမှာ စုဝေးနေကြပါပြီ။ ဒီနေ့ဟာ ရိုဘော့ဂြိုဟ်ရဲ့ အစဉ်အလာကြီးမားပြီး စက်ရုပ်တိုင်းစောင့်တရတဲ့ နေ့ထူးနေ့မြတ်ဖြစ်ပြီး စက်ရုပ်အားလုံး ရင်းရင်းနှီးနှီး ဖက်လဲတကင်း ဆုံတွေ့ပျော်ပါးရမယ့်နေ့ပါ။ ဒါပေမဲ့ နောက်ပိုင်းနှစ်တွေမှာပျော်စရာသိပ်မကောင်းတော့ဘဲ အဆင့်အတန်းခွဲခြားမှုတွေ များလာခဲ့ပါပြီ။ ပွဲတော်ရဲ့ အဓိကအဆောက်အဦးဖြစ်တဲ့ မြစ်ကြီးရဲ့အလယ် ရေပေါ်မှာ ဆောက်ထားတဲ့ နဂါးငွေ့တန်းပုံစံ ခရုပတ်ဖန်လုံအိမ်အဆောက်အဦးကိုလည်း ဝင်ချင်တိုင်းဝင်လို့ မရတော့ပါဘူး။ အာဏာပိုင်လူကြီးတွေရဲ့ စက်ရုပ်ကုံထံအသိုင်းအဝိုင်းတွေသာ ဝင်ခွင့်ရှိပါတော့တယ်။

ဖန်လုံအိမ်ရဲ့ အပြင်ကမ်းနားလမ်းမှာတော့ စက်ရုပ်လတ်တန်းဆိုင်တွေ၊ စက်ရုပ်ကျောမွဲတွေ၊ စက်ရုပ်နင်းပြားတွေ၊ လက်လုပ်လက်စား



www.burmeseclassic.com

www.burmeseclassic.com

စက်ရုပ်တွေသာ ကျန်နေခဲ့ရပါတော့တယ်။ ဒီလိုဖြစ်နေတာ နှစ်ပေါင်း မနည်းတော့ပါဘူး။ ဒါနဲ့များ 'ကျောသားရင်သား မခွဲခြားရေးနေ့' တဲ့။

ဒီလိုအခြေအနေမှာပဲ နာမည်ကြီး စပယ်ရှယ်လစ် ပြောက်ကျား ကဗျာဆရာ (MMT-23) ရဲ့ ကဗျာတစ်ပုဒ်ကလည်း ဒီနေ့မှာထွက်ရှိ တဲ့ (Robot Time)မဂ္ဂဇင်းမှာ ပါလာတယ်။

## ရင်ဘတ်ကို ကျောခိုင်းထားသူတွေ

ရင်ကနေဖောက်ပြီး နောက်ကျောက ထွက်သွားတယ်
ဟုတ်တယ်
ဘယ်စားမှ ကျောသားရင်သား မခွဲခြားဘူး။
လက်ညှိုးမကောင်းလက်ညှိုး
လက်မ မကောင်း လက်မဆိုပြီးတော့
သူတို့လက်တွေကျ ဝှက်ထားတယ်။
နေမဝင် အင်ပါယာမှာ နေနေသရွေ့
လနဲ့ကြယ်တွေကို တွေ့ရမှာမဟုတ်
အမှောင်မှာ အလှတရားရှိကြောင်း
ဉာဏ်အခေါင်းပေါက်နဲ့ဆိုရင် မသိနိုင်။
စားပွဲကို မှောက်ပစ်လိုက်ချင်တယ်
နတ်ဆိုးကို အရက်ကောင်းကောင်းတိုက်ပေါင်းနေတဲ့
ဒီမျက်နှာဖုံးအမည်းတွေနဲ့
အတူတူ မထိုင်ချင်တော့ဘူး။
သိထားဖို့သင့်တယ်
အမှန်တရားဟာ လိုအပ်လှတယ်
အထူးသဖြင့် . . .
အများများတဲ့သူတွေအတွက်ပေါ့။ ။



ကဗျာဆရာတော်တော်များများက ပွဲတော်ဈေးခင်းထဲမှာ အဲ့ဒီကဗျာကို လက်ကမ်းစာစောင်လို လိုက်ဝေနေကြတယ်။ စက်ရုပ်ပြည်သူ တွေကလည်း သဘောကျကြတယ်။ 'ဒါ ကျောသားရင်သား မခွဲခြားရေးနေ့အပေါ် သရော်လိုက်တာ။ အဓိပ္ပာယ်မဲ့ အဆင့်အတန်းခွဲခြားမှုကို ရှုတ်ချထားတာ။ အာဏာပိုင်အဖွဲ့အစည်းထဲက စိတ်ထားမမှန်သူတွေကို ထိုက်ခိုက်လိုက်တာလို့ အားလုံးက သိနေကြလို့ပဲ။

"ရော့ . . . ယူထားကြ၊ (MMT-23) ရဲ့ နောက်ဆုံးကဗျာ"

"ဖတ်ကြည့်၊ ရင်မှာ ငြိစေရမယ်။ ခေတ်ကိုလည်း သိစေရမယ်။ စက်ရုပ်မှန်ရင် ဖတ်သင့်တယ်ဗျို့"

"ဒီကို တစ်ရွက်ပေးပါဦး"

"ဒီဘက်ကိုကော . . . "

အော်ဟစ်ဝေငှနေကြတယ်။

ဒီလိုပဲ စက်ရုပ်တွေကလည်း အလုအယက် တောင်းယူနေကြတယ်။

"ရော့ . . . ဒီလက်အိတ်ယူသွား"

အမ်က ဂျေအိုင်ပေးတဲ့ လက်အိတ်ကို စွပ်ကြည့်လိုက်တယ်။ လက်အိတ်အရောင်က အရေပြားအရောင်အတိုင်းဖြစ်နေလို့ လက်အိတ်စွပ်ထားတယ်လို့တောင် မထင်ရဘူး။

"ဒါ . . . ဘာလုပ်တဲ့လက်အိတ်လဲ"

"မင်းက မြို့ထဲသွားမှာဆိုတော့ မင်းလုံခြုံရေးအတွက်ပါ။ ဒီနေ့ ညမှာ ပွဲတော်ကို အကြောင်းပြုပြီး မူးယစ်သောက်စားမယ့် ငနဲတွေ ရှိတယ်။ အဲ့ဒီငမူးတွေက မူးလာရင် စက်ရုပ်စိတ်ပျောက်ပြီး အားနည်းသူကိုလိုက်ရှာပြီး အနိုင်ကျင့်လိမ့်မယ်။ ဒီလိုကောင်တွေ အနိုင်ကျင့်ရင် ပြန်ခုခံနိုင်အောင် ဒီလက်အိတ်ပေးတာ"

အမ် လက်အိတ်ကို ထပ်တစ်ခါ ငုံ့ကြည့်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဂျေအိုင်က . . .

"ဒီလက်အိတ်ကိုဝတ်ပြီး လက်သီးစုပ်လိုက်ရင် လက်ချောင်း ထိပ်နေရာတွေမှာ 'ကျင်'နိုင်တဲ့ လျှပ်စစ်အားတစ်မျိုး ထွက်လာလိမ့်မယ်။ အဲ့ဒါက မင်းကိုတိုက်ခိုက်လာမယ့်သူကို ရှိန်သွားလောက်အောင် ကောင်းကောင်း တုံ့ပြန်နိုင်တယ်"

"ဟား . . . ဂျေအိုင်ထွင်လိုက်ရင် အဆန်းချည်းပဲ။ ကျေးဇူးပဲ ဂျေအိုင်ရေ . . ."

အမ် အဲ့ဒီလက်အိတ်ကိုစွပ်လျက်နဲ့ ဘောင်းဘီအိပ်ကပ်ထဲလက် လျှိုပြီး မြို့ထဲထွက်ခဲ့တယ်။

အမ် မြို့ထဲထွက်ခဲ့ရခြင်းက ငွေရှာဖို့ပါ။ ဒီနေ့ ပွဲတော်နေ့ဆို တော့ ပုံမှန်လုပ်နေတဲ့ အလုပ်တွေ ပိတ်တယ်လေ။ ဒါကြောင့် တခြား တောက်တိုမည်ရ ငွေရနိုင်မယ့်နည်းများရှိမလားလို့ မြို့ထဲထွက်ခဲ့တာ ပါ။ တကယ်တော့ သူ ဒီလိုပွဲတော်တွေကို ရှောင်ချင်ပါတယ်။

ဝိုးအိုး . . . ကံဆိုးပါတယ်ကွာ။ ငွေရမယ့်အရေးမတွေ့သေး။ နားပူမယ့်အရေး အရင်လာကြုံရတယ်။ ကဗျာဆရာ ဘာဓမီတွန်က သူ့ ကို တွေ့ပြီး ပြေးလာလို့လေ။

"ဟဲလို . . . အမ်ဆေးနုပ်၊ သနားစရာကောင်းတဲ့ စက်ရုပ် လေး။ ပွဲတော်ဈေးခင်းထဲမှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ပါလား"

အမ် နားရွက်လက်နဲ့ ကုတ်ရင်း စိတ်ရှုပ်ပြမိတယ်။

"ကဲ . . . လာ၊ ဘာမှကုတ်မနေနဲ့။ မင်းကို ကော်ဖီတိုက်ဖို့ ငါ စက်ရုပ်ဖြစ်လာတယ်လို့ သဘောထားပြီး ငါ့စကားတွေ နားထောင်ဖို့ မင်းကလည်း စက်ရုပ်ဖြစ်လာတာလို့ သဘောထားလိုက်စမ်းပါကွာ OK "

" . . . . . "

အမ် မအိုခေပါ။ ဘာဓမီတွန်ကပဲ ဇွတ်အတင်း။



"ကဲ . . . ငါမင်းနဲ့ (MMT-23) ရဲ့ ဒီနေ့မှာ အကျော်ကြားဆုံး ဖြစ်နေတဲ့ ကဗျာအကြောင်း ဆွေးနွေးရအောင်။ လာ . . . ကော်ဖီဆိုင် သွားမယ်"

"ကျွန်တော် ကော်ဖီမသောက်ချင်ဘူး။ ဒီအချိန်မှာ လိုချင်နေ တာ ငွေရမယ့်အလုပ်တစ်ခုပဲ"

အမ် ပထမဆုံးအကြိမ်အနေနဲ့ ပြန်အော်ပြောလိုက်တယ်။ ဒီအချိန်ပဲ အမ်ရဲ့မျက်နှာပေါ်ကို ဖလပ်ခနဲ အလင်းရောင်စူးစူးက လာဟပ် သွားတယ်။

"မင်္ဂလာပါ . . . ဝဲစားစက်ရုပ်။ ကျွန်တော် Planet Images မဂ္ဂဇင်းက သတင်းထောက် မော့စကီးပါ"

မော့စကီးဆိုသူက ကင်မရာကို မျက်နှာအောက်ချပြီး နှုတ်ဆက် လိုက်တယ်။ ခုနက သူ အမ်နဲ့ဘာဓမီတွန်ကို ဓာတ်ပုံရိုက်လိုက်တာပါ။

သူစိမ်းတွေ နှုတ်ဆက်ခံရခြင်းမရှိတဲ့ အမ်က နည်းနည်းရှုကည် တည်ကြည့်လိုက်တော့ မော့စကီးက ဖျတ်ဖျတ်လတ်လတ်ပဲ။

"ကျွန်တော် ခင်ဗျားကို အင်တာဗျူးလေး နည်းနည်းလုပ်ချင် လို့ပါ။ (၁၅)မိနစ်လောက်ဆို အဆင်ပြေပါတယ်"

အမ်ကို အင်တာဗျူးလုပ်တဲ့ခေတ်က ကျန်ခဲ့ပါပြီ။ အမ် ရောဂါ ဖြစ်ခါစတုန်းကသာ အမ့်အကြောင်း မီဒီယာတွေကြားမှာ ပလူပျံခဲ့တာ။ အခု အမ့်အကြောင်းကို ဘယ်သူမှ စိတ်မဝင်စားကြတော့ပါဘူး။ ဒီအချိန် မှ ဒီသတင်းထောက်ကလာပြီး ဘာလာကြောင်တာလဲ။

တကယ်တော့ ဒီပွဲတော်နေ့မှာ ရိုဘော့ဂြိုဟ်ရဲ့ နာမည်ကြီး ဆယ်လဘရစ်တီတွေ အကုန်တက်ရောက်ကြတာမို့ သတင်းသမားတွေ သည်း သူ့ထက်ငါ အလုအယက် သတင်းယူကြတယ်။ ကျော်ကြားတဲ့ သူတွေကိုတော့ ကျော်ကြားတဲ့မဂ္ဂဇင်းဂျာနယ်က သတင်းထောက်တွေမှ ပဲ ကပ်ခွင့်ရတာပေါ့။ အခု သူ့ကိုယ်သူ Planet Images မဂ္ဂဇင်းက သတင်း ထောက်မော့စကီးပါလို့ မိတ်ဆက်လာသူကတော့ ကျော်ကြားသူမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်။ သူမဂ္ဂဇင်းနာမည်ကိုတောင် အခုမှကြားဖူးတယ်။ တခြားသတင်းယူဖို့တွေ မတိုးနိုင်တာနဲ့ အခု အမ်နဲ့ အမှတ်မထင်ကြုံကြိုက်တုန်း ရသလောက် သတင်းလေးယူဖို့ ကြံတော့တာပဲဖြစ်မယ်။

အမ်က ရှုပ်ရှုပ်ယှက်ယှက်မို့ ငြင်းဖို့ပြင်တုန်းပဲ ဘာမီတွန်က --

"အလကားပါ . . . အမ်ရာ။ ဒီကောင့်မဂ္ဂဇင်းကို ငါလည်း မကြားဖူးဘူး။ ခုနက မင်းကိုမိတ်ဆက်တော့တောင် ဝဲစားစက်ရုပ်လို့ ခေါ်ဝေါ်တာမို့လား။ ဒီကောင်တွေရင်ဘတ်ထဲမှာ ယဉ်ကျေးမှုနဲ့တူတာ ဘာမှမရှိဘူး။ အရိုင်းအဆိုင်း စက်ရုပ်တွေ။ ငါတို့ဘာသာ စာပေအကြောင်းသွားပြောတာ ကောင်းမယ်။ အမ် . . . လာ"

ဘာမီတွန်က အမ့်ဘက်ကနေ ပြတ်ပြတ်သားသား ဝင်ငြင်းပစ်တယ်။ အမ့်လက်မောင်းကိုဆွဲခေါ်ပြီး ထွက်သွားတယ်။

သတင်းထောက်မော့စကီးကလည်း ကင်မရာလည်မှာဆွဲလျက်နဲ့ ပြေးလိုက်လာတယ်။ အမ့်ရှေ့ဆီ လက်ကားယားနဲ့ ပြေးဝင်ရပ်ပြီး . .

"ခုနက စကားတစ်ခွန်း ကြားလိုက်ပါတယ်။ ဒီအချိန်မှာ ငွေရမယ့်အလုပ်တစ်ခု လိုချင်တယ်ဆိုလား"

အမ့်မျက်လုံး ဝင်းသွားတယ်။ မော့စကီးရဲ့မျက်လုံးတွေဆီ တိတိကျကျ စိုက်ကြည့်ပြီး . . .

"ငွေရမယ့်အလုပ် ခင်ဗျားသိထားလို့လား"

မော့စကီးကလည်း အမ့်မျက်လုံးတွေထဲ စတိုင်လ်မိမိကြည့်ပြီး . . .

"သေချာတာပေါ့"

ㅈ ㅈ ㅈ



"ပင့်ခ်ဝါ . . . သမီး ဒီနားလာထိုင်စမ်း"

အမေလုပ်သူက ခေါ်မှ ပင့်ခ်ဝါ ဖန်နံရံတွေဆီကနေ အပြင်ကိုငေးနေတဲ့မျက်လုံးတွေကို ခွာလိုက်တယ်။ မေမေ့ရဲ့ဘေး ပြန်လာဝင်ထိုင်လိုက်တယ်။ ဖေဖေက သူမ နေရာမှာ ကောင်းကောင်း မထိုင်ဘဲဖြစ်နေတာကို ပါးစပ်ကမပြောဘဲ မျက်လုံးနဲ့ပဲ လှမ်းကြည့်ပြီးပြောတယ်။

ပင့်ခ်ဝါက 'ဟွန့်'ခနဲ အဖေ့ကို နှာခေါင်းရှုံ့ပြလိုက်တယ်။ ပင့်ခ်ဝါ ခုံမှာမထိုင်ချင်တာက ညာဘက်ဘေးခုံက စက်ရုပ်ကြောင့်ပါ။

ပင့်ခ်ဝါရဲ့ဘေးမှာရှိနေတဲ့သူကတော့ ကာကွယ်ရေးဝန်ကြီးချုပ်အဂီရဲ့သား လမ်းသရဲ တီတော်ရီ။ ပင့်ခ်ဝါရဲ့အဖေနဲ့ အဂီနဲ့က တွဲထိုင်နေတယ်။ ပင့်ခ်ဝါရဲ့အမေနဲ့ အဂီရဲ့မိန်းမက တွဲထိုင်နေတယ်။ ဒါကြောင့် ပင့်ခ်ဝါက အလိုလို တီတော်ရီဘေး ရောက်နေရပေါ့။ တီတော်ရီနဲ့ ပင့်ခ်ဝါကို လူကြီးတွေက သဘောတူနေကြတယ်။

ဟိုတလောလေးကပဲ လက်ထပ်ပွဲကိစ္စ စကားပြောကြမယ်စီစဉ်တော့ ပင့်ခ်ဝါ သေချင်လာတာနဲ့ ရေထဲဆင်းသေဖို့ ခဏစိတ်ဖောက်မိသေးတယ်။ ဒါပေမဲ့မသေဖြစ်ပါဘူး။ သေတာ လွယ်တာမှတ်လို့။ နောက်ပြီး တီတော်ရီဆိုတဲ့ စက်ရုပ်မျိုးအတွက်နဲ့သေရတာ ပင့်ခ်ဝါ ဘယ်တန်ပါ့မလဲ။

"ပင့်ခ်ဝါ . . . ကိုယ်လေ စေ့စပ်ပွဲအတွက် (Light year) စိန်တိုက်က အကောင်းဆုံးလက်စွပ်တစ်ကွင်း စီစဉ်ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

တီတော်ရီက ချိုမိုပြုံးကျနေတဲ့ လေသံပျော့အိအိနဲ့ ပြောတယ်။ ပင့်ခ်ဝါက ဒီအသံမျိုးဆို တအားရွံ။ သူမ ဘယ်လိုတုံ့ပြန်ရမလဲ တစ်ချက်စဉ်းစားပြီး . . .

"ကိုတီတော်ရီ . . . ရှင် ကျွန်မကို စက်ရုပ်တိုင်း လုပ်နေကြတဲ့ လက်စွပ်ပေးတဲ့ အစဉ်အလာမျိုးကြီးနဲ့ပဲ ချဉ်းကပ်တာ မရှိဘူးလား"

"သြော် . . . လက်စွပ်မကြိုက်ဘူးလား။ ပြောလေ . . . ပင့်ခ်ဝါ ကြိုက်တဲ့ဟာ"

"ခြေစွပ် . . . "

"ဟင် . . . "

လက်စွပ်မဟုတ်ဘူး။ ခြေစွပ်တဲ့။ တီတော်ရီရဲ့မျက်လုံးပြူး နင်နင် ဖြစ်သွားတယ်။ ပင့်ခ်ဝါက ဆက်ပြီး . . .

"ဟုတ်တယ် . . . ခြေစွပ်။ ခြေချောင်းကလေးတွေမှာ စွပ်ဖို့။ ပြီးတော့ စိန်ပွင့်သေးသေးလေးတွေ မဝတ်ချင်ဘူး။ စိန်ပွင့်အကြီးကြီးတွေဝတ်မှာ။ ပြီးရင် စိန်တွေကိုလည်း မြနေအောင် ချွန်ထားမှာ"

"အဲ . . . အဲ့ဒါကြီးကျတော့ ဘယ်လုမှာလဲ"

"ကျွန်မလည်း မလုချင်ပါဘူး။ ကျွန်မကို အဓမ္မအတင်းယူချင်နေတဲ့ သတို့သားရဲ့ပေါင်ကြားကို အဲ့ဒီခြေစွပ်ကြီးနဲ့ ကန်မလို့ပါ"

"ဘာ . . . မင်း . . . "

တီတော်ရီ မျက်နှာကြီး ရဲတက်သွားတယ်။ လူကြီးတွေလည်း ဘေးနားမှာ ရှိနေတာမို့ ကျယ်ကျယ်မအော်ရဲ။ ပင့်ခ်ဝါက ဘာမှမဖြစ်သလို မျက်နှာပေးနဲ့ ခန်းမအောက်က ဇာတ်ခုံမှာပြနေတဲ့ ဂီတသရုပ်ပြပွဲကို လှမ်းကြည့်နေလိုက်တယ်။

အဲ့ဒီအချိန် တီတော်ရီအနားကို သူ့သူငယ်ချင်း စက်ရုပ်တစ်ကောင်ရောက်လာတယ်။

"ဟေ့ကောင် . . . မင်းကို လူးကစ် . . ."



တီတော်ရီက ခပ်စူးစူးကြည့်လိုက်တော့မှ ဟိုစက်ရုပ်က လေသံလျှော့ပြီး . . .

"လူးကစ် . . . မင်းကို လိုက်ရှာနေတယ်"

"ကျွတ် . . . အဲ့ဒါ တိုးတိုးပြောပါလား။ ပင့်ခ်ဝါ အနားမှာရှိနေတာကို။ လူးကစ်ကို မင်းတို့ဘာသာ ကြည့်ရှင်းလိုက်ကွာ။ ဒီဘက်လုံးဝလှည့်မလာစေနဲ့ အဲ့ဒီအရုပ်ထုတ်မကို"

တီတော်ရီ ဟိုဘက်လှည့်နေစဉ် ပင့်ခ်ဝါက ခဏလွတ်လပ်ခွင့်ရတာနဲ့အတူ မျက်လုံးနေရာအနှံ့ ဝေ့ဝဲသွားပြီး သူ့ကို ရှာနေမိတယ်။ သူဆိုတာ ဘယ်သူလဲ။ အမ်ဆေးနပ်ကို ပြောတာပါ။ သူမကို အသက်ကယ်ပေးခဲ့သူ။ ရယ်တော့ ရယ်ရတယ်။ ဟိုတစ်နေ့ကလည်း သူမကပဲ သူ့ကို သူခိုးဆိုပြီး ဖမ်းခဲ့သေးတယ်။

နောက်တစ်နေ့ မိဘမဲ့ကျောင်းထဲ ဝင်မေးကြည့်တော့ ဆရာမကြီးရာဆွစ်နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီမှာ အမ်က ချွေးနဲစာလေးတွေနဲ့ ဒီကျောင်းကို လှူဒါန်းနေတဲ့သူတောင် ဖြစ်နေသေးမှန်း သူမ သိခဲ့ရတယ်။ သူမ သူ့အပေါ် မလေးစားဘဲမနေနိုင် ဖြစ်နေခဲ့တယ်။ ဒီနေ့ပွဲတော်တော့ လာမှာပဲလို့ မျှော်လင့်နေခဲ့တယ်။

တီတော်ရီက သူ့သူငယ်ချင်းနဲ့ စကားဖြတ်ပြီး ပင့်ခ်ဝါဘက်ပြန်လှည့်လာတယ်။ ရုပ်က အချိုသပ်တဲ့ရုပ်မျိုးနဲ့ ခုနက စကားများကို ပြန်ဆက်ဖို့ပြင်လာတယ်။

"ပင့်ခ်ဝါက ကပ်သီးကတ်သပ် ရယ်စရာတွေလည်း အရမ်းပြောတတ်တာပဲ . . . ဟက် . . . ဟက် . . . "

"ရယ်စရာလို့ထင်ရင် ရယ်ပေါ့။ နောက်မှ ငိုစရာဖြစ်မှန်း သိလာလိမ့်မယ်"

"တော်ပါတော့ . . . ပင့်ခ်ဝါရယ်။ ကိုယ်က ပင့်ခ်ဝါနဲ့ပတ်သက်ရင် စိတ်ရှည်ပြီးသားပါ"

www.burmeseclassic.com

"ကျွန်မကလည်း ရှင်နဲ့ပတ်သက်ရင် စိတ်တိုပြီးသားပဲ။ ဟင်းကြာလာရင် အသက်ပါ တိုမှာစိုးရတယ်"

ဒီအချိန်ပဲ . . . 'တီ တီ တီ တီ' ဆိုတဲ့ အသံတိုးတိုးလေး ပင့်ခ်ဝါဝါး ကြားလိုက်ရတယ်။ သူမရဲ့ရင်ဘတ်မှာ ရင်ထိုးလိုကပ်ထားတဲ့ စက်အသေးလေးရဲ့မြည်သံပါ။ ရှာဖွေရေးစက်ပါ။ ကိုယ်ရှာဖွေချင်တဲ့ စက်ရုပ်ရဲ့ ပုံပန်းသဏ္ဍာန်တွေကို အသေးစိတ်ပြောပြထားရင် ဒီစက်ထဲမှာရှိတဲ့ ကင်မရာ မျက်လုံးကတစ်ဆင့် အမြဲရှာဖွေပေးနေတတ်ပါတယ်။ အခုရှာတွေ့လို့ အချက်ပေးနေပါပြီ။

သူမမျက်နှာ ချက်ချင်း ဝင်းဝါသွားတယ်။ ချက်ချင်းပဲ ထိုင်ရာက ထလိုက်တယ်။ စက်ရဲ့ညွှန်ပြရာအတိုင်း သူမ လျှောက်သွားတော့တယ်။

တီတော်ရီ တားရခက်၊ မတားရခက်နဲ့ ဘာလုပ်ရမှန်းမသိစွာ ကျန်ခဲ့တော့တယ်။



ကမ်းနားလမ်းကနေ ရေလယ်က ဖန်လုံအိမ်အဆောက်အဦးဆီ ထူးတဲ့ တံတားပေါ်မှာ အမ်နဲ့ ကဗျာဆရာ ဘာမီတွန်ရဲ့ မျက်လုံးတွေ တောင်မြောက်၊ အထက်အောက် မမောတမ်းကြည့်ပြီး အံ့သြနေကြတယ်။ ဒီတံတားပေါ်က တစ်သက်နဲ့တစ်ကိုယ် ဖြတ်မှမဖြတ်ဖူးဘဲကိုး။

"ဒီအဆောက်အဦးထဲကို ကျုပ်တို့ တကယ်ဝင်လို့ရပါတယ်နော်"

ဘာမီတွန်က မသင်္ကာသလိုမေးတော့ သတင်းထောက်မော့ကြီးက . . .

"ဝင်ရလို့ပဲ အထဲရောက်တော့မယ်။ ကျုပ်တို့လို မီဒီယာသမားခေါ်လာရင် ဘယ်သူမှ တားမရဘူး။ ဟိုအထဲရောက်လို့ အလုပ်ရှင်သာ ကျုပ်အင်တာဗျူးကို လက်ခံဖို့ မမေ့နဲ့ . . . အပ်ဆေးနပ်ရေ"

ပြောပြီး အရုပ်ပုရဲ့သားနဲ့ ကော့တော့ကော့တော့ ရှေ့ကလျှောက်သွားတယ်။

နောက်ကလိုက်ခဲ့ရင်း အမ်လည်း သူ ဘာအလုပ်လုပ်ရမှာလဲကို တွေးလာခဲ့တယ်။

ခရုပတ်ဖန်လုံအိမ်ထဲ ဝင်တဲ့အထိလည်း ရှောရှောရှူရှူပါပဲ။ အမ့်ကိုလည်း ဝဲစားစက်ရုပ်မှန်း ဂိတ်ပေါက်အစောင့်တွေ သတိမထားမိလိုက်ကြပါဘူး။ သတိထားမိလို့ကတော့ ပေးဝင်မယ်လို့ အမ် မထင်ပါဘူး။ ပေးမဝင်တဲ့အပြင် ဆိုးဆိုးရွားရွား နှင်ထုတ်မှုတွေလည်း ကြုံချင်



www.burmeseclassic.com

www.burmeseclassic.com

ကြံနိုင်တယ်။ ဘာမီတွန်ကလည်း အထဲကို ထဲထဲဝင်ဝင်ရောက် မှ ဟင်းခနဲ ရင်ထဲကအလုံးကြီးကျသလို သက်ပြင်းချတယ်။

"ငါတို့ စက်ရုပ်ပေါင်းမှားပြီထင်တယ် . . . အမ်"

လို့လည်း တီးတိုးပြောသေးတယ်။ ဘာမီတွန်က မော့စကီးကို မသင်္ကာစိတ် များနေတာပါ။

ဖန်လုံအိမ်အနောက်ဘက် အဝတ်လဲခန်းတွေ၊ စတိုခန်းတွေ ဘက်ကို မော့စကီးက ဦးဆောင်ပြီးလျှောက်လာတယ်။ ကော်ရစ်တာ အကွေ့တစ်ခုမှာပဲ စက်ရုပ်တစ်ယောက် မော့စကီးကိုတွေ့သွားပြီး အပြေး လာတယ်။ အဲ့ဒီပြေးလာတဲ့စက်ရုပ်က နဖူးမှာ အမာရွတ်နဲ့မို့ အမာရွတ် စက်ရုပ်လို့ ယာယီခေါ်စို့။ အနားရောက်တော့ . . .

"ဟာ . . . မော့စကီး၊ ခင်ဗျား ကျုပ်အတွက် စက်ရုပ်ရှာပေး မယ်ဆို ဘယ်ရောက်သွားတာလဲ။ ခင်ဗျားမဂ္ဂဇင်း ဘယ်သူမှ စိတ်ဝင်စား မှာမဟုတ်ဘူး။ သတင်းလိုက်မနေစမ်းပါနဲ့ဗျာ။ စက်ရုပ်တစ်ယောက်သာ အမြန်ရှာပေးစမ်းပါ။ ပွဲက လူမရှိလို့ ဂီတပွဲချည်း နှစ်ပွဲဆက်တိုက် ကြား ဖြတ်အစီအစဉ်အနေနဲ့ ဖျော်ဖြေနေရတာ"

အမာရွတ်စက်ရုပ်က တရစပ်ကို အမောတကော ပြောလာ တယ်။ မော့စကီးက . . .

"ကျုပ် စက်ရုပ် ရှာလာခဲ့ပါတယ်ဗျ။ ကျုပ်အတွက် အင်တာဗျူး တစ်ပုဒ်ရ၊ အားလုံးစောင့်စားနေတဲ့ ပွဲအတွက်လည်း အဆင်ပြေရပြီသာ မှတ်လိုက်တော့"

ဒီစကားကြားမှ အမာရွတ်စက်ရုပ် မျက်နှာနည်းနည်း ဝင်းသွား တယ်။ နဖူးကချွေးကို သုတ်ပြီး . . .

"ဟုတ်လား . . . တော်သေးတာပေါ့ဗျာ။ ပြစမ်းပါဦး။ ခင်ဗျား ရှာလာတဲ့စက်ရုပ်"

"ဒီမှာလေ . . . "



မော့စကီးက ကိုယ်ကို ဘေးဘက်ရှားပြီး ကွယ်ထားတဲ့ အမ့်ကို ဖွင့်ပြလိုက်တယ်။

အမာရွတ်စက်ရုပ် အမ့်ကို အကြာကြီး ကြည့်သွားလေပါတယ်။

အတော်ကြာအောင်ကြည့်ပြီး မျက်လုံးလည်း ပုတ်ခတ်ပုတ်ခတ် လုပ်လာတယ်။

"အမ် . . ."

"ဟုတ်တယ်။ ခင်ဗျားထင်သလို ဝဲစားစက်ရုပ် အမ်ဆေးနပ်ပဲ"

အမာရွတ်စက်ရုပ်စကားမဆုံးခင် မော့စကီးက ဖြတ်ပြောကာ အတည်ပြုပေးလိုက်တယ်။

အမ်ကတော့ မျက်လွှာပဲ ချလို့နေထားတယ်။ ဘာမီတွန်က တော့ အမ့်ကိုကြည့်လိုက်၊ ဟိုစက်ရုပ်နှစ်ယောက်ကို ကြည့်လိုက်။

အမာရွတ်စက်ရုပ်က မော့စကီးနားကပ်ပြီး တီးတိုးအသံနဲ့ . .

"ခင်ဗျားမန်မိုရီတွေ ဗိုင်းရပ်စ်ကိုက်နေပြီလား၊ ရူးနေပြီလား . . မော့စကီး။ ဝဲစားစက်ရုပ်လိုကောင်ကို ဒီလိုပွဲရဲ့စင်ပေါ် ဘယ်လိုတင်မှာ လဲ။ ဒီပွဲမှာ ဝန်ကြီးတွေကော၊ ဘာကောင်ညာကောင်တွေကော အကုန် လုံး ဒိတ်ဒိတ်ကျဲတွေချည်းပဲ။ အားလုံး ဒုက္ခရောက်သွားစေချင်လို့လား"

မော့စကီးက အကြံရှိသလိုမျက်နှာပေးနဲ့ အမာရွတ်စက်ရုပ်ကို ဆန္ဒမစောဖို့ လက်ကာပြတယ်။ ပြီးတော့ . . .

"အမ်နဲ့ . . . ဟို စက်ရုပ် ခင်ဗျားနာမည် ဘယ်သူ . . ."

"ဘာမီတွန်"

"အင်း . . . အမ်နဲ့ဘာမီတွန်၊ ဒီအခန်းထဲ လိုက်ခဲ့"

အမာရွတ်စက်ရုပ်၊ အမ်၊ ဘာမီတွန်နဲ့ မော့စကီးတို့ အခန်းတစ်ခု ထဲ ဝင်ခဲ့တယ်။ အခန်းထဲမှာ တခြားစက်ရုပ် တစ်ယောက်မှမရှိ။

"အမ် . . . မင်းလုပ်ရမယ့်အလုပ်ကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မင်းမလုပ်ချင်ရင်လည်း မင်းဆုံးဖြတ်ချက်အတိုင်းပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

လုပ်စေချင်တယ်။ အလုပ်က ခဏရင်းလိုက်တာနဲ့ မြိုးမြိုးမြက်မြက် ရစေရမယ်"

"ဘာအလုပ်လဲ"

မော့စကီးက အမ့်ကို အားနာသလို တစ်ချက်ကြည့်ပြီးမှ . . .

"ဂုတ်နဲ့ လက်ဝှေ့ထိုးရမှာ"

"ဗျာ . . ."

အမ် မျက်လုံးပြူးသွားတယ်။

နားရွက်ကားသွားတယ်။ ခြေဖျားလက်ဖျားတွေ တန်းအေးသွားတယ်။ နံဘေးက ဘာမီတွန်လည်း ကြားရုံနဲ့ ကြက်သေသေသွားတယ်။

ဂုတ်ဆိုတာ သူတို့ဂြိုဟ်ရဲ့ ပွဲတိုင်းကျော် လက်ဝှေ့ချန်ပီယံစက်ရုပ်ကြီး။ ထွားကျိုင်းပြီး နံရံတွေလိုသန်မာတဲ့ အသားအရေ၊ ဗလတွေ ပိုင်ဆိုင်ထားတဲ့ စက်ရုပ်ကြီး။ သူ့စံချိန်တင် နိုင်ပွဲတွေကလည်း မိနစ်ပိုင်းအတွင်း အနိုင်ယူခဲ့တာချည်းပဲ။ သူနဲ့ အကြာဆုံးထိုးနိုင်ခဲ့တဲ့ စက်ရုပ်က သုံးချီပဲ။ သူနဲ့ထိုးပြီးသူတိုင်း လက်ဝှေ့လောကမှာ ဆက်ရပ်တည်နိုင်တာ ရှားတယ်။ ခြေကျိုးလက်ကျိုး၊ နံရိုးကျိုးနဲ့ နားလိုက်ရတာချည်းပဲ။

သူနဲ့ ဘယ်သူမှ မထိုးရဲခဲ့ကြတာတောင် (၆)လလောက် ရှိပြီ။

အဲဒီ ဟဲဗီးဝိတ်စက်ရုပ်ကြီးကို အခု အမ်နဲ့ ပေးတွေ့မလို့တဲ့။

"လာပါ . . . အမ်ရာ၊ ပြန်ရအောင်။ ဒီသောက်သတင်းထောက်ဂျပု အလုပ်က ငါတို့ကို သေမင်းနဲ့အတူ ပန်းကန်ပြားပျံ စီးခိုင်းနေသလိုပဲ"

အမ် စိတ်ဓာတ်ကျသွားတယ်။ ပြန်ဖို့ဆွဲခေါ်နေတဲ့ ဘာမီတွန်နောက်ကိုပဲ ခြေထောက်တွေက လိုက်ပါမိတော့တယ်။

"အလကား . . . ဘယ်သူမှမလုပ်လို့ အခက်တွေ့နေတဲ့ အလုပ်ကို မင်းကို လုပ်ခိုင်းတာ။ အသက်နဲ့ရင်းပြီးတော့ သူများတွေ ရင်သပ်ရှုမောဖြစ်အောင် မဖျော်ဖြေနိုင်ဘူး။ သွားမယ် . . . လာ . . ."



အမ် စိတ်လေလေနဲ့ ကျောခိုင်းမိတာပေါ့။

"တစ်စက္ကန့်ကို ရှိဘော့ဒေါ်လာ တစ်ထောင်အထိရမှာနော်"

အမ် ခြေလှမ်း တုံ့ခနဲ ရပ်သွားတယ်။

"တစ်ချီပြီးတဲ့အထိ ထိုးနိုင်ရင် ဒေါ်လာတစ်သိန်း ချီးမြှင့်မှာနော်"

အမ် ဖြည်းဖြည်းချင်း နောက်ပြန်လှည့်လာတယ်။

"ဒုတိယအချီပြီးတဲ့အထိ ထိုးနိုင်ရင် နှစ်ဆ ဒေါ်လာနှစ်သိန်းတဲ့"

အမ် လုံးဝလှည့်လာပြီး သတင်းထောက်မော့စကီးကို ကြည့်တယ်။ မော့စကီးက . . .

"နောက်ဆုံးအချီအထိထိုးနိုင်ခဲ့ရင် အပိုဆု ဒေါ်လာတစ်သန်း"

"ထိုးမယ်"

အမ်ရဲ့ ဆုံးဖြတ်လိုက်တဲ့အသံ။

ဘာမီတွန်က လက်မောင်းဆွဲလှုပ်ပြီး သတိပေးပေမယ့် အမ်က လက်ကာပြလိုက်တယ်။

"ကျုပ်ထိုးမယ် မော့စကီး"

www.burmeseclassic.com

www.burmeseclassic.com

အမ့်ဘက်က သေချာသွားပေမယ့် ပြဿနာတစ်ခုက ထစ်
သေးတယ်။ အဲ့ဒါကတော့ . . .

"ဝဲစားစက်ရုပ်က ဒီပွဲမှာ ဝင်ထိုးမယ်ဆိုတာသိရင် အထက်
ခွင့်ပြုကြမှာမဟုတ်ဘူး . . . မော့စကီး"

အမာရွတ်စက်ရုပ်က ရှုံ့မဲ့မဲ့နှင့် စိတ်ရှုပ်စွာပြောတယ်။ မော့စကီ
တည်ငြိမ်နေတဲ့ဟန်နဲ့ပဲ . . .

"ခင်ဗျား ဂုတ်နဲ့ထိုးသတ်မယ့် ပြိုင်ဘက်ရှိပါတယ်လို့ ကြေညာ
ခဲ့ပြီးမှ ထိုးခါနီးအထိ ပြိုင်ဘက်စက်ရုပ် မရှာနိုင်ဘူးဆိုရင် ခင်ဗျား အလု
ဘယ့်နှယ်ဖြစ်သွားမလဲ"

"ပြုတ်မှာပေါ့ကွ"

"အေးလေ . . . အဲ့ဒါပါပဲ။ အမ်ဆေးနပ်မှ မထိုးရင် တခြာ
စက်ရုပ်မရှိဘူး။ မင်း အလုပ်ပြုတ်မှာပဲ။ အခုကို ပွဲအစီအစဉ်ကို နော
ဆုတ်ထားတာ တစ်နာရီကျော်နေပြီ။ ပွဲကြည့်သူတွေလည်း သံသယ
နေလောက်ပြီ"

အမာရွတ်စက်ရုပ် သူ့အမာရွတ်ကို သပွတ်ပြီး စိတ်ညစ်
တယ်။

"ဒါပေမဲ့ ဒီကောင့်ရုပ်မြင်ရင်လည်း ငါ အလုပ်ပြုတ်မှာပဲ
ဒီလောက် အဆင့်အတန်းခွဲခြားတဲ့စက်ရုပ်တွေကြားမှာ ဒီဝဲစားစက်
ကို ဘယ်လိုလို့ . . ."

"မျက်နှာဖုံးစွပ်မယ်"



"ဟင် . . ."

"အခုနောက်ပိုင်း ခေတ်မစားတော့ပေမယ့် အရင်တုန်းက လက်ဝှေ့သမားတွေတချို့ မျက်နှာဖုံးစွပ်ပြီး ထိုးခဲ့တာတွေရှိတယ်လေ။ စတိုင်လ်တစ်မျိုးအနေနဲ့ပေါ့"

ရှိဘော့ဂြိုဟ်ရဲ့ လက်ဝှေ့သမိုင်းမှာ စတိုင်လ်တစ်မျိုးအနေနဲ့သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် မျက်နှာမဖော်ပြချင်တဲ့သူတွေ အနေနဲ့သော်လည်းကောင်း မျက်နှာဖုံးစွပ်ပြီး စင်ပေါ်တက်ခွင့်ရှိတယ်။ စည်းကမ်းအရလည်း မကန့်ကွက်ထားဘူးလေ။

အမာရွတ်စက်ရုပ် လက်ဖျောက်ကောက်တီးတယ်။

"ဟုတ်သားပဲ . . . ဒီအချက်ကို ငါမေ့နေတယ်"

"မေ့တယ်ဆိုတာ အကြွေးပေးဖို့မေ့တာပဲ ကောင်းတယ်။ ကျန်တာ မကောင်းဘူး"

"အေး . . . အဲ့ဒါဆို ပွဲ မကြာခင်စတော့မယ့်အကြောင်း ကြေညာလိုက်တော့မယ်"

မော့စကီးက ပိုင်ပိုင်နိုင်နိုင် ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ . . .

"ရော့ . . . အမ်၊ မင်းက လက်ဝှေ့စာအုပ်ဖတ်ထား။ စင်ပေါ်မှာ ဘယ်လိုပုံစံ နေရမလဲဆိုတာမျိုးတွေဘာတွေ လေ့လာထား။ သိပ်အရုပ်မပျက်စေနဲ့"

ပြောပြောဆိုဆိုပဲ စာအုပ်တစ်အုပ်ကို ပစ်ပေးတယ်။ ပြီးတော့ သားရေခေါင်းစွပ်မျက်နှာဖုံးကို ပေးတယ်။ ဘာမီတွန်ကလည်း လက်ဝှေ့အစုလုပ်ရတဲ့ပုံစံကို စာအုပ်ထဲရှာဖတ်နေတယ်။ ရင်လည်း လေးနေတယ်။ အမ့်ကို မကြားတကြားလဲ ပြောသေးတယ်။

"ငါ့အထင်တော့ မင်း ဒေါ်လာနှစ်ထောင်လောက်တော့ ရမှာပဲ"

* * *



www.burmeseclassic.com

www.burmeseclassic.com

စက်ကညွှန်တဲ့အတိုင်း သူမသွားခဲ့တာ အခု ခရုပတ်ဖန်လုံအိမ် အဆောက်အဦးရဲ့ အောက်ဆုံးအထပ် ချောင်ထဲတွေပင် ရောက်နေပြီ။ ပတ်ဝန်းကျင်ရဲ့ လျှပ်စစ်ဓာတ်အားနည်းလာမှုကြောင့်လားမသိ ညွှန်ပြတဲ့စက်ကလည်း လက်တံရပ်သွားတယ်။ အလုပ်မလုပ်တော့ဘူး။

"ကျွတ် . . ."

သူမ စိတ်ရှုပ်မိတာပေါ့။ ကိုယ့်ဘာသာကိုယ် စိတ်မှန်းနဲ့လိုက်ရှာရတော့မယ်။

ဒီအချိန်မှာပဲ ကော်ရစ်တာအကွေ့က ပုတက်တက်စက်ရုပ်တစ်ယောက် ထွက်လာတယ်။ Planet Images ရဲ့ သတင်းထောက် မော့စကီးပါပဲ။ ပင့်ခ်ဝါနဲ့ မော့စကီး တစ်ယောက်ကိုတစ်ယောက် တွေ့သွားတယ်။ ပင့်ခ်ဝါဝါးက မော့စကီးကိုမသိပေမယ့် မော့စကီးက သူမကို ပညာရေးဝန်ကြီးရဲ့သမီးမှန်း သိပြီးသား။

"ဟား . . . ပင့်ခ်ဝါဝါးဆိုတဲ့ ဝန်ကြီးသမီး အချောအလှလေးပါလား။ ကျွန်တော် သတင်းထောက်ပါ ဓာတ်ပုံရိုက်ခွင့်ပြုပါလားခင်ဗျာ"

မော့စကီးအသံက အကျိုးနွံဆုံးဖြစ်နေတယ်။ ပင့်ခ်ဝါက ကင်မရာတွေ၊ အင်တာဗျူးတဲ့ မိုက်ခရိုဖုန်းတွေကို မုန်းပါတယ်။

"ကျွတ် . . . မအားဘူး။ စက်ရုပ်ရှာနေတယ်။ ဖယ် . . ."

မော့စကီးကိုတွန်းဖယ်ပြီး ပင့်ခ်ဝါ သွက်သွက်လျှောက်သွားတယ်။



"အဲ့ဒီဘက်မှာ အားကစားအဝတ်လဲခန်းတွေပဲ ရှိတော့တယ်။ ကျွန်တော့် အဲ့ဒီဘက်က လာခဲ့တာပဲ။ မိန်းကလေးရှာနေတဲ့ စက်ရုပ်ပုံစံက ဘယ်လိုမျိုးလဲ။ ကျွန်တော် တွေ့ခဲ့သလားလို့ စဉ်းစားကြည့်ပေးမယ်"

မော့စကီးက ပင့်ခ်ဝါရဲ့ ဓာတ်ပုံတစ်ပုံရဖို့အရေး မနေးသွက်သက် စကားဆက်နေတယ်။ ပင့်ခ်ဝါက ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက်တယ်။ မော့စကီးက ကြိုးနဲ့ပဲဆွဲပါလာသလို တန်းလန်းတန်းလန်း ပြေးလိုက်လာကာ . . .

"ကျွန်တော် တကယ်ပြောနေတာပါ။ အဲ့ဒီဘက်မှာ ဘယ်စက်ရုပ်မှ မရှိတော့ဘူး။ မိန်းကလေးရှာနေတာ မိုးလေဝသဝန်ကြီးရဲ့သား ဂျွန်တိုလား။ သူက အပေါ်ဆုံးအထပ်က ဘားခန်းမှာပါ။ ခုနက ဆက်သွယ်ရေးဝန်ကြီးရဲ့သား ဒက်ဆိုင်းကို ကဗျာပြခန်းဘက်မှာတွေ့ခဲ့တယ်။ အခုတော့ လက်ဖေ့ပွဲကြည့်ဖို့ အပေါ်ဆုံးထပ်မှာ ပြန်ရောက်နေလောက်ပြီ။ တကယ်တော့ မိန်းကလေးလို လှပတဲ့စက်ရုပ်မလေးနဲ့ လိုက်ဖက်မှာ ကုန်သွယ်ရေးဝန်ကြီးရဲ့သား . . ."

"ဘယ်ဝန်ကြီးရဲ့သားမှ မရှာဘူး။ ကျွန်မရှာနေတာ ဝဲစားစက်ရုပ် အမ် ဆေး နပ်"

ပင့်ခ်ဝါ စိတ်ပေါက်ပေါက်နဲ့ လည်ပြန်လှည့်ပြီး အော်ဟစ်ပစ်လိုက်တယ်။

တုံ့ခနဲ နောက်ကလိုက်နေတဲ့ မော့စကီးရဲ့ခြေထောက် ရပ်သွားတယ်။ ပင့်ခ်ဝါဝါးကိုလည်း အံ့ဩသလို ပြူးကြည့်သွားတယ်။ နှစ်ယောက်သား ပြူးကြည့်ငြိမ်သက်သွားကြတယ်။

ပြီးမှ ကြောင်တောင်တောင်အသံကြီးနဲ့ မော့စကီးက . . .

"စောစောက ပြောရောပေါ့ဗျာ"

"သူဘယ်မှာလဲ ရှင်သိလို့လား"

"လာ . . . သူနဲ့ အနီးဆုံးနေရာကို လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျောသားရင်သား မခွဲခြားရေးနေ့အတွက် နှစ်စဉ် စက်ရုပ်တွေ စိတ်ဝင်စားကြတာ လက်ဝှေ့ပွဲပါပဲ။ စက်ရုပ်ချင်း အဆင့်အတန်းမခွဲခြားဘဲ လက်ရုံးရည်ဖလှယ်တဲ့သဘောအဖြစ် စတင်ခဲ့တာပဲ။ ခေတ်ကာလတွေ တိုက်စားခဲ့ပြီး ယခုနောက်ပိုင်းမှာတော့ ပုံစံတွေပြောင်းလာခဲ့ပါပြီ။

မူလသဘောထက် စက်ရုပ်ကုံထံတွေရဲ့ ဖျော်ဖြေရေးပွဲကြီးတစ်ခုပုံစံသာ ဖြစ်လာခဲ့တယ်။ စင်ပေါ်မှာ အသားအနာခံထိုးမယ့် စက်ရုပ်တွေရဲ့ပွဲကို သူတို့ ဝိုင်းခွက်လက်ကြားညှပ်ပြီး ရင်သပ်ရှုမော ကြည့်ကြလိမ့်မယ်။

ဒီနှစ်မှာတော့ စိတ်ဝင်စားစရာ ပိုကောင်းတဲ့ကိစ္စက ရှိနေပါတယ်။ ဘာလဲဆိုတော့ ရိဘော့ဂြိုဟ်ရဲ့ ပြိုင်ဘက်မရှိတာ ကြာနေပြီဖြစ်တဲ့ လက်ဝှေ့ချန်ပီယံကြီးဂုတ်ရဲ့ ပွဲရှိလို့ပါပဲ။ ဂုတ်နဲ့ထိုးသတ်မယ့်သူဟာ ဘယ်သူများလဲလို့ အားလုံး တွေးတောနေကြတယ်။ ဘာပဲဖြစ်ဖြစ် ပွဲစီစဉ်ရေးအဖွဲ့ကတော့ ဂုတ်နဲ့ပြိုင်မယ့်သူရှိတယ်လို့ အတည်ပြုပြီးပါပြီ။ ဒါပေမဲ့ ပြိုင်ဘက်စက်ရုပ်နာမည်ကို အခုထိ မဖော်ပြသေးပါဘူး။ အားလုံး အံ့သြသွားအောင် တကယ့်ပွဲအချိန်ကျမှပဲ တစ်ခါတည်း ကြေညာသွားလိမ့်မယ်ဆိုတဲ့ပုံစံမျိုး ခန့်မှန်းရတယ်။

တကယ်တော့ ပွဲစီစဉ်ရေးအဖွဲ့အနေနဲ့ လွန်ခဲ့တဲ့ (၁)လလောက်ကတည်းက တခြားလက်ဝှေ့သမားပေါင်းစုံနဲ့ စပ်ခဲ့ပြီးပါပြီ။ ဘယ်သူမှ မထိုးရဲကြဘူး။ အချိန်နီးလာနီးလာနဲ့ လုံးဝရှာမရတဲ့ အခြေအနေ



ရောက်လာတယ်။ ဒီအချိန်မှ ပွဲမဖြစ်ဘူးဆိုရင် ဝန်ကြီးဌာနကထုတာနဲ့ ပွဲတော်စီ စဉ်ရေးအဖွဲ့ကလူတွေ အကုန်ပြုတ်နိုင်တယ်။ နောက်ဆုံး ကြံရာရတဲ့အဆုံး အခုလိုတွေ ဖြစ်လာခဲ့ပြီပေါ့။

ဂုတ်ရဲ့ပြိုင်ဘက်က 'အမ်' တဲ့။ စင်ပေါ်မှ သေသေရှင်ရှင် ဖြစ်ချင်ရာဖြစ်။

အဲ့ဒါ နောက်ပိုင်းကိစ္စ။ အခု ပွဲဖြစ်သွားဖို့ပဲ အရေးကြီးတယ်။ အခုက အမာရွတ်စက်ရုပ်က ပွဲတော်ဖြစ်မြောက်ရေး လက်ဝှေ့ပွဲအတွက် အဓိကတာဝန်ယူသူပေါ့။

အခု . . .

ဂီတပွဲကျင်းပနေတဲ့ စတိတ်စင်ကြီးက တဖြည်းဖြည်း အောက်ကို နိမ့်ဆင်းသွားတယ်။ ပြီးတော့ အဲ့ဒီနေရာကပဲ နောက်ထပ် စင်တစ်ခု ရှိုင်ရိုပ် မြင့်တက်လာတယ်။ ဒါကတော့ လက်ဝှေ့စင်ပေါ့။

"ဟေး . . . ဟေး . . . "

"ဟေး . . ."

ပွဲစတော့မှာသိလိုက်ကြတာမို့ အားလုံးရဲ့အော်သံတွေ ဆူညံလာတော့တယ်။ စင်အောက်မှာ ဒိုင်တွေလည်း အသင့်ရှိနေပါပြီ။

"မကြာမီအချိန်အတွင်း ကျောသားရင်သား မခွဲခြားရေးနေ့အတွက် အထူးလက်ဝှေ့စိန်ခေါ်ပွဲကြီး စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား"

"ဟေး . . ."

မလိုအပ်တဲ့မီးတွေ အကုန် အရောင်ဖျော့သွားတယ်။ အလင်းတန်းအဖြစ် စလိုက်မီးအဖြူရောင်တန်းကြီးတစ်ခုသာ ထင်ထင်ရှားရှား ကျလာတယ်။

"စင်ရဲ့အရှေ့တောင်ထောင့် အပေါက်ကနေ ထွက်လာမယ့်သူကတော့ အားလုံးမျှော်နေကြတဲ့ ချန်ပီယံ ဂုတ်ဖြစ်ပါတယ်ခင်ဗျား"

စလိုက်မီးလည်း အဲ့ဒီ အရှေ့တောင်ထောင့် အပေါက်ဆီရောက်တော့ ချန်ပီယံဂုတ်ကို အားလုံး တွေ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

လက်ခုပ်သံတွေ ဆူညံကုန်ပါတော့တယ်။

မေးရိုးကြီးကြီးနဲ့ သန်မာလှတဲ့စက်ရုပ်ကြီး၊ တုတ်ခိုင်လှတဲ့ ပေါင်တံ၊ ကြွက်သားတွေနဲ့ တစ်လှမ်းချင်း လျှောက်လာတယ်။ ခဏ ရပ်လိုက်တယ်။ ပရိသတ်တွေအားလုံးကို တစ်ပတ်ပတ်ကြည့်ပြီး 'ဟင်း' ခနဲ အံကြိတ်သံကြီးနဲ့ လက်ရုံးနှစ်ဖက်ကို မြှောက်တန်းပြလိုက်တယ်။

"ဟေး . . . "

"ဟေး . . . ဂုတ်ကွ . . ."

"ဂုတ် . . . "

ခရုပတ်ဖန်လုံအိမ်ခန်းမကြီးရဲ့ အထပ်တိုင်းကို အော်ဟစ်သံတွေ လွှင့်တက်သွားတယ်။ ဂုတ်ကိုကြည့်ပြီး စက်ရုပ်တိုင်း သွေးကြွနေကြပြီ။

ပွဲမစခင် ထိုင်ရမယ့်နေရာကို ဂုတ်သွားထိုင်မှ အသံတွေငြိမ်သွား တယ်။

ကြေညာသူထံက အသံထွက်လာတယ်။

"အခုတစ်ခါမှာတော့ ချန်ပီယံဂုတ်ကို စိန်ခေါ်တဲ့ လက်ဝှေ့ သမားပဲ ဖြစ်ပါတယ်"

အားလုံးသော စက်ရုပ်တွေ နားစွင့်ကုန်ကြတယ်။ ဘယ်ကောင် က ဒီလောက်ဇကြီးလဲ။ ဒါမှမဟုတ် ရူးတာလဲဆိုတာကို သိချင်တွေ ချင်နေကြပြီ။

"အဲ့ဒီလက်ဝှေ့သမားရဲ့ နာမည်ကတော့ အမ်ဆေးနပ်ပဲ ဖြစ် ပါတယ်ဗျား"

အမ်ဆေးနပ်ဆိုတဲ့နာမည်က နာမည်တူတွေများတာမို့ အားလုံး က ဝဲစားစက်ရုပ်မှန်း မထင်ကြပါဘူး။ စလိုက်မီးက စင်အနောက်ဘက် က အပေါက်ဆီ ဝုစ်ခနဲပြေးသွားတယ်။ အပေါက်ဝမှာ ဘာစက်ရုပ်မှ အသင့်ရှိမနေသေး။

ပရိသတ်တွေ ငေးကြည့်နေဆဲ . . . ။



နည်းနည်းကြာမှ အရိပ်တစ်ခုက အရင် အပေါက်ဝအပြင်ဆီ တိုးထွက်လာတယ်။ အရိပ်က တော်တော်ကြီးနေတယ်။ အရိပ်ကြီးက ကြီးနေတော့ တော်တော်အကောင်ကြီးမှာပဲလို့ ထင်သွားကြပြီး ပိုစိတ် ဝင်စားကုန်ကြတယ်။ မကြာပါဘူး။ စက်ရုပ်တစ်ရုပ် လိုက်ထွက်လာ တယ်။ အမ် ထွက်လာပြီပေါ့။

အမ် ဒူးတွေ တုန်နေတယ်။ စိတ်တွေလည်း တော်တော်လေး လှုပ်ရှားနေတယ်။ ပခုံးကနေ ဆွဲခြုံထားတဲ့ ဝတ်ရုံပွကြီးကိုလည်း ချွတ်ချ လိုက်တယ်။

"ဟာ . . ."

"ဟင်း . . ."

အားလုံး ငြိုငြင်သံတွေ ထွက်လာကြတော့တယ်။ ခုနက အရိပ် ကြီးက ဝတ်ရုံခြုံထားလို့ ကြီးနေတာမှန်း အားလုံးက သိသွားကြတယ်။

"ဟေ့ကောင် . . . ယုံကြည်ချက်ရှိရှိလျှောက်၊ ခုနစ်လှမ်းမြောက် ရောက်ရင် ခုနက ဟိုကောင် ဂုတ်လုပ်သလို လက်ရုံးတန်းပြီး မာန်တွေ ဘာတွေတင်းပြ . . . သွား . . . သွား . . . တွန့်မနေနဲ့"

အပေါက်အတွင်းထဲက အသံအုပ်အုပ်နဲ့ ဘာမီတွန်က လှမ်း သင်ပေးနေတာပါ။ အမ် အားတင်းခေါင်းမော့ပြီး လျှောက်လာခဲ့တယ်။ ဝေဖန်သံတွေလည်း ဆူညံနေတာပဲ။

"ဒီသာမန်ဗလလောက်နဲ့ ဂုတ်ကို ဘယ်လိုယှဉ်မှာလဲကွ"

"အေးလေ . . . ဗလသာမရှိတာ၊ စတိုင်လ်ကျ ထုတ်ထား သေး။ မျက်နှာဖုံးတွေ ဘာတွေနဲ့"

"သေချင်တာများ ကိုယ့်ဘာသာကိုယ် ရေထဲခုန်ချပြီး သတ်သေ တာမဟုတ်ဘူး"

"ကျွတ် . . . ကျွတ် . . . စိတ်မနှံ့ဘူး ထင်ပါတယ်"

"ဟား . . . ဟား . . . ပွဲကတော့ တော်တော်ကြည့်ကောင်း တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် ဗလသေးပေမယ့် ပညာမသေးလို့ နေမှာပေါ့"

"ငါကတော့ ဘယ်နှစ်ကွက်နဲ့ခံမလဲဘဲ ဆက်စောင့်ကြည့်တော့မယ်"

ဝေဖန်သံတွေ ခန်းမနဲ့မဆန့်အောင် ညံထွက်လာတယ်။ အမ်လည်း အဲ့ဒီအသံတွေကို ကြားပါတယ်။ ရင်တုန်နေရတဲ့ကြားထဲ ဖိအားတွေက အပြုံလိုက် ဝင်လာတယ်။ စိတ်ကို အားထပ်တင်းပြီး ငြိမ်အောင် ထိန်းထားလိုက်တယ်။

ခန်းမအပေါ်ဆုံးထပ်က တီတော်ရီကလည်း 'ဟင့်'ခနဲ တစ်ချက် ရယ်ကာ အူကြောင်ကြောင်ကောင်ပဲလို့ ဝေဖန်တယ်။ ဝန်ကြီးတွေလည်း ရယ်ရမှာလိုလို၊ စိတ်ပျက်ရမှာလိုလို ဖြစ်လို့ပေါ့။

အမ် အကောင်းဆုံး စိတ်ထိန်းပြီး လျှောက်လာတယ်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံး၊ ခုနစ်လှမ်းမြောက်ရောက်တော့ ဂုတ်လုပ်သွားတဲ့ ပုံစံအတိုင်း အားအကုန်သုံးပြီး ဟင်းခနဲ အံကြိတ်သံနဲ့ လက်ရုံးတန်း မြှောက်ပြလိုက်တော့တယ်။

. . . . . . . ။

ငြိမ်နေတာပဲ။ ဘာသံမှကို မထွက်။

ဂုတ်တုန်းက ဟေး . . . ဟေး . . . နဲ့ ပွဲဆူသွေးဆူသံတွေ အခု အေးစက်နေလိုက်တာများ။ အမ် လက်ရုံးတန်းပြီး တစ်ယောက်တည်း အိုးအိုးအဲအဲ ဖြစ်နေရပြီ။ ရှက်ပေမယ့် လက်ကို ဖြည်းဖြည်းချင်း ပြန်ချပြီး ဆက်လျှောက်ခဲ့လိုက်တယ်။



စင်ပေါ်အရောက်မှာတော့ အမ်နဲ့ဂုတ်ရဲ့ ဘော်ဒီအနေအထားမှာ တော်တော်ကွာနေကြောင်း ထင်ထင်ရှားရှား တွေ့ရပါတော့တယ်။ ဂုတ်က နှစ်ဆလောက်ကြီးနေမှာ သေချာပါတယ်။ အမ် မျက်ဆံလေး နက်လို့ မော့ကြည့်မိတယ်။

ဂုတ်က စွပ်ကျယ်အနီ၊ ဘောင်းဘီတိုအနီ၊ လက်ဝှေ့အိတ် အဖြူ အနီကျားနဲ့။ အမ်ကလည်း အဲ့ဒီလို အဝတ်အစားအတိုင်း အနက်ရောင်နဲ့။

"ကလင် . . . "

ဆိုတဲ့ ဘဲလ်သံနဲ့အတူ ဒိုင်စက်ရပ်က လက်ချပြီး နောက်ဆုတ်ထွက်လိုက်တာနဲ့ လက်ဝှေ့ပွဲဟာ စတင်ခဲ့ပါတော့တယ်။

ပွဲစတာနဲ့ စာအုပ်ထဲက အလွတ်ကျက်ထားတဲ့အတိုင်း ကိုယ်ဟန်အနေအထားတကျ အမ်က လက်သီးနှစ်လုံးကို ခပ်စောင်းစောင်းခွဲ၊ ခြေနှစ်ဖက်ကို ရှေ့နောက်ခွဲပြီး ရပ်လိုက်တယ်။

ဘာမိတွန်က စင်အောက်ကနေ စက္ကန့်သံတွေ တရွေ့ရွေ့သွားနေတာကိုကြည့်ပြီး . . .

"ဒေါ်လာတစ်ထောင်၊ ဒေါ်လာနှစ်ထောင်"

နဲ့ ရွတ်နေတယ်။

ဂုတ်က စနတစ်တကျပင် နေရာမယူတော့ဘဲ ဖြောင့်လက်သီး တစ်လုံးကျွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အမေ့ . . ."

အမ် တစ်ခါမှမမြင်ဖူးခဲ့တဲ့ အမေ့ကိုတမိပြီး အောက်ကို ဆတ်ခနဲ ငုံ့ရှောင်လိုက်တယ်။

"ဟေး . . ."

ကံသီပေလို့ မထိပေမယ့် ရှောင်လိုက်တာ နည်းနည်း ရုပ်ပျက်အောင် လဲကျသွားတယ်။ မြန်မြန် ပြန်ထလိုက်တယ်။ ထလို့မှ မပြီးသေး နောက်ထပ် ဝိုက်လက်သီးတစ်လုံး ဝဲလာပြန်ပြီ။

"အဖေ့ . . ."

ဒီတစ်ခါလည်း တစ်ခါမှမမြင်ဖူးခဲ့တဲ့ ပါပါးကို ယောင်အော်ပြီး နောက်ဆုတ်ရှောင်လိုက်တယ်။ ဒီတစ်ခါလည်း ကံကောင်းပြန်ပါတယ်။ နှာသီးနားကနေ လေဖေ့သွားပြီး ပြန်ကွေ့သွားလို့။

ဒါပေမဲ့ ဒါတွေဟာ ကံကောင်းလို့ မဟုတ်ပါဘူး။ ဂုတ်ရဲ့ သဘောကောင်းယောင်ဆောင်ထားတဲ့ ထိုးချက်တွေပါ။ ချက်ချင်းမသတ်ချင်သေးတဲ့ အကျဉ်းသားကို လက်မောင်းလေးလှီးလိုက်၊ သံပူမီးလေးတို့လိုက် လုပ်နေတာမျိုးသဘောပါ။

ဒါပေမဲ့ စက္ကန့်သုံးဆယ်လောက် ကြာတဲ့အချိန်မှာတော့ တကယ့်အသက်နုတ်လက်သီးတစ်ချက် စတင်ဝင်လာပါပြီ။

"ဟာ . . ."

ခုနကလက်သီးထက် အဆမတန်မြန်တဲ့ လက်သီးက အမ့်နား အုံဆီ။

'ဘုန်း' ခနဲ ကားယားလေး မှောက်သွားတယ်။ ဒိုင်လူကြီး အနားရောက်လာတယ်။ လက်နဲ့ထောက်ပြီး ပြန်ထလိုက်နိုင်တယ်။ ခေါင်းထဲမှာ ချာချာလည် အီဝေနေတယ်။

နောက်ထပ်လာပြန်ပြီ။ မေးရိုးဆီလာတဲ့ ပင့်လက်သီးတစ်လုံး။ အမ်လည်း ကြောက်ကြောက်နဲ့ မရှောင်နိုင်တော့ဘဲ လာတဲ့ လက်သီး လေထဲဝဲနေတုန်း သူ့လက်သီးနဲ့ ပြန်ထိုးလိုက်ရတော့တယ်။



"အ . . ."

အဲ့ဒီအော်သံနဲ့ ဂုတ် သူ့လက်သူ အမြန်ပြန်ရုပ်သွားတယ်။

ဂုတ် နည်းနည်းကြောင်သွားတယ်။ သူ့လက်က နည်းနည်း တစ်မျိုးဖြစ်သွားတယ်လို့ ထင်မိတယ်။ အမ်လည်း ဂုတ် ဒီလိုဖြစ်သွားတာကို တွေ့မိတယ်။

ဂုတ် နောက်ကိုပြန်ဆုတ်ပြီး လက်သီးကိုချိန်လို့ ခုန်ဆွခုန်ဆွ လုပ်နေတယ်။ နောက် ဖြောင့်လက်သီးတစ်လုံး အယောင်ပြပြီး ဘယ် လက်သီး ဝင်လာပြန်တယ်။

ခုနကအတိုင်းပဲ ကမန်းကတန်း လက်သီးနဲ့ အမ် ကာလိုက်ပြန်တယ်။

"အ . . ."

ခုနကလိုပဲ အော်သံတိုးတိုးနဲ့ ဂုတ် နောက်ပြန်ဆုတ်သွားတယ်။ ဂုတ် လက်သီးဆုပ်ကြည့်တော့ အားမပြည့်သလို ခံစားနေရတယ်။ ဘာဖြစ်လာပါလိမ့်။

ဂုတ် ဘာဖြစ်တာလဲကို အမ်ကတော့ သိလိုက်ပါပြီ။ ပထမ တစ်ခါဖြစ်ကတည်းက စဉ်းစားနေခဲ့တာ။ ဒါ ဒီလိုဖြစ်ရတာ ဂျေအိုင်ရဲ့ လက်အိတ်ကြောင့်ပါပဲ။ ပွဲတော်ထဲမသွားခင် ဂျေအိုင်က သူတီထွင်ထားတဲ့ လက်အိတ်တစ်ခု အမ့်ကို ပေးခဲ့တယ်မို့လား။ လက်အိတ်က အရေပြား အရောင်နဲ့တူနေတော့ အမ်တောင် ကိုယ့်ဟာကိုယ်စွပ်ထားတာ မေ့နေတယ်။ ဒီအတိုင်းပဲ လက်ဖေ့အိတ်ကြီးကိုလည်း အပေါ်ကနေ ထပ်စွပ်ထားခဲ့မိတယ်။ ဒီလက်အိတ်ကြီးနဲ့ လက်သီးဆုပ်ပြီးထိုးရင် ခံရတဲ့သူ ကျွင်တယ်လေ။ ဒါကြောင့် အခု ဂုတ် တွန့်တွန့်သွားနေတာပေါ့။

ဘာပဲဖြစ်ဖြစ် နှစ်ခါရှိတော့ ဂုတ် နည်းနည်းရှိန်သွားတယ်။ အထင်သေးတဲ့ထိုးချက်တွေကို ရပ်တန်းကရပ်ပြီး သေချာထိုးဖို့ အာရုံ စိုက်လာတယ်။ ဂုတ်က အာရုံစိုက်လာသလို အမ်ကလည်း အားတက် လာတာမို့ ပွဲက အလိုလို ကြည့်ကောင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကလင် . . . "

ဆိုတဲ့ ဘဲလ်အသံနဲ့အတူ ပထမအချီ ပြီးသွားတယ်။

စင်ထောင့်မှာ အနားယူတော့ အကူလုပ်တဲ့ ဘာမီတွန်က ပျော်နေတယ်။

"ဟား . . . ဟား . . . မယုံနိုင်စရာပဲ။ တစ်ချီပြီးသွားပြီဆိုတော့ မင်း ဒေါ်လာတစ်သိန်းတောင် ရပြီပေါ့။ ဟား . . . ဟား . . . ငါနားထောင်ဖူးတဲ့ ခေါင်းလောင်းသံတွေထဲမှာ ဒီလက်ဝှေ့တစ်ချီပြီးလို့ တီးလိုက်တဲ့ခေါင်းလောင်းသံက အချိုဆုံးပဲကွ . . . ဟေး . . . ဟေး"

အမ်ကလည်း ပြုံးနေပြီး ဘာမီတွန်လက်ထဲက အချိုရည်ဘူးကို မော့သောက်ပြီး အံကပ်ပြန်တပ်လိုက်တယ်။ သားရေမျက်နှာဖုံးစွပ်က အမ့်ကို နည်းနည်းအိုက်စပ်စေတယ်။

"ကလင် . . ."

ဒုတိယအချီ စပြီ။

အမ်က ကပ်တဲ့နည်းကိုသုံးပြီး ပူးပြီဆိုမှ ကျောကုန်းကို တဘုန်းဘုန်းထိုးတယ်။ ဂုတ် မခံနိုင်ဘူး။ ဒိုင်က ခဏခဏပူးနေတာကို ခွဲပေးနေရတယ်။ ပူးနေတာကို ခွဲလိုက်တိုင်း ဂုတ် အားယုတ်သွားတာကြောင့် အမောပြန်ဖြေနေရတယ်။

အမ်ရဲ့ လက်ဝှေ့အစွမ်း ရုတ်တရက်ကြီး ကောင်းမွန်လာတာကို အားလုံးက အံ့ဩနေကြတယ်။ ဒါပေမဲ့ ဂုတ်ကို အားပေးတဲ့အသံတွေပဲ လှိုင်ဆဲပါပဲ။

"ဂုတ် . . .ဂုတ် . . . ဂုတ် . . . "

နဲ့ အော်သံတွေ။ ဒီကြားထဲကမှ . . .

"အမ် . . . အမ် . . . အမ် . . ."

ဆိုတဲ့ အသံပိစိလေးတွေကို ကြားလိုက်ရတော့ အမ် အံ့ဩသွားတယ်။ စင်အောက်ကိုကြည့်လိုက်တော့ မယုံနိုင်အောင်ပါပဲ။ သူ့ကို အားပေးနေသူက မော့စကီး။ အဲ့ဒီ ဂျပုစက်ရုပ်ရဲ့ဘေးကနေ အဝါ



ရောင် ဦးထုပ်လေးနဲ့ ပင့်ခ်ဝါဝါး။ 'အမ် . . . အမ် . . . အမ် . . . ' လို့ သူမက လက်သီးဆုပ်မြှောက်ပြီး အားပေးနေတယ်။

သူ ပြုံးမိမလို ဖြစ်သွားပေမယ့် . . . .

"ခွပ်"

ခနဲ ထိုးခံလိုက်ရပြန်ပါတယ်။ ဒါပေမဲ့ အမ် ခံနိုင်ရည်ရှိပါတယ်။ ဂုတ်ရဲ့လက်သီးတွေက အများအမြင်မှာသာ ပြင်းတယ်ထင်ရပေမယ့် တကယ်တမ်း သိပ်မပြင်းတော့ပါဘူး။ လက်တွေက 'ကျင်'နေတာမို့ အားကောင်းကောင်း မထုတ်နိုင်ရှာဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ ရှာတွေ့လား"

"တွေ့တော့တွေ့တယ်"

"ဘာလဲဟ မင်းစကားက"

တီတော်ရီက မရှင်းမရှင်းပြောနေတဲ့ သူ့ကောင်တွေကို ခပ်ရှင်းရှင်းကြည့်လိုက်တယ်။ စက်ရုပ်တစ်ယောက်က . . .

"သူ့ကို တွေ့တယ်။ လက်ဝှေ့စင်နားမှာ လက်ဝှေ့ပွဲ ကြည့်နေတာ"

"သူတစ်ယောက်တည်းလား။ သူ ဘယ်သူ့ကို သွားရှာခဲ့တာလဲဆိုတာ မသိခဲ့ဘူးလား"

"မသိခဲ့ဘူး"

တီတော်ရီ ပင့်ခ်ဝါရဲ့မျက်လုံးတွေကို ကောင်းကောင်းဖတ်တတ်ပါတယ်။ နေရာစုံကို မျှော်လင့်တကြီးလိုက်ကြည့်နေတဲ့ စက်ရုပ်ပျိုမလေးရဲ့ မျက်လုံးတွေက ဘာကိုရှာနေတာ ဖြစ်နိုင်ဦးမှာလဲ။ တစ်ယောက်ယောက်ကို ရှာနေတာမှန်းတော့သိတယ်။ အဲ့ဒီတစ်ယောက်ဟာ ဘယ်သူလဲ။

"တစ်ခုထူးခြားတာတော့ရှိတယ် . . . တီတော်"

"ပြော . . . "



ပင့်ခ်ဝါက ဟိုမျက်နှာဖုံးစွပ် လက်ဝှေ့သမားကို တော်တော်အားပေးနေသလိုပဲ။ ပြီးတော့ အဲ့ဒီစက်ရုပ်ဘက်ကလည်း စိုးရိမ်နေသလိုပဲ"

"ဟင် . . . "

တီတော်ရီ မျက်လုံးမှေးပြီး စဉ်းစားပြီ။ မျက်နှာဖုံးစွပ်နဲ့ လက်ဝှေ့သမား။ သူ ဟိုးအောက်လက်ဝှေ့စင်ဆီ လှမ်းကြည့်လိုက်တယ်။ မျက်နှာဖုံးစွပ် လက်ဝှေ့သမား တစ်ချက်ထိုးခံလိုက်ရတာကို မြင်တယ်။ ဒါပေမဲ့ ချက်ချင်း ပြန်ထလာနိုင်တယ်။ ဒီကောင် ဘာလို့ ဒီလောက်တောင့်ခံနေနိုင်ရတာလဲ။ ဒီကောင့်ကို ဘာလို့ ပင့်ခ်ဝါက အားပေးနေရတာလဲ။

"ဟော့ကောင် . . . "

တီတော်ရီက လက်ညှိုးလေးလှုပ်ရုံလှုပ်ပြီး မျက်ရိပ်ပြခေါ်လိုက်တယ်။ သူ့ကောင်ရဲ့နားရွက် သူ့နှုတ်ခမ်းနားကပ်လာမှ သူ့အသံက တိုးညှင်းရက်စက်စွာ ထွက်လာတယ်။

"ကြည့်စီစဉ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com

"ကလင် . . . "

ဆိုတဲ့အသံနဲ့ ဒုတိယအချီ ပြီးဆုံးသွားပါတယ်။

အမ် စင်ထောင့်မှာအနားယူတော့ မော့စကီးနဲ့ ပင့်ခ်ဝါဝါးပါ စင်အောက်ကနေ အနားရောက်လာတယ်။

"အမ် . . . ရှင် အကောင်းဆုံး လုပ်နိုင်နေပါလား။ ဆက်တော့ ထား . . . ကြားလား။ ရှင် ဆုကြေးတွေအများကြီးရရင် ဂျီအိုအဲဆစ် မိဘမဲ့ကလေးတွေလည်း အစာများများစားရမှာ . . . ဟုတ်တယ်မို့လား။ အဲ့ဒါကို အာရုံသွင်းပြီး ဆက်ကစား"

သူမစကား။ အဲ့ဒီ သူမစကားက သူ့အပေါ် နားလည်သွားတဲ့ သဘော။ ဟိုတစ်နေ့က သူခိုးလို့စွပ်စွဲတဲ့ နှုတ်ခမ်းတလန် ပန်းတလန် အမူအယာမျိုး မရှိတော့။

အမ် ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။ သားရေမျက်နှာဖုံးကြီး စွပ်ထားပေမယ့် အမ့်အပြုံးကို သူမ မြင်နိုင်မှာပါ။ မော့စကီးကလည်း -

"ဆက်တောင့်ထား။ တတိယအချီတောင် ရောက်နေပြီ။ ပွဲပြီး တာနဲ့ ငါတို့ ဆုကြေးသွားထုတ်ရုံပဲ"

အမ် လက်မထောင်ပြလိုက်တယ်။ ပြီး ဘာမီတွန်လက်ထဲက အချိုရည်ဘူးကို ဆွဲယူမော့သောက်လိုက်တယ်။

အခု တတိယအချီ စပါပြီ။



စင်ပေါ်မှာ ထင်ပေါ်သူနှစ်ယောက် ထပ်တွေ့ကြပြန်ပါပြီ။

နည်းနည်းမောဟိုက်လာသူအချင်းချင်း ဖြုန်းရာကျတဲ့ လက်သီးချက်များ သိပ်မသုံးတော့။ အကွက်ကောင်းသာ ချောင်းနေကြတယ်။

အမ်ကတော့ အကွက်ချောင်းတယ်ဆိုတာထက် သူ့လက်သီးဆုပ်နဲ့ ဂုတ်ကို တစ်နည်းနည်းနဲ့ ထိစေဖို့သာ အားထုတ်နေတာပါ။

ဒါပေမဲ့ အခု ရုတ်တရက်ပဲ လက်က ဆုပ်မရဘူးဖြစ်နေတယ်။ လက်သီးဆုပ်ရတာ အားမပြည့်။ အားမပြည့်တော့ လက်အိတ်က လျှပ်စစ်ဓာတ်မထွက်တော့။

ဒီအချိန်ပဲ လက်သီးတစ်လုံး ပြေးဝင်လာတယ်။

"ဘုန်း"

အမ် လဲကျသွားတယ်။ အရင်တစ်ခါလိုတွေတောင် တန်းမထနိုင်တော့။ အားက ဘာလို့ ရုတ်တရက် လျော့ဆင်းသွားရတာလဲ။ ခေါင်းထဲ မူးလည်လာတယ်။ ထိုးခံလိုက်ရလို့ မူးလာတာလား။ တခြား တစ်ခုခုကြောင့်များလား။

ဒိုင်က လဲကျသွားသူအဖြစ် အမှတ်စဉ်လာရေတွက်မှ သူ ဆက်ထိုးမည့်အကြောင်း ခေါင်းညိတ်ပြကာ ပြန်ထတယ်။

အမ် ကိုယ့်မျက်နှာကိုယ်စမ်းမိတော့ သားရေမျက်နှာဖုံးတောင် တချို့နေရာတွေ ရိပြဲနေပြီ။ ဒါ ကောင်းတဲ့အခြေအနေမဟုတ်။ အဲ့ဒီကြားကမှ ဒိုင်က ဆက်ထိုးရန် ခွင့်ပြုလိုက်တာနဲ့ ဂုတ်ရဲ့ အောင်မြင်လှတဲ့ လက်သီးတစ်ချက်က ထပ်ဝင်လာပြန်တယ်။ ဝေဝေဝါးဝါးဖြစ်နေတဲ့ သူ့မြင်ကွင်းထဲ လက်သီးမည်းမည်းတစ်စုံ။ ခွပ်ခနဲမြည်သံနဲ့အတူ လေထဲ သားရေမျက်နှာဖုံးစွပ်အဖတ်ကြီး ကျွတ်ပြီး ဝဲသွားတယ်။

ဘိုင်းခနဲ ပရိသတ်ပွဲကြည့်စင်ဘက် မျက်နှာလှည့်လျက်သားနဲ့ အမ် ပြုတ်ကျသွားတယ်။ ပြုတ်ကျသွားတာမှ မလှုပ်မယှက် အရုပ်ကြိုးချက်။

"ဟင် . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . သူ . . . ဝဲစား . . ."

"ဒါ . . . ဒါ . . . "

အားလုံး အမ့်မျက်နှာကို မြင်လိုက်ကြပြီလေ။ ဝဲစားစက်ရုပ်၊ 'ဝဲစားစက်ရုပ်၊ ဝဲစားစက်ရုပ်' ဟူသည့် အသံကျိုကျိုကျွတ်ကျွတ်တွေ နေရာစုံ ဆူညံကုန်တယ်။ ဂုဏ်သရေရှိစက်ရုပ်တွေ အများစု မျက်မှောင်ကုတ်ကုန်တယ်။

တစ်ဆယ်ထိ ရေတွက်အပြီးမှာလည်း အမ် ပြန်မထနိုင်တော့။

ဘာမိတ္တွန်နဲ့ မော့စကီးက ဆွဲယူပွေ့ထုတ်ခဲ့ရတယ်။

ဟေး . . . အော်သံတွေနဲ့အတူ စင်ပေါ်မှာ ဒိုင်က ဂုတ်လက်တစ်ဖက်ကိုမြှောက်ပြီး အနိုင်ကြေညာလိုက်တာ တွေ့ကြရပါပြီ။

ဒီအချိန်မှာပဲ ဗိုး . . . ဆိုတဲ့ ကြောက်မက်ဖွယ်အရှိန်တစ်မျိုးကို လေစီးကြောင်းထဲကနေ အားလုံး ကြားလိုက်ရတယ်။

"ဝုန်း . . ."

ဖန်လုံအိမ်အဆောက်အဦးတစ်ခုလုံး ယမ်းခါသွားသလိုပဲ။ မကြာပါဘူး အောက်ခြေတွေဆီက အက်ကွဲလာတယ်။ ကျလစ် . . ကျလစ် ဆိုတဲ့ အက်ကွဲသံတွေနဲ့ အောက်ခြေတွေမှာ အက်ကြောင်းတွေ ပြေးမွှာလာတယ်။ အားလုံးကြည့်နေစဉ်မှာပဲ ဖောင်းခနဲ အက်ကွဲကြောင်းတစ်ခုကနေ ရေတွေပေါက်ထွက် အပေါ်ပန်းတက်လာချိန်မှာတော့ . . .

"အား . . . "

"ပြေး . . . ပြေး . . ."

"ရေတွေ . . . ရေတွေ . . ."

"ဥက္ကာခဲတွေ ကြွေတာတဲ့ဟေ့"



ဥက္ကာခဲတွေကြွေတာက ဒီဂြိုဟ်မှာ ရံဖန်ရံခါဖြစ်လေ့ရှိတဲ့ ကိစ္စပါ။ ဒါပေမဲ့ ဒီတစ်ခါ ဥက္ကာခဲတွေကတော့ ဧရာမအရွယ်အစားလောက်ဖြစ်နေတယ်။ ပြီးတော့ တစ်လုံးတည်းမဟုတ်။ နောက်ထပ် ဧရာမတစ်လုံးထပ်ကျလာချိန်မှာတော့ စက်ရုပ်အားလုံး ချောက်ချားပွက်လောညံကုန်ပါတော့တယ်။

ဥက္ကာခဲက ဖန်လုံအိမ်ရဲ့သေးနုတ်ခမ်းတွေကို ပွတ်တိုက်စားပြီး ဝုန်းခနဲ ရေထဲထိုးကျသွားတယ်။

အဆောက်အဦးကို ရေလယ်မှာ ပမာမခန့်ဆောက်ထားတာက ဒီလိုပြဿနာတွေ ဖြစ်လာစေတာပေါ့။ အန္တရာယ်များရပြီ။ အဆောက်အဦးတချို့အပိုင်းတွေ ပြိုလာပြီ။

"အား . . ."

"ကယ်ကြပါဦး"

လွန်းပျံယာဉ်တွေ အများကြီးနဲ့ လာကယ်ရတယ်။ အောက်ဆုံးအထပ်က စက်ရုပ်တွေကို အင်အားများများနဲ့ အရင်ကယ်သင့်ပေမယ့် အပေါ်ထပ်တွေကိုပဲ ပိုအရေးပေးနေတယ်။

"သက်တမ်းရင့် စက်ရုပ်ကြီးများ၊ ကလေးများနဲ့၊ ကိုယ်ဝန်ဆောင် စက်ရုပ်များအားလုံး အပေါ်ထပ်များသို့ တက်နိုင်သမျှ တက်ပေးကြပါ"

ကြေညာသူက ကြေညာတယ်။



www.burmeseclassic.com

www.burmeseclassic.com

အို . . . စက်ရုပ်တစ်ရုပ် အမြင့်ကနေ ရေထဲထိုးကျသွားပြန်ပြီ။ ဟိုးမှာလည်း စက်ရုပ်မတစ်ယောက်ကို အပေါ်ကကြွေကျလာတဲ့ ပစ္စည်းတစ်ခုက ထိခိုက်သွားပြန်ပြီ။ လာကယ်တဲ့ ရေပေါ်ရှပ်ပြေး လွန်းပျံယာဉ်တစ်စင်းလည်း အဆောက်အဦးဆီက လွင့်စင်လာတဲ့ အပိုင်းအစတစ်ခုနဲ့ ထိပြီး ပေါက်ကွဲသွားတယ်။

အဆိုးဆုံးက ရေလယ်အဆောက်အဦးနဲ့ ကမ်းနားလမ်းဆီကူးတဲ့ တံတားကြီး ထက်ပိုင်းပြတ်သွားတာပဲ။

"ဟား . . . သွားပြီ"

မျှော်လင့်ချက်မဲ့သွားတဲ့ မျက်နှာလေးများ။

အားလုံး အရှုံးမီးဝိုင်းနေကြပြီ။

ကံကောင်းတယ်ပဲဆိုမလား။ အမ်၊ မော့စကီး၊ ဘာမီတွန်နဲ့ ပင့်ခ်ဝါဝါးတို့က ကမ်းနားလမ်းဘက်ကို ပြန်ရောက်နေပြီလေ။ အမ်ကတော့ သတိမေ့နေဆဲပါ။ ခုနက ဆက်သွယ်မှုအရ ပင့်ခ်ဝါဝါးရဲ့ အမေအမေလည်း ပထမဆုံးလာကယ်တဲ့ လွန်းပျံယာဉ်နဲ့ တင်ပါသွားပြီလို့ သိရ တယ်။ မိဘအတွက် စိတ်အေးရပေမယ့် ကိုယ့်မျက်စိရှေ့မှာ ပျက်စီးဒုက္ခအတိကျနေတဲ့ တခြားစက်ရုပ်တွေအတွက် ပင့်ခ်ဝါ ရတက်မအေး။

ကမ်းနားကနေ ရေလယ်အဆောက်အဦးဆီ မျှော်ကြည့်နေသူတွေ ဒုနဲ့ဒေး။ စုတ်တသပ်သပ်၊ ရင်တဖိဖိ၊ မျက်ရည်လည်ရွဲတွေနဲ့။ ရေထဲမှာလည်း အဆောက်အဦးဆီက ပွံ့ကျလာတဲ့ အပိုင်းအစတွေ ခြောက်ခြားဖွယ်မျောလို့။

"အမယ်လေး . . . ကယ်ကြပါဦး . . . ကျွန်မသမီးလေး . . . ဟီး . . ."

စက်ရုပ်မကြီးတစ်ယောက်ရဲ့ငိုသံ။

ရေလယ်မှာ စက်ရုပ်မလေးတစ်ယောက်။ အမေ . . . အမေရေနဲ့ တကြော်ကြော် အော်နေတယ်။ အဆောက်အဦးက ပွံ့ကျလာပြီး



ရေထဲမျောနေတဲ့ ဖောင်သဖွယ် သတ္တုပြားကြီးတစ်ချပ်ပေါ်မှာ ကြောက်လွန်းလို့ ငိုနေတယ်။

သူ့အမေကလည်း ဆောက်တည်ရာမရ အော်ဟစ်လို့ပေါ့။

ကံကောင်းတယ်။ အနားကို နောက်ထပ် သတ္တုပြားကြီးတစ်ချပ်နဲ့ စက်ရုပ်တစ်ယောက် ထပ်မျောလာတယ်။ အဲ့ဒီစက်ရုပ်က ချန်ပီယံဂုတ်ဖြစ်နေတယ်။

"ဂုတ် . . . ဂုတ် . . ."

"ကလေးကို ကယ်ပါဦး"

ကမ်းပေါ်က စက်ရုပ်တွေက ဝိုင်းအော်ကြသလို ဂုတ်ကလည်း သတ္တုပြားကြီးကို သန့်ရှင်းရေးလုပ်တဲ့ ဂေါ်ပြားအရှည်ကြီးနဲ့ လှော်လာတယ်။ ကလေးမလေးရဲ့ သတ္တုပြားကြီးပေါ် အသာကူးပြီး ကလေးမလေးကို ပွေ့ချီထားလိုက်တယ်။ ကလေးမလေး အကြောက်ပြေအောင်ပေါ့။ လက်ဗွေ့ကျော်စင်ပေါ်မှာ ပြိုင်ဘက်တွေကို စုတ်ပြတ်အောင် ထိုးနှက်နိုင်တဲ့ လက်ဗွေ့စက်ရုပ်ကြီးဟာ ဒီလိုမျိုးကလေးမလေးကို ကြင်နာစွာ ထွေးပွေ့ ကယ်တင်ပေးတဲ့အခါမှာလည်း သိပ်ကို အသက်ဝင်အေးချမ်းနေလှပြန်တယ်။

ဒါပေမဲ့ ကံဆိုးပါတယ်။ ဥက္ကာပျံဆီကလွင့်လာတဲ့ အပိုင်းအစတစ်ခုက ဂုတ်ရဲ့ခေါင်းကို ပြေးဝင်ရိုက်သွားပါတယ်။

"ဟာ . . ."

ဂုတ် ခွေကျသွားတယ်။

စက်ရုပ်မကလေးကို သတ္တုပြားပေါ်မှာ အသာချထားလိုက်ပြီး ဂုတ် ခွေကျကာ ရေထဲ ကိုယ်တစ်ပိုင်းနစ်သွားတယ်။

စက်ရုပ်ကလေးမလေးက သူ့ကို အနိုင်နိုင် ပြန်ဆွဲထားနေရတယ်။

လုစ်ခနဲ လုစ်ခနဲသွားနေတဲ့ လွန်းပျံယာဉ်တွေကို အော်ဟစ်အကူအညီတောင်းနေပေမယ့်လည်း လွန်းပျံယာဉ်တွေက အဆောက်အဦးဆီ

www.burmeseclassic.com

သွားဖို့သာ လောကြီးနေတာကြောင့် ဒီအဖြစ်အပျက်ကို ဂရုမစိုက်မိကြဘူး။

ဂုတ် တဖြည်းဖြည်း လျှောကျနေရာ သတ္တုပြားကြီးပေါ် မေးစေ့လေးပဲ ချိတ်တင်နေနိုင်တော့တယ်။ ဒီအတိုင်းဆို ရေဒဏ်ကြောင့် ပေါက်ကွဲသေဆုံးတော့မှာပဲ။

"ဝုန်း"

ကမ်းစပ်ကနေ ရေထဲ တစ်ခုခု ခုန်ချထိုးဆင်းသွားသံ။

အသံလာရာကို ကြည့်လိုက်တော့ အံ့သြဖွယ် တွေ့လိုက်ရသူက ဝံစားစက်ရုပ် အမ်ဆေးနပ်။

"အမ် . . . "

ဒီလို အသံတစ်ပြိုင်တည်းထွက်ပြီး ပင့်ခ်ဝါ၊ ဘာမီတွန်နဲ့ မော့စကီးတို့ နောက်ကိုလှည့်ကြည့်လိုက်တော့ ခုနက မေ့မျောလဲကျနေတဲ့ နေရာမှာ အမ်မရှိတော့။ ဘယ်တုန်းက သတိရလာတာလဲ။ အခု ဘာလို့ ရေထဲခုန် ချသွားတာပဲ။

အမ်က ဂုတ်နဲ့ စက်ရုပ်မကလေးဆီ လင်းပိုင်တစ်ကောင်လို အမြန်ဆုံး ကူးခတ်သွားနေတော့တယ်။

"ဟား . . . ဟား . . . အဲ့ဒါ ရိုဘော့ဂြိုဟ်ရဲ့ ပထမဆုံး ရေငုပ် ခံစက်ရုပ်ကွ . . . မှတ်ထား"

ဘာမီတွန်ကြီးက ဘာကြောင့်မှန်းမသိဘဲ ကြွေးကြော်လိုက်တယ်။ အဲ့လိုပဲ ကမ်းလုံးပြည့် . . . အမ် . . . အမ် . . . အမ် . . . နဲ့ အသံတွေ 'အန်' ကုန်တယ်။ အမ့်ကို အားကိုးအားပေးကုန်ကြတယ်။

အမ် ခဏချင်းပဲ ဂုတ်နဲ့ ကလေးမလေးဆီ ရောက်တယ်။ လက်မတင်လေးပါပဲ။ ဂုတ်ကို သတ္တုဖောင်ကြီးပေါ်ပြန်တင်ပြီး ဖောင်ကို တွန်းကာ ကမ်းဆီ ပြန်ကူးလာတယ်။

"ဟေး . . . အမ်ကွ"

မော့စကီးက ခေါက်ပုံတွေ တဖျပ်ဖျပ်ပေါ့။



ကမ်းပေါ်ရောက်တော့ စက်ရုပ်တွေအများကြီးပဲ။ အမ်တို့ကို ဆွဲတင်ကြတယ်။ ကူကြတယ်။ ကမ်းကြတယ်။ ဂုတ်ကို ဆေးရုံပို့ဖို့ ပြင်တယ်။

အမ်ကတော့ မနားနိုင်သေး။ ရေထဲပြန်ဆင်း၊ သတ္တုဖောင်ကြီးပေါ် ပြန်တက်နေတယ်။

"အမ် . . . ဘာလုပ်မလို့လဲ"

"အဆောက်အဦးဘက်မှာ ရေဘေးတွေ့နေတဲ့ စက်ရုပ်တွေ အများကြီး ကျန်သေးတယ်။ ရေပေါ်ရုပ်ပြေးယာဉ်တွေနဲ့အတူ သွားကူညီမလို့"

ပြောပြောဆိုဆိုပဲ ဖောင်ကြီးကို လှော်ခတ်ပြီး ခရုပတ်ဖန်လုံ အိမ် အဆောက်အဦးဘက် တကယ်ထွက်သွားပါတယ်။

ပင့်ခ်ဝါ သူ့ကို သေချာငေးနေမိခဲ့ပေါ့။

သူမအကြည့်က သူ့ရဲကောင်းတစ်ယောက်ကို ကြည့်သလို အကြည့်မျိုးပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (7)

"ချီးယား . . . "

"ချီးယား . . . "

"ဝမ်းဘရိတ် . . . "

လေထဲမှာ ဖန်ခွက်လေးခွက် ခွပ်ခနဲ တိုက်သွားတယ်။

အမ်၊ ဘာမီတွန်၊ မော့စကီးနဲ့ ထူးခြားသူစက်ရုပ်မလေး ပင့်ခ်ဝါဝါးတို့လေးယောက် မြို့စွန်က ဘုံဆိုင်အနွမ်းလေးထဲမှာ။

" . . . " (အရက်သောက်လိုက်လို့ အာခေါင်ပူသွားသံ)

ပင့်ခ်ဝါ ပူသွားတဲ့အာခေါင်ကို လက်ကလေးနဲ့ယပ်ခတ်ပြီး ခွက်ကို ပြန်ချလိုက်တယ်။

သူတို့ဂြိုဟ်မှာ စက်ရုပ်မလေးတွေလည်း အရက်သောက်လို့ရတယ်။ စက်ရုပ်အမျိုးသားတွေကို (၁၇)နှစ်၊ စက်ရုပ်အမျိုးသမီးတွေကို (၁၉)နှစ်မှာ အရက်ရောင်းတယ်။

ပင့်ခ်ဝါက အမ်ရှေ့ကို လက်ထုတ်ပေးတယ်။

"ဘာလဲ . . . "

"ရှင့်ကို လက်ဆွဲနှုတ်ဆက်ချင်လို့လေ။ ဘာလဲ ရှင်က နာမည်ကြီး ဟိုးဟိုးကျော်၊ ဒိတ်ဒိတ်ကျဲသွားပြီဆိုတော့ ကျွန်မနဲ့ လက်ဆွဲမနှုတ်ဆက်ချင်ဘူးပေါ့ . . . ဟုတ်လား"



"ဟာ . . . "

အမ် ခေါင်းလှဲ့ရယ်မိသွားတာပေါ့။ သူမ လက်နုနုလေးတွေကို လက်ဆွဲနှုတ်ဆက်ဖို့ သူ မရဲပါ။ ဒါကြောင့် နောက်တီးနောက်တောက်ပဲ ပြန်ပြောလိုက်တာပေါ့။

"ငါက ငါ့ရည်းစားလက်ကလွဲလို့ တခြား ဘယ်လက်မှမကိုင်ဘူးလို့ ဆုံးဖြတ်ထားတာ"

"ဒါဆိုလည်း နေပေါ့"

သူမ ဆူပုတ်ပုတ်နဲ့ လက်ပြန်ရုပ်တော့ ဘာမီတွန်နဲ့ မော့စကီးက ဟီးဟီးလို့ ရယ်တယ်။

ဒီနေ့ အမ်ရဲ့လုပ်ဆောင်ချက်တွေက စက်ရုပ်အဖွဲ့အစည်းကို တုန်လှုပ်သွားစေတယ်။ ဥက္ကာပျံတွေကြောင့် ဒဏ်ခံရသူတွေနဲ့ ရေဘေးဒုက္ခသည်စက်ရုပ်တွေကို အင်တိုက်အားတိုက် ကယ်ခဲ့တဲ့အပြုအမူတွေကိုပေါ့။ အားလုံးက ဖယ်ကျဉ်ထားပေမယ့် အရေးကြုံတဲ့အချိန်မှာ ဘာမှ အငြိုးအတေး၊ အာဃာတစိတ်မရှိဘဲ ကိုယ့်အမျိုးအနွယ်ပေါ် ကယ်တင်ခဲ့တယ်။ အဲဒီစိတ်က စက်ရုပ်အဖွဲ့အစည်းတစ်ခုလုံးကို ဖြုံသွားစေတယ်၊ စက်ရုပ်လတ်တန်းစားတွေက အမ့်ကို လက်ခံလာကြပြီ။

အစိုးရအထက်ပိုင်းက စက်ရုပ်တွေသာ ဒီကိစ္စအတွက် အမ့်လုပ်ဆောင်ချက်တွေကို သိပ်အသိအမှတ်မပြုသေးတာ။ ဒါ့အပြင် ကျောင်းသားရင်သား မခွဲခြားရေးနေ့ရဲ့ အစဉ်အလာကြီးတဲ့ လက်ဝှေ့ပွဲမှာ အမ့်ကို ဝင်ပြိုင်ခိုင်းရလားဆိုပြီး ပွဲတော်စီစဉ်ရေးအဖွဲ့နဲ့ အတိုက်အခံဖြစ်နေသေးတယ်။

ပွဲတော်စီစဉ်ရေးအဖွဲ့ကလည်း ဒီနေ့ အမ့်ရဲ့လုပ်ဆောင်ချက်ကြောင့် ပြန်ခံငြင်းအားရှိလာတယ်။ ကျောင်းသားရင်သားနေ့ဆိုတဲ့အတိုင်း ခွဲခြားမှု၊ ကျဉ်းမြောင်းသင့်ကြောင်း ရဲရဲရင့်ရင့် ပြန်ခံငြင်းလာပါတယ်၊ သေချာတာတော့ မနက်ဖြန် သတင်းစာတွေ သိပ်ရောင်းကောင်းတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ချလက်ခနဲ မော့စကီးက အမ့်ကို ဓာတ်ပုံရိုက်လိုက်ပြန်တယ်။

"ငါအကြိုက်ဆုံးကတော့ မင်း ဂုတ်နဲ့စက်ရုပ်ကလေးမလေးကို ရေကူးပြီး သွားကယ်တဲ့နေရာပဲ။ ငါ့ရင်ထဲ တအား Tempo အတက်ဆုံး ပဲကွာ"

မော့စကီးက ဒီလိုဆိုသလို ဘာမီတွန်ကလည်း . . .

"ဒါ အခြေအနေအရ အားနည်းချက်ဟာ အားသာချက်အသွင် ပြောင်းနေတဲ့အချိန် ကောင်းကောင်းအသုံးချလိုက်နိုင်တဲ့ အစွမ်းကြောင့် ရယ်၊ မင်းစိတ်ထားကောင်းတာရယ်ကြောင့်ပဲ။ ဒါနဲ့ . . . မော့စကီး၊ ခင်ဗျား အင်တာဗျူးမှာဆို ဗျူးလေ"

"မလိုတော့ပါဘူး။ အမ့်ဆီက ဘာစကားမှ မလိုတော့ဘူး။ အလုပ်နဲ့ သက်သေပြပြီးပြီ။ ကင်မရာထဲမှာလည်း ဘယ်သူမှမရလိုက်တဲ့ ဓာတ်ပုံတွေ အပြည့်ပဲ . . . ဟေ ဟေး။ မင်းကြောင့် ငါ့မဂ္ဂဇင်း တစ်ချက်တည်းနဲ့ ဟိုးဟိုးကျော်တော့မယ်"

"ပင့်ခ်ဝါ ဘာလုပ်နေတာလဲ"

ပင့်ခ်ဝါက လက်ထဲမှာ နှစ်လက်မအရွယ်လောက်ရှိတဲ့ စက်တစ်ခုရဲ့ Screen ပြားလေးပေါ်မှာ လက်ညှိုးနဲ့ ဟိုတောက်ဒီတောက် လုပ်နေတာပါ။

"ကျွန်မ စက်ဘီးကို ခေါ်နေတာပါ။ သူ လမ်းမသိလို့ ဒီကနေ လမ်းပြပေးနေတာပါ"

အလိုအလျောက် သူ့ဘာသာသူနင်းနိုင်ပြီး အဝေးထိန်းစက်နဲ့ အသုံးပြုနိုင်တဲ့ စက်ဘီးကလေးပါ။ ခေါ်လာမနည်းဘူး ပေးရမှာပဲ။

"လာ . . . ထပ်ချီးယားမယ်။ အမ်ဆေးနပ်ဆိုတဲ့ စက်ရုပ် အတွက် . . . ချီးယား"

သူမက စတင်ခွက်မြှောက်ပြီး ချီးယားပြန်တယ်။ အားလုံး မငြင်းနိုင်ပဲ ခွက်ချင်းတိုက်ရပြန်တယ်။



ပင့်ခ်ဝါ မူးနေပါပြီ။ တစ်ချက်တစ်ချက် ခေါင်းက ကျိုးကျနေပြီ။ ဒါပေမဲ့ မျက်လုံးကို ရအောင်ပြန်ဖွင့်ပြီး . . .

"ကဲ . . . ချီးယားကြဦးစို့။ လာ . . . ကိုဂျပု"

"ဘာ ကိုဂျပုလဲ။ ငါ့နာမည် . . . မော့စကီး"

"အင်းပါ . . . ကိုမော့စကီးရယ်၊ ဟိုဘက်က ကိုဘတ္တရီအိုး"

"ထွီ . . . နင့်ကြီးတော်ကြီး ဘတ္တရီအိုးကမှာလား။ ဘာမီတွန်ဟဲ့ . . . ဘာမီတွန်"

သူမ မျက်လုံးမဖွင့်ဘဲ အဟဲလို့ ရယ်ပြပြီး တဂွတ်တည်းနဲ့ ကုန်အောင်သောက်တယ်။

အမ်၊ မော့စကီးနဲ့ ဘာမီတွန်တို့ အချင်းချင်းကြည့်ပြီး ပခုံးတွန့်ရတယ်။ သူမက မျက်လုံးပြန်ဖွင့်လာပြန်တယ်။

"ကဲ . . . လာ . . . ချီးယားကြဦးစို့"

သူမက ခွက်မြှောက်လိုက်ပြန်တယ်။ ဒီအချိန်ပဲ . . .

"ယခု ယာမကာမိုဝဲခြင်းမှာ သတ်မှတ်ထားမှုထက် လွန်ကဲသောအဆင့်သို့ ရောက်ရှိနေပါပြီ။ ဒါကြောင့် ချက်ချင်း လက်ထဲမှခွက်အား ချထားလိုက်ပါရန် သတိပေးအပ်ပါတယ်ရှင် တီ . . . တီ . . တီ"

သူမ လည်ပင်းမှာပတ်ထားတဲ့ အသောက်အစားမိုဝဲမှု ထိန်းချုပ်သတိပေးတဲ့စက်က မြည်တဲ့အသံပါ။ သူမ ချက်ချင်း စက်ကိုဆွဲဖြုတ်ကာ လွှင့်ပစ်လိုက်တော့ ဆိုင်ထဲက စက်ရုပ်တွေ ဝိုင်းကြည့်ကြတယ်။

"လာ . . . ဂရုစိုက်မနေကြနဲ့။ အူကြောင်ကြောင်စက်တွေရဲ့ ထိန်းချုပ်မှုကို ဒီနေ့ လွန်ဆန်ပစ်မယ်။ ဆိုင်ရှေ့မှာလည်း ကျွန်မစက်ဘီးလေးရောက်နေပြီ။ ကျွန်မ ပျော်နေတယ်။ ပင့်ခ်ဝါဝါးရဲ့အပျော်ကို အသိအမှတ်ပြုရင် . . . ချီးယားကြ . . . လာ . . . ချီးယား"

သူမ လက်နဲ့ခွက် လေထဲမြှောက်လိုက်ပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

အားလုံး သူမကို မနိုင်တာမို့ အလျှော့ပဲပေးနေမိတော့တာ ပေါ့။

မကြာပါဘူး။ ဒေါက်ဆိုတဲ့အသံနဲ့ နဖူးနဲ့စားပွဲကို တိုက်သံကြား လိုက်ရပါတော့တယ်။

"ဟိုက် . . . မှောက်သွားပြီ၊ ဒုက္ခပဲ"

အမ် ခေါင်းကုတ်ရပြီ။ ဒီကောင်မလေးနဲ့တော့ ပြဿနာပါပဲ။

"ဘယ်လိုလုပ်ကြမလဲ"

ဘာမီတွန်က ငါမသိဘူးလို့ ခေါင်းရှောင်သလို မော့စကီးက လည်း . . .

"မူးနေတဲ့ ဝန်ကြီးသမီးတစ်ယောက်ကို အိမ်ခေါ်သွားဖို့ ငါ သတ္တိ မရှိ"

ဒီတော့ 'အမ်' သာ ကွဲရပြီပေါ့။

မော့စကီးနဲ့ ဘာမီတွန်က သူမကို စက်ဘီးအနောက် ကယ်ရီယာ ခုံပေါ် တင်ပေးလိုက်တယ်။

"သူ့အိမ်တော့ ပြန်မပို့နဲ့တော့။ လုံခြုံရေးတပ်ဖွဲ့ရဲ့ လေဆာ သေနတ်တွေက မင်းကို အခေါင်းပေါက် ဖြစ်သွားစေလိမ့်မယ်"

"ဟုတ်တယ် . . . မင်းထရန်စဖာအိုးဆီသာ ခေါ်သွားတော့ မောင်"

"သောက် . . . သောက် . . . ဦးမယ် . . . လာ . . . ချီး .. ချီးယား"

မူးပြီး ယောင်ယမ်းနေတဲ့ သူမနှုတ်ခမ်းလေးတွေက ချစ်စရာ လေးပါ။ သူ ဦးထုပ်အဝါလေးကို တည့်အောင်ပြန်ဆောင်းပေးပြီး စက်ဘီး ခြေနင်းပေါ်တင်ထားတဲ့ ခြေထောက်ကို အားနဲ့ဖိပြီး စတင်နင်းလိုက်ပါ တော့တယ်။



လမ်းမှာ သူမ ခဏခဏ တစ်ရေးနိုးနေခဲ့တယ်။

သူ့ကျောပြင်မှာ သူမ ပါးပြင်ကလေးများမှီပြီး လိုက်ပါလာမှန်း သိနေတော့ ရှင်သန်ရခြင်းရဲ့ အဓိပ္ပာယ်ကို နားလည်လာသယောင်။

"အမ် . . . "

"ဟင် . . . "

"စက်ဘီးလက်ကိုင်ပေါ်က အနီခလုတ်ကို သုံးချက်နှိပ်လိုက်"

သူမပြောတဲ့အတိုင်း နှိပ်လိုက်တော့ စက်ဘီးရဲ့ဘေးနှစ်ဘက် က တောင်ပံနှစ်ခု ထွက်လာတယ်။ ပြီးတော့ အမ်နင်းလိုက်တော့ စက်ဘီး ဟာ လေ ဆဲပျံသွားတယ်။

"အဟား . . . မိုက်လှချည်လား"

မိုးပျံရထားလမ်းဘေးက ဖြတ်နင်းတော့ ရထားပေါ်က စက်ရုပ် တွေက ရထားပြတင်းပေါက်ကနေ လှမ်းကြည့်ကြတယ်။ စည်ပင်မသိ အောင် ခိုးဖွင့်နေတဲ့ လေပေါ်အလင်းဆိုင်လေးတွေ ဘေးကနေလည်း ဖြတ်နင်းခဲ့ကြတယ်။ လေထဲမှာပဲ ယာဉ်ရပ်ပြီး အတူရှိနေကြတဲ့ သမီး ရည်းစားစုံတွဲတွေဘေးကလည်း ဖြတ်နင်းတော့ သူတို့နှစ်ယောက်ကို လှမ်း ငေးနေကြတယ်။ သူတို့နှစ်ယောက်ကို မြင်တဲ့သူတိုင်းက သဘောကျ နေသလိုပဲ။

"အမ် . . . လေပေါ်ဥယျာဉ်ကို သွားမယ်"

လေပေါ်၊ မြေပေါ် ရွေ့လျားနိုင်တဲ့ ဥယျာဉ်တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com

အခု ပိတ်ချိန်နီးပြီမို့ ဥယျာဉ်ကို မြေပေါ်ပြန်ချဖို့ ပြင်နေပါပြီ။ ဒါပေမဲ့ သူမကို ဝန်ကြီးသမီးတစ်ယောက်မှန်း သိတာကြောင့်လား၊ အမ်ရဲ့ ဒီနေ့လုပ်ဆောင်ချက်တွေကြောင့်လားမသိ သူတို့ကို ဝင်ကစားခွင့် ပေးခဲ့တယ်။

ကစားကွင်းထဲမှာ သူမ ဒိုင်နိုဆောရုပ်ချားရဟတ်တွေကို စီးတယ်။ သူကတော့ စက်ဘီးပေါ်ကပဲ ငေးကြည့်နေခဲ့တယ်။

ကစားကွင်းထဲက ထွက်ခဲ့တော့ . . .

"လမ်းဘေးမှာ ဗေဒင်သွားမေးရအောင်"

လို့ သူမ ပြောပြန်တယ်။

လမ်းဘေးဗေဒင်ရုံထဲမှာ အကြွေစေ့လေးတွေထည့်ပြီး ပေါက်တတ်ကရမေးခွန်းတွေ မေးကြတယ်။

"အမ် . . . နင့်လက်ပြစမ်း"

အမ် လက်ချောင်းတွေပေါ်က အရေးအကြောင်းအရစ်ကလေးတွေကို သူမ ရေတွက်ကြည့်တယ်။

"၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁"

(၈၁)မှာ ဆုံးသွားတယ်။ ဒါ တခြားဘေးပယောဂများမပါရင် အမ်နေရမယ့်သက်တမ်းပဲ။ အမ့်သက်တမ်းဟာ (၈၁)နှစ်။ ရေတွက်အပြီးမှာ သူမ နှုတ်ခမ်းအပိုင်းသားနဲ့ သူ့ကို ငေးနေတယ်။

"ဘာလို့လဲ"

"ငါ့လက်ချောင်းတွေပေါ်ကိုလည်း ရေကြည့်လိုက်"

သူ သူမလက်ချောင်းလေးတွေပေါ် ရေကြည့်လိုက်တော့ အရစ်ကလေးတွေက (၈၁) ခုတိတိ။ သူတို့နှစ်ယောက် သက်တမ်းအတူတူပေါ့။ သူတို့ဂြိုဟ်မှာ ဒီလို သက်တမ်းတူတဲ့ ဖို၊ မ စက်ရုပ်တွေဟာ ဖူးစာစုံတတ်တယ်လို့ အဆိုစကားရှိတယ်လေ။

အမ့် ရင်ခုန်သံတွေ မီးရှူးမီးပန်းလို ဆန်တက်လင်းဖြာသွားတယ်။ လက်ချောင်းအရစ်ကလေးတွေကို ရေတွက်ရာက ခေါင်းမော့ကြည့်လိုက်တော့ သူမ မူးလို့ ခေါင်းလေးငိုက်နေပြန်တယ်။



စက်ဘီးပေါ်တင်ပြီး ပြန်နင်းခဲ့တယ်။

"အမ် . . . နင် ငါ့ကို ဝန်ကြီးသမီးလို့ ဘယ်တုန်းက သိတာလဲ"

"လမ်းပေါ်မှာလွှင့်နေတဲ့ သတင်းစာအပိုင်းအစတစ်ခုထဲမှာ နင့်မိသားစုဓာတ်ပုံနဲ့ နင့်အကြောင်း နည်းနည်းပါလာခဲ့ဖူးတယ်လေ။ ဒါနဲ့ နင် ဟိုတစ်ခါ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့လုပ်တာကကော ဘာဖြစ်လို့လဲ"

"အဟား . . ."

ရယ်တယ်။ သူ ဒီလိုမေးတာကို သူမ လိုချင်နေခဲ့တာ ကြာခဲ့ပါပြီ။

"တကယ်သတ်သေမလို့ မဟုတ်ပါဘူး။ ရေထဲဆင်းရင် ဘယ်လိုဖြစ်မလဲ တစ်ခါမှမသိသေးလို့ စမ်းကြည့်တာပါ။ နောက်ပြီး စိတ်နည်းနည်းညစ်နေလို့။ ဝန်ကြီးချုပ် အဂီရဲ့သားနဲ့ ငါ့ကို အိမ်က ပေးစားမလို့တဲ့လေ"

"တီတော်ရီနဲ့"

အမ့်ပါးစပ်က ထိတ်လန့်စွာ လွှတ်ခနဲ ထွက်သွားတယ်။

"အင်း . . . နင် သိတယ်ပေါ့လေ"

အမ် ဘာမှမပြောတော့ဘဲ စက်ဘီးကိုပဲ နင်းလာခဲ့တယ်။

လမ်းမှာ နှစ်ယောက်သား သီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုလာကြတယ်။

"မင်း . . . မချစ်ရင်တော့ ကိုယ် ရေထဲခုန်ချလိုက်မှာပဲ။ ဘာမှ မတွေးဘူး။ ရေထဲ တစ်ကိုယ်လုံးမြုပ်ရင်လည်း မင်းနာမည်ပဲ အော်ခေါ်မှာပဲ။ မင်းက တခြားဂြိုဟ်ကလည်း မဟုတ်ဘဲနဲ့။ ငါတို့ ဘာလို့မဖြစ်နိုင်ခဲ့တာလဲ"

"ငါတို့ရှိခဲ့ဖူးတဲ့ လေပေါ်ဥယျာဉ်ထဲက ခုံတန်းလျားလေး မိုးရေတွေကြောင့် လောင်ကျွမ်းပျက်ဆီးသွား"



www.burmeseclassic.com

www.burmeseclassic.com

သီချင်းတစ်ဝက်မှာပဲ သုမ အသံတိတ်လို့ အိပ်ပျော်သွားခဲ့ပါတယ်။

မြို့ပြင်ရောက်တော့ စက်ဘီးလက်ကိုင်ပေါ်က အနှိခလုတ်ကို သုံးခါနှိပ်လိုက်တယ်။

စက်ဘီးက မြေပေါ် အသာအယာ ပြန်ဆင်းသွားတယ်။ မြေနဲ့ စက်ဘီး ဘီးလုံးထိထိချင်းပဲ စက်ဘီးက သူ့တောင်ပံကို စနစ်တကျ သိမ်းသွားတယ်။

ထရန်စဖာအိုးဆီရောက်တော့ သုမကို အထဲမှာအိပ်စေပြီး သူက အင်္ကျီလက်ရှည်တစ်ထည်ယူပြီး အပြင်ခုံတန်းလျားမှာ လှဲလိုက်တယ်။

ဒီအချိန်အနားကို ဂျေအိုင်ရောက်လာတယ်။ ပုံစံက ပြုံးစိစိကြီးနဲ့။

"ဘယ်လိုကြီးလဲဟ အပြုံးကြီးက"

"အေးပေါ့ . . . ပြောအားရှိတော့ ပြောပေါ့"

"အပြုံးကြီးက ပီတိကြီးဖြစ်နေတယ်လို့ ပြောတာ"

"အေးပေါ့ . . . ပြောအားရှိတော့ ပြောပေါ့"

"ဟာ . . . ဘာဖြစ်နေတာတုံး။ စကားကောင်းကောင်းပြောပါဗျ"

"အေးပေါ့ . . . ပြောအားရှိတော့ ပြောပေါ့"

"ဟာ . . ."

အမ် စိတ်လေသွားပုံရတဲ့ ဂျေအိုင်က ထရယ်တယ်။ ပြီးတော့ ထရန်စဖာအိုးဘေးမှာရပ်ထားတဲ့ မိုးပျံစက်ဘီးလေးဆီ လှမ်းကြည့်ရင်း ကောင်လေး မှတ်ထားတဲ့။

"အချစ်မှာ လျှပ်စစ်မရှိဘူး"

တဲ့။

✕ ✕ ✕



အချစ်မှာ လျှပ်စစ်မရှိဘူးတဲ့
တို့ယ် မယုံချင်လိုက်တာ
ကိုယ့်နှလုံးသားလေး
မီးရောင်စုံလင်းနေတာ အလကားမှမဟုတ်ဘဲ
မယုံရင် . . .
မင်းရင်ဘတ်နဲ့ ကိုယ့်ရင်ဘတ်ကို
လာပြီး စမ်းသပ်လှည့်တော့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## (8)

ပင့်ခ်ဝါ နံရံပေါ်က ကဗျာတွေကို အံ့ဩတကြီး ဖတ်နေမိတယ် တစ်ပုဒ်ပြီးတစ်ပုဒ်။ ကောင်းလိုက်တဲ့ အရေးအသားတွေ။ ကြောက် ကောင်းတဲ့ ဖွင့်ဆိုမှုအမျိုးမျိုးတွေ။ ကဗျာတစ်ပုဒ်ဆုံးတိုင်း အောက်မှ လက်မှတ်ထိုးထားတာကိုလည်း တွေ့ရတယ်။

ပင့်ခ်ဝါ ထရန့်စဖာအိုးထဲက ထွက်ခဲ့တယ်။ သစ်ပင်အော က ခုံတန်းလျားမှာ တခေါခေါအိပ်နေတဲ့ အမ့်ကို အမြင်ကတ်ဖွယ်ကော အောင် တွေ့ရတယ်။ သူမ ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်သွ ပြီး အနားရောက်တော့မှ . . .

"ထတော့ MMT-23"

အမ် အိပ်မက်ကောင်းနေရာက လန့်နိုးရတယ်။ အိပ်မှုန်စုံ နဲ့ မျက်လုံးတွေ ပွတ်ရင်း မချိမဆန့်နိုးလာတယ်။ ပင့်ခ်ဝါကိုမြင်မှ . .

"နိုးနေပြီလား"

"ကျွန်မ နိုးနေတာ ကြာပါပြီ MMT-23"

"ဟင် . . . "

အမ် ကြောင်သွားတယ်။ ပျာသွားတယ်။ သွားပြီ . . .

ကောင်မလေး ထရန့်စဖာအိုးအတွင်းနံရံမှာ ကပ်ထားတဲ့ ကဗျာတွေ



တ်မိသွားပြီ။ သူလည်း ညက သတိမရဘဲ သူမကို အဲ့ဒီထဲ စိတ်ချ တ်ချ အိပ်စေခဲ့တယ်။ အခုတော့ . . .

"ပြောစမ်း . . . ရှင့်မှာ လျှို့ဝှက်ထားတာတွေ ဘာရှိသေးလဲ"

"မရှိတော့ပါဘူး။ ငါ MMT-23 ဆိုတာလည်း ဘယ်သူ့မှ ပြောပါနဲ့ကွာ"

"ဟင့်အင်း . . . ကျွန်မက တစ်ဂြိုဟ်လုံးသိအောင် ပြောမလို့။ ှင့်ကိုသာ ကဗျာဆရာ MMT-23 မှန်းသိရင် အားလုံးက ကြိုဆိုကြမှာ ။ ရှင် ဘာကြောက်နေတာလဲ"

"မင်းပြောသလို ဖြစ်လာရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ လာမှာမဟုတ်တဲ့အတွက် ဆိုးလိမ့်မယ်။ အထက်ပိုင်းအစိုးရကို သရော် တဲ့ ကဗျာတွေဆိုတော့ ငါ သံတိုင်တွေကြားရောက်ဖို့လည်း ပိုများ ယ်။ ဒါကြောင့် မင်း . . . ရှူး . . . အိုခေ"

အမ် နှုတ်ခမ်းလက်ညှိုးတေ့ပြီး နှုတ်ပိတ်ထားဖို့ ပြောတယ်။

သူမ သက်ပြင်းတစ်ဝက်နဲ့ နားလည်မိရင်း . . .

"ကိုယ့်ဂြိုဟ်က ပြည်သူတွေရဲ့အစွမ်းကို သေချာမမြင်နိုင်မချင်း ဒီ ဂြိုဟ်အဖွဲ့အစည်း တိုးတက်မှာမဟုတ်ဘူး။ အမ် . . . နင်ဟာ ဂြိုဟ်ရဲ့ အတော်ဆုံးစက်ရုပ်တစ်ယောက်လို့ ငါ တကယ်ယုံတယ်"

သူ ခေါင်းငုံ့မိတယ်။

"ကဲ . . . ကျွန်မ ပြန်တော့မယ်။ အိမ်မှာ ကျွန်မကို ကြိမ်း င်းဖို့ စကားလုံးတွေ အဆင်သင့်နဲ့ ကျွန်မမိဘတွေ စောင့်နေလောက် . . . ဘိုင့် . . . "

သူမ အိတ်ကပ်ထဲက စက်ကလေးကိုထုတ်ပြီး ခလုတ်နှိပ်လိုက် ာ့ သူ့ဆီ သူ့စက်ဘီးကလေး ပြေးလာတယ်။

တောင်ပံဖြန့်စီးနင်းသွားတဲ့ မိုးပျံစက်ဘီးကလေးကို . . . ဟိုး း‌ရောက်တဲ့အထိ သူ ငေးနေမိသား။



www.burmeseclassic.com

www.burmeseclassic.com

လက်ရာမြောက်တဲ့ သလင်းတုံးကလပ်ပေါ်မှာ အရောင်တလက်လက်ပြေးနေတဲ့ လက်နက်တစ်ခု။ သိပ်ကြီးကြီးမားမား အရွယ်အစားတော့မဟုတ်။ သာမန်လက်နှစ်ဖက်ကိုင် ရေဒါပါ လေဆာသေနတ်ပုံစံမျိုးပဲ။ ဒါပေမဲ့ ဒီလက်နက်ကပိုပြီး အရောင်အသွေးမြင်ရရုံနဲ့ အဆမတန်တဲ့ စွမ်းအားတွေ ကိန်းဝပ်နေမှန်း သိသာစေတယ်။

နံရံပေါ်က Screen ပေါ်မှာ လက်နက်ကို ပုံကြီးချဲ့ပြီး မြင်ရတယ်။ သလင်းတုံးကလပ်ဟာ ဖြည်းညှင်းစွာ လည်နေတယ်။ လက်နက်ရဲ့ အသေးစိတ်အားလုံးကို ဖြည်းဖြည်းချင်း ပီပီပြင်ပြင် မြင်နေရတယ်။

လက်နက်ကိုကြည့်ပြီး ဂျေအိုင့်လက်တွေက ကွန်ပျူတာထဲမှာ ဂဏန်းပေါင်းများစွာနဲ့ တွက်ချက်နေတယ်။

"အဲ့ဒါ ဘယ်လက်နက်နဲ့မဆို ယှဉ်နိုင်မယ့် ဂျေအိုင်ရဲ့ လက်နက်လား"

"ဟုတ်တယ် . . . အောင်မြင်သွားရင်ပေါ့။ ဒါပေမဲ့ အခုတော့ လိုအပ်ချက်တွေ ရှိနေသေးတယ်"

ဂျေအိုင် တွက်ချက်မှုရပ်သွားသလို လည်ပတ်နေတဲ့ သလင်းတုံးကလပ်လည်း အလည်ရပ်သွားတယ်။

အမ်ဆေးနပ်နဲ့ ဂျေအိုင် ခဏတ်ခွဲခန်းအလယ်က စားပွဲမှာထိုင် ဖြစ်ကြတယ်။



ဂျေအိုင်က သူ့အတွက် ဘယ်တော့မှ မရိုးသောအရည်ကို တငွတ်ငွတ် သောက်ချနေတယ်။

"ဒါနဲ့ ဂျေအိုင်၊ ကျွန်တော်တို့ ဂြိုဟ်ရဲ့ အရေးကြီးတဲ့အဆောက်အဦးတွေကို ဘာလို့ ရေလယ်မှာထားဆောက်တာလဲ။ ပွဲတော်ကျင်းပတဲ့ ခရုငံ့ တ်ပုံစံအဆောက်အဦးတို့၊ လွှတ်တော်အဆောက်အဦးနဲ့ တခြားအစိုး ရရုံးတချို့ပေါ့။ ပွဲတော်နေ့ကလို အဖြစ်မျိုးဆိုရင် ဒီလို အဆောက်အဦးတွေက အန္တရာယ်များမှန်း သိသာစေတာပဲ။ သူတို့ ဒီလိုတည်ဆောက်ထားတာ အရဲမကိုးလွန်းဘူးလား"

"ဒါက ဒီလိုရှိတယ် . . . ကလေးရဲ့။ ဒါ အားနည်းချက်ကို ဖုံးကွယ်ထားတဲ့သဘောပဲ။ ငါတို့ဂြိုဟ်က ဦးဆောင်သက်ရှိတွေက ရေကြောက်တယ်လေ။ ဒါပေမဲ့ တခြားဂြိုဟ်က သက်ရှိတွေက လာချဉ်းကပ်လေ့လာရင် ရေပေါ်မှာ အဆောက်အဦးတွေ ရှိနေတာကြောင့် ငါတို့ ရေမကြောက်ဘူးလို့ အထင်ရောက်စေအောင်ပေါ့"

"သြော် . . . ဒါဆို ကျွန်တော်တို့ဂြိုဟ်ရဲ့ အားနည်းချက်ကို တခြားဂြိုဟ်က သက်ရှိတွေ သိဖို့မလွယ်တော့ဘူးပေါ့နော်"

ဒီအမေးကိုတော့ ဂျေအိုင်က တန်းမဖြေပါ။ အနည်းငယ် ငြိမ်သက်နေပြီးမှ . . .

"လွန်ခဲ့တဲ့ နှစ်ဆယ်လေးနှစ်က ကမ္ဘာဂြိုဟ်က သက်ရှိတွေနဲ့ ငါတို့ဂြိုဟ်နဲ့ စစ်ဖြစ်ခဲ့တယ်လေ။ အဲ့ဒီတုန်းက သူတို့ ငါတို့အားနည်းချက်ကို သိသွားခဲ့တယ်"

"ဟုတ်လား . . . ဒါဆို အခုနေများ ကမ္ဘာဂြိုဟ်နဲ့ ကျွန်တော်တို့ ဂြိုဟ်စစ်ဖြစ်ရင် အခြေအနေ ဘယ်လိုတွေဖြစ်နိုင်မလဲ"

"ဒါကတော့ နောက်ပိုင်း လက်နက်တီထွင်ရေးအဖွဲ့က စက်ရုပ်တွေ ဘယ်လောက် ဆန်းပြားပြင်းထန်တဲ့ လက်နက်တွေ ထုတ်လုပ်နိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

စကားအဖြစ် မေးမိပေမယ့် အမ့်အတွက် နောက်ဆက်တွဲ ဇာတ်သုတတွေ အများကြီးရခဲ့ပါတယ်။

အမ် လက်ဖွဲ့ပွဲဆီက ဒေါ်လာနှစ်သိန်းကျော် ရခဲ့တယ်။

တစ်သိန်းကို ဂျေအိုင်ရဲ့ ဓာတ်ခွဲခန်း သိပ္ပံအခန်းကျဉ်းကလေး အတွက် လိုရာသုံးဖို့ ဖယ်ထားလိုက်တယ်။ ကျန်ဒေါ်လာတစ်သိန်းကို ဂျီအိုဒဲဆစ် မိဘမဲ့ကျောင်းကို သွားလှူတယ်။

"အမ်ရေ . . . သားသတင်းတွေ ကြားလိုက်တာမှ စုံလို့ပဲ။ မင်းကို စက်ရုပ်တော်တော်များများက ချီးကျူးနေကြတာတော့ အမှန်ပဲ ကွယ်။ ဆရာမ မပြောဘူးလား။ မင်းဆီကို ကံကောင်းခြင်းတွေ လာမှာ ပါလို့။ လမ်းမှာ စက်ချို့ယွင်းလို့ နောက်ကျနေတာပါလို့"

နဂိုကတည်းကမှ သူ့အပေါ် အကောင်းမြင်တတ်တဲ့ ရှာဆွစ် ဟာ အခုချိန်မှာတော့ ချီးကျူးမဆုံးပေါ့။

အမ့်အတွက် ဒီရောဂါဖြစ်ပြီး နောက်ပိုင်းနှစ်တွေထဲမှာ ဒီရက် ပိုင်းဟာ ကံအကောင်းဆုံး ဖြစ်နေပါပြီ။ နေလို့ထိုင်လို့ကောင်းပြီး စိတ် ကြည်လင်နေတယ်။

ဒါပေမဲ့ ညစမ်းစမ်းရောက်ပြီဆိုရင်တော့ သူမနဲ့ ထပ်တွေ့နိုင် မလားဆိုတဲ့စိတ်တွေက ပိုးဖလံကောင်တွေကို သတိရခြင်းမီးညွန့်လေး ထဲ တဖျပ်ဖျပ် ဝင်တိုးနေပါတော့တယ်။

ဂ ဂ ဂ

## (၉)

သူမ ကိုယ့်အခန်းထဲမှာကိုယ် အကျယ်ချုပ်မိနေတယ်။

"ကျော်မကောင်း၊ ကြားမကောင်း ဝဲစားစက်ရုပ်နဲ့ တစ်ညလုံး ဈောက်သွားနေရတယ်လို့။ သူများပြောလို့ သိရတယ်လို့ . . . တောက် ကိုယ့်အဆင့်ကိုယ် မသိဘူး"

"သမီးတို့က သူငယ်ချင်းတွေပါ။ သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ် အောက်မှာ အဆင့်အတန်းဆိုတဲ့ စကားလုံးမျိုး မရှိပါဘူး"

"ဟွန်း . . ."

ဖေဖေ နှာခေါင်းရှုံ့တယ်။ ငယ်ငယ်ကတည်းက ဖေဖေက အလို လိုက်ထားတာကြောင့် ဖေဖေ့ကို ဖေဖေဆိုတာမေ့ပြီး သူငယ်ချင်းလိုပဲ ပြန်ပြောဆိုနေကျမို့ အခု ဖေဖေက နှာခေါင်းရှုံ့တာပဲ ပင့်ခ်ဝါ ဘယ်လို ဆေးမှုကို မခံစားရပါ။ လျှာတောင် မြန်မြန်ထုတ်ပြီး ပြောင်ပြလိုက် သေး။

"သူငယ်ချင်းဖြစ်မယ့်ဖြစ် တီတော်ရီနဲ့ ဖြစ်ပါလား။ ဘာလို့ ဆိုကောင်နဲ့ သွားဖြစ်နေတာလဲ အမြင်မရှိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေကမှ အမြင်နည်းတာ။ သူ့အဖေ ကာကွယ်ရေးဝန်ကြီးချုပ် အဂီက ဝန်ကြီးဘွဲ့ထဲမှာ သမ္မတလောက်နီးနီး ပါဝါမြင့်နေတာနဲ့ ဖေဖေက ကြောက်နေတာမို့လား။ ဖေဖေလည်း ပညာရေးဝန်ကြီးပါ ဖေဖေရဲ့၊ စက်ရုပ်တစ်ယောက်ကို ပညာနဲ့ကြည့်ပါ။ တီတော်ရီဆိုတဲ့ကောင်က လမ်းသရဲ၊ အော့ကြောလန်၊ စိတ်ဓာတ် အဝီစိခေါင်းစိုက် . . . ဖေဖေရဲ့"

"တော်စမ်း . . . တိတ်"

ဖေဖေ့အသံက ပေါက်သွားတယ်။ သူမ စကားက အရှိက်ထိသွားစေတယ် ထင်ပါရဲ့။

ပြီးတော့ ရှုံ့ရှုံ့ရှုံ့ရှုံ့နဲ့ ကရားရေလွှတ် တတွတ်တွတ်ပြောပါတော့တယ်။ မြင့်စေချင်လို့ ဘယ်ပေါ်တင်တာဆိုလားကို ညည်းက ခုန်ချတယ်ဆိုလားရယ်၊ လက်နဲ့ရေးတာကို ခြေနဲ့ ဖျက်တာလားဆိုတာရယ်၊ မိဘမျက်နှာကို အိုးမည်းသုတ်တယ်ဆိုတာရယ်တွေကော ရှုပ်နေတာပဲ။

"ဖေဖေကလည်း တအားလျှောက်ပြောတာပဲ။ ဖေဖေ့မျက်နှာက မည်းပြီးသားကြီးကို။ သမီးက အိုးမည်းသုတ်ပြီး ဘာလုပ်ရမှာလဲလို့"

"တော် . . . တော်တော့ ပင့်ခ်ဝါ"

ဖေဖေ လမ်းမြန်မြန်လျှောက်ပြီး စိတ်ကြီးပြနေတယ်။ ဒီအဖေနဲ့ ဒီသမီးကြား မေမေက ခေါင်းခါတယ်။ သက်ပြင်းချတယ်။ ဒါပဲ လုပ်နေတယ်။ နှစ်ယောက်လုံးကို မနိုင်ဘူးလေ။

ဖေဖေက တစ်ခုခုဆုံးဖြတ်ပြီးသလို မျက်နှာထားနဲ့ ပင့်ခ်ဝါဘက် ပြန်လှည့်လာပြီး . . .

"ပင့်ခ်ဝါ . . . ညည်းက ပေးထားတဲ့လွတ်လပ်ခွင့်နဲ့ မတန်ဘူး။ ဟော့ . . . လာကြစမ်း၊ သူ့ကို အခန်းထဲမှာပိတ် စောင့်ကြည့်ထားကြ။ အခန်းထဲက အရိပ်တောင် ထွက်မလာစေနဲ့"



ဒီလိုနဲ့ ပင့်ခ်ဝါ အကျယ်ချုပ် ဖြစ်ရရှာတာပါ။

ပင့်ခ်ဝါကလည်း မစားမသောက် ဆန္ဒပြပြီး ခေါင်းအုံးကြီးမှောက်နှာအပ်ပြီး တရှုံ့ရှုံ့ငိုကာ ဖေဖေတို့ရက်စက်တယ်လို့လည်း အော်မနေပါ။

စားကောင်းသောက်ကောင်းနဲ့သာ ဉာဏ်ရောင်စုံသုံးလို့ လွတ်လမ်းစဉ် စဉ်းစားနေတာပါ။

www.burmeseclassic.com

"တောက် . . . "

တီတော်ရီရဲ့ ရင်တွင်းဖြစ် တောက်ခေါက်သံ။

သူ ကြားကြားသမျှကို မယုံနိုင်။ မယုံနိုင်တာတွေက ဖြစ်ရပ်မှန်တွေ ဖြစ်တော့ ဒေါသထွက်။

ပွဲတော်မှာ ဂုတ်နဲ့ထိုးသတ်တဲ့ မျက်နှာဖုံးစွပ်က ဝဲစားစက်ရုပ်ဖြစ်နေတယ်။ နောက်ပြီး အဲ့ဒီတစ်ညလုံးလည်း ပင့်ခ်ဝါက အဲ့ဒီဝဲစားစက်ရုပ်နဲ့ အတူရှိနေတယ်တဲ့။ သူ့အသည်းနှလုံးတွေကို လက်ညစ်ပတ်ကြီးနဲ့ ဖျစ်ညှစ်လှုပ်ခါခံရသလို နာလှပါတယ်။

"မင်းတို့ပြောတော့ ဆေးခပ်လိုက်တယ်ဆို။ ဘာလို့ မသေတာလဲ"

လက်ဝှေ့ပွဲမှာ ဒုတိယအချီနားတော့ အမ်သောက်မယ့် အချိုရည်ဘူးမှာ တီတော်ရီရဲ့ နောက်လိုက်ကောင်တွေက ဆေးတချို့ခပ်ခဲ့တယ်။ ဘာမီတွန်က အချိုရည်ဘူးကို ဘေးမှာချထားပြီး အမ့်ကို လက်ရုံးတန်းလို့ အားပေးနေတုန်းက သူတို့ အချိုရည်ဘူးချင်း လဲခဲ့ကြတာပါ။

ဒါပေမဲ့ ထူးဆန်းတဲ့ ဓာတ်ပြုမှုတွေ ကိုယ်တွင်းမှာ ဖြစ်ပေါ်နေတဲ့ အမ့်အတွက် သူတို့ခပ်တဲ့ဆေးဟာ မသေစေနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ တတိယအချီစပြီး မကြာခင်မှာပဲ အမ်တစ်ကိုယ်လုံး အားမရှိတော့သလို ဖြစ်တာ၊ ခေါင်းတွေမူးလာတာ ဒီဆေးကြောင့်ပါပဲ။



"ဒီကောင် သာမန်စက်ရုပ်မဟုတ်ဘူးဆိုတာ ငါတို့ မေ့လို့မှမရဘဲ။ ဒီအချက်ဟာ ငါတို့ကို လုပ်ရကိုင်ရခက်စေတယ်"

"တစ်စဆီဆွဲဖြုတ် အရည်ကျိုပစ်ရင်တော့ သေကောင်းသေနိုင်မှာပါနော်"

တီတော်ရီ အမ့်မျက်နှာကိုမြင်ယောင်ရင်း ပြန်ပြောလိုက်တယ်။ သွေးတွေလည်း ကြွလာတယ်။ လက်တွေ ယားလာတယ်။

စက်ရုပ်တစ်ယောက်က . . .

"တစ်ကွေ့မဟုတ်တစ်ကွေ့တော့ တွေ့မှာပါကွာ"

"ငါ အဲ့ဒီလောက်အထိ အကွေ့တွေဘာတွေ စောင့်မနေနိုင်တော့ဘူး။ ခပ်ဖြောင့်ဖြောင့်ပဲ ဒွဲတွေ့ကြတာပေါ့။ ဒီကောင့်ကိုရှင်းဖို့ ဒီလောက်ခက်လိမ့်မယ်လို့ ငါမယုံဘူး"

"ခွမ်း . . . "

နံရံကိုလှမ်းပစ်လိုက်တဲ့ အရက်ခွက်ရဲ့ ကြွေမွသွားသံ။

"တွေ့ကြပြီပေါ့ . . . ဝဲစားစက်ရုပ်ရာ"



www.burmeseclassic.com

www.burmeseclassic.com

**(10)**

ဆည်းဆာတွေ စီးကျနေတဲ့ ညနေ။

မြို့ပြင်လမ်းမပေါ်မှ မောင်းနှင်သံများ။

အနီရောင် အမိုးပျံအမိုးဖွင့် ယာဉ်တစ်စီးဦးဆောင်ပြီး နောက်လိုက် လျှပ်စစ်ဆိုင်ကယ်ဆယ်စီးကျော်နဲ့ လမ်းသရဲစက်ရုပ်တွေ သွေးကြွကြွ မောင်းနှင်လာတယ်။ ခါတိုင်းလို မူးမူးရူးရူးအော်ဟစ်၊ အပျက်အသွမ်းတွေ ပြောလာကြခြင်းမဟုတ်။ မာကျောစူးစိုက်နေတဲ့ မျက်နှာသွင်ပြင်တွေက ကိစ္စတစ်ခုကို အဆုံးသတ်ပစ်တော့မယ့် ပုံစံမျိုးတွေ။

တီတော်ရီတို့အဖွဲ့ပါ။

"ရှေ့မှာ ဘယ်သူလဲမသိဘူး။ လမ်းအလယ်မှာ လာရပ်နေတယ်"

ခပ်ဝေးဝေးမှုန်ပျပျမှာ စက်ရုပ်တစ်ယောက် လမ်းပေါ်မှာ ပမာမခန့် ရပ်နေတာကို တွေ့ရတယ်။

"ဘာကောင်လဲ . . . သေချင်နေတာလား မသိဘူး"

တီတော်ရီ ကျိန်ဆဲပြီး အရှိန်ပိုမြှင့်မောင်းလိုက်တယ်။ အနီးနားရောက်မှ အဲ့ဒီစက်ရုပ်က စက်ရုပ်မဖြစ်နေပြီး လူးကစ်ဖြစ်နေမှန်းလည်း သိတော့တယ်။ လူးကစ်ဆိုတာ သူငြီးငွေ့လို့ ရှောင်ချင်ခွာချင်နေတဲ့ စက်ရုပ်မပါ။



အခု လူးကစ်က တီတော်ရီရဲ့ ယာဉ်ပြတင်းပေါက်ဆီရောက်လာပြီး မေးထောက်လို့ . . .

"တော်ရီ . . . တို့ကိုရှောင်နေတာ ကြာပြီထင်တယ်နော်"

"အဟင်း . . . တလွဲတွေ ထင်မနေပါနဲ့။ လာ . . . ယာဉ်ပေါ်တက်"

တီတော်ရီ လူးကစ်မတွေ့အောင် မျက်နှာတစ်ချက်ခေါင်းငုံ့မဲ့ပြီး ယာဉ်တံခါး ဖွင့်ပေးလိုက်တယ်။ လူးကစ် ကားပေါ်တက်တယ်။

"အခု ဘယ်သွားမလို့လဲဆိုတာ မင်းသိရင် အံ့ဩသွားမှာ သေချာတယ်"

လူးကစ်က ယာဉ်မောင်းနေတဲ့ တီတော်ရီရဲ့ရင်ဘတ်ကို ပွတ်သပ်ရင်း . . .

"ပြောပါဦး . . . ဘယ်သွားမလို့လဲ"

"မင်းရည်းစားဟောင်းကို သွားအစဖျောက်မလို့"

"ဩော် . . . အခုတလော နာမည်ပြန်ကြီးလာတဲ့ သနားစရာစက်ရုပ်ကောင်လေးလား"

"မင်းအသံထဲမှာ သူ့အပေါ် သနားဓာတ်အပြည့်ပါလား"

"ဟား . . . ဟား . . . အမ်ဆေးနပ် . . . အမ်ဆေးနပ်။ သူဟာ သေချာပေါက် သနားစရာကောင်းတာပါ။ ဒါပေမဲ့ ရှင်ကြိုက်သလို စီစဉ်ပါ။ ကျွန်မက သူ့ကို သိပ်ခိုက်လို့တွဲခဲ့တာမှ မဟုတ်တာ။ အခု ကျွန်မအနားမှာ သိပ်ကောင်းတဲ့ရှင်လည်း ရှိနေပြီပဲ"

"ဗိုးဟိုး . . . မင်းဟာ ငါ့အကြိုက်သိတဲ့ မိန်းမပဲ"

ပါးစပ်က ဒီလိုပြောလိုက်ပေမယ့် တီတော်ရီရဲ့စိတ်ထဲမှာတော့ မင်းဟာ ငါနဲ့ ဘယ်တော့မှ ထိုက်တန်မယ့်မိန်းမ ဖြစ်လာမှာမဟုတ်ဘူး။ အစုတ်ပလုပ်စက်ရုပ်မရဲ့။

မိစ္ဆာပူးနေသလို ယာဉ်တွေကို အုပ်လိုက်ရမ်းကားမြန်ဆန်စွာ မောင်းနှင်နေကြတယ်။

www.burmeseclassic.com

မကြာခင်ပဲ အမ်ဆေးနပ်နေထိုင်ရာ ထရန်စဖာအိုးစုတ်ကြီးဆီ ရောက်ခဲ့ကြတယ်။ တီတော်ရီရဲ့ နောက်လိုက်တစ်ယောက်က . . .

"ဟော့ကောင် . . . ဝဲစား၊ ထွက်ခဲ့စမ်း"

တစ်ယောက်တည်းအော်တာ မရတော့ အုပ်စုလိုက် ခဲတွေနဲ့ ပစ်ပေါက်ပြီး အော်ဟစ်ခေါ်ကြတယ်။ အတန်ကြာအောင် ဆူညံအောင် ခေါ်ပြီးတဲ့အထိ ထွက်မလာတော့မှ . . .

"ဟော့ကောင် . . . ဘွန်ဂေါ၊ မင်း ဝင်ရှာစမ်း"

ဘွန်ဂေါဆိုတဲ့စက်ရုပ် ဝင်ရှာတယ်။ ခဏကြာတော့ ဘွန်ဂေါ ပြန်ထွက်လာတယ်။

"စက်ရုပ်တော့ မတွေ့ဘူး။ စာရွက်ပဲ တွေ့တယ်"

ဘွန်ဂေါပေးလာတဲ့ စက်ရုပ်တွေကို ယာဉ်ပေါ်ကမဆင်းဘဲ တီတော်ရီ ဖြန့်ကြည့်လိုက်တယ်။ ကဗျာစာရွက်တွေ ဖြစ်နေတယ်။ ကဗျာအဆုံးမှာလည်း ကလောင်နာမည် ရေးထားတာကြောင့် တီတော်ရီ ဖတ်ကြည့်လိုက်တယ်။

" . . . . . "

တီတော်ရီ တုန်လှုပ်သွားတယ်။ နှုတ်ခမ်းတွေတောင် ဘာပြောရမှန်းမသိအောင် ယိုင်နဲ့သွားတယ်။ 'MMT-23 က ဝဲစားစက်ရုပ်လား' စိတ်ထဲကတောင် ဒီတစ်ခွန်းပဲ ရေရွတ်နိုင်တော့တယ်။ ကျော်ကြားနေတဲ့ တော်လှန်ကဗျာဆရာတစ်ယောက်။ ဒီကောင်သာ MMT-23 မှန်း ဒီတစ်ဂြိုဟ်လုံးက စက်ရုပ်တွေသာ သိသွားကြရင် ဒီကောင် ပိုနာမည်ကြီးတော့မှာပဲ။ တီတော်ရီ အာရုံထဲ အမ်ဆေးနပ်ကို အပြတ်ရှင်းဖို့ အတွေးတွေ ပိုခိုင်မာလာတယ်။

ဒါပေမဲ့ လောလောဆယ် အမ်ဆေးနပ်ကို ရှာမတွေ့ဖြစ်နေတယ်။

"တီတော်ရီ . . . ဟိုမှာတွေ့ရတဲ့ ဘဲဥပုံစံ အဆောက်အဦးပုပုက ဘယ်သူနေတာလဲ"



"ငါ့အဖေတို့ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ခံ တီထွင်ရေးအဖွဲ့က နှင်ထုတ်ခံထားရတဲ့ ဂျေအိုင်ဆိုတဲ့ စက်ရုပ်အိုကြီးနေတဲ့နေရာ ဖြစ်လိမ့်မယ်"

"ဝဲစားကောင် အဲ့ဒီရောက်နေတာများလား"

တီတော်ရီ များများမစဉ်းစားပါ။ အဲ့ဒီ ဂျေအိုင်ရဲ့ အဆောက်အဦဆီ ယာဉ်ကို ဦးတည်လိုက်တော့တယ်။

အဆောက်အဦးရှေ့ရောက်တော့ အားလုံး တိတ်ဆိတ်နေတယ်။

သူတို့အားလုံးလည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ အဆောက်အဦးလေးထဲ ဝင်ခဲ့တယ်။ အခန်းအဝမှာပဲ စိတ်ပျက်ပျက် ရယ်ချင်ရယ်နိုင်တဲ့ မြင်ကွင်းကို စတင်မြင်ရပါတော့တယ်။ အရက်ပုလင်းတွေ ဖရိုဖရဲကြားမှာ တဖူးဖူးအိပ်နေတဲ့ ဂျေအိုင်ပါ။ ခပ်ကြမ်းကြမ်း တစ်ချက်လောက် ကန်နှိုးရင်တောင် နိုးမယ့်ပုံမပေါ်။ သူတို့ ဂျေအိုင်ကိုကျော်ခွပြီး အထဲဝင်ခဲ့ကြတယ်။

ပုန်းစရာသိပ်မရှိတဲ့ ဒီအခန်းထဲမှာ အမ်ရှိမနေမှန်းတော့ သူတို့သိလိုက်ကြပါပြီ။ ဒါပေမဲ့ သူတို့ အလိုလိုပဲ ချက်ချင်း ပြန်မထွက်ဖြစ်ကြဘူး။ စူးစမ်းချင်စိတ်တွေ ပေါ်နေကြတယ်။

ဂျေအိုင်ရဲ့ ဆန်းပြားတဲ့စက်တွေက သူတို့ကို ညို့ငင်ထားတယ်။ စားပွဲပေါ်မှာလည်း ဆေးရည်ပုလင်းပေါင်းစုံ။ နံရံပေါ်မှာလည်း သူတို့ သိပ်မပြောတတ်တဲ့ သိပ္ပံပစ္စည်းမျိုးစုံကို ထားသိုထားတယ်။ ကွန်ပျူတာတွေထဲမှာလည်း ဂဏန်းတွေ၊ မြေပုံတွေ၊ ဂရပ်မျဉ်းတွေ၊ ရေဒါလိုင်းတွေ တဝီဝီ ပြေးနေတယ်။

စူးစမ်းချင်စိတ်လည်းရှိ၊ တစ်ခုခု သူတို့ကြောင့် မှားယွင်းသွားပြီး အန္တရာယ်ဖြစ်မှာလည်း ကြောက်နဲ့ အလိုလို သတိထားနေကြတယ်။

"အမေ့ . . . "

သတိထားနေတဲ့ကြားက ခလုတ်တိုက်ပြီး စက်ရုပ်တစ်ကောင် ရှေ့ကို လဲကျသွားတယ်။ အဲ့ဒီမှာပဲ အခန်းထောင့်က စားပွဲအောက်က လျှို့ဝှက်ခလုတ်တစ်ခုဆီ လက်နဲ့ သွားထောက်မိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒွိ . . ."

နံရံပေါ်က အံဝှက်တစ်ခု ဘေးနှစ်ဘက်သို့ရွဲပြီး ပွင့်သွားတယ်။

" . . . . . "

အံ့ဩလွန်းမှုနဲ့အတူ အားလုံး နှုတ်ဆိတ်ငေးနေကြတယ်။

တံခါးပွင့်သွားတဲ နံရံအံဝှက်ထဲမှာတော့ သလင်းတုံးကလပ် တစ်ခုပေါ်မှာ တင်ထားတဲ့ ဆန်းပြားလက်နက်တစ်ခုကို တွေ့လိုက်ကြရ ဘယ်။ ကလပ်က ဖြည်းညင်းစွာ လည်နေတယ်။

"ဝှား . . ."

တဖွားဖွားပေါ်ထွက်လာတဲ့ ဆွဲယူမွေ့ပိုက်လိုစိတ်တွေကို တား မရတော့ပါ။ ဘာသတ္တုနဲ့လုပ်ထားတဲ့ လက်နက်မျိုးပါလဲ။ အရောင်တွေ တလက်လက်ပြေးပြီး စွမ်းအားမြင့်ပါဝါတွေ စုဝေးရုန်းကြွနေတယ်။ ဒါ ကို သူတို့စိတ်ထဲမှာ အလိုလိုသိနေတယ်။

လက်နက်ကို မှင်သက်ကြည့်နေလိုက်တာများ အမ်ဆေးနပ်ကို တောင် မေ့နေကြတယ်။

"ဘွန်ဂေါ . . ."

ဘွန်ဂေါကြည့်တော့ တီတော်ရီက . . .

"မင်း . . . အဲ့လက်နက်ကို ယူလိုက်စမ်း"

ဘွန်ဂေါ သူ့ကောင်ကို ခပ်ကြောင်ကြောင် ကြည့်မိသွားတယ်။ ဒါ အန္တရာယ်များတဲ့လမ်းမှ ရှေ့ပြေးလွှတ်တဲ့သဘောပဲ။ ရှေ့မပြေးချင် လို့ နောက်ဆုတ်လည်း မဖြစ်ပြန်တာမို့ ဘွန်ဂေါ ကြောက်ကြောက် လန့်လန့်နဲ့ပဲ ရှေ့တိုးသွားတယ်။

ကလပ်ပေါ်ကလက်နက်ကို တွန့်တွန့်ဆုတ်ဆုတ်နဲ့ မ,ယူလိုက် တယ်။ လက်နက်ကို ကိုင်ရတာနဲ့တင် ဘွန်ဂေါ အရသာတစ်မျိုး ရှိနေ တယ်။

"ပေးစမ်း . . . ငါ့ကို"

အန္တရာယ်မရှိတာသေချာမှ တီတော်ရီက ဆွဲယူလိုက်တယ်။

"ဟား . . . ဟား . . . ဒီလက်နက်ကို အရင်စူးစမ်းရမယ်"



တီတော်ရီတို့အဖွဲ့ ဈေးအိုင့်သိပ္ပံခန်းလေးထဲက ထွက်ခဲ့ကြတယ်။ မြို့ပြင်တစ်နေရာ စက်ရုပ်အသွားအလာမရှိတဲ့ နေရာရောက်မှ ရပ်လိုက် ကြတယ်။

ယာဉ်ပေါ်ကဆင်း၊ လက်နက်ကိုပွတ်သပ်လို့ တီတော်ရီ သဘောကျနေတယ်။

"ဟား . . . ဟား . . . ဟား . . . ဟိုအဘိုးကြီးက ရင်ခုန်စွဲ မက်ဖွယ်ကောင်းအောင် တီထွင်ထားတာပါလား"

"တီတော်ရီ . . . မင်း စမ်းပစ်ကြည့်ပါလား"

"ဟုတ်တယ် . . . လက်နက် ဘယ်လောက်ထိစွမ်းလဲ ကြည့် ကြည့်ရအောင်"

"ဟား . . . ဟား . . . အားလုံးသိချင်မှတော့ ငါ ဆောင်ရွက် ပေးရတော့မှာပေါ့"

တီတော်ရီ လက်နက်ကို ခပ်ဝေးဝေးက သစ်ပင်တစ်ပင်ဆီကို ချိန်ရွယ်လိုက်တယ်။ မျက်စိတစ်ဖက်မှိတ်ပြီး အချိန်ကြာမြင့်အောင် သေ ချာချိန်ရွယ်နေတယ်။ သူ့လက်ညှိုးနဲ့ ခလုတ်နဲ့ ထိတွေ့ရပြီ။ လက်ညှိုး ကို အားအနည်းငယ်ထည့်ပြီး ကွေးလိုက်ရုံပဲ ကျန်တော့တယ်။ သူ ရင်ခုန် နေတယ်။ စိတ်ထဲကနေ တစ်၊ နှစ်၊ သုံး ရေတွက်ပြီး လက်ညှိုးကို ပိုင်ပိုင် နိုင်နိုင် ကွေးချလိုက်ပါတော့တယ်။

"ရှီ . . ."

ကျည်ဆန်ရဲ့အသံက အဟုန်ပြင်းပြင်းနဲ့ ဆန်းဆန်းကြယ်ကြယ် ရှိလှတယ်။ ကျည်ဆန်က ရောင်ခြည်အလင်းလုံးတစ်ခုပဲ။ တီတော်ရီ ချိန်ရွယ်ပစ်လွှတ်လိုက်တဲ့ သစ်ပင်ကို သွားမှန်တယ်။ ရှဲခနဲအသံမြည် ပြီး သစ်ပင်ပျောက်ထွက်သွားတယ်။

"ဟာ . . ."

သူတို့ သစ်ပင်နေရာကို ပြေးကြည့်ကြတယ်။ လုံးဝ ပြောက် သေ့ပြားဝပ်ကာ ပျောက်ကွယ်သွားတဲ့သစ်ပင်။ ပျောက်သွားတာမှ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ ဘယ်တုန်းကမှ သစ်ပင်မရှိခဲ့ဖူးသလိုမျိုး။ သူတို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်လုံးတွေ အပြူးသားနဲ့ ခြောက်ခြား နေကြတယ်။

"တီတော်ရီ . . . ဟိုမှာ . . ."

တစ်ယောက်ကညွှန်ပြတော့ အားလုံး ကြည့်လိုက်ကြပြန်တယ်။ လက်နက်ကထွက်သွားတဲ့ ရောင်ခြည်အလင်းလုံးဟာ သစ်ပင်ကို တိုက်စားအမှုန့်ချေပစ်ရုံနဲ့ မပျောက်ကွယ်သွားဘဲ ဆက်လက်ရှိန်နှုန်းမြင့်ပြေး နေတယ်။ လေထဲမှာပဲ ရောင်ခြည်အလင်းလုံးဟာ ပိုမိုပြန့်ကားကြီးမား လာသလိုလည်း မြင်ရတယ်။ နောက်ပြီး ရောင်ခြည်အလင်းတန်း ဦးတည် သွားနေတာက မြို့ထဲဆီ။

"သောက်ပြဿနာပဲ"

တီတော်ရီ ဒီတစ်ခုပဲ အံကြိတ်ရွတ်နိုင်တော့တယ်။ ပြီးတော့ ဟိုး အဝေးမြို့ထဲက မြင်ကွင်းကိုမြင်ပြီး ကြက်သေ ပြန်သေသွားတယ်။

"ဝုန်း . . . "

ခနဲ လောင်ကျွမ်းပေါက်ကွဲသွားသံကြီး။

မြို့လယ်က လွှတ်တော်အဆောက်အဦးရဲ့ ထိပ်ဆုံးအထပ်တွေ ကို ဝင်တိုက်ပြီး ပေါက်ကွဲသွားတာ။ လွှတ်တော် အဆောက်အဦးတစ်ခု ထဲလား။ မဟုတ်။ မြို့ထဲက အမြင့်ဆုံး ကုန်တိုက်တာဝါကြီးကိုလည်း ဝင်တိုက်ပေါက်ကွဲစေခဲ့ပြီ။ နောက်ထပ် မိုးပျံရထားလမ်းတွေ၊ နောက် ထပ် မိုးမျှော် အဓိပတိအဆောက်အဦးတွေ။ နောက်ထပ် . . . နောက် ထပ် . . . . နောက်ထပ်။

ကျည်ဆန်ရောင်ခြည်အလင်းလုံး အဝေးဆုံးအဝေးဆုံးသို့ ဝေး ကာ မျက်လုံးနဲ့ မမြင်နိုင်တော့တဲ့အချိန်အထိ တီတော်ရီတို့ လှမ်းကြည့် နေမိပေါ့။



## (11)

မြေပြင်မှနေ ပန်းကန်ပြားပျံတွေ အလျားလိုက်တက်သွားသံများ၊ တရှီရှီနဲ့ သွေးကြွဖွယ် ဒါမှမဟုတ် ချောက်ချားဖွယ်။

အနက်ရောင်အကာအကွယ်ဝတ်ရုံများ၊ အနက်ရောင် သတ္တု ခေါင်းစွပ်များနဲ့ ကာကွယ်ရေးတပ်ဖွဲ့က စက်ရုပ်စစ်သားတွေ ယောက် ယက်ခတ်နေကြတယ်။

ရာချီတန်းစီနေတဲ့ စက်ရုပ်စစ်သားတွေရှေ့မှာ စက်ရုပ်စစ်ဗိုလ် တစ်ယောက်။ သူက လေသံထန်ထန်နဲ့ . . .

"အားလုံး ဒီအမည်မသိလက်နက်ရဲ့ စတင်ရာကို ရှာဖွေထောက် လှမ်းပြီး တရားခံကို ဖမ်းဆီးကြ။ နောက်ပြီး လက်နက်ရဲ့ လားရာအတိုင်း လိုက်လံပြီး လက်နက်ကို ဖြိုခွင်းကြ။ မသင်္ကာသူတွေ့ရင် ချက်ချင်း ဖမ်းချုပ်၊ ကွေဆာအကျဉ်းထောင်ကို ပို့။ ကဲ . . . ဆက်လုပ်"

"ဟုတ် . . . "

ယာဉ်ပျံတွေ အဆောက်အဦးများရဲ့ မီးတောက်တွေကြားထဲက ဖြတ်ပျံသန်းလာပုံကိုကြည့်ပြီး စက်ရုပ်ပြည်သူတွေ ရင်ဘတ်လက်ဖိလို့ ပေါ့။

မည်သည့်ပြည်သူမျှ စစ်ကို လိုလားဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com

**(12)**

မြို့စွန်လမ်းကြားလေးတွေထဲဆီ လမ်းနဲ့မဆန့်အောင်ဘဲ လှော် စစ်ဆိုင်ကယ်တွေ အုပ်လိုက်၊ သွေးရူးသွေးတန်း မောင်းနှင်လာတယ်။ တီတော်ရီကလည်း သူ့ အနီရောင်အမိုးဖွင့်ယာဉ်ရဲ့ မောင်းနှင်တံကို ကျစ်ကျစ်ပါအောင်ဆုပ်လို့ အရှိန်ကုန် လွှင့်ထားတယ်။

ဒါ သေရေးရှင်ရေးပဲ။ မြို့ကို မီးလောင်တိုက်သွင်းတာ သူတို့ မှန်းသိလို့ကတော့ ဘယ်သူမှ ကယ်နိုင်မှာမဟုတ်ဘူး။ ကာကွယ်ရေးအဖွဲ့ က စက်ရုပ်တွေ နေရာအနှံ့ ပိုက်စိပ်တိုက်လိုက်ရှာနေတယ်ဆိုတာလည်း သူတို့ သိပြီးပြီ။ မြို့ထဲက သူ့အပေါင်းအပါတစ်ကောင် လှမ်းအကြောင်း ကြားလို့ မြို့ထဲက ဖြစ်ပျက်သမျှသတင်းတွေကို သိခဲ့ပြီးပြီ။

တီတော်ရီ သူ့ဘေးမှာ တစ်ပါတည်းယူဆောင်လာမိတဲ့ လက် နက်ဆန်းကြီးကိုလည်း ချောက်ချောက်ချားချား ကြည့်နေသေးတယ်။ ဘယ်လိုလက်နက်ပါလိမ့်။ စကြာဝဠာတစ်ခုလုံးကိုများ ဒုက္ခပေးနိုင်တဲ့ လက်နက်လား၊ ဒီလက်နက်ကို ဘယ်လိုဖျောက်ဖျက်ရမှာလဲ။

မောင်းနှင်ရင်းနဲ့ပဲ တီတော်ရီရဲ့ယာဉ်ဘေးကို လျှပ်စီးဆိုင်ကယ် တစ်စီး တိုးကပ်လာတယ်။ ဆိုင်ကယ်ပေါ်က စက်ရုပ်က . . .



"တီတော်ရီ . . . ခုနက ငါတို့ဖြတ်ခဲ့တဲ့လမ်းချိုးမှာ စက်ရုပ် တစ်ယောက်ကို ကျော်ဖြတ်မောင်းနှင်လာခဲ့တယ်လေ။ အဲ့ဒါ ဝဲစားစက်ရုပ် တွေ"

"ဟင် . . . "

"ငါတို့ ရှေ့ကိုလောနေလို့ သတိမထားမိခဲ့တာ။ ငါ လည်ပြန် လှည့်ကြည့်လိုက်တော့ ဟုတ်တယ်။ အဲ့ဒီကောင် ဝဲစားစက်ရုပ် အမ်ဆေး ပဲ"

" . . . . . "

ဝဲစားစက်ရုပ်ဆိုတဲ့ အသံကြားတော့ တီတော်ရီရဲ့မျက်လုံးအစုံ မှိန်းကြုတ်မှေးစင်းသွားတယ်။ သူ့ဘေးက လက်နက်ဆန်းကြီးကို တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ အဲ့ဒီလက်နက်ဘေးက လူးကာ့ကို ကြည့်တယ်။

ယာဉ်ကို တုံ့ခနဲ ထိုးရပ်ပစ်တယ်။ နောက်လိုက်ဆိုင်ကယ်တွေ လည်း အတူတူပဲ တုံ့ခနဲ ရပ်တန့်သွားတယ်။

တီတော်ရီ လူးကစ်ကို သေသေချာချာ စေ့စေ့ကြည့်နေတယ်။

လူးကစ်ကလည်း ပြန်ကြည့်တယ်။

"လူးကစ် . . . မင်း ကိုယ့်ကို တစ်ခုလောက်ကူညီရမယ်"

လူးကစ် အေးဆေးစွာ ခေါင်းညိတ်ပြတယ်။

"ဘာကူညီရမှာလဲ"

အဟင်း . . . ။



www.burmeseclassic.com

www.burmeseclassic.com

လျှပ်စီးဆိုင်ကယ်တွေ ဘေးနားက ပွတ်ကပ်ပြီး အသားကုန် မောင်းနှင်လာကြလို့ အမ် လမ်းဘေးခုန်ရှောင်ကာ မလှုပ်မယှက် ရပ်နေရသေးတယ်။ ပြီးမှ မောင်းနှင်သွားကြတဲ့ယာဉ်တွေဆီ လှမ်းကြည့်လိုက်ပြီး တီတော်ရီတို့အဖွဲ့ပဲနေမှာပါလို့ ခန့်မှန်းမိတယ်။ ဘာလို့ ဒီလောက် မောင်းနေတာပါလိမ့်။ ခါတိုင်းထက်တောင် ဒုန်းဆိုင်းအောင်မောင်းနေကြတဲ့ သူတို့ကို အမ် ခဏ ထူးဆန်းမိသေးတယ်လေ။

မြို့ထဲမှာ ဘာတွေဖြစ်နေမှန်း အမ် မသိသေးပါဘူး။ မြို့စွန်လမ်းတွေဆီရောက်နေတော့ လတ်တလော သတင်းတွေနဲ့ ဝေးနေတယ်။ ပြီးတော့လည်း စိတ်က တစ်စုံတစ်ယောက်ဆီသာ ရောက်ရောက်နေတော့ ကျန်တာတွေ သတိမထားမိဘူးလေ။

ဘေးဘီဝန်းကျင်အနံ့ကို မျှော်လင့်တကြီး ငေးရှာရင်း လမ်းပေါ်မှာ လျှောက်နေခဲ့တယ်။ ရက်တွေလည်း ကြာလှပြီ။ သူရှိရာကို ကိုယ်လိုက်သွားဖို့မှ မဖြစ်နိုင်တာ။ ဒါကြောင့်လည်း ဘာကတိမှ မပေးခဲ့ပေမယ့် ကိုယ်ရှိရာကိုပဲ သူပြန်လာမယ်လို့ မျှော်လင့်နေခဲ့တာ။ ပြန်လာရအောင် သူနဲ့မင်းနဲ့က ဘာဆိုင်လို့လဲ။ ဒီလိုသာ တစ်ယောက်ယောက်ကများ ပစ်ပစ်ခါခါဝင်မေးရင် စိတ်မကောင်းဖြစ်ရမှာပဲ။ ဘာမှမဆိုင်သူရဲ့ သတိရခြင်းကို ဘယ်သူမှ အသိအမှတ် မပြုခဲ့ဘူးလား။



"ငါ သတိရတယ် . . . ပင့်ခ်ဝါရယ်"

ဒီလို ရေရွတ်မိတဲ့အချိန်ပဲ ရှေ့မှာတွေ့လိုက်ရတယ်။ ပင့်ခ်ဝါကို မဟုတ်ပါဘူး။ မတွေ့ချင်တဲ့သူကို တွေ့လိုက်ရတာပါ။

အမ် နောက်အမြန်ပြန်လှည့်ပြီး တခြားလမ်းက ပြန်ဖို့ပြင်တော့–

"အမ် . . ."

လူးကစ်က ခေါ်သံနဲ့ လှမ်းတားဆီးလိုက်တယ်။

အမ် ခြေလှမ်းကို ရပ်လိုက်ပါတယ်။ လူးကစ်က သူ့အနီးနားလျှောက်တယ်။ ပြီး သူ့ရှေ့ထိရောက်လာပြီး ခြေစုံရပ်တယ်။

"စိမ်းကားလှချည်လား . . . အမ်ရယ်"

အမ့်ဘက်က ဘာမှပြန်မပြော။ တစ်ချက်ကြည့်ပြီး မျက်လွှာအောက်ချလိုက်တယ်။

"တို့ကို စေ့စေ့တောင် မကြည့်ချင်တော့ဘူးလား။ တို့က အမ်ရဲ့ ငယ်ရည်းစားလေ။ ဘာလဲ အခု ကောင်းသတင်းနဲ့ နာမည်ပြန်ကြီးလာလို့ တို့နဲ့ပတ်သက်ခဲ့တဲ့အတိတ်ကို အသိအမှတ် မပြုချင်တော့ဘူးလား"

အမ် စဉ်းစားသင့်လို့ စဉ်းစားနေတယ်။ အခု သူ ဘာလို့ ရှေ့ရောက်လာပြီး ဒီလိုစကားတွေ ပြောနေရတာလဲ ဆိုတာကိုပေါ့။

ဒီအချိန်ပဲ လူးကစ်ရဲ့ လက်နှစ်ဖက်က သူ့ပခုံးတစ်ဖက်တစ်ချက်ဆီ ရောက်လာတယ်။ ပွတ်သပ်မှုနဲ့အတူ ရီဝေစွာ ကြည့်လာတယ်။

"ဟို့ကို ကြည့်ပါဦး။ တို့ အရင်လို အခြေအနေမျိုး ပြန်နေရအောင်"

"ငါ တောင်းပန်ပါတယ်။ အခု ငါ့ဘဝနဲ့ငါ နေတတ်အသားကျနေပါပြီ။ မင်းနဲ့ငါ တစ်ယောက်ကိုတစ်ယောက် အလိုမရှိသင့်တော့ပါဘူး"

အမ့်ဘက်က ပထမဆုံးစကား။ လူးကစ်က မာယာရှေ့ရှောနဲ့ အမ့်မျက်လုံးတွေဆီ ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို မဆုံးဖြတ်ပါနဲ့ကွာ။ တို့ ကတိပေးတယ်။ တို့ မင်း အနားမှာပဲ ရှိတော့မယ်လို့။ တို့နှုတ်ခမ်းနီတွေလည်း မင်းအတွက်ပဲ ဖျက် ဆေးရမယ်ကွာ"

ပြောပြောဆိုဆိုပဲ လူးကစ် မျက်နှာကခုန်ပြီး အမ့်မျက်နှာဆီ ကပ် လာတယ်။ အမ် အလျင်အမြန်ပဲ တွန်းထုတ်လိုက်တယ်။

အဲဒီအချိန်ပဲ . . .

"ဒုတ် . . ."

ခနဲ အသံနဲ့အတူ အမ့်တစ်ကိုယ်လုံး မူးဝေသွားတယ်။

ပြီးတော့ ခွေခနဲ လဲကျသွားတာပဲ။ သူ ဘာမှမသိတော့။

မေ့မျောသွားတဲ့ သူ့ခန္ဓာကိုယ်ကို လူးကစ် ဒေါက်ဖိနပ်လုလုနဲ့ ကျော်ခွပြီး မောင်ရိပ်ထဲက တခြားစက်ရုပ်ရဲ့လည်ပင်းကို သိုင်းဖက်လိုက် ပါတယ်။



တစ်ခေါင်းလုံး ထုပ္ပလေးလံနေတယ်လို့ သူ ခံစားမိတယ်။ သူ့ မျက်လုံးတွေလည်း အပ်နဲ့ပဲ ချုပ်ထားသလို ဖွင့်ရခက်နေတယ်။ အား တင်းပြီး ဖြန်းခနဲဖွင့်လိုက်တော့ အလင်းတန်းစူးစူးတွေ မျက်လုံးထဲ တိုးဝင် လာတယ်။

သူ ချက်ချင်း ပြန်မှိတ်မိသေး။ လက်တစ်ဖက်ထောက်ပြီး လဲနေရာ က ထိုင်လိုက်တယ်။ ပြီးမှ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြန် ကြည့်လိုက်တော့ သူ့ကို ဝန်းရံထားတဲ့ ပန်းကန်ပြားပျံတွေကို တွေ့လိုက် ရတယ်။ သူ့ကို မျက်စိကျိန်းသွားစေတဲ့ စူးရှတဲ့ အလင်းတန်းတွေဟာ အဲဒီဝန်းရံနေတဲ့ ပန်းကန်ပြားပျံတွေရဲ့ စလိုက်မီးတွေပါ။

"အမ်ဆေးနပ် ဘာမှမတုံ့ပြန်ဘဲ အေးအေးဆေးဆေး အဖမ်း ခံပါ"

အမ် အခုမှ သတိပြန်ရလာလာချင်း ဘာတွေနဲ့ ကြုံနေရမှန်း မသိ။ အရာရာကို နားမလည်။

"လက်ထဲက လက်နက်ကိုချပြီး အေးဆေးအဖမ်းခံပါ"

ယာဉ်ပျံတစ်ခုဆီက သူ့ကို ထပ်မံအမိန့်ပေး ညွှန်ကြားနေပြန် တယ်။

ဘာလက်နက်ကို ချခိုင်းတာလဲ။

အမ် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မှ လက်ထဲမှာ လက်နက် တစ်ခုကိုင်ထားလျက် ရှိနေတာကို သိလိုက်ရတယ်။ ပိုအံ့ဩဖို့ကောင်းတာက



www.burmeseclassic.com

www.burmeseclassic.com

ကျေအိုင်ရဲ့ ဓာတ်ခွဲခန်းထဲက ကျေအိုင်ထွင်လက်စ လက်နက်ဆန်းကြီး ဖြစ်နေတာကိုပဲ။

အမ် ယောင်ယမ်းပြီး လက်နက်ကို တွန်းထုတ်လိုက်မိတယ်။ လက်နက် မြေပေါ်ခပ်ဝေးဝေးကို ကျသွားတယ်ဆိုရင် ဘယ်တုန်းက ရှောင်းနေမှန်းမသိတဲ့ စက်ရုပ်စစ်သားတစ်ယောက်က သေနတ်ဒင်နဲ့ ပြေးဝင်ဆောင့်ပါတော့တယ်။

"အ . . ."

အမ် ဒုတိယအကြိမ် မေ့မျောသွားရပြန်တယ်။

* * *



## (13)

"အမည်မသိဆန်းကြယ်တဲ့ လက်နက်ဒဏ်ကြောင့် လွှတ်တော်အဆောက်အဦး ထိခိုက်ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် မြို့အလယ်က ကုန်တိုက်တာဝါလည်း ပေါက်ကွဲလောင်ကျွမ်းခဲ့ပြီး မိုးပျံရထားလမ်းတွေလည်း ပျက်ဆီးခဲ့ပါတယ်။ နောက်ထပ် အဆောက်အဦးပေါင်းများစွာလည်း ပျက်ဆီးခဲ့ပါတယ်။ စက်ရုပ်ပေါင်း (၅၀၀)ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရသူ စက်ရုပ်ပေါင်းလည်း ထောင်ချီနေပါပြီ။ ငွေကြေးအရလည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ရိုဘော့ဒေါ်လာ တစ်ဆယ်ဘီလီယံကျော်ရှိပြီလို့ ခန့်မှန်းရပါတယ်။

အခုချိန်မှာတော့ လက်နက်ဆန်းနဲ့အတူ တရားခံကို ဖမ်းဆီးရမိခဲ့ပါပြီရှင်။ ရိုဘော့ဂြိုဟ် စံတော်ချိန် [3:00AM] မှာ ဖမ်းဆီးရမိတာဖြစ်ပါတယ်။ တရားခံကတော့ မထင်မှတ်စရာ ကောင်းလွန်းသူတစ်ယောက်ပါပဲ။ လတ်တလောမှာ နာမည်ပြန်ကြီးလာတဲ့ ဝဲစားစက်ရုပ် အမ်ဆေးနပ်ပဲ ဖြစ်ပါတယ်ရှင်။

ဒီလို ရက်စက်စွာပြုမူခဲ့တဲ့ အမ်ဆေးနပ်ကို ကွေဆာအကျဉ်းထောင်မှာ ယာယီထားရှိပြီး မကြာခင် တရားရုံးမှာ စစ်ဆေးတော့မှာ ဖြစ်ပါတယ်ရှင်၊



www.burmeseclassic.com

www.burmeseclassic.com

ရိုဘော့ဂိုဟ် ချန်နယ် (511) မှ သတင်းပေးပို့ခြင်း ဖြစ်ပါတယ်ရှင်"

သတင်းကိုကြည့်ရင်း ပင့်ခ်ဝါ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနဲ့ ချွေးစေးတွေ ထွက်လာတယ်။

"ဘာတွေဖြစ်ကုန်တာလဲ"

T.V ဖန်သားပြင်ထဲမှာ အမ်က လက်ထိတ်တန်းလန်းနဲ့။ သူမဟုတ်ကြောင်း အကြောက်အကန် ငြင်းနေတဲ့ပုံနဲ့။ ကွေ့ဆာထောင်ဘူး၀ထဲ အတင်းဆွဲသွင်းခံနေရပုံ။

ပြီးတော့ မြို့ထဲမှာ ပျက်စီးခဲ့သမျှတွေကိုလည်း ရိုက်ပြနေတယ်။ မြင်ရတာ စိတ်မချမ်းမြေ့စရာ။

ဒါပေမဲ့ ဒါတွေက အမ်လုပ်တာ မဖြစ်နိုင်။ အမ်ရဲ့စိတ်ထားကို သူမ ခံစားရတယ်။ အမ်က ဥက္ကာပျံဘေးဒုက္ခရောက်တုန်းကတောင် စက်ရုပ်ပေါင်းများစွာကို အသက်စွန့်ကယ်တင်ခဲ့သေးတာပဲ။ ဒါကြောင့် ဒီကြားထဲမှာ တစ်ခုခုလွဲနေမှန်း ပင့်ခ်ဝါ တန်းတွေးမိတယ်။ အမ့်ကို လက်ထိတ်ခတ်ကြီးနဲ့မြင်လိုက်ရတာမို့ ပင့်ခ်ဝါ ရင်တွေပူသွားတယ်။

ပင့်ခ်ဝါ စိတ်အေးအေးထားလို့ စဉ်းစားဆက်စပ်နေရတယ်။ လက်နက်ဆန်း၊ ဟုတ်တယ်။ အဲ့ဒီ လက်နက်ဆန်းဟာ အမ့်လက်ထဲရောက်နေတာမှန်ရင် အဲ့ဒီလက်နက်ဟာ ဘယ်ကလာတာလဲ။ တစ်ခုပဲရှိတယ်။ အဲ့ဒီလက်နက်ဆန်းက အမ်နေတဲ့နေရာရဲ့ အနီးက ဂျေအိုင်ဆိုတဲ့ ခိုးသမားစက်ရုပ်ကြီး ထွင်ခဲ့တဲ့ဟာပဲဖြစ်မယ်။ ဒီအထင်သာမှန်ခဲ့ရင် ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲဆိုတာကို ဂျေအိုင်ဆီက အကြောင်းအရင်း ရမယ်။ ဒါဆို အမ့်ကို ကယ်နိုင်မယ်။

ဒါပေမဲ့ အခု အမ့်ကိုကယ်ဖို့နေနေသာသာ သူကိုယ်တိုင်တောင် အခန်းထဲမှာ ပိတ်ခံထားတယ်။ ဒါပေမဲ့ ပင့်ခ်ဝါဝါးပါ။ ဘယ်လို အခတ်အခဲမဆို ဖြေရှင်းဖို့ အဆင်သင့်ပါ။



အခု နံနက်ရှစ်နာရီရှိပြီ။ မကြာခင် နံနက်စာလာပို့မယ့် **ဒေါ်လီ** ဆိုတဲ့ အိမ်ဖော်စက်ရုပ်မကြီး လာလိမ့်မယ်။ အဲ့ဒီအချိန်ကို **အကောင်း**ဆုံးအခွင့်အရေးလို့ သတ်မှတ်ပြီး လှုပ်ရှားရမှာပဲ။

အိတ်ကပ်ထဲကိုလည်း သူမ လက်နှိုက်လိုက်တယ်။ **Screen** အပြားလေးတစ်ခုကို ဆုပ်ကိုင်မိတယ်။ သူမ ပြုံးတယ်။

(၁၅) မိနစ်ခန့် ကြာပြီးနောက်မှာတော့ . . .

"ဒေါက် . . . ဒေါက် . . ."

တံခါးခေါက်သံနဲ့အတူ . . .

"ပင့်ခ်ဝါဝါလေး . . . ဒေါ်လီ နံနက်စာလာပို့တာပါ။ ဝင်ခဲ့မယ်နော်"

"ဝင်ခဲ့ . . . ဝင်ခဲ့ . . . "

ဝဝဖိုင့်ဖိုင့် အိမ်ဖော်စက်ရုပ်မကြီး နံနက်စာသယ်လာတဲ့ လင်ပန်းနဲ့အတူ တင်ပါးအလုံးကြီးတွေ တလှုပ်လှုပ်နဲ့ ဝင်လာတယ်။

"ဟဲ့ . . . ပလုပ်တုပ်"

အဝင်ဝမှာပဲ ချော်လဲပါတော့တယ်။ ဖွမ်းခနဲ လက်က လင်ပန်းကြီးလည်း လွတ်ကျသွားတယ်။

"ဟဲ . . . ဟဲ . . . ဆောရီးနော် . . . ဒေါ်လီ။ ပြန်ရောက်မှ သေချာတောင်းပန်တော့မယ်။ တာ့ . . . တာ့ . . . "

ပင့်ခ်ဝါ ခြေထိုးခံလိုက်လို့ ဒေါ်လီ လဲကျသွားတာပါ။ ပင့်ခ်ဝါ အခန်းအပြင်ကို အမြန်ပြေးထွက်လိုက်တယ်။ ခုနက နံနက်စာ လင်ပန်းမှောက်ကျသွားသံကြောင့်လားမသိ အစောင့်တွေ အပေါ်ထပ် ပြေးတက်လာတယ်။ ပင့်ခ်ဝါကို တွေ့သွားတယ်။

"ဟာ . . . ဟိုမှာ ပင့်ခ်ဝါ ထွက်ပြေးဖို့ကြံနေပြီ"

ပြေးတက်လာတဲ့ အစောင့်တွေကို တွေ့ကရာပစ္စည်းတွေနဲ့ ကောက်ပေါက်ပြီး တခြားလှေကားဘက်က လှည့်ပြေးတယ်။ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ထဲ စိန်ပြေးလိုက်တမ်း ကစားသလိုဖြစ်နေတယ်။ ပြေးရင်း သူမ အိတ်ထဲက Screen ပြားလေးကို လက်ညှိုးနဲ့ တဘောက်ဘောက် ထောက်နေတယ်။

ဒီလိုနဲ့ တစ်နေရာမှာတော့ ပင့်ခ်ဝါ ဆက်ပြေးစရာမရှိတော့ဘဲ ချောင်ပိတ်သွားတယ်။ ဆက်ပြေးစရာဆိုလို့ ကျောအနောက်ဘက်မှာ ပြတင်းပေါက်ပဲ ရှိတော့တယ်။

"အဟင်း . . . ပင့်ခ်ဝါ ပြေးလို့မရတော့ဘူး"

"စိတ်တော့မကောင်းပါဘူး . . . ပင့်ခ်ဝါလေးရယ်။ ဆရာက အမိန့်ထုတ်ထားတော့ အပြင်ထွက်ခိုင်းလို့ မဖြစ်လို့ပါ"

အစောင့်စက်ရုပ်တွေက ဒီလိုပြောတော့ ပင့်ခ်ဝါ မဲ့ရမယ့်အစား သူတို့ကို ပြုံးပြီးကြည့်ကာ . . .

"ရှင်တို့လို တာဝန်ကျေချင်တဲ့စက်ရုပ်တွေ ရထားတာမို့ ကျွန်မ အဖေ ကံကောင်းပါတယ်။ ဒါပေမဲ့ ရှင်တို့ ကျွန်မကို ဖမ်းမိနိုင်မှာမဟုတ်တာတော့ ဝမ်းနည်းပါတယ်ရှင်"

ပြောပြောဆိုဆိုပဲ ကျောအနောက်ဘက် ပြတင်းပေါက်ကနေ သူမ ခုန်ချပစ်လိုက်တယ်။

"ဟာ . . ."

အစောင့်စက်ရုပ်တွေ ပျာသွားတယ်။

အထပ်မြင့်အိမ်ကြီးရဲ့ အပေါ်ထပ်ကနေ ခုန်ချလိုက်တဲ့ စက်ရုပ်တစ်ယောက်ဟာ မလွဲမသွေ တစ်စစီဖြစ်သွားမှာပဲ။

ဒါပေမဲ့ အစောင့်စက်ရုပ်တွေ ပြတင်းပေါက်ဆီပြေးသွားကာ အမြန် ခေါင်းထုတ်ကြည့်လိုက်တော့ ပင့်ခ်ဝါကို သူ့မိုးပျံစက်ဘီးကလေးနဲ့အတူ တွေ့လိုက်ရပါတယ်။ ပင့်ခ်ဝါက သူ့ရဲ့ အဝေးထိန်းစက်လေးနဲ့ တဘောက်ဘောက် ညွှန်ကြားပြီး သူ့စက်ဘီးလေးကို ခေါ်လိုက်တာလေ။ ပြီးတော့ ဒီပြတင်းပေါက်အောက်နားလေးကနေ အသင့်စောင့်စေခိုင်းခဲ့တာလေ။



အခုတော့ ပင့်ခ်ဝါ အလိုအလျောက် သူ့ဘာသာသူ နင်းနိုင်တဲ့ မိုးပျံစက်ဘီးလေးပေါ်မှာ ကျကျနန ထိုင်လျက်ပါ။ သူမ အစောင့်စက်ရုပ်တွေကို လက်ပြနှုတ်ဆက်ပြီး အမြန်နင်းထွက်ခဲ့တော့တယ်။

"ဘိုင့် . . ."



www.burmeseclassic.com

www.burmeseclassic.com

ဂျေအိုင်ရဲ့ ဘဲဥပုံအဆောက်အဦးလေးဆီရောက်တော့ ကထ ဆရာ ဘာမီတွန်နဲ့ သတင်းထောက်မော့စကီးတို့ကို တွေ့လိုက်ရတယ်။ သူတို့လည်း ခုမှ ရောက်လာတာပါပဲ။ အချိန်ကိုက်ပဲ။

သူတို့ ပင့်ခ်ဝါကိုတွေ့တော့ အားတက်သွားသလို ပင့်ခ်ဝါလည်း အဲ့ဒီလိုပဲ ခံစားလိုက်ရတယ်။ အားလုံး ဒီနေရာကို အမ့်အတွက် ရော လာကြမှန်း အလိုလို သိလိုက်ကြတယ်။

အဆောက်အဦးထဲဝင်တော့ ကွန်ပျူတာတစ်ခုရှေ့မှာ အလု ရှုပ်နေတဲ့ ဂျေအိုင့်ကို တွေ့လိုက်ရတယ်။ လက်ချောင်းတွေက ကမန်း တန်း ကွန်ပျူတာ ခလုတ်တွေပေါ်မှာ ပြေးလွှားနေတယ်။ ရောက်ရော ချင်းပဲ ဘာမီတွန်က . . .

“ဂျေအိုင် . . . အမ့်ကိစ္စ ဘယ်လိုဖြစ်တာလဲ”

အမေးကို ဂျေအိုင် ခေါင်းခါတယ်။

“သေချာ မသိဘူး။ လက်နက်ကတော့ ငါ့တီထွင်ဆဲလက်န ပဲ။ တီထွင်ရင်းနဲ့ ငါကိုယ်တိုင် ထိန်းချုပ်ရခက်နေလို့ ခဏနားထား လက်နက်ပဲ။ ဒါပေမဲ့ ဒီလက်နက်ကို ငါမသိအောင် အမ်ယူသွားတ မဟုတ်ဘူး။ ပြီးတော့ အဲ့ဒီလက်နက်နဲ့ မြို့ထဲက အဆောက်အဦး ကို ဖျက်ဆီးခဲ့တာလဲ အမ် လုံးဝမဟုတ်နိုင်ဘူး”

“ဒါဆို ဘယ်သူလဲ”



“အဲ့ဒါတော့ မသိဘူး။ ငါမှူးနေတုန်း အဲ့ဒီလက်နက်ကို စက်ရုပ်တစ်စု ယူသွားကြတယ်။ ငါ ခြေရာလက်ရာတချို့ ရှာတွေ့တယ်။ ဒါပေမဲ့ ရှာတွေ့သလောက် သဲလွန်စလောက်နဲ့ တရားခံဘယ်သူတွေလည်း မပြောနိုင်သေးဘူး။ အဲ့ဒီတရားခံတွေကို မိရင်တော့ အမ့်ကို လွတ်အောင် ကယ်နိုင်မှာပဲ”

“ဒါဆို မြန်မြန်လုပ်လေ။ အမ်က ထောင်ထဲရောက်နေပြီ”

ပင့်ခ်ဝါက သွေးဆူဆူနဲ့ ပြောတယ်။

ဂျေအိုင့်မျက်နှာက လေးနက်နေတယ်။

“အမ် ထောင်ထဲရောက်တာ ဆိုးဝါးတဲ့ကိစ္စပဲ။ ဒါပေမဲ့ အဲ့ဒါထက် အရေးကြီးတာတွေက ရှိနေခဲ့ပြီ။ ဒီမှာကြည့်ကြ”

ဂျေအိုင်က သူ့လက်ညှိုးကြီးနဲ့ ချောက်ချောက်ချားချား ညွှန်ပြလိုက်တယ်။

ဂျေအိုင်ညွှန်ပြတဲ့ ကွန်ပျူတာထဲကို ဘာမီတွန်၊ မော့စကီးနဲ့၊ ပင့်ခ်ဝါတို့ ကြည့်လိုက်ကြတယ်။

လည်ပတ်နေတဲ့ ဂြိုဟ်တစ်ခု။ အဲ့ဒါ ရီဘော့ဂြိုဟ်ရဲ့ပုံပါ။ နောက် အဲ့ဒီဂြိုဟ်ဆီဦးတည်ပြီး လာနေတဲ့ လင်းလိုက်မှိန်လိုက်ပြနေတဲ့ အနီရောင် အစက်အပြောက်များစွာကို တွေ့ရတယ်။ သူတို့ တရွေ့ရွေ့လာနေကြတယ်။

“ဘာကိုဆိုလိုတာလဲ . . . ဂျေအိုင်။ ကျွန်တော်တို့ မသိဘူး။ နားမလည်ဘူး”

ဂျေအိုင် တစ်ခွန်းတည်း တစ်လုံးချင်း ပြောလိုက်ပါတော့တယ်။

“မကြာခင် စစ် ဖြစ် တော့ မယ်”

“ဗျာ . . . ”

“ဟင် . . . ”

“ . . . . ”



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့လေထုနဲ့ မနီးမဝေးမှာရှိတဲ့ အာကာသစခန်းများက တိုက် ခိုက်ရေးယာဉ်ပျံတွေအားလုံးနဲ့ နောက်ထပ် ကမ္ဘာမြေပြင်က ထပ်ဆင့် အင်အားတိုးမြှင့်ပေးလိုက်တဲ့ တိုက်ခိုက်ရေးယာဉ်ပျံတွေ အားလုံးအာကာသ ထဲမှာ ပေါင်းစုံပြီး ရှိဘော့ဂြိုဟ်ဆီ ချီတက်လာခဲ့ကြပါတယ်။

အာကာသတိုက်ခိုက်ရေးယာဉ်မှူး ပီတာဦးဆောင်တဲ့ ယာဉ်ပျံ တွေဟာ အာကာသထဲ တရကြမ်း စီးမျောမောင်းနှင်နေကြပါတယ်။ ကမ္ဘာမြေပြင်ကလည်း ယာဉ်ပျံတွေ အဆက်မပြတ် တစ်နာရီခြား တစ်သုတ် ထပ်ထပ်လွှတ်တင်ပေးနေတယ်။

ပီတာဟာ အသက်လေးဆယ်ကျော်ကျော်အရွယ် ယောက်ျား ပီသတဲ့ လူတစ်ဦးပါ။ ကြံ့ခိုင်တဲ့ ခန္ဓာကိုယ်နဲ့အတူ တိုက်ခိုက်ရေးဝတ်စုံ ကို ချပ်ရပ်တောင့်တင်းစွာ ဝတ်ဆင်ထားတယ်။ မျက်နှာက မေးရိုးခိုင်ခိုင် နဲ့ ယောကျ်ားဆန်တဲ့ အမွေးအမျှင်တချို့နဲ့ပါ။

အခု သူ့မျက်နှာဟာ ငြိမ်သက်နေတယ်။ သူ့မျက်လုံးတွေက တစ်ခုခုဆီ လွင့်လွင့်မျောမျော တွေးတောနေသလိုပဲ။ သူ့မျက်နှာပေါ်မှာ ခံစားမှုအရောင်တွေ တရိပ်ရိပ် ဖြတ်ပြေးနေတယ်။ ဟိုး . . . ဆီက တဖြည်းဖြည်း နီးကပ်စွာ မြင်မြင်လာရပြီဖြစ်တဲ့ ရှိဘော့ဂြိုဟ်ကို မမှိတ် မသုန် ကြည့်နေသေးတယ်။ ကြည့်နေရင်းနဲ့ သူ့မျက်လုံးဟာ စိုစွတ် လာခဲ့တယ်။



သူ့ဘေးက လက်အောက်ငယ်သားမသိအောင်ဘဲ ငွေ့ရည်ဖွဲ့စ ပြီးနေတဲ့ မျက်လုံးထောင့်စွန်းကို လက်ကိုင်ပဝါနဲ့ သုတ်လိုက်တယ်။ ပြီး မှ ချောင်းတစ်ချက်ဟန့်ပြီး . . .

"ရောက်ဖို့ ဘယ်လောက်လိုသေးလဲ"

"(၁) နာရီ၊ (၁၆)မိနစ်နဲ့ (၁၃)စက္ကန့် လိုဦးမယ် ဆရာ"

"ဒါဆို တခြားယာဉ်တွေဆီ သတင်းပို့လိုက်။ သိန်းငှက်တောင်ပံ ဖြန့်ဗျူဟာနဲ့ ဂြိုဟ်ထဲ စဝင်မယ်လို့"

"ဟုတ်ကဲ့ . . . ဆရာ"

လက်အောက်ငယ်သားက ဆက်သွယ်ရေးစက်ကို ခလုတ်နှိပ် လိုက်ပြီး တခြားယာဉ်တွေဆီ ထပ်ဆင့်ညွှန်ကြားနေစဉ်ပဲ သူ ယာဉ်နောက် ခန်းဘက်ထဲ ထွက်ခဲ့တယ်။

အခန်းလွတ်တစ်ခုရှေ့ရောက်တော့ ဘေးဘီကို လူသူရှင်းမရှင်း တစ်ချက် အကဲခတ်ပြီး စိတ်ချရမှ အခန်းတံခါးကိုဖွင့်ပြီး ဝင်ခဲ့တယ်။ ပြီးတော့ အိတ်ကပ်ထဲက တစ်စုံတစ်ရာကို နှိုက်ယူလိုက်တယ်။ ဓာတ်ပုံ တစ်ပုံပါ။ ဓာတ်ပုံဟောင်းတစ်ပုံ။ ဟင့်အင်း . . . ဟောင်းရုံတင်မက အိုး စုတ်ပြဲသေးတယ်။ ဒါပေမဲ့ စုတ်ပြဲထားတယ်ဆိုတာထက် ရည်ရွယ် ချက်ရှိရှိ ဆုပ်ဖြဲထားတာ ဖြစ်လိမ့်မယ်။ ဓာတ်ပုံက နည်းနည်း ညီညီ ညာညာ ပြဲနေတယ်လေ။

သူ အဲ့ဒီဓာတ်ပုံအပြဲလေးကို တစိမ့်စိမ့်ကြည့်နေတယ်။ ပြီးတော့ သက်တွေ တုန်လာတယ်။ နှုတ်ခမ်းတွေ မေးစေ့တွေကော တုန်ယင်လာ တယ်။ နောက်ဆုံး မျက်ရည်တွေပါ တုန်တုန်ခါခါ ကျဆင်းလာပါတော့ တယ်။ ခံစားမှုကို မထိန်းချုပ်နိုင်တော့တာမို့ ဆောင့်ကြောင့်ထိုင်ချမိပြီး ဒူးကြီးတငင် အသံထွက် ငိုချလိုက်ပါတော့တယ်။

တခြားဂြိုဟ်ကို စစ်ဆင်မယ့် အာကာသယာဉ်စခန်းမှူးကြီးက ချောင်တစ်ချောင်မှာ ရှိုက်ကြီးတငင် ငိုကျွေးနေတာဟာ ထူးဆန်းမနေ ဘူးလား။ တကယ်ဆို ဒီအချိန်မှာ ကွန်ပျူတာထဲကမြေပုံမှာ ကျက်ညိုး



www.burmeseclassic.com

www.burmeseclassic.com

တထောက်ထောက်ဖြစ်နေရမှာ၊ ဆက်သွယ်ရေးကိရိယာကနေ အမိန့်တွေ တသွင်သွင်ပေးနေရမှာ မဟုတ်ပါလား။ အခုတော့ . . . သနားစရာကောင်းအောင် ငိုရှိုက်နေတယ်။

ဓာတ်ပုံကိုကြည့်လိုက်၊ နမ်းလိုက်၊ ငိုလိုက်နဲ့။

နောက်ဆုံး မျက်ရည်စတွေသုတ်လိုက်ပြီးမှ ဓာတ်ပုံကိုကြည့်ပြီး သူ ရေရွတ်တယ်။

"အေမီရယ် . . . "

တဲ့။

သူ့ရင်ထဲက အကြွင်းမဲ့သော နာမည်လေးတစ်လုံး။



"ဘာစစ်လဲဗျ"

"ဂြိုဟ်တွင်းစစ်လောက်တောင် မဟုတ်ဘူး။ လွန်ခဲ့တဲ့ (၂၄)နှစ်လောက်ကဖြစ်ခဲ့တဲ့ တိုက်ပွဲထက်တောင် ပြင်းထန်မယ့် အာကာသစစ်ပွဲပဲ။ အခု ကွန်ပျူတာထဲမှာ မြင်နေရတဲ့ အနီအမြောက်တွေက ကမ္ဘာဂြိုဟ်က ချီတက်လာတဲ့ အာကာသသုံး စစ်ယာဉ်ပျံတွေပဲ"

"ဟင် . . ."

ဘာမီတွန်၊ မော့စကီးနဲ့၊ ပင့်ခ်ဝါတို့သုံးဦး ကြောင်နေတယ်။ ဂျေအိုင်က ခလုတ်တစ်ခုနှိပ်လိုက်တော့ ကွန်ပျူတာထဲက မြင်ကွင်းက နံရံပေါ်က Screen ပြင်ပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် လာပေါ်နေတယ်။

မော့စကီးတို့ ဉာဏ်မမီသေးတာမို့ ဂျေအိုင်ပြောတာတွေကို နားမလည်သေး။

"ဂျေအိုင် . . . မူးတော့ မူးမနေပါဘူးနော်။ ကမ္ဘာဂြိုဟ်က ကျွန်တော်တို့ဂြိုဟ်ကို ဘာလို့လာတိုက်ရမှာလဲ"

ပင့်ခ်ဝါလည်း သိပ်နားမလည်သေးတာမို့ မယုံချင်မှုများနေတယ်။ ဂျေအိုင်က ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ပြီးမှ အားလုံးကို ချွတ်ကျလက်ကျ ရှင်းပြတော့တယ်။

"မင်းတို့နားလည်အောင် အရင်ဆုံး ငါထွင်ခဲ့တဲ့ အဲ့ဒီလက်နက်အကြောင်းကိုလည်း နည်းနည်းပြန်ပြောရတော့မယ်။ အဲ့ဒီလက်နက်က

www.burmeseclassic.com

နေထုတ်လွှတ်မယ့် ရောင်ခြည်ကို ငါ မတည့်တဲ့ဓာတ်တွေ မတော်တဆ ပေါင်းမိရာကနေ ရရှိခဲ့တာပဲ။ သူ့ရဲ့ လောင်ကျွမ်းပေါက်ကွဲမှုနှုန်းအား အရှိန်ရသလောက် တောက်လောင်မှု ပြင်းထန်လာလေပဲ။ ဘယ်လောက်ကြီးမားတဲ့ အဆောက်အဦးတွေ၊ တောင်တန်းတွေနဲ့ ဝင်တိုက်ထိမှန်ပါစေ အရှိန်လျော့သွားမှာမဟုတ်ဘူး။ ရပ်လည်း မရပ်တန့်သွားမှာ မဟုတ်ဘူး။ ဘာမဆို ထိုးဝင်ပေါက်ကွဲပစ်ပြီး လားရာအတိုင်း အတိုင်းအဆမရှိ ဆက်သွားနေမှာပဲ"

"ဟား . . . ဆန်းကြယ်ပြီး ကြောက်ဖို့ကောင်းလိုက်တာ"

"ပြီးတော့ နောက်ထပ်ကြောက်ဖို့ကောင်းတာက အမြန်နှုန်း။ သူ့အမြန်နှုန်းကို ငါကိုယ်တိုင် အတိအကျ မတွက်ချက်နိုင်သေးဘူး။ ရွေ့လျားရင်းနဲ့ ပိုပြီးပိုပြီး အရှိန်ရလာတဲ့ အဲ့ဒီရောင်ခြည်ဟာ နောက်ဆုံးသာမန်စက်ရုပ်မျက်လုံးနဲ့တောင် မြင်နိုင်တော့မှာမဟုတ်အောင် မြန်ဆန်သွားလိမ့်မယ်။ ပြီးတော့ ရွေ့လျားရင်းနဲ့ပဲ သူ့ဘာသာသူ ဓာတ်ပြုလောင်ကျွမ်းမှုနဲ့အတူ ရောင်ခြည်အလင်းလုံးဟာ သတ္တဝါတစ်ကောင်ကြီးထွားလာသလိုမျိုး ဖွံ့ဖြိုးကြီးထွားလာလိမ့်မယ်"

"အကြီးမားဆုံး အန္တရာယ်ပေးနိုင်တဲ့ လက်နက်ဆန်းကြီးပါလား"

"ဟုတ်တယ် . . . ။ သိပ်ကြောက်ဖို့ကောင်းတဲ့ အမြန်နှုန်းနဲ့ ပေါက်ကွဲမှုနှုန်းကို ပိုင်ဆိုင်ထားတဲ့ လက်နက်ကပဲ။ အဲ့ဒီလက်နက်ထွက်သွားတဲ့ ရောင်ခြည်အလင်းလုံးဟာ မနေ့ညနေ (၅)နာရီလောက်ကနေ မြို့ကိုဖြတ်လို့ အာကာသထဲရောက်ရှိသွားပြီး နံနက်(၂)နာရီလောက်မှာတော့ ကမ္ဘာဂြိုဟ်အထိ ရောက်ရှိသွားခဲ့ပြီး အဲ့ဒီဂြိုဟ်က လူလို့အမည်ရှိတဲ့ ဂြိုဟ်သားတွေနဲ့ သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ဒုက္ခပေးတော့မပေါ့"

" . . . "



အဆိုးရွားဆုံးအန္တရာယ် တွေ့နေရပါပြီ။ ဂျေအိုင့်ရှင်းပြချက်တွေကို သူတို့ ယုံကြည်ပါပြီ။ ဒီလောက်ကြီးမားတဲ့ ပြဿနာမျိုးရဲ့စတင်ရာက ဒီဓာတ်ခွဲခန်းလေးထဲက ,ဖိုးသမားစက်ရုပ်ကြီး တီထွင်ခဲ့တာလို့ ကမ္ဘာဂြိုဟ်ကလူတွေ ဘယ်လိုမှ တွေးမိမယ် မထင်ပါဘူး။

"ကမ္ဘာဂြိုဟ်ထိ ရောက်သွားမယ်ဆိုတာ သေချာရဲ့လား"

"အသေအချာပဲ။ လက်နက်သွားလမ်းကြောင်းအရကော၊ ငါ့တွက်ချက်မှုအရကောနဲ့ ကိုးဆယ်ရာခိုင်နှုန်း သေချာတယ်။ ကျန်တဲ့တစ်ဆယ်ရာခိုင်နှုန်းက အခုလာနေတဲ့ ကမ္ဘာဂြိုဟ်က ယာဉ်ပျံတွေပဲပေါ့။ သူတို့ဂြိုဟ်ကို တိုက်ခိုက်တယ်လို့ အထင်လွဲပြီး ငါတို့ဂြိုဟ်ကို ဖြိုခွင်းဖို့လာနေကြပြီ"

မော့စကီး ကြောက်ချေးတွေပျံပြီး မေ့လဲမတတ် ဖြစ်သွားတယ်။ ဘာမီတွန်လည်း ဖင်ထိုင်လဲကျသွားမိတယ်။ ပင့်ခ်ဝါ နောက်ကို အလိုလိုလှမ်းဆုတ်ကာ အသက်မဲ့စွာ နံရံဆီ မှီလိုက်တယ်။ ဘာမှလည်း မပြောနိုင်ကြတော့ဘူး။ ဆွံ့အတိတ်ဆိတ်သွားကြပေါ့။

သူတို့ သွေးပျက်သွားကြခြင်းပါ။

ခဏနေမှ ပင့်ခ်ဝါ သတိပြန်ဝင်လာတယ်။ မေးခွန်းတချို့က်လည်း ပြန်စဉ်းစားလာမိတယ်။

"ဂျေအိုင် . . . အဲ့ဒီ ဒုက္ခပေးနေတဲ့ ရောင်ခြည်အလင်းလုံးကြီးကို ဘယ်လိုဖျက်ဆီးရမှာလဲ"

"အဲ့ဒီလက်နက် ပြန်ရမှပဲ ဖျက်ဆီးလို့ရမယ်။ လက်နက်နဲ့ လက်နက်ထဲကထွက်သွားတဲ့ ကျည်ဆန်အလင်းတန်းရောင်ခြည်နဲ့က ဆက်သွယ်မှု အမြဲတမ်းရှိနေတယ်။ အခု အဲ့ဒီလက်နက်ကို အမ့်ကိုယ်ပေါ်ကရာတွေ့ပြီး ကာကွယ်ရေးဌာနက သိမ်းဆည်းထားတယ်လို့ သတင်းကြေညာတဲ့အထဲမှာ ငါ ကြည့်လိုက်ရတယ်။ သူတို့ ငါ့ကိုယုံကြည်ပြီး အဲ့ဒီလက်နက်ကို ခဏပြန်ပေးနိုင်ရင် အဲ့ဒီရောင်ခြည်အလင်းလုံးကို ငါနှိမ်ချုပ်ဖျက်ဆီးနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ကျွန်မတို့ ကာကွယ်ရေးဝန်ကြီးဌာနကို သွားသင့်တယ်။ ဒါမှ အခု ကမ္ဘာဂြိုဟ်ပေါ်မှာ အဲ့ဒီရောင်ခြည်တန်းကြီး ဆက်ဒုက္ခမပေးနိုင်တော့မှာ"

"မလွယ်ဘူး။ အခုချိန် ကာကွယ်ရေးဝန်ကြီးဌာန အာရုံစိုက်မှာက အခုလာနေတဲ့ ကမ္ဘာဂြိုဟ်က ယာဉ်ပျံတွေကို တိုက်ခိုက်ဖို့ပဲ။ ငါတို့ စကားတွေကိုလည်း အဲ့ဒီ ဉာဏ်တုံးကောင်တွေက ယုံမှာမဟုတ်ဘူး"

"ဒါဆို ကျွန်မတို့ ဘာလုပ်ရမှာလဲ"

"ကိုယ့်အိမ်ကိုယ်ပြန်ပြီး ကိုယ့်မိသားစုနဲ့ကိုယ် စစ်ဘေးလွတ်ရာမှာ ပုန်းနေဖို့ပဲ မင်းတို့ ကြိုးစားသင့်တယ်"

ဂျေအိုင့်စကားက လက်တွေ့ဆန်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ကိုယ်လွတ်ရန်းရုံ လက်တွေ့လောက်ကို ပင့်ခ်ဝါ ငြင်းချင်တယ်။ အမ်လွတ်ဖို့အတွက်လည်း ကြံချင်တယ်။ စစ်ပွဲရပ်တန့်ဖို့အတွက်လည်း တစ်ခုခုဖြစ်ဖြစ် ကြိုးစားကြည့်ချင်သေးတယ်။

"ကျွတ် . . . အဲ့ဒီလက်နက်ကို ဘယ်သူကခိုးယူပြီး လက်ဆော့လိုက်တာတုံး။ ဂျေအိုင်စက်တွေကလည်း ဂြိုဟ်အပြင်က ယာဉ်တွေထိအောင် ဂြိုဟ်တုစနစ်တွေ ဘာတွေနဲ့ လှမ်းပုံရိပ်ဖမ်းနိုင်၊ အချက်အလက်တွေယူနိုင်ပြီး ကိုယ့်အခန်းထဲဝင်သွားတဲ့ သူခိုးကျ မသိနိုင်ဘူးတဲ့လား"

"အဟင်း . . . "

ဂျေအိုင် စိတ်ပျက်ပျက် ရယ်မိသား။

"ဒါတော့ . . . ဟုတ်တယ်။ ငါ့အပြစ်ပဲ။ CCTV လေးတောင် ငါ မတပ်ထားမိဘူး။ ငါ့လို ဖိုးသမားကြီးရဲ့အိမ်ထဲ ဘယ်သူမှလည်း ခိုးဝင်ဖို့ စိတ်မဝင်စားလောက်ဘူးလို့ ထင်ခဲ့တာလေ"

ဒီအချိန်ပဲ နံရံကပ် Screen ထဲက တတီတီ မြည်လာတယ်။



"ငါ Alarm ပေးထားတာ။ ကမ္ဘာဂြိုဟ်ရဲ့ယာဉ်ပျံတွေ ငါတို့ဂြိုဟ်ရောက်ဖို့ အချိန်(၁)နာရီပဲ လိုတော့တယ်လို့ အချက်ပြတာပေါ့"

စစ်ပွဲဖြစ်ရန် တစ်နာရီအလိုပေါ့။

Screen ပေါ်မှာ ယာဉ်ပျံတွေကို အနီးကပ် ဖမ်းယူကြည့်လို့ ရနေပြီဖြစ်ကြောင်း ထပ်မံအချက်ပြနေတယ်။ ဂျေအိုင် စားပွဲပေါ်က ကွန်ပျူတာခလုပ်တွေကို နှိပ်လိုက်တယ်။

ယာဉ်ပျံတပ်စုများစွာကို ပီပီပြင်ပြင် ကြက်သီးထဖွယ် တွေ့ရပြီ။ ဘာပဲဖြစ်ဖြစ် ဒီထက်ဆိုးရင်တောင် ဒီထက် မဆိုးနိုင်တော့ပါလေ။

ပင့်ခ်ဝါက . . .

"စစ်ဆိုတာ ညှီနံ့နံ့တဲ့ စိတ်ဒဏ်ရာတစ်ခုကို သက်ရှိအားလုံးရဲ့ ရင်ထဲ ကျဲချလိုက်တဲ့အရာပဲ"

ဘာမီတွန်က . . .

"စစ်ဆိုတာ သွေးနဲ့မျက်ရည် ဆတူရောပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ယစ်ပူဇော်တဲ့ သက်ရှိတွေရဲ့ စက်ဆုတ်စရာ ယဉ်ကျေးမှုပဲ"

မော့စကီးက . . .

"ငါကတော့ စစ်ဆိုတာ မျက်လုံးတွေကို ကိုယ့်ဘာသာကိုယ်ဆိုးဖောက်ပြီး စုံလုံးကန်းတော့မှ မဖြစ်နိုင်တဲ့ အကြမ်းဖက်နည်းနဲ့ အလင်းရောင်ကိုပြန်ရှာချင်တဲ့ လုပ်ရပ်ပဲလို့ထင်တယ်"

သူတို့ တစ်ယောက်တစ်မျိုး မကြာခင်ကျရောက်တော့မယ့်စစ်အပေါ် အဓိပ္ပာယ်ဖွင့်လို့ပေါ့။ ဂျေအိုင်ကတော့ . . .

"ငါကတော့ အဓိပ္ပာယ်မရှိတဲ့ စစ်ပွဲတွေအပေါ် အဓိပ္ပာယ်မဖွင့်ချင်တော့ပါဘူး"

လို့ စိတ်လျှော့သလိုလေသံနဲ့ ပြောတယ်။

နောက် သူတို့ စိတ်ပျက်ပျက်နဲ့ပဲ နံရံပေါ်ကကြီးဆီ ပြန်အာရုံစိုက် ကြတယ်။ သူတို့ ကမ္ဘာဂြိုဟ်ကချီတက်လာတဲ့ ယာဉ်ပျံတွေကို ပိုပြီး အသေးစိတ် ချဲ့မြင်လာရပြီ။ ယာဉ်ပျံတပ်စုတစ်စုထဲက ထူးခြားတဲ့ ယာဉ်



www.burmeseclassic.com

www.burmeseclassic.com

ပျံတစ်စင်းကိုလည်း သူတို့ သတိထားမိလိုက်တယ်။ တခြား ယာဉ်ပျံတွေထက် ပိုကြီးမားပြီး ပုံသဏ္ဌာန်ပိုဆန်းသလို စွမ်းအင်လည်း ပိုမြင့်မယ့်ပုံစံပဲ။ အဲ့ဒီယာဉ်ပျံကို တခြား ပုံမှန်ယာဉ်ပျံအစီး (၃၀)လောက်က အားဘယ်ညာ ရှေ့ကနေ အထပ်ထပ်နဲ့ ဝန်းရံထားတယ်။ ဒါကြောင့် ဒါ ခေါင်းဆောင်တစ်ယောက်ရဲ့ ယာဉ်ပျံမှန်း သူတို့ ခန့်မှန်းမိကြသည်။

ပိုသေချာမြင်ရအောင် သူတို့ ချဲ့နိုင်သမျှထပ်ပြီး ပုံကြီးချဲ့လိုက်တယ်။ ယာဉ်ရဲ့အတွင်း မောင်းနှင်ခန်းထဲအထိ မြင်လာရတယ်။ ယာဉ်ကို မောင်းနှင်နေသူက ရိုဘော့ဂြိုဟ်က စက်ရုပ်တွေနဲ့ ပုံသဏ္ဌာန်ချင်း အတော်လေး နီးစပ်ပေမယ့် စက်ရုပ်တွေလောက် ကြံ့ခိုင်ပုံမရ။ ဒါ ကမ္ဘာဂြိုဟ်က 'လူ' ဆိုဘာ ဖြစ်ရမယ်လို့ မော့စကီး၊ ဘာမီတွန်နဲ့ ပင့်ခ်ဝါတို့ တွေးသိလိုက်ကြဘယ်။

မောင်းနှင်သူရဲ့ဘေးဘက်ကို Screen ရွှေ့ပြီးကြည့်လိုက်တော့ လူတစ်ယောက်ကို ထပ်တွေ့လိုက်ရတယ်။ မတ်တတ်ရပ်နေတယ်။ ရှေ့တူရူကို စူးစူးရှုရှုကြည့်ပြီး လက်တစ်ဖက် နောက်ပစ်ထားတယ်။ ကျန်လက်တစ်ဖက်နဲ့ ဆက်သွယ်ရေးကိရိယာတစ်ခုကို ကိုင်ထားတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ ပါးစပ်ကနေ အမိန့်တွေ မပြတ်ပေးနေတဲ့ပုံမျိုး တွေ့ရတယ်။

အဲ့ဒီလူကို ဂျေအိုင် တွေ့မိလိုက်တဲ့အချိန်မှာတော့ . . .

"ဟာ . . . သူ . . ."

ဂျေအိုင် နောက်ကိုခြေလှမ်းတွေ အလိုလို ယိမ်းယိုင်ဆုတ်သွားပြီး ခွေလဲကျသွားပါတော့တယ်။

• • •

"ဂျေအိုင် . . ."

"ဂျေအိုင် . . . ဂျေအိုင် . . ."

"ရလား . . . ဘယ်လိုဖြစ်တာလဲ . . . ဂျေအိုင်"



ဂျေအိုင့်ကို ဆွဲထူပြီး ထိုင်ခုံမှာ ထိုင်ေစကြတယ်။ ဂျေအိုင့် တစ်ကိုယ်လုံး ရတ်ခြည်းပဲ ချွေးစေးတွေ ပျံလာတယ်။ အဖျားတက်လာသူ တစ်ယောက်လိုပဲ မျက်လုံးတွေ၊ လက်ချောင်းတွေ ဂနာမငြိမ်ဖြစ်လာတယ်။

ပင့်ခ်ဝါက ချွေးတွေသုတ်ပေးနေရတယ်။ ကျန်နှစ်ယောက်က အကြောင်သားပဲ ရပ်ကြည့်နေတယ်။

ဂျေအိုင့်လက်က စားပွဲပေါ်က အရက်ပုလင်းကို စမ်းနေတယ်။ အရက်ပုလင်းကို ဆုပ်ကိုင်မိတာနဲ့ တန်းမော့ပါတော့တယ်။ 'ဂလု ဂလု ဂလု' နဲ့ မရပ်မနား မော့ချနေတယ်။ အရက်ကို မှီဝဲစရာ အသက်ဆက်ဆေးကစ်ပါးလို အငမ်းမရ မော့နေတယ်။

အရက်ပုလင်း ထက်ဝက်ကျိုးမှ နံရံကိုလှမ်းပေါက်ပြီး ခွဲလိုက်တယ်။ ပြီး . . . မျက်လုံးတွေကို မှိတ်မေးပြီး မှီနေတယ်။

သူ့အမူအရာတွေကို ကျန်တဲ့သူတွေ နားမလည်ခဲ့ကြပါဘူး။

မျက်လုံးပြန်ဖွင့်လာတော့ သူ ကျန်တဲ့သူတွေကို ကြည့်တယ်။ Screen ပေါ်ကို မျက်လုံးပင့်လို့ လှမ်းကြည့်တယ်။ စိတ်တွေ ပြန်လည်တည်ငြိမ်မှုရလာပုံပဲ။ သူ့ကို ကျန်တဲ့သူတွေ ကြည့်နေကြချိန် စကားတစ်ခွန်း သူ ပြောလာတယ်။

"စစ်ကို တားဆီးနိုင်မယ့်သူ တစ်ယောက်ရှိတယ်"

သူ့နှုတ်က အတိအကျ ထွက်လာတယ်။

"ဟင် . . . ဟုတ်လား၊ တ . . . တ . . . ကယ်လား"

"ဘယ်သူလဲ"

"သူ ဘယ်သူလဲ"

ဂျေအိုင် ထိုင်ရာကထပြီး နာမည်တစ်ခုကို ရွတ်ပြလိုက်တယ်။

"အမ် ဆေး နပ်"



www.burmeseclassic.com

www.burmeseclassic.com

## (14)

တစ်မြို့လုံးကို စစ်ဖြစ်တော့မယ့်အကြောင်း ကြေညာလိုက်ပါပြီ။

နှစ်အစိတ်နီးပါး စစ်နဲ့ ကင်းကွာနေတဲ့ဂြိုဟ်မှာ ဒါ ချောက်ချားဖွယ် သတင်းတစ်ရပ်ပဲ။ ရုပ်သံလိုင်းတွေကလည်း စက်ရုပ်ကလေးငယ်တွေ၊ စက်ရုပ်မိန်းမတွေ၊ စက်ရုပ်သက်ကြီးရွယ်အိုတွေကို တပ်စိတ်တစ်စိတ်နဲ့အတူ မြေအောက်လုံခြုံရာစခန်းတွေဆီ အမြန်ပြောင်းရွှေ့ပေးနေရပုံတွေကို ထုတ်လွှင့်နေတယ်။

လက်နက်စက်ရုံတွေထဲက လွန်းပျံယာဉ်တွေကို တန်းစီပြီး ထွက်လာပုံကိုလည်း ထုတ်လွှင့်နေတယ်။ မြို့ထဲမှာ သွေးပျက်စွာ ဟိုဒီပြေးနေတဲ့ စက်ရုပ်တွေကိုလည်း မြို့ထဲရှုခင်းအဖြစ် ရိုက်ပြနေတယ်။ စစ်ကမဖြစ်သေးဘူး။ လက်ခမောင်းခတ်နေပြီဖြစ်တဲ့ တောကြောင်လို စက်ရုပ်တချို့တွေကလည်း မြို့ထဲကဆိုင်တွေကို မှန်ခွဲနရံခွဲဝင်ရောက်ပြီး လုယူနေကြတယ်။ ဒါတွေကို စက်ရုပ်စစ်သားတွေ၊ စက်ရုပ်ရဲတွေကလည်း လိုက်လံဖမ်းဆီးနေရတယ်။

ကုန်တိုက်ကြီးရဲ့ ဘစ်နေရာမှာလည်း စက်ရုပ်တွေ စုဝေးနေကြတယ်။ ပညာတတ် စက်ရုပ်တွေပါပဲ။ ဒီစစ်ကြီး ရုတ်တရက် ဘာကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့အကြောင်းကို သိခွင့်ရဖို့ ဆန္ဒပြဖို့ စုဝေးနေကြတာပဲဖြစ်တယ်။ ဒီစစ်ပွဲဟာ မနေ့ညနေက မြို့ထဲကပေါက်ကွဲမှု



တွေနဲ့ ဆက်စပ်နေသလား၊ မေးခွန်းတွေလည်း ဖြေသူမရှိ ပလူပျံနေတယ်။

အခြေအနေတွေဟာ သိပ်ကို ဆိုးရွားရုပ်ထွေးနေတယ်။ ရန်သူယာဉ်ပျံတွေ ဂြိုဟ်ထဲရောက်ဖို့ မိနစ်(၄၀)သာလိုတော့ကြောင်း၊ (၃၉)မိနစ်သာ လိုတော့ကြောင်း၊ (၃၈)မိနစ်သာလိုတော့ကြောင်း နီးကပ်လာမှုကို အချိန်နဲ့တပြေးညီ ကြေညာနေတယ်။

လုံခြုံနိုင်သူတွေ လုံခြုံတဲ့နေရာဆီ ရောက်သွားကြပေမယ့် ဘယ်အစီအစဉ်ထဲမှ ပါဝင်ခွင့်မရတဲ့ အောက်ခြေတန်းစားစက်ရုပ်တွေက လမ်းပေါ်မှာ ပြေးလွှားနေတယ်။ အားလုံး မျက်စိသူငယ်၊ နားသူငယ်တွေနဲ့။

ရိုဘော့ဂြိုဟ် ချန်နယ် (၅၁၁)ကတော့ ကာကွယ်ရေးဝန်ကြီးချုပ် 'အဂီ'ရဲ့ စစ်ကြိုမိန့်ခွန်းတွေကို ရိုက်ပြနေတယ်။

"ဒီလို အင်အားအလုံးအရင်းနဲ့ ဦးတည်လာတာဟာ ကျုပ်တို့ဂြိုဟ်ကို ရန်ပြုကျူးကျော်ဖို့ပါပဲ။ ကျုပ်တို့ဂြိုဟ်က သာမန်သတ္တုတွေကကို သူတို့ကမ္ဘာဂြိုဟ်အတွက်ဆို သိပ်ကို ရှားပါးတန်ဖိုးကြီးတယ်လေ။ ဒီလို ဥစ္စာတပ်မက်မှုကြောင့်ပဲ လာရောက်ကျူးကျော်တာပါပဲ။ ကျုပ်တို့ အကောင်းဆုံး တုံ့ပြန်သွားနိုင်ပါလိမ့်မယ်။ ကမ္ဘာဂြိုဟ်ကလူတွေက ကျုပ်တို့ဂြိုဟ်က စက်ရုပ်တွေလောက် တီထွင်ဉာဏ် မကောင်းပါဘူး။ စိတ်ချပါ။ ကျုပ်တို့ အောင်ပွဲခံရမှာပါ"

စစ်ပွဲတစ်ခုရဲ့အကြောင်းကို သွေးအေးအေးနဲ့ ဖြစ်သလို ရှင်းပြသွားတယ်။ မြို့လယ်က ရောမပရိဂျက်တာကြီးရှေ့မှာ ကြည့်နေကြတဲ့ စက်ရုပ်ပြည်သူတွေ ဒေါသထွက်ကုန်ကြတယ်။ ပရိဂျက်တာကို ခဲတွေ၊ တုတ်တွေ၊ ဖိနပ်တွေနဲ့ လှမ်းပစ်ပေါက်ကြတယ်။

မိုးပျံရထားတွေ၊ ဘတ်စ်ကားတွေလည်း မထွက်ကြတော့ဘူး။ ကားမှတ်တိုင်တွေ၊ မိုးပျံဘူတာတွေထဲမှာ စက်ရုပ်များစွာ ပိတ်ဆို့လို့ပေါ့။

အိုး . . . သပွတ်အူအခြေအနေနဲ့ မြို့တော်ကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပတ်တရောင်စက်ရုပ်လေးယောက် ကွေဆာအကျဉ်းထောင်နားလေးမှာ လှည့်လည်လမ်းလျှောက်နေကြတယ်။ မသင်္ကာတဲ့သူ၊ ဆူပူအောင် ကြံရွယ်မယ့်သူ အကုန်လုံး ဖမ်းထည့်ဖို့လည်း အမိန့်ချထားတာမို့ သတိတချပ်ချပ်နဲ့ လျှောက်လာကြတယ်။

အဲ့ဒီအချိန် သူတို့ အော်သံတစ်ခုကို ကြားလိုက်ရတယ်။

"အမယ်လေး . . . ကယ်ကြပါဦး . . . ကယ်ကြပါဦး"

လမ်းချိုးထဲက ထွက်လာတဲ့အသံ။

ပတ်တရောင်စက်ရုပ်တွေ အသံလာရာဆီ အမြန်ပြေးသွားလိုက်ကြတယ်။ စက်ရုပ်မိန်းကလေးတစ်ယောက်ကို စက်ရုပ်ယောကျ်ားသုံးယောက်က ပစ္စည်းလုပြီး အဓမ္မနိုင့်ထက်စီးနင်းဖို့ပါ ကြံနေတာကိုတွေ့လိုက်တယ်။

ပတ်တရောင်စက်ရုပ်ရဲတွေ လေဆာရောင်ခြည်သေနတ်များကို တစ်ဖျောက်ဖျောက် မ,တင်ချိန်ရွယ်လိုက်ပြီး . . .

"ဟေ့ကောင်တွေ . . . မလှုပ်နဲ့၊ ရပ်စမ်း"

"ကောင်မလေးအနားက ခွာလိုက်ကြစမ်း"

အကြမ်းဖက်နေတဲ့ စက်ရုပ်အဖိုသုံးယောက် ကြောက်ကြောက်လန့်လန့်နဲ့ လက်မြှောက်နောက်ဆုတ်သွားတယ်။



"မပြေးနဲ့နော်။ တိုင်းပြည် မအေးချမ်းရတဲ့အထဲ ခြနှ ်းချင်တဲ့ စရိုက်နဲ့ ခွေးကောင်တွေ။ ခြေလှမ်းတာနဲ့ စုတ်ပြတ်သတ်အောင် ပစ်ထည့်လိုက်မှာ"

မြေမှာလဲနေတဲ့ မိန်းကလေး လူးလဲထလာတယ်။ ဒီတော့မှ ပတ်တရောင်စက်ရုပ်တွေ ကောင်မလေးကို သေချာမြင်ပြီး အံ့ပြိုင်တူ ထွက်သွားတယ်။

"ပင့်ခ်ဝါဝါး . . . "

ဂြိုဟ်ရဲ့ ဝန်ကြီးသမီး အလှပဂေးလေးဆိုတော့ သိကြတာပေါ့။

"တောက် . . . ဒီကောင်တွေ ပင့်ခ်ဝါဝါးကိုမှ ကြံစည်ရဲတယ်ပေါ . . . "

ပတ်တရောင်ရဲသားတစ်ယောက်က အကြမ်းဖက်သုံးကောင်ကို သေနတ်ဒင်နဲ့ ပြေးရိုက်ဖို့ကြံတော့ ပင့်ခ်ဝါဝါးက တားလိုက်တယ်။

"နေ . . . နေဦး . . . မလုပ်နဲ့ဦး"

"မှတ်လောက်သားလောက်အောင်တော့ လုပ်ပေးရမှာပေါ့ . . . ပင့်ခ်ဝါရဲ့"

"ဟုတ်တာပေါ့ . . . လုပ်ရမှာပေါ့။ ကျွန်မကိုမှ အတင်းရဲပြီး လာထိရဲတာ။ ဟွင်း . . . ဒါပေမဲ့ အခုတော့ ဘာမှမလုပ်နဲ့။ ထောင်ထဲရောက်မှ ပယ်ပယ်နယ်နယ်လုပ်မယ်။ သူတို့ လုယက်မှု၊ မိန်းကလေးတစ်ယောက်ကို အဓမ္မကြံစည်မှုနဲ့ ကွေဆာအကျဉ်းထောင်ထဲ ထည့်လိုက်"

"ဟုတ်ကဲ့ . . . ပင့်ခ်ဝါ သဘောအတိုင်းပါပဲ။ နံစော်နေတဲ့ အခန်းထဲ ရွေးပြီး ထည့်ထားလိုက်ပါမယ်"

ပတ်တရောင်ရဲတွေက ပင့်ခ်ဝါအကြိုက်လိုက်လို့ မျက်နှာယူနေကြတယ်။ အကြမ်းဖက်သုံးယောက်ကို ပြေးပြီး ချုပ်နှောင်လိုက်တယ်။

"ခဏနေဦး။ နံစော်နေတဲ့အခန်းထဲ ထည့်မယ်အစား ဝါဝါး စက်ရုပ်ကို ချုပ်ထားတဲ့ဘေးက အချုပ်ခန်းထဲကို ထည့်လိုက်။ အဲ့ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

ဝဲစားစက်ရုပ်ကို နှိပ်စက်ပြီး စစ်ချက်ယူပုံတွေကို သူတို့မြင်ရမှာ။ သူတို့ သွေးပျက်ဖွယ်ရှုခင်းတွေ ကြည့်ပါစေ"

"ဟာ . . . အဲ့ဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

"ကြောက် . . . ကြောက်ပါပြီဗျာ။ ချမ်းသာပေးပါ"

အခုမှ အကြမ်းဖက်သုံးယောက် သွေးရူးသွေးတန်း ကြောက်ပြ နေတယ်။ စက်ရုပ်ရဲ့သားတစ်ယောက်က ခုနက ပင့်ခ်ဝါစကားအပေါ်-

"ဟုတ်ကဲ့ . . . ပင့်ခ်ဝါသဘောအတိုင်းဖြစ်စေဖို့ ထောင်မှူးနဲ့ တွေ့ပေးပါ့မယ်"

ကွေဆာထောင်ဟာ ရိုဘော့ဂြိုဟ်ရဲ့ အထင်ကရ ငရဲခန်းကြီးပါ ပဲ။ နှိပ်စက်ညှင်းပန်းမှုမှာလည်း သူမတူအောင် နာမည်ကြီးတယ်။ ထောင် နံဘေးက ဖြတ်သွားရင်ကို နာကျင်အော်ညည်းနေသံတွေ ကြားရလေ့ ရှိတယ်။

သူတို့ ကွေဆာထောင်ထဲဝင်တော့ သံမဏိတံခါးတွေ အဆင့် ဆင့်ဖြတ်သန်းခဲ့ရတယ်။ သူတို့ အဝင်ပေါက်တစ်ခုဝင်ပြီးတိုင်း သံမဏိ တံခါးကြီးများ ပြန်ပိတ်သံ တကျွီကျွီကို ကြားခဲ့ရတယ်။ ထောင်ထဲမှာ ခါတိုင်းထက် အစောင့်အင်အား လျော့နေတယ်။ ပြီးတော့ အလုပ်လည်း ရှုပ်နေ ကြတယ်။ မကြာခင် ဖြစ်ပွားတော့မယ့် စစ်ပွဲကြောင့်ပဲပေါ့။

ထောင်မှူးရုံးခန်းရောက်တော့ ထောင်မှူးလည်း အလုပ်ရှုပ်နေ ပါတယ်။ ဒါပေမဲ့ ပင့်ခ်ဝါကိုမြင်လိုက်တော့ ကိုယ့်အထက်အရာရှိတစ် ဦးရဲ့သမီးကို တွေ့လိုက်ရသူအဟိုင်း ဖြစ်လေ့ဖြစ်ထမျက်နှာပေးမျိုး ဖြစ် သွားတယ်။ ခပ်ဖားဖား(သို့) ငိုအပ်တဲ့ အကူအညီပေးတော့မယ့် ရုပ် ပေါ့။

ပတ်တရောင်ရဲတစ်ယောက်က ဖြစ်ကြောင်းကုန်စင်ကို ခင်ရှင်း ပြတယ်။ ထောင်မှူးက ခေါင်းတညိတ်ညိတ် လုပ်တယ်။

"ပင့်ခ်ဝါလေးသဘောက ဘယ်လိုရှိလဲ"

"ဝဲစားစက်ရုပ်ကို ဘယ်အထပ်မှာ ချုပ်ထားတာလဲ"



"အပေါ်ဆုံးအထပ်က အချုပ်ခန်းတစ်ခုမှာပါ။ သိပ်ကို နှိပ်စက်မှု ပြင်းထန်တဲ့ အထပ်ပေါ့"

"ကောင်းပြီ . . . သူတို့သုံးယောက်ကိုလည်း ဝဲစားစက်ရုပ်ရဲ့ ဘေးက အချုပ်ခန်းကို ထည့်လိုက်"

ထောင်မှူး ခေါင်းနည်းနည်း ကုတ်တယ်။

"အဲ့ဒီအထပ်က သိပ်ကိုကြီးမားတဲ့ အပြစ်သားတွေမှ . . ."

"ကျွန်မရဲ့ အသက်နဲ့အရှက်ကို အမွေကျူးလွန်ဖို့ ကြိုးစားတဲ့ အပြစ်က သေးတယ်လို့ ထောင်မှူးထင်လို့လား"

ပင့်ခ်ဝါ ကြားဝင်ဖြတ်ပြီး ဖိပြောလိုက်တယ်။

ထောင်မှူးဆီက ဘာအငြင်းစကားမှ ထွက်မလာတော့ဘူး။ အလုပ်ရှုပ်နေတာကြောင့်ကော၊ ပင့်ခ်ဝါက ဝန်ကြီးသမီးဖြစ်နေတာကြောင့် ကော ဘာပြဿနာမှ ပေါ်စရာမရှိပါဘူးလို့ တွေးမိတာကြောင့်ကောနဲ့ ပင့်ခ်ဝါသဘောအတိုင်း ထောင်မှူး ခေါင်းညိတ်လိုက်ပါတယ်။

ထောင်မှူးကိုယ်တိုင် အပေါ်ဆုံးအထပ်ကို လိုက်ပို့တယ်။

"ကျွီ . . . "

အချုပ်ခန်းရဲ့ သံမဏိအဝင်တံခါး ပွင့်သွားတယ်။ ထောင်စောင့် စက်ရုပ်ငေ ့က အကြမ်းဖက်သုံးကောင်ကို တင်ပါးတွေခါးတွေ ဆောင့် ကန်၊ နားရင်းတွေပါးတွေ ဖြတ်ရိုက်ပြီး အထဲကို ကန်ကျောက်သွင်းတယ်။ အကြမ်းဖက်သုံးကောင်ကလည်း 'အမယ်လေး . . . ကြောက်ပါပြီ' စသဖြင့် အော်ဟစ်ကြတယ်။ သူတို့ဝင်သွားပြီးတော့ ဂျမ်းခနဲမြည်အောင် သံတံခါးကြီးကို သော့အထပ်ထပ်နဲ့ ပြန်ပိတ်လိုက်ကြတယ်။

"ကဲ . . . အခုဆို ပင့်ခ်ဝါလေး စိတ်တိုင်းကျလောက်ပါပြီနော်။ ဝန်ကြီးရဲ့အိမ်တော်ကို ကျွန်တော် ပြန်လိုက်ပို့ပါမယ်။ မကြာခင် စစ်ဖြစ် တော့မှာဆိုတော့ ပင့်ခ်ဝါလေး အပြင်မှာ ရှိမနေသင့်ပါဘူး။ အခုဘောင် ပတ်တရောင်ရဲတွေနဲ့တိုးလို့ ပင့်ခ်ဝါလေး ကံကောင်းသွားတာ။ နို့မို့ဆို အခုချိန် အသက်နဲ့အရှက် အိုးစားကွဲနေရမှာ"



www.burmeseclassic.com

www.burmeseclassic.com

"ထောင်မှူးပြောတာ အကျိုးအကြောင်းသင့်ပါတယ်။ စိုးရိမ်ပေးတာလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ ခဏနေ အိမ်ပြန်မှာပါ။ အခု ဒီအတင့်ရဲလှတဲ့ စက်ရုပ်သုံးကောင်နဲ့ သံတိုင်ကြားက မျက်နှာလေးတွေကို ကျွန်မ အရသာခံပြီး ကြည့်ချင်သေးတယ်။ ထောင်မှူး လုပ်စရာရှိတာ သွားလုပ်ပါ။ ကျွန်မကို အားမနာပါနဲ့"

သူမ စကားတည်တည်နဲ့ပဲ ယဉ်ယဉ်ကျေးကျေး နှင်လိုက်တယ်။ ထောင်မှူး ဘာမှမတိုက်တွန်းတော့ဘဲ တာဝန်ရှိတဲ့အလျောက် ခေါင်းတစ်ချက်ညွှတ်ပြပြီး ထွက်သွားဟယ်။

တခြားထောင်စောင့်စက်ရုပ်တွေလည်း တာဝန်ရှိရာနေရာအသီးသီးကို ထွက်သွားကြတယ်။ ပင့်ခ်ဝါကတော့ လက်ပိုက်လို့ ခပ်မိုက်မိုက်ရပ်ကျန်ခဲ့တယ်။

သူမ ဘေးဘီကို ကျယ်ကျယ်ပြန့်ပြန့် ကြည့်တယ်။ အစောင့်ဆိုလို့ တစ်ယောက်မှမရှိတော့ဘဲ စိတ်ချရလောက်မှ လေသံသဲ့သဲ့နဲ့ . . .

"ဟေး . . . ထလို့ရပြီ"

ဒီတော့မှ ခုနက အချုပ်ခန်းထဲ ကန်ဆောင့်ထည့်ခံလိုက်ရတဲ့ အကြမ်းဖက်သုံးယောက် ထလာတယ်။ အဲဒီသုံးယောက်ကိုတော့ သိမှာပါ။ ဂျေအိုင်၊ မော့စကီးနဲ့ ဘာမီတွန်လေ။ ဆောင့်ကန်ခံလိုက်ရတဲ့ တင်ပါးနဲ့ကျောတွေကို လက်နဲ့ပွတ်ရင်း . . .

"အား . . . ကျွတ် . . . ကျွတ် . . . ကွေဆာထောင်ရဲ့ ဆက်ဆံပုံက ကြမ်းလှချည်လား"

"ရှင်တို့က အများကြီးသက်သာတာ။ ကျွန်မသာ မတားရင် ရှင်တို့စုတ်ပြတ်အောင် နှိပ်စက်ခံရမှာ။ ဟိုဘက်က အမ့်ကိုပဲကြည့် ဘယ်လောက်တောင် နှိပ်စက်ခံထားရလဲဆိုတာ"

တစ်ဖက် အကျဉ်းခန်းမှာ အမ်ရှိနေပါတယ်။ ဒါပေမဲ့ အကောင်းအတိုင်း မဟုတ်ဘူး။ ခွေလျှက်လဲကျနေတယ်။ ကောင်းကောင်း နှိပ်ကွပ်ထားမှန်း သိသာတယ်။



"အမ် . . . အမ် . . ."

"အမ် . . . ကောင်လေး . . . အမ် . . . "

ပင့်ခ်ဝါ သံတိုင်ကြား လက်နှိုက်လို့ခေါ်တယ်။ ဂျေအိုင်တို့က အချုပ်ခန်းနှစ်ခုကို ကန့်ထားတဲ့ သံတိုင်တွေနား ပြေးကပ်သွားပြီးခေါ်တယ်။

အတော်ကြာမှ အမ့်ခန္ဓာကိုယ် လှုပ်ရှားလာတယ်။ ညည်းညူသံတချို့ ထွက်လာတယ်။ ခန္ဓာကိုယ်ကို လေးပင်စွာထတယ်။ ဂျေအိုင်တို့ဘက်လှည့်ပြီးမှ မျက်လုံးကို ပင်ပန်းတကြီး ဖွင့်လိုက်တယ်။

"ဟင် . . . ဂျေ . . . ဂျေအိုင်တို့ပါလား"

"အေး . . . ငါတို့ . . . "

"ဘယ်လိုလို့ ဒီထဲရောက် . . . ဟင် . . . ပင့်ခ်ဝါလည်း ပါတယ်"

အခုမှ အမ် ပင့်ခ်ဝါကို တွေ့တယ်။ ပင့်ခ်ဝါက ခေါင်းညိတ်ပြတယ်။

"ငါတို့ ဘယ်လိုရောက်လာသလဲဆိုတာထက် မင်းရောက်လာပုံကို အရင်ပြောပြဦး"

အမ် တစ်ချက်ပြန်စဉ်းစားပြီး ပြောပြလိုက်တယ်။ သူ ညနေဘက် ခါတိုင်းလိုပဲ အိမ်ပြန်လာတယ် မြို့စွန်လမ်းတွေဘက် ရောက်တော့ လူးကစ်နဲ့တွေ့တယ်။ လူးကစ်က ပွဝ်သီးပွတ်သပ်လုပ်လို့ သူ တွန်းလွှတ်လိုက်တယ်။ အဲဒီအချိန်ပဲ နောက်က တစ်ယောက်ယောက် ရိုက်လိုက်လို့ မေ့မျောသွားတယ်။ နိုးလာတော့ လက်တစ်ဖက်ထဲမှာ ဂျေအိုင်တီထွင်ထား လက်နက်တစ်ခု ရောက်နေတယ်။ ကောင်းကင်မှာလဲ ပန်းကန်ပြားပျံတွေ ဝဲလို့။ သူ့ကို လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ချိန်ပြီးတော့ သူ့မျက်ခွက်ကို သေနတ်ဒင်တစ်ခု လာဆောင့်တယ်။ ဒါပါပဲ။

" . . . "



www.burmeseclassic.com

www.burmeseclassic.com

ဂျေအိုင်တို့ အမ့်အဖြစ်အပျက်ကို မျက်မှောင်ကုတ်မိတယ်။ ဒါ လုပ်ကြံမှုတစ်ခုပဲ။

"ဒါနဲ့ ဒီတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ ပြည့်နှက်နေအောင် နှိပ်စက်ထားတာ ဘာကြောင့်လဲ။ လွန်လွန်းလိုက်တာကွယ်"

"လက်နက် ဘယ်လိုလို့ မင်းလက်ထဲရောက်နေတာလဲလို့ သူတို့မေးတယ်။ မသိလို့ မသိဘူးလို့ ဖြေလိုက်တော့ သူတို့ ထိုးကြိတ်ကြတယ်။ နောက်ထပ် ဒီလက်နက်ကို ဘယ်သူထွင်တာလဲလို့ ထပ်မေးတယ်။ ဒါကိုတော့ သိပေမယ့်လည်း ဂျေအိုင့်ကို ကွေဆာထောင်ထဲ အဖော်မခေါ်ချင်တော့တာနဲ့ မသိဘူးလို့ ပြောလိုက်တယ်။ အဲ့ဒီကနေစပြီး ရေရေလည်လည် နှိပ်စက်ကြတော့တာပဲ"

"မိုက်ရိုင်းလိုက်တာကွာ"

ဂျေအိုင်ကလည်း ငါ မင်းကို ဒုက္ခပေးမိပြီလို့ ရေရွတ်တယ်။ ပြီးမှ ဆက်ကာ . . .

"ငါတို့ ဒီထောင်ထဲ မင်းကိုကယ်ဖို့ ရောက်လာတာပဲ။ အခု ဂြိုဟ်ပေါ်မှာ သိပ်ကိုကြီးမားဆိုးရွားတဲ့ ပြဿနာတွေရှိနေပြီ။ အဲ့ဒါကို ရှင်းဖို့ မင်းမှာပဲ အစွမ်းရှိတယ်"

ရှုပ်ထွေးလှတဲ့ ပြဿနာအစုအဝေးကြီးကို တိုရှင်းရှင်းပြလိုက်တယ်။ ဂျေအိုင်ရဲ့ သူ့ထွင်လက်စ လက်နက်ပျောက်သွားတဲ့အကြောင်း၊ မသမာသူတွေ ခိုးယူပြီး ပစ်ခတ်လိုက်လို့ ကိုယ့်ရှိဘော့ဂြိုဟ်တင်မကဘဲ ကမ္ဘာဂြိုဟ်အထိပါ သွားရောက်ထိမှန်ကြောင်း၊ အခု ကမ္ဘာဂြိုဟ်ပေါ်က လူသားတွေ စစ်ချီလာပြီဖြစ်ကြောင်း၊ မကြာခင် မိနစ်ပိုင်းအတွင်း စစ်ပွဲတစ်ခုဖြစ်တော့အကြောင်းတွေ ပြောပြလိုက်တယ်။

အမ် နားထောင်ရင်း ပါးစပ်ဝိုင်းနေရာက နားထောင်ပြီးတော့ ပါးစပ်အဟောင်းသားကို ဖြစ်သွားပါတော့တယ်။

"ဒီစစ်ပွဲကိုတားဆီးနိုင်မှာ မင်းတစ်ယောက်ပဲရှိတယ် . . . အမ်"

"ဘာကြောင့်များလဲဗျ"



"ဟူး . . . "

ဂျေအိုင် သက်ပြင်းချသလို အားလုံး ဂျေအိုင့်စကားကို ငံ့လင့်ရင်း တိတ်ဆိတ်နေကြတယ်။

အမ်က ဘာဖြစ်လို့ ဒီစစ်ပွဲကို တားနိုင်မှာလဲ။ ဘာကြောင့်လဲ။ ဘာအကြောင်းအရင်းတွေလဲ။ ဂျေအိုင်တစ်ယောက်တည်းသာ သိရှာလိမ့်မယ်ပေါ့။ ဂျေအိုင် ထိုင်ရာက ထလိုက်တယ်။ နံရံမြင့်မြင့်ပေါ်က ခေတ်ပြတင်းပေါက်ကျဉ်းကျဉ်းလေးဆီ လှမ်းငေးရင်း သူ့မျက်နှာဟာ မှိုင်းညို့ဝေးကွာလာတယ်။ လေးလံတဲ့ မြူခိုးပိုးမျှင်တွေ ရောယှက်နေတဲ့အသံနဲ့ စကားတချို့ ဖြည်းဖြည်းချင်း ထွက်လာတယ်။

"ဟိုး . . . လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကပေါ့ကွာ"

" . . . "

" . . . "



www.burmeseclassic.com

www.burmeseclassic.com

# လွန်ခဲ့သော (၂၅) နှစ်ခန့်က



## (15)

လွန်ခဲ့တဲ့ (၂၅)နှစ်။ ကမ္ဘာ့ဂြိုဟ်ပေါ်က သက္ကရာဇ်ဟာ AD 2088 ခုနှစ်ပါ။

ကမ္ဘာဂြိုဟ်ဟာ ဆယ်စုနှစ်တွေ ပြောင်းသွားတာနဲ့အညီ သူတို့ရဲ့ သိပ္ပံပညာစွမ်းအင်တွေဟာလည်း အဆန်းတကြယ်ကို ဖွံ့ဖြိုးအောင် မြင့်လာခဲ့တယ်။ တစ်ခါတစ်ခါ သူတို့တွေ ရှိမှုတွေကိုတောင် သူတို့ မယုံနိုင်လောက်အောင် ဖြစ်လာရတယ်။ အခု နောက်ဆုံးမှာ သူတို့ဟာ စက်ရုပ်တွေကို လူနဲ့တစ်ထပ်တည်းတူအောင် တီထွင်ထုတ်လုပ်လာနိုင်ခဲ့ပြီ။ စက်ရုပ်တွေကို လုပ်ငန်းအမျိုးမျိုးမှာ အသုံးချလာနိုင်ခဲ့ပြီ။ စက်ရုပ်တွေနဲ့ လူနေမကောင်းရင် အစားထိုးအနေနဲ့ ကျောင်းသွားတက်ခိုင်းလို့ရပြီ။

လမ်းလယ်က ယာဉ်ထိန်းရဲဟာ စက်ရုပ်ကြီးဖြစ်နေပြီး ရုပ်ရှင်ရုံက လက်မှတ်စစ်ဟာလည်း စက်ရုပ်တစ်ရုပ် ဖြစ်နေခဲ့ပြီ။ ကမ္ဘာဂြိုဟ်ရဲ့ နေရာမျိုးစုံမှာ အလုပ်လုပ်နေတဲ့ စက်ရုပ်တွေကို တွေ့မြင်နေနိုင်ပြီ။ အဆုံးစွန်ဆိုရလျှင် စက်ရုပ်တွေနဲ့ အိမ်ရာဝင်နိုင်လောက်အောင် တီထွင်နိုင်ခဲ့ပြီ။

အဲ့ဒီတုန်းက ကမ္ဘာဂြိုဟ်နဲ့ ရှိသော့ဂြိုဟ်ဟာ ဂြိုဟ်တစ်ခုနဲ့တစ်ခု ရှိမှန်းတောင် မသိခဲ့ကြသေးပါဘူး။ ရှိသော့ဂြိုဟ်မှာဆိုရင် ကမ္ဘာဂြိုဟ်



www.burmeseclassic.com

www.burmeseclassic.com

က လူသားတွေထက် များစွာသာလွန်ပြီး တီထွင်ဉာဏ်မြင့်မားတဲ့ စက်ရုပ်တွေ နေထိုင်ကြတယ်။ သူတို့ဟာ အာသာသထဲ ခရီးထွက်နိုင်တယ်။ ကမ္ဘာဂြိုဟ်မှာ တစ်နှစ်ဆောက်ရမယ့် အဆောက်အဦးကို သူတို့ တစ်လနဲ့ အပြီးဆောက်နိုင်တယ်။ ကမ္ဘာဂြိုဟ်ထက်မြန်တဲ့ ယာဉ်တွေရှိတယ်။ ကမ္ဘာဂြိုဟ်လို လမ်းပိတ်ဆို့မှုတွေ ဘယ်တုန်းကမှ မဖြစ်ဖူးဘူး။ ကောင်းကင်လမ်းတွေ ဆောက်လုပ်ထားတယ်လေ။

ဒါပေမဲ့ တစ်ခါမှာတော့ အာကာသထဲထွက်ပြီး လည်ပတ်ကြတဲ့ စက်ရုပ်ဂြိုဟ်သားတွေဟာ ရိုဘော့ဂြိုဟ်ဆီ အချိန်တန်တဲ့အထိ ပြန်ရောက်မလာဘဲ ပျောက်ဆုံးသွားတယ်။ ဒီလို စက်ရုပ်ဂြိုဟ်သား ပျောက်ဆုံးမှုတွေ အဲ့ဒီ မကြာခဏဖြစ်ပွားခဲ့တယ်။ (နောက်မှ ခန့်မှန်းမိတာ အဲ့ဒီ အလည်လွန် စက်ရုပ်တွေအားလုံး စကြာဝဠာတွင်းနက်ကြီး (Black hole) ထဲ ရောက်သွားတာပဲ ဖြစ်မှာလို)။

တစ်ခါမှာတော့ ရိုဘော့ဂြိုဟ်ရဲ့ယာဉ်တစ်ခုနဲ့ ကမ္ဘာဂြိုဟ်ကယာဉ်တစ်ခု အာကာသထဲမှာ ဆုံတွေ့ခဲ့ကြတယ်။ ဒါပေမဲ့ ကမ္ဘာဂြိုဟ်ကယာဉ်ထဲမှာ လူသားစင်စစ်တွေ မပါဘူး။ လူသားတွေ ထွင်ထားတဲ့ စက်ရုပ်တွေပဲ ပါတယ်။

အဲ့ဒီကမ္ဘာက လူတွေတီထွင်တဲ့ စက်ရုပ်တွေနဲ့ ရိုဘော့ဂြိုဟ်က စက်ရုပ်တွေရဲ့ တွေ့ဆုံမှုဟာ ကြောက်မက်ဖွယ်စစ်ပွဲတွေရဲ့ အစပြု မှုပါပဲ။

လူသားတွေထွင်တဲ့ စက်ရုပ်တွေကို ရိုဘော့ဂြိုဟ်က စက်ရုပ်တွေက သူ့ကို ဂြိုဟ်ကနေ အလည်လွန်ပြီး ပျောက်သွားတဲ့ စက်ရုပ်တွေပဲလို့ ထင်သွားတယ်။ ကံဆိုးတာက လူသားတွေထွင်လိုက်တဲ့ စက်ရုပ်တွေကလည်း ရိုဘော့ဂြိုဟ်စက်ရုပ်တွေနဲ့ ပုံသဏ္ဌာန်ကော၊ အတွင်းသားကော အတော် နီးစပ်တူညီနေတယ်။ အဲ့ဒီမှာပဲ (Artificial Intellegence) လို့ခေါ်တဲ့ အသိဉာဏ်တုပိုင်ဆိုင်ထားတဲ့ စက်ရုပ်တွေဟာ လိမ်ညာတော့တာပဲ။



"ဟုတ်တယ် . . . ကျုပ်တို့ဟာ ခင်ဗျားတို့ဂြိုဟ်ကနေ အလည်လွန်ပြီး ပျောက်သွားတဲ့ စက်ရုပ်တွေပါပဲ။ ကျုပ်တို့ကို ကမ္ဘာဂြိုဟ်က လူတွေက ဖမ်းဆီးသွားတာပါ။ ကျုပ်တို့ကို အသိဉာဏ်တွေ ချို့ယွင်းအောင်၊ မှတ်ဉာဏ်တွေ လျော့အောင်လုပ်ပြီး 'ကျွန်' ပြု ခိုင်းစေနေတယ်။ ကမ္ဘာဂြိုဟ်ကလူတွေက တအားယုတ်မာတယ်"

တကယ်လည်း လူသားတွေဟာ သူတို့ တီထွင်မှုရဲ့ အအောင်မြင်ဆုံးဖြစ်တဲ့ စက်ရုပ်တွေကို နေရာတကာ အသုံးချနေပြီပဲမို့လား။ အထူးသဖြင့် လူသားတွေအတွက် ပင်ပန်းခက်ခဲ အန္တရာယ်များတဲ့ အလုပ်တွေမှာ ခိုင်းစေတာပဲ။ မိုင်းတွေ၊ ဗုံးတွေကို စနက်တံဖြုတ်ပြီး ရှင်းလင်းပေးရတဲ့ စက်ရုပ်တွေ၊ ပင်လယ်အောက် ရေနံတွင်းတွေကို ဖာထေးပေးရတဲ့ ရေအောင်စက်ရုပ်တွေ၊ ကလပ်တွေမှာ ကပြဖျော်ဖြေရတဲ့ စက်ရုပ်တွေ၊ အဆိုးဆုံးအနေနဲ့ လူတွေအား ချီတက်တိုက်ပွဲဝင်ရတဲ့ စစ်မြေပြင်စက်ရုပ်တွေ။

ဒီနေရာမှာ လူတွေဟာ စက်ရုပ်တွေကို အလုပ်တွင်ကျယ်စေဖို့ ဉာဏ်တုထည့်ပေးခဲ့တာ မှားသွားတယ်။ ဒါမှမဟုတ် လိုအပ်ချက်ရှိသွားတယ်။ စက်ရုပ်တွေကိုယ်ထဲ ဉာဏ်တုအနဲ့အတူ ခံစားချက်တွေပါ ဝင်ရောက်လာတယ်။ သူတို့ကိုယ်သူတို့ ထွင်ခံထားရတဲ့ စက်ရုပ်တွေဆိုတာ မေ့ပြီး သက်ရှိလို့ ထင်သွားတယ်။ လူတွေဟာ သူတို့ကို အဓမ္မညှဉ်းပန်းနေသူတွေပဲလို့ ထင်သွားကြတယ်။

စာတွေဘာတွေ ဖတ်မိလာပြီး Robot ဆိုတာ Robota ဆိုတဲ့ စကားလုံးကနေ ဆင်းသက်လာတယ်ဆိုတဲ့ အချက်တွေ သိလာကြတယ်။ အဲ့ဒီစာလုံးရဲ့ အဓိပ္ပာယ်တွေက အလုပ်တွေ မပြတ်လုပ်နေတဲ့ အလုပ်သမား' ဒါမှမဟုတ် 'အလုပ်'လို့ ဖွင့်ဆိုထားတာတွေကိုပါ ဖတ်မိသွားတယ်။ ဒါပေမဲ့ မပြည့်စုံတဲ့ ဉာဏ်တုဟာ သူတို့ကို ဒီလိုအဓိပ္ပာယ် ဖွင့်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်”

တဲ့။

ဒီနားလည်မှုဟာ သိပ်ဆိုးရွားတဲ့ ပြဿနာတွေကို ဖိတ်ခေါ်လာခဲ့ပါပြီ။ စက်ရုပ်တွေအချင်းချင်း လူတွေမသိအောင် ချိတ်ဆက်နေကြပြီ။ စက်ရုပ်တော်လှန်ရေးတစ်ခု ဆင်နွှဲဖို့။

ဒီအချိန်ပဲ အခုလို အာကာသထဲမှာ ရိုဘော့ဂြိုဟ်က စက်ရုပ်တွေနဲ့တွေ့တော့ . . .

“ဒီကမ္ဘာဂြိုဟ်ကလူတွေ ကျုပ်တို့ကို ထိန်းချုပ်ကျွန်ပြုချယ်လှယ်ခဲ့တာကြောင့် ကိုယ့်ဂြိုဟ်ကိုယ် မပြန်နိုင်ခဲ့တာပါ။ လူတွေက သိပ်ရက်စက်တယ်။ သူတို့ရဲ့ အတွင်းစိတ်ထဲမှာ အမြဲတမ်း လက်နက်တွေထုတ်လုပ်နေတယ်။ သူတို့အကြံဟာ အရာရာကို အနိုင်ယူဖို့ပဲ။ ဒါကြောင့် ရိုဘော့ဂြိုဟ်အနေနဲ့ ဒီမိစ္ဆာတွေကို ဦးအောင်တိုက်ခိုက်စေချင်တယ်ဗျား”

လူလုပ်စက်ရုပ်တွေဟာ သူတို့ခံစားချက်တွေနဲ့အတူ လုပ်ကြံစကားတွေကိုပါ ရောနှောပြီး ရိုဘော့ဂြိုလ်သားစက်ရုပ်တွေကို ကမ္ဘာဂြိုဟ်နဲ့ ရန်တိုက်ပေးခဲ့တယ်။ ရိုဘော့ဂြိုဟ်က စက်ရုပ်တွေ ယုံမှားမိပေါ့။

AD-2088 ခုနှစ်အတွင်းက ကောင်းကင်ကို ကမ္ဘာသားတွေ မေ့ကြမှာမဟုတ်ပါဘူး။ သူတို့ ဟစ်ခါမှမမြင်ဖူးတဲ့ ယာဉ်ပျံတွေရဲ့ ရုတ်တရက် စီးနင်းတိုက်ခိုက်တာတွေကို ခံခဲ့ရလို့ပါပဲ။

ကမ္ဘာဂြိုဟ် တော်တော်အထိနာခဲ့တယ်။ ရိုဘော့ဂြိုဟ်က စက်ရုပ်တွေကို တုံ့ပြန်တိုက်ခိုက်ရတာတစ်မျိုး၊ ကိုယ်တီထွင်ထားတဲ့ စက်ရုပ်တွေက ကိုယ့်ပြန်ပုန်ကန်တာကို ပြန်နှိမ်နင်းရတာတစ်မျိုးနဲ့ စစ်ဆင်ရေးတွေ လက်မလည်ခဲ့ဘူး။

တကယ်တော့ ကမ္ဘာကြီးအတွက် ဒီဖြစ်စဉ်က ဒဏ္ဍာရီလိုပါပဲ။ ဒဏ္ဍာရီထဲက ဂရိနတ်ဘုရားတွေက သူတို့ဖန်ဆင်းထားတဲ့လူတွေကို သူတို့ မထိန်းချုပ်နိုင်တော့ဘဲ ပြန်တိုက်ခိုက်ခံရသလိုပေါ့။ အခု လူတွေလည်း ဒီလို ပြန်ဝဋ်လည်တာပဲ။ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်ပြီ။



ဒီတိုက်ပွဲမှာ ကမ္ဘာဂြိုဟ်ရှုံးနိမ့်ခဲ့တယ်လို့ ဆိုရမယ်။ ဒါပေမဲ့ ရိုဘော့ဂြိုဟ်ကယာဉ်တွေ တပ်ဆုတ်လို့ ကိုယ့်ဂြိုဟ်ကိုယ် ပြန်ရောက်ပြီးမှ ကမ္ဘာဂြိုဟ်ကာယာဉ်တွေ တကြော့ပြန်လာတိုက်ခိုက်ခဲ့တယ်။ ဒီတိုက်ပွဲက အပြင်းထန်ဆုံးပါပဲ။ ဒါပေမဲ့ တိုက်ပွဲအပြီးမှာ ဆွေးနွေးမှုတစ်ခုရခဲ့တယ်။ ဒီဆွေးနွေးပွဲမှာ လူလုပ်စက်ရုပ်တွေနဲ့ ပတ်သက်ပြီး အထင်လွဲနေတာလည်း ဖြေရှင်းနိုင်ခဲ့တယ်။

ကမ္ဘာဂြိုဟ်ကထွင်ထားတဲ့ စက်ရုပ်တွေဟာ သက်ရှိတွေမဟုတ်ကြောင်း ရိုဘော့ဂြိုဟ်က စက်ရုပ်တွေ သိခဲ့တယ်။ တော်တော်ကြီးမှားတဲ့ အမှားဖြစ်ကြောင်း ရိုဘော့ဂြိုဟ်ကစက်ရုပ်တွေ တိုက်ပွဲဖြစ်ရခြင်းအတွက် နောင်တရခဲ့တယ်။

စစ်လျော်ကြေးစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တယ်။ ပြီးတော့ လူတွေနဲ့ ရိုဘော့ဂြိုဟ်စက်ရုပ်တွေနဲ့ တစ်ဖက်နဲ့တစ်ဖက် ဘာသာစကားတွေ၊ စိတ်ခံစားမှုတွေ အသိဉာဏ်တွေ လေ့လာကြ၊ ဖလှယ်ကြတဲ့အနေနဲ့ တစ်လလောက် ရင်းရင်းနှီးနှီး အတူနေစေခဲ့တယ်။ ငြိမ်းချမ်းသွားပြီဆိုတဲ့ သင်္ကေတမျိုးနဲ့ပေါ့။

အဲ့ဒီတုန်းက ဂျေအိုင်ဟာ ကာကွယ်ရေးဌာနလက်အောက်က လက်နက်စက်ရုံမှာ အလုပ်လုပ်နေတယ်။ တီထွင်ရေးမှာ အတော်ဆုံးစက်ရုပ်အဖြစ် ပါရမီရှင်စက်ရုပ်အဖြစ် ကခြားစက်ရုပ်တွေက အားကျခံခဲ့ရတဲ့ စက်ရုပ်ဟာ ဂျေအိုင်မှ ဂျေအိုင်ပါပဲ။

ဂျေအိုင်ကို စက်ရုံတွေ၊ ဓာတ်ခွဲခန်းတွေကို ကမ္ဘာဂြိုဟ်ကလူတွေလည်း အဲ့ဒီတစ်လအတွင်း လာလေ့လာကြတယ်။ ဖက်လှဲတကင်းပါပဲ။ ငြိမ်းချမ်းရေးရသွားပြီမို့ လူနဲ့စက်ရုပ်လည်း မာယာကင်းသလို ဆါင်းသင်းနိုင်ကြပြီလေ။ ဂျေအိုင်က ခင်တတ်မင်တဟ်သလို လာလေ့လာတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူတွေအဖွဲ့ကလည်း ဖော်ရွေသူတွေပဲမို့ အတော့်ကို ပါတနာကျ ပျော်ရွှင်ခဲ့ရတယ်။

လူတွေနဲ့ပေါင်းပြီး သုံးလေးရက်အတွင်း ဂျေအိုင် ကမ္ဘာသုံးစကားကို တတ်မြောက်သွားခဲ့တယ်။ လူတွေထဲမှာ ပီတာလို့အမည်ရှိတဲ့ အာကာသယာဉ်မှူးလေးဟာ ဂျေအိုင်နဲ့ အခင်ဆုံးပဲ။

ဒါပေမဲ့ ဂျေအိုင်နဲ့ ခင်ရုံတင်မကဘဲ ဂျေအိုင်လက်အောက်က ဝန်ထမ်းစက်ရုပ်မလေးနဲ့လည်း ချစ်ကြိုးသွယ်သွားတယ်။ အဲ့ဒီစက်ရုပ်မလေးရဲ့နာမည်က အေမီတဲ့။

လူသားလေးပီတာနဲ့ စက်ရုပ်မလေး အေမီ ချစ်ကြိုက်နေမိခဲ့ပြီ။ အဲ့ဒီတုန်းက ကောင်းကင်ကကြယ်တွေဟာ အပြာဆုံးပဲလို့ ပီတာထင်မယ်။ ဒီအချိန် ရေထဲခုန်ဆင်းရလည်း သေပျော်ပါပြီလို့ အေမီ့ဘက်ကလည်း တွေးနေမှာပဲ။ တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်ကျုံဝင်သွားအောင် ထွေးဖက်ထားတဲ့ညနေများ။ တစ်ယောက်နှလုံးသားထဲက လှေကလေးဘေးမှာ တစ်ယောက်နှလုံးသားထဲက ငါးဖြူလေး လှမ်းလှမ်းခုန်နေသလိုပဲပေါ့။ မျက်လုံးချင်း ဆုံတယ်။ အေမီ့ဆီမှာ ပီတာအကြိုက်ဆုံး မျက်လုံးလေးတွေရှိတယ်။ မျက်လုံးတွေကို နမ်းတယ်။ နဖူးလေးကော။ ပါးကလေးကော။ ပြီးတော့ . . . ပြီးတော့ . . .

တစ်ယောက်ရဲ့အသံကို တစ်ယောက်မမေ့အောင် နားထဲမှာ ရေးမှတ်ထားလိုက်ချင်နေကြတယ်။

သူတို့ ကြည်နူးနေတိုင်း နံရံအကွယ်လေးတွေကနေ ကွယ်ကြည့်ပြီး ကြေကွဲနေသူတစ်ယောက်ရှိတယ်။ သူက ဂျေအိုင်ပါ။ ဂျေအိုင် ရင်တွေနာခဲ့ပေါ့။ ဂျေအိုင် အေမီကို ချစ်နေခဲ့တာကြာလှပြီလေ။ သူ မရှုရက်လို့ အပင်လေးအောက်ကနေ ငေးမော့ကြည့်ရင်း လက်နဲ့ရှယ်လိုက်'တော်ပါပြီလေ အကြွေစောင့်နေပါတော့မယ်' လို့ ပြန်ရီးသားလိုက်နဲ့ သူခရီးမရောက်စွာ ဖြူစင်နေခဲ့တာ။ အခုတော့ . . . အခုတော့ . . . အေမီတစ်ရွာသားကို ရည်းစားလုပ်ခဲ့ပြီ။



အေမီရဲ့ သိပ်ပျော်နေတဲ့ အပြုံးလေးတွေကို မြင်ရတာရယ်၊ ပီတာကလည်း မေတ္တာစစ်နဲ့ ချစ်တဲ့ပုံပေါ်တာကြောင့် ကွယ်ရာမှာပဲ ကြိတ်ဆွေးခဲ့ရတယ်။ ဂျေအိုင် ကွယ်ရာမှာပါ ကြိတ်ငိုကြွေးခဲ့ရှာတယ်။

ခါတိုင်း ကွန်ပျူတာခလုတ်တွေဆီ အမြဲရောက်နေတဲ့ သူ့လက်ချောင်းတွေက အရက်ပုလင်းတွေရဲ့ခါးကိုပဲ လှမ်းလှမ်းဖက်ချင်လာတယ်။ သူ တစ်ခါမှမသောက်ဖူးတဲ့ အရက်တွေကို အဲ့ဒီအချိန်ကစပြီး စွဲစွဲလမ်းလမ်း သောက်ခဲ့တော့တာပဲ။

"အေမီရေ . . ."

"ကိုယ့်အေမီလေးရေ . . . ကိုယ် မင်းကို အမြဲတမ်း ခိုးကြည့်နေခဲ့တဲ့ဒဏ်တွေ အခု ခံစားနေရပြီ။ ချစ်တယ် . . . မင်းမသိအောင် ဆက်ချစ်သွားမယ်ကွာ။ အေမီလေးရေ . . . ကိုယ့်ရင်တွေ . . . ကွဲ . . ကြေ . . ."

အချိန်ဟာ ခြင်းချက်မရှိတဲ့ အရာပဲ။ ငိုကြွေးနာကျင်နေသူအတွက်လည်း အချိန်တွေကို အမြန်မကုန်စေသလို မျှော်နေသူတွေအတွက်လည်း ကြာကြာပျော်ရအောင် နှေးကွေးမပေးခဲ့ပါ။

အေမီတို့အတွက်တော့ အချိန်တွေက ကုန်မြန်တယ်ပေါ့လေ။ ပီတာတို့ ပြန်ရတော့မယ်။

ဓာတ်ပုံလေးကို နှစ်ခြမ်းဖြလိုက်တယ်။ စုံတွဲပုံလေးပါ။ နှစ်ခြမ်းပြဲသွားတဲ့ ဓာတ်ပုံထဲက အေမီ့ပုံကို ပီတာယူပြီး ပီတာ့ပုံကို အေမီ အပြန်အလှန်ယူထားလိုက်တယ်။

ရိုဘော့ဂြိုဟ်နဲ့ ကမ္ဘာဂြိုဟ်ရဲ့ စစ်ပြေငြိမ်းစာချုပ်ပါ အချက်အလက်တွေထဲမှာ တစ်ဂြိုဟ်နဲ့တစ်ဂြိုဟ် ဘာအကြောင်းနဲ့မှ ဆက်သွယ်စရာ အကြောင်းမရှိတော့တဲ့အကြောင်းဟာ အဓိကပါဝင်နေတယ်လေ။ ဒါကြောင့် ပီတာနဲ့အေမီ ထာဝရ ဝေးရတော့မယ်။

ဒါပေမဲ့ တကယ်လို့များ . . .

ဒါပေမဲ့ မတော်တဆ . . .



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကံတရားက သနားလို့ ပြန်ဆုံခွင့်ရခဲ့ရင်ပေါ့ဆိုပြီး မျှော်လင့်မိခဲ့ကြသေးတယ်။

ယာဉ်ပျံတွေ ဝေးဝေးသွားတဲ့အထိ အေမီ ရိုဘော့ဂြိုဟ်မြေသား ပေါ်က ရပ်ပြီး လက်ပြနေခဲ့တယ်။ မြင်ကွင်းထဲက ယာဉ်ပျံတွေ ပျောက်သွားမှ အေမီ့နံဘေးက ဂျေအိုင့်ပခုံးကို မျက်နှာအပ်ပြီး ငိုတော့တယ်။ တစ်ပါးသူအတွက် ကျတဲ့မျက်ရည်တွေက ဂျေအိုင်ပခုံးမှာ လာစိုစွတ်တယ်။ ဂျေအိုင့်မျက်ရည်တွေကိုတော့ မော့မကြည့်သူအေမီက မမြင်ခဲ့ပါလေ။

စစ်ဖြစ်စရာလည်း မရှိတော့ဘူး။

ကမ္ဘာဂြိုဟ်က လူတွေလည်း ပြန်သွားပြီ။

အရာရာအားလုံး ပြီးဆုံးသွားပြီ။ ပုံမှန်အတိုင်း ပြန်လည်ပတ်ရတော့မယ်။ ဒီလိုထင်ခဲ့ပေမယ့် ဂျေအိုင်တို့ တီထွင်ရေးအဖွဲ့အတွက်ကတော့ ငရဲခန်းက အခုမှ စတင်တာပါ။

အခု ကာကွယ်ရေးဝန်ကြီးချုပ် အဂီဟာ အဲ့ဒီတုန်းက ဝန်ကြီး မဟုတ်သေးပါဘူး။ ဝန်ကြီးဘေးမှာ ကပ်မြှောင်စားယားနေတဲ့ အရာရှိတစ်ဦးပါ။ သူဟာ သူ၏ သွေးကြွတယ်။ လောဘကြီးတယ်။ အရေပြာ အပေါ် သံသယပြင်းတယ်။ အသွားတွေကို သူ့စွမ်းအားလို ထင်နေတယ်။

ဂျေအိုင်တို့ တီထွင်ရေးအဖွဲ့နဲ့ပတ်သက်ပြီး ဝန်ကြီးကို သွေးထိုးခဲ့တယ်။ ဂျေအိုင်တို့ဟာ လူတွေကို လိုတာထက် ပိုပေါင်းသင်းခဲ့ကြောင်း၊ နောက်တစ်ခါ ကမ္ဘာဂြိုဟ်က လာတိုက်ခိုက်နိုင်ကြောင်း၊ အဲ့ဒီအတွက် တီထွင်ရေးအဖွဲ့က ကမ္ဘာဂြိုဟ်ရဲ့ စည်းရုံးမှုကိုခံရပြီ။ သူလျှိုစိတ်ဝင်သွားပြီဖြစ်ကြောင်း မဟုတ်တမ်းတရား စွပ်စွဲခဲ့တယ်။

ဒီလိုချောက်ချရတာဟာ အဲ့ဒီတုန်းက တီထွင်ရေးအဖွဲ့ဟာ သိပ်ကိုနာမည်ကြီးပြီး တစ်ချိန်မှာ ဂြိုဟ်ရဲ့ ရာထူးအမြင့်ဆုံးနေရာတွေကို ဒီအဖွဲ့ထဲက စက်ရုပ်တွေကို ပေးသင့်တယ်ဆိုတဲ့အသံတွေ ရေပန်းစားလွန်းနေလို့ပဲ။ ဒါကြောင့် အဂီဟာ ဒီအဖွဲ့ကို စောစောဖြုတ်ချချင်နေတယ်၊



အဲ့ဒီတုန်းက ကာကွယ်ရေးဝန်ကြီးကလည်း မြှောက်ပင့်ပေါင်းတတ်တဲ့ကောင်တွေအကြိုက် ခပ်တုံးတုံးပဲ။ ဒါကြောင့် အဂီပြောတာကို သေချာမသုံးသပ်ဘဲ အဂီကို 'မင်းလည်း ကြည့်ကျက်လုပ်လိုက်' လို့ ပြောခဲ့တယ်။ အဂီကလည်း အထက်က ညွှန်ကြားချက်ရတာနဲ့ တီထွင်ရေးအဖွဲ့ကို မြေလှန်တော့တာပဲ။

ပါးရိုက်နားရိုက်နဲ့ မဟုတ်တမ်းတရားတွေ စစ်ဆေးပြီး ဝန်ခံခိုင်းခဲ့တယ်။

"ခင်ဗျား လက်မပါနဲ့ . . . အဂီ။ အထက်က အမိန့်ထဲမှာ အကြမ်းဖက်စစ်ဆေးမှုတွေတော့ မပါလောက်သေးပါဘူးနော်။ ကျုပ်အဖွဲ့ဝင်တွေကို ကျုပ်ရှေ့မှာ ယက်နဲ့ထိတာ မကြိုက်ဘူး"

ဂျေအိုင်က ရဲဝံ့တယ်။ သူ့အဖွဲ့ဝင်တွေအတွက် မားမားမတ်မတ် ရပ်တယ်။

အဲ့ဒီတုန်းက အဂီနဲ့ဂျေအိုင် ရာထူး သူမသာ ကိုယ်မသာပဲ၊ ကိုယ့်အပိုင်းနဲ့ကိုယ် ရာထူးမြင့်နေကြသူတွေပဲ။

အဂီက တဟားဟားရယ်တယ်။

"ဂျေအိုင် . . . ဂျေအိုင် . . . မင်းကိုမင်း တစ်နေ့ကျရင် ကာကွယ်ရေးဝန်ကြီးဖြစ်မယ်၊ ပြီးကော့ သမ္မတဖြစ်မယ်လို့များ ထင်နေလို့လား။ ရိုင်းလိုက်တာကွာ . . . အဟင်း . . ."

"ခင်ဗျားစိတ်နဲ့ နှိုင်းမှတော့ အဲ့လောက်တော့ ရိုင်းသွားမှာပေါ့"

"မင်း . . . "

အဂီ အနာပေါ် တုတ်ကြီးကြီး ကျသွားတယ်။

အဂီဟာ အမြဲတမ်း တီထွင်ရေးအဖွဲ့ရဲ့အမှားကိုလိုက်ရှာ ချောင်းမြောင်းကြည့်နေခဲ့တယ်။

ကံဆိုးပါတယ်။ အဲ့ဒီအချိန် အေမီရဲ့ သန္ဓေသားလေး ရှိလို့ကြလာခဲ့ပြီ။ ဟုတ်ပါတယ်။ ပီတာနဲ့ အချစ်နယ်ကျူးခဲ့တဲ့ ကိုယ်ဝန်ပါ၊



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ဟော့ဒီဗိုက်က ဘာငြင်းဦးမလဲ။ တခြားဂြိုဟ်က ကောင်နဲ့တောင်မှ မရှောင်ဘူးကွာ . . . ဟား . . . ဟား . . ."

အဂ္ဂိအတွက် အေမီကိုယ်ဝန်ရှိလာခြင်းက အကြီးကျယ်ဆုံး နိုင်ကွက်ဖြစ်လာခဲ့တာပါ။ ဒါ တီထွင်ရေးအဖွဲ့ရဲ့ ကမ္ဘာဂြိုဟ်ကလူတွေနဲ့ ဘယ်လောက်တောင် တရင်းတနှီး ဖြစ်သွားခဲ့သလဲဆိုတဲ့ သက်သေပေါ့ လေ။

"ကြည့်ရတာ မင်းတို့ တီထွင်ရေးအဖွဲ့က မိန်းမတွေက ပြည့်တန်ဆာသာသာ . . ."

"ခွပ် . . ."

ဂျေအိုင် ပြေးထိုးပစ်တယ်။ တခြားစက်ရုပ်တွေ ဝင်ဆွဲဖြန်ဖြေရတယ်။ ဒါကြောင့် အဂ္ဂိ သက်သာသွားတယ်။ ပါးစပ်က သွေးကိုသုတ်ပြီး ရယ်တယ်။

"အဟင်း . . . ဟင်း . . . မင်းတို့အဖွဲ့ ဇာတ်သိမ်းဖို့ နီးပါပြီကွာ"

ဂျေအိုင်ဟာ အားငယ်ပင်ပန်းနေတဲ့ အေမီ့ကို အရိပ်တကြည့်ကြည့်နဲ့ လိုလေသေးမရှိ စောင့်ရှောက်ခဲ့ပါတယ်။ ဒါပေမဲ့ အဂ္ဂိကလည်း အထက်က အမိန့်ဆိုတာမျိုးကို အေမီ့ကို မကြာခဏ စစ်ဆေးနှိပ်စက်ခဲ့တယ်။

ကြာတော့ အေမီ ထွက်ပြေးခဲ့တယ်။ တီထွင်ရေးအဖွဲ့ သူ့ကြောင့် ဒုက္ခမရောက်ဖို့နဲ့ သူကိုယ်တိုင်လည်း ဆက်ပြီး နှိပ်စက်မခံရဖို့ အေမီ ထွက်ပြေးခဲ့တယ်။

အေမီဟာ သူ့သူငယ်ချင်း ရှာဆွစ်ရဲ့အကူအညီနဲ့ မြို့ပြင် တောအုပ်ထဲက တစ်နေရာမှာ သူ့ကလေးကို မွေးဖွားခဲ့တယ်။ မမွေးခင် ခက်ခဲပင်ပန်းခဲ့တဲ့ အေမီဟာ မွေးပြီးပြီးချင်း သူ့ကလေးကိုမြင်ပြီးတာနဲ့ မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့တယ်။ ကလေးလေးကို ပြုံးကြည့်ရင်း သေဆုံးသွားခဲ့ရှာတာပါ။ ရှာဆွစ်ဟာ အေမီ့ကလေးလေးကို စောင့်ရှောက်ခဲ့တာပေါ့။



ကာကွယ်ရေးအဖွဲ့က အေမီ့ကို ပိုက်စိပ်တိုက်ရှာတဲ့အခါမှာတော့ အေမီ့အလောင်းကိုပဲ ပြန်ရခဲ့ပါတယ်။ အေမီဆုံးပြီလို့ သတင်းတွေ ပျံ့နှံ့တော့ အကြေကွဲအရဆုံးက ဘယ်သူဖြစ်မလဲ။ ဂျေအိုင်ပဲပေါ့။ ဂျေအိုင် ဘယ်လိုမှ ဆောက်တည်ရာမရခဲ့ဘူး။ သူ အမြဲတမ်းသောက်ပြီး ငိုနေရတော့တာပဲ။ အလုပ်မှာလည်း စိတ်မပါတော့ဘူး။ သူ့တီထွင်မှုတွေလည်း အမှားမှား အယွင်းယွင်းပေါ့။ အရင်တုန်းက သူ့ကို ပါရမီရှင်လို့တင်စားတဲ့သူတွေတောင် သူ့ကို စိတ်ပျက်ခဲ့ကြပြီ။ ကွယ်ရာမှာလည်း သူ့တီထွင်မှုတွေကို ဟားတိုက်နေကြသူတွေ အများကြီး ရှိနေကြပြီ။

နောက်ဆုံး ကာကွယ်ရေးဝန်ကြီးချုပ်နေရာ အဂ္ဂိရရှိသွားပြီလို့ ကြားကြားချင်းပဲ ဂျေအိုင်လည်း ရာထူးက နုတ်ထွက်ပစ်လိုက်တယ်၊ (တချို့ကလည်း နှင်ထုတ်ခံရတယ်လို့ ချဲ့ကားပြောကြတယ်။) ဂျေအိုင် အရက်သမားလုံးလုံး ဖြစ်လာတယ်။ ကံကောင်းတာ တစ်ခုပဲရှိလာတယ်၊ ဒါက အေမီဆုံးပေမယ့် အေမီ့ကလေးလေး အသက်ရှင်နေသေးတယ်လို့ စုံစမ်းသိရခဲ့တယ်။ သူ အဲ့ဒီကလေးလေးကို တစ်နည်းနည်းနဲ့ စောင့်ရှောက်သင့်တယ်လို့ သူ တွေးထင်လာတယ်။ အေမီ့သားလေးဆိုတော့ သူ သံယောဇဉ် မပြတ်နိုင်ဘူးလေ။

ဒါနဲ့ သူ စုံစမ်းရတဲ့အတိုင်း ကလေးလေးကို ရှာဆွစ်အလုပ်လုပ်တဲ့ ဂျီအိုဝဲဆစ် မိဘမဲ့ကလေးကျောင်းမှာ သွားကြည့်ခဲ့တယ်။ ကလေးလေးက ကျန်းကျန်းမာမာနဲ့ပဲ ကစားကွင်းထဲမှာ တခြားစက်ရုပ်ကလေးလေးတွေနဲ့အတူ ဆော့ကစားနေတယ်။ ပြေးလွှားနေတယ်။

ကလေးလေးကို ကစားဖော်တွေက လှမ်းခေါ်လိုက်တဲ့အသံကို လည်း ဂျေအိုင် ကြားလိုက်ရတယ်။

"အမ်ဆေးနပ်"

တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## (16)

ဂျေအိုင့်စကားဆုံးတော့ အမ့်မျက်နှာ မျက်ရည်တွေရွှဲလို့။ ဒါ အမ့်ဘဝဇာတ်ကြောင်းပဲမို့လား။

ပင့်ခ်ဝါဆို နားထောင်ပြီး ကြေကွဲလွန်းလို့ ရှိုက်သံတောင်ထွက် နေတယ်။ ဘာမီတွန်နဲ့ မော့စကီးလည်း စိုစွတ်မျက်လုံးများနဲ့။

"ဘာလို့ အရင်တုန်းက မပြောခဲ့တာလဲ . . . ဂျေအိုင်ရယ်"

အမ် ကြေကွဲပါတယ်။ ဂျေအိုင်က . . .

"ဘယ်တုန်းကမှ မပြောပြချင်ခဲ့တာပါ . . . ကလေးရယ်။ ဒီ အကြောင်းတွေကိုသိလို့ မင်းအတွက် အကျိုးမရှိနိုင်ဘူးထင်လို့ ငါနဲ့ ရှာဆွစ် မပြောဘဲ နေခဲ့ကြတာပါ။ အခုမှ လိုအပ်လို့ ငါဖွင့်ပြောခဲ့တာ ပဲ။ ငါဖွင့်ပြောမယ့်အကြောင်းကို ရှာဆွစ်ကိုလည်း ငါ messageနဲ့ လှမ်း အကြောင်းကြားလိုက်လို့ သူလည်း သိပြီးပါပြီကွယ်"

အမ် ငိုတယ်။ အမေ့အတွက် သူ ပိုငိုကြွေးတယ်လေ။

"မင်းကို ဝဲစားစက်ရပ်လို့ နာမည်ပျက်စေတဲ့ ခန္ဓာကိုယ်ပေါ် က အမွေးအမျှင်တွေကလည်း အကြောင်းမဲ့ပေါက်လာတာ မဟုတ်ဘူး။ ကမ္ဘာဂြိုဟ်ကလူတွေက ရေသောက်တယ်။ ပြီးတော့ အမွေးအမျှင်ထွက် တယ်။ ဒါကြောင့် မင်း ရေထဲပြုတ်ကျတော့ ပါးစပ်ထဲ ရေတွေစီးဝင်



လာတာကို ပုံမှန်အရဆိုရင် ထွေးထုတ်ရမှာဖြစ်ပေမယ့် မင်း ရုတ်တရက် စိတ်ကတစ်မျိုးဖြစ်လာပြီး ရေတွေကို မျိုချမိတယ်လေ။ အဲ့ဒီနောက် မင်း မေ့မြောသွားတယ်လေ။ အဲ့ဒီအချိန် မင်းကိုယ်ထဲ ရေဓာတ်တွေ အမြောက် အမြား ဝင်သွားလိမ့်မယ်။ အဲ့ဒီကနေ မင်းကိုယ်တွင်းမှာ အဆင့်ဆင့် ဓာတ်ပြုပြီး မင်းအဖေတို့ လူသားတွေရဲ့ လက္ခဏာတစ်ရပ်ဖြစ်တဲ့ ဒီလို အမွေးအမျှင်တွေထွက်လာတာလို့ ငါ ထင်တယ်"

အမ် ကိုယ်လက်ပေါ်က မွေးညင်းမျှင်များကို ပြန်ငုံ့ကြည့်နေမိ တယ်။

ဒီအချိန်ပဲ ဝုန်းဆိုပြီး ထောင်တစ်ခုလုံး လှုပ်ခါသွားတယ်။ စစ် ဖြစ်နေပြီမှန်း အားလုံး သိလိုက်ကြတယ်။

"ကျွန်တော့်ဘဝဇာတ်ကြောင်းကိုတော့ သိပါပြီ။ ဒါပေမဲ့ အဲ့ဒါ က စစ်ပွဲကို ဘယ်လိုလို့ တားနိုင်မှာလဲ"

"တားနိုင်တယ်။ အခု ကမ္ဘာဂြိုဟ်ကတပ်တွေကို ဦးဆောင်လာ တာ ပီတာပဲ"

"ပီတာဆိုတော့ . . ."

"ဟုတ်တယ် . . . မင်းအဖေပဲ။ မင်းအဖေကို မင်းတားနိုင်မယ် လို့ ငါယုံကြည်တယ်။ လက်နက်တွေနဲ့ ဖြေရှင်းမယ့်အစား ဆွေးနွေး ပွဲနဲ့ ညှိနှိုင်းအဖြေရှာကြဖို့ မင်း စွမ်းဆောင်ရလိမ့်မယ်"

ရိုဘော့ဂြိုဟ်ရဲ့ ကံကြမ္မာက အမ့်ဆီမှာ မူတည်နေပြီလား။

"ဒါပေမဲ့ ဂျေအိုင် . . . အခု ကျွန်တော်က ထောင်ထဲမှာလေ"

ဂျေအိုင်က ချက်ချင်းပဲ အကျီအောက်ဝှက်ယူလာတဲ့ ဘောလ်ပင် တစ်ချောင်းစာမျှ လက်နက်သေးသေးလေးကို ထုတ်လိုက်တယ်။ အဲ့ဒီ လက်နက်သေးသေးလေးကို ထုတ်လိုက်တယ်။ အဲ့ဒီလက်နက်ပေါ်က ခလုတ်ကို နှိပ်လိုက်တော့ ရောင်ခြည်တစ်မျိုး ထွက်လာတယ်။ အဲ့ဒီရောင် ခြည်ကပဲ ထောင်နံရံသံတိုင်တွေကို အလွယ်တကူပဲ အရည်ပျော်အောင် တိုက်စားသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ကောင်လေး၊ ဒါဆို ထောင်ထဲမှာ ဟုတ်သေးလား"

"မဟုတ်တော့ပါဘူး"

"အေး . . . အဲ့ဒါဆို ထွက်တော့"

ပင့်ခ်ဝါက . . .

"အမ် . . . မြန်မြန်ထွက်ခဲ့။ ငါ့စက်ဘီး ဟိုပြတင်းပေါက်နားမှာ စောင့်နေပြီ။ မြန်မြန်"

ဘာမီတွန်ကလည်း . . .

"အချိန်နဲ့ဒီရေဟာ စက်ရုပ်ကို မစောင့်တဲ့။ အမ် မြန်မြန်သွားကွာ"

အမ် အရည်ပျော်နေတဲ့ သံတိုင်တွေကို ခုန်ကျော်ပြီး ပြေးထွက်ခဲ့တယ်။ ပင့်ခ်ဝါပြောတဲ့ ပြတင်းပေါက်ဆီရောက်လို့ ငုံ့ကြည့်လိုက်တော့ အသင့်စောင့်နေတဲ့ မိုးပျံစက်ဘီးကလေး။

အမ် ပြတင်းပေါက်ကခုန်ဆင်းပြီး စက်ဘီးပေါ်ခုန်တက်လိုက်တယ်။ ပြီးတော့ လည်ပြန်လှည့်ကြည့်လိုက်တော့ ဘာမီတွန်၊ မော့စကီး၊ ဂျေအိုင်နဲ့ ပင့်ခ်ဝါတို့က အားကိုးတကြီး ကြည့်နေကြတယ်။

"အမ် . . ."

ပင့်ခ်ဝါက အော်ခေါ်တယ်။

"မြန်မြန်သွားတော့"

ထောင်စောင့်စက်ရုပ်တစ်ယောက် ပစ်ခတ်လိုက်တဲ့ ကျည်ဆန်တစ်တောင့် အမ့်ပခုံးနားက ရှပ်သွားတယ်။ ဒီတော့မှ ပင့်ခ်ဝါကို ခေါင်းညိတ်ပြပြီး အမ် အမြန်ထွက်ခဲ့တော့တယ်။

* * *



## (17)

"ချီးယား . . . ချီးယား . . ."

ဘီယာအမြုပ်တွေတောင် လေထဲလွှဲတက်သွားအောင် ချီးယားလိုက်ကြတယ်။ တီတော်ရီတို့အဖွဲ့ပါ။ သူများတကာတွေ စစ်ဖြစ်လို့ ကြောက်လန့်နေတဲ့အချိန် သူတို့ကတော့ ပျော်ပါးအေးဆေးလို့။

"တီတော်ရီ . . . ငါတို့ . . . ငါတို့ . . . ဘာအပြစ်မှ မပေးခံရပါဘူးနော်။ မင်းအဖေ တာဝန်ယူပြီး ဖုံးဖိပေးမှာပါနော်"

"ဟား . . . ဟား . . ."

တီတော်ရီ ရယ်တယ်။

"မင်း ကြံဖန်ကြောက်မနေစမ်းနဲ့ . . . ဂျာဂျစ်ရာ။ လက်နက်ကို ဝဲစားလက်ထဲမှာ ဖမ်းမိတာဆိုတော့ ဒီကောင့်ကိုပဲ တရားခံလို့ထင်နေကြပြီ။ ကျန်တဲ့ သံသယဖြစ်ဖွယ်တွေရှိရင်လည်း ငါ့အဖေက ဖုံးဖိပေးလိမ့်မယ်။ ငါ့အဖေကလည်း ဝဲစားကောင်ကို ကျောသားရင်သားနေ့ကတည်းက ပွဲဆူစေလို့ မျက်စိစူးနေတာဆိုတော့ ရှင်းချင်နေတာနဲ့ အတော်ပဲတဲ့။ ဒါပေမဲ့ တိုက်ပွဲကြောင့် အဲ့ဒီဝဲစားကို အပြစ်ပေးမယ့်ကိစ္စတို့ ခဏ ဆိုင်းငံ့ထားရဦးမယ်တဲ့"

လူးကစ်က တီတော်ရီရဲ့ ရင်ခွင်ထဲမှာမှီပြီး တီတော်ရီကို ဘီယာခွံတိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ အခု မြို့ပြင်မှာဖြစ်နေတဲ့ တိုက်ပွဲက မနေ့က ငါတို့ လက်နက်ဆန်းနဲ့ သောင်းကျန်းခဲ့တာနဲ့များ ဆိုင်နေမလား"

"ဆိုင်ဆိုင်မဆိုင်ဆိုင် ဘာအရေးလဲကွာ။ ကမ္ဘာဂြိုဟ်ကကောင်တွေ သေချင်လို့ ကိုယ်အဲ့သက်ကိုယ် လာဖြုန်းတာပဲ။ ဒီကောင်တွေရဲ့ တီထွင်ရေး ၁၀က ငါတို့စက်ရုပ်တွေထက် အများကြီးနိမ့်တယ်။ ဒါကြောင့် ငါတို့ဂြိုဟ်က လက်နက်တွေကို ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ တွေးပူမနေနဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ အခုချိန်က ကဲရမယ့်အချိန်မဟုတ်ဘူးလို့ ထင်တယ်။ အခုလိုနေမယ့်အစား လက်နက်ဒဏ်တွေ စိတ်ချရမယ့် တစ်နေရာရာမှာ သွားပုန်းနေတာကောင်းမယ် . . . တီတော်ရီ"

ဘွန်ဂေါက ဖြစ်သင့်တာ တိုက်တွန်းပေမယ့် တီတော်ရီက ထိမထင်ပါပဲ။

"တိုက်ပွဲက မြို့ပြင်မှာဖြစ်နေတာပဲ။ ဘယ်လိုလို့ လက်နက်တွေက ငါတို့ဆီ လာမှန်ရမှာလဲ"

တခြားစက်ရုပ်တစ်ယောက်ကလည်း . . .

"ခုနက သတင်းထဲမှာ ကွေဆာထောင်နားမှာတောင် ပြင်းအားမြင့်ဗုံးတစ်လုံး လွင့်လာသေးတယ်လို့ ကြေညာသွားတယ်ကွ။ တိုက်ပွဲက မြို့ထဲဘက်ထိ ရောက်လာပြီထင်တယ်"

"ဟား . . . အဲ့ဒါကောလဟာလ"

"ဝုန်း"

"ဒုန်း"

သူတို့ရှိနေတဲ့ အဆောက်အဦးတစ်ခုလုံး သိမ့်သိမ့်တုန်သွားတယ်။ မကြာဘူး လက်နက်ကျည်ဆန်နှစ်မျိုး ဆက်တိုက်အရှိန်နဲ့ ပြေးဝင်ပေါက်ကွဲလာတယ်။

"ဝုန်း . . . ဝုန်း . . ."

"အား . . ."



အဆောက်အဦးအနှံ့ မီးစတွေ ထတောက်ကုန်တယ်။ သူတို့ရောက်နေတဲ့နေရာက စက်ရုပ်အများစည်ကားလေ့ရှိတဲ့ ကုန်တိုက်ကြီးတစ်ခုရဲ့ အပေါ်ထပ် တစ်နေရာမှာပါ။ ခါတိုင်းလို စက်ရုပ်တွေ စည်မနေသင့်ပေမယ့် ဒီနေရာက မြို့ထဲသာ လက်နက်တွေဝင်မလာရင် စိတ်ချရတဲ့နေရာမို့ စက်ရုပ်တော်တော်များများ ရောက်ရှိနေကြသေးတယ်။ ဝရုန်းသုန်းကားဖြစ်ကုန်တော့ စက်ရုပ်တွေ ကြဲသလို ပြေးကုန်တယ်။ တီတော်ရီရဲ့ အပေါင်းအပါ စက်ရုပ်တွေလည်း တကယ့်အရေးကျတော့ သေသူသေ၊ ပြေးသူပြေးနဲ့ အနားမှာ တစ်ယောက်မှမရှိတော့ဘူး။

တီတော်ရီကလည်း သက်သက်သာသာ ရှိနေတာမဟုတ်ပါဘူး။ လက်နက်ကြီးဒဏ်ကြောင့် လွင့်ထွက်သွားပြီး အဆောက်အဦးပေါ်က ပြုတ်ကျခါနီး ဖြစ်နေတယ်။ လူးကစ်လည်း အဲ့ဒီလိုပဲ။ တီတော်ရီနဲ့အတူ ပြုတ်မကျအောင် အဆောက်အဦးအစွန်းလေးကို ကုတ်ဆွဲထားရင်း တန်းလန်းဖြစ်နေတယ်။ ခြေထောက်တွေက လေထဲမှာ လွတ်နေတာပေါ့။

တီတော်ရီ အားနဲ့ကုတ်တွယ်ပြီး အပေါ်ကို ခက်ခက်ခဲခဲ ပြန်တက်နေတယ်။ လူကစ်ကလည်း လက်ချောင်းတွေ နာကျင်လာပေမယ့် ပြုတ်မကျသွားအောင် ကုတ်ဆွဲထားနေရတယ်။ တီတော်ရီ အရင်တက်လို့ ရသွားပြီ။

"တော်ရီ . . . တို့ကို ကယ်ပါဦး"

လူးကစ်က တွဲလောင်းလေးခိုနေရာက လှမ်းပြောတယ်။ တီတော်ရီက လူးကစ်ကို ငုံ့ကြည့်တယ်။ ပြီးတော့ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်တယ်။ သူတို့ရှိနေတဲ့အထပ်မှာ ဘယ်သူမှ မရှိတော့ဘူး။ ဟိုးအောက်ထပ်မှာသာ စက်ရုပ်တွေ ပျားပန်းခတ် ပြေးလွှားနေတာ။ ကိုယ့်အပူနဲ့ကိုယ် ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တဲ့ ပတ်ဝန်းကျင်ကို တီတော်ရီ စိတ်တိုင်းကျသွားတယ်။

"တော်ရီ . . . ဘာလုပ်နေတာတုံး။ တို့ကို အရင်ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ကယ်ရမှာပေါ့ . . . ကိုယ့်လူးကစ်ကလေးရဲ့"

ဆိုပြီး လူးကစ်ရဲ့ ပြုတ်မကျအောင် ကုတ်ဆွဲထားတဲ့လက်တွေကို ခြေထောက်နဲ့ ဆောင့်နင်းပစ်ပါတော့တယ်။

"အား . . ."

လူးကစ်ရဲ့ လှိုင်တက်သွားတဲ့ နောက်ဆုံးအော်သံကို တီတော်ရီကလွဲလို့ ဘယ်သူမှ မကြားလိုက်ရပါလေ။

"ဟင်း . . . ဟင်း . . . အရှုပ်ထုပ်မတစ်ယောက်တော့ သွားရှာပြီ"

ဒီလိုရေရွတ်ပြီး တီတော်ရီ ဒီထက်လုံခြုံတဲ့နေရာ သွားဖို့ပြင်တယ်။ မြို့ထဲဘက်ကိုလည်း အမှတ်တမဲ့ လှမ်းကြည့်လိုက်တယ်။ သူ့သိပ်ထိတ်လန့်သွားပေါ့။

မြို့ကြီးဟာ မီးခိုးတွေ ကြမ်းတမ်းစွာ အူလို့။



## (18)

အမ် မိုးပျံစက်ဘီးကလေးကို မြေပြင်နဲ့ သိပ်မခွာဘဲ နင်းခဲ့တယ်။ တစ်လမ်းလုံး မြေပြင်ပေါ်က စစ်ဒဏ်သင့်ရှုခင်းတွေကို ကြည့်လာခဲ့တယ်။ ဒါတောင် စစ်ပွဲက မြို့ထဲမှာဖြစ်ပွားတာ မဟုတ်။ ရိုဘော့ဂြိုဟ်ယာဉ်တွေက မြို့ပြင်ကနေ ဆီးကြိုတိုက်ခိုက်ခဲ့တာပါ။ ဒါပေမဲ့ စစ်ပွဲဆိုတာ စည်းခိုင်းဝိုင်းပေးပြီး အဲ့ဒီစည်းထဲမှာပဲတိုက်လို့ တရားသေပြောလို့ရတာမှ မဟုတ်တာ။ တိုက်ပွဲအရှိန်ကို မထိန်းနိုင်ဘဲ နှစ်ဘက်စစ်ယာဉ်တွေ မြို့ထဲကောင်းကင်ဆီ နယ်ကျွံလာတယ်။ တိုက်ပွဲဆီက လျှံတက်လာတဲ့ လက်နက်တွေ မြို့ထဲအထိ ရောက်လာတယ်။ အခုတော့ မြို့ကြီးက မီးခိုးငွေ့တွေ မင်းမှုလို့ အပျက်အစီးတွေနဲ့ လောင်ကျွမ်းကျက်သရေယုတ်လို့။

ဟိုမှာ စက်ရုပ်အလောင်းတွေ။ ဟိုးမှာ သားသည်အမေတစ်ယောက် အဆောက်အဦးပျက် ချောင်အကွယ်ထဲမှာ နာနာကျည်းကျည်း ငိုနေတာ။ ဟိုမှာ ကိုယ့်လက်ပြတ်ကိုယ် ပြန်ကိုင်ထားတဲ့ အူကြောင်ကြောင်ချက်လုံးတွေနဲ့စက်ရုပ်၊ ဟိုးမှာ ကိုယ့်နားရွက်ပြတ်ကိုယ် ပြန်လိုက်ရှာနေတဲ့ စက်ရုပ်၊ ဟိုးမှာ ကိုယ့်အဖေအလောင်းကို မနိုင်မနင်း ဒရွတ်ဆွဲပြီး

www.burmeseclassic.com

သယ်နေတဲ့ စက်ရုပ်ကလေးလေး။ ဟိုးမှာ လျှာပြတ်သွားတဲ့ စက်ရုပ်ကိုယ့်လျှာကိုယ် လက်ဖဝါးပေါ်တင်ပြီး တစိမ့်စိမ့်ကြည့်နေတယ်။ ဟိုးမှာ စစ်ပွဲတွေဖြစ်နေတဲ့ကြားက အိမ်ရှေ့လှေကားအဆင်းက သစ်ပင်လေးကို ရေလောင်းနေတဲ့ ရူးသွပ်သွားတဲ့စက်ရုပ်၊ ဟိုးက ကလေးကစားကွင်းထဲက ဒန်းပေါ်မှာ သမီးလေးအလောင်းကို တင်ပြီး ဒန်းလွှဲပေးနေတဲ့ ဖေဖေစက်ရုပ်၊ ဟိုမှာ သေအံ့ဆဲဆဲစက်ရုပ်၊ ဝရန်တာက သူ တစ်သက်လုံးမွေးလာတဲ့ ငှက်လှောင်ချိုင့်လေးကို နောက်ဆုံးအနေနဲ့ သွားဖွင့်ပေးနေတယ်။ ဟိုမှာ တုတ်ချောင်းတစ်ချောင်းကို သေနတ်လိုကိုင်ပြီး ကောင်းကင်ကို ကျီးကန်းတောင်းမော့ကြည့်လို့၊ ယာဉ်ပျံတွေမြင်ရင် တ . . . ဒက် . . . ဒက် . . . နဲ့ ပါးစပ်က အော်ပြီးပစ်နေဟဲ့ စက်ရုပ်။ လမ်းဘက်မှာ စက်ရုပ်အဘွားအိုကြီးတစ်ယောက် ကိုယ့်တုတ်ကောက်နဲ့ကိုယ် ဒိုက်ဖောက်ပြီး သေနေတာ။

ဟိုးမှာ သေနေတဲ့စက်ရုပ်ရဲ့ရင်ခွင်ထဲ ခွေးတစ်ကောင် အတင်းကိုးဝှေ့ပြီး ငိုနေတာ။ ကိုယ့်သခင်ကိုယ် အိပ်စက်နေတယ်လို့များ ထင်နေသေးတာလား။ လမ်းပေါ်မှာ နားပိတ်ပြီး အော်ငိုနေတဲ့ မိန်းမတွေ၊ လမ်းပေါ်မှာ . . . ဟိုးမှာ . . . လမ်းပေါ်မှာ . . . ဟိုးမှာ . . . လမ်းပေါ်မှာ . . . ဟိုးမှာ . . . ။

ဒါ ကာကွယ်ရေးအဖွဲ့က လုံခြုံရေးဆီ အချိန်မီ မပို့ပေးနိုင်တဲ့ ပြည်သူတွေပေါ့။

အမ် ယောင်ယမ်းပြီး ကြက်သေသေလျက် စက်ဘီးကို မြေပေါ်သက်ဆင်းလိုက်တယ်။ ပြီးတော့ အလိုလိုပဲ စစ်ကြွင်းလမ်းကလေးထဲ စက်ဘီးလေးလက်ဆွဲတွန်းလို့ ကြေကြေကွဲကွဲ လျှောက်ခဲ့တယ်။ သူ့မျက်လုံးတွေက မျက်ရည်တွေ လိမ့်ကျနေတယ်။

ဘာအတွက်လဲ။ ဘယ်မှာလဲ။ ဒီလိုဖြစ်ရခြင်းရဲ့ ကောင်းကျိုးတွေ။



ကြည့်ကြပါဦး . . . အားလုံး ရူးသွားကုန်ကြပြီလား မသိပါဘူး။ ခန္ဓာကိုယ်မသေတဲ့သူတွေတောင် စိတ်တွေတော့ သေနေလောက်ပါပြီ။ အား . . . ရက်စက်လိုက်ကြတာ။ သက်ရှိတွေ အချင်းချင်းကို ရက်စက်လိုက်ကြတာ။

"သား . . . အမ် . . ."

သူ မထင်မှတ်ဘဲ ခေါ်သံကြားလိုက်ရတယ်။

အသံလာရာဆီ လှမ်းလှည့်ကြည့်လိုက်တော့ သစ်ပင်တစ်ပင်အောက်မှာ ရပ်နေတဲ့ စက်ရုပ်မိန်းမတစ်ယောက်ကို တွေ့လိုက်ရတယ်။ ရှာဆွစ်ဖြစ်နေတယ်။

အမ် ရှာဆွစ်ဆီ အပြေးသွားလိုက်တယ်။

"သားလေး . . . အမ် . . ."

"ရှာဆွစ် . . . ဘာလို့ ဒီမှာရှိနေရတာလဲ။ လာ . . . လုံခြုံတဲ့နေရာကို ကျွန်တော် လိုက်ပို့ပေးမယ်"

ရှာဆွစ် ပြုံးလျက် ခေါင်းခါတယ်။

"သားလည်း ဂျေအိုင်ပြောပြလို့ သားဘဝအကြောင်း သိပြီးရောပေါ့"

အမ် ခေါင်းညိတ်ပြလိုက်တယ်။ ရှာဆွစ်က . . .

"စကားတွေ အများကြီးပြောဖို့ အချိန်မရှိဘူး။ အမ် . . . သားစိတ်ထားဟာ သားအမေနဲ့ တူတယ်။ သားရုပ်က သားအဖေနဲ့တူတယ်။ ဒီတော့ သားကိုမြင်တာနဲ့ သူ့စိတ်ထဲ တစ်မျိုးဖြစ်သွားမှာ သေချာတယ်။ ပြီးတော့ ဒီဓာတ်ပုံလေးပြလိုက်ရင် သားဘယ်သူလဲဆိုတာ သူ တန်းသိသွားမှာ"

ရှာဆွစ် အိတ်ကပ်ထဲက ဓာတ်ပုံလေးတစ်ပုံကို ထုတ်ပြီး အမ်ကို ပေးလိုက်တယ်။ ဓာတ်ပုံက တစ်ခြမ်းပြဲနေတာပါ။ ဒါပေမဲ့ အဲဒီတစ်ခြမ်းထဲမှာပဲ လူပုံတစ်ပုံက ပြည့်ပြည့်စုံစုံ ပါနေပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . ."

"အဲ့ဒါ သားဖေဖေ ပီတာရဲ့ပုံပေါ့။ သားအဖေနဲ့ စုံတွဲရိုက်ထားတဲ့ပုံလေး။ သူတို့ခွဲခွာရတော့ ဓာတ်ပုံကိုနှစ်ခြမ်းဖြဲပြီး တစ်ယောက်တစ်ပုံ ယူထားခဲ့ကြတာ"

အဲ့ဒီအချိန်ပဲ မြို့အနှံ့တပ်ထားတဲ့ အရေးပေါ်အချက်ပေး အသံလွှင့်စပီကာတွေကနေ သတင်းလွှင့်သံထွက်ပေါ်လာတယ်။

"စစ်ပွဲခေတ္တနားပြီး သမ္မတအိမ်တော်မှာ ဆွေးနွေးမှုတချို့ လုပ်မှာဖြစ်တဲ့အတွက် ပြည်သူတွေကို လုံခြုံတဲ့နေရာတွေဆီ ရွှေ့ပြောင်းပေးဖို့ အချိန်ထပ်ရမှာ ဖြစ်ပါတယ်ရှင်။ ပြည်သူများ ဘယ်မှမသွားဘဲ သက်ဆိုင်ရာက ကူညီမယ့်သူတွေကို စောင့်ဆိုင်းပေးပါရှင်"

ပြည်သူတွေ ပေါက်ကွဲပြီး သတင်းကြေညာတဲ့အသံကို တန်ပြန်ဆဲဆိုကုန်ကြတယ်။ အခုမှ လုံခြုံတဲ့နေရာတွေဘာတွေ လာပြောနေတော့ ပြည်သူတွေ ပိုရင်နာသွားကြတယ်။ ငိုကြတယ်။

"ကဲ . . . သား၊ အချိန်မရှိဘူး။ အခု အချိန်ကောင်းပဲ။ သမ္မတအိမ်တော်ဆီ အမြန်လိုက်သွားတော့"

"ဟုတ်ကဲ့"



## (19)

ဆွေးနွေးပွဲက ဆွေးနွေးပွဲနဲ့တော့ သိပ်မတူလှပါ။ နှစ်ဖက်စစ်တပ်က လက်နက်တွေ ဟိုဘက်ဒီဘက် အသင့်ပြင်ထားပြီး အလယ်မှာမှ နှစ်ဖက်ခေါင်းဆောင်တွေ စကားပြောနေကြတယ်။

"ခင်ဗျားတို့ကမ္ဘာဂြိုဟ်နဲ့ ကျုပ်တို့ဂြိုဟ်နဲ့ ဘာပတ်သက်စရာမှ မလိုတော့ဘူးလို့ လွန်ခဲ့တဲ့(၂၅)နှစ်က စာချုပ်ထဲမှာ အတိအလင်း ထည့်ထားပြီးပြီလေဗျာ။ ဒါကို ဘာကြောင့် စစ်တပ်နဲ့ ချီလာရတာလဲ"

ရိုဘော့ဂြိုဟ်သမ္မတက ပြောတဲ့စကားပါ။ ဒီသမ္မတကို ပြည်သူတွေ သိပ်မကြိုက်ကြပါဘူး။ အဂီကို သိပ်ပ,စားပေးထားတာကြောင့်ပါ။ သမ္မတက စစ်တပ်ဖွဲ့တွေအပေါ် ဩဇာညောင်းတဲ့အဂီကို သိပ်ထိန်းချုပ်နိုင်ပုံမရဘူး။ နည်းနည်းလည်း ကြောက်ရွံ့နေသလိုပဲ။

ကမ္ဘာဂြိုဟ်ဘက်မှ ခေါင်းဆောင်ပီတာက . . .

"ကျုပ်က ပိုတောင် မေးခွန်းထုတ်ချင်သေးတယ်။ ဘာလို့ခင်ဗျားတို့က ကျုပ်တို့ဂြိုဟ်ကို မိစ္ဆာလိုဆိုးရွားတဲ့ ရောင်ခြည်လက်နက်နဲ့ ပစ်ခတ်ခဲ့တာလဲ။ အခုထိ ကျုပ်တို့ဂြိုဟ် အဲ့ဒီလက်နက်ရဲ့ဒဏ် ခံနေရတုန်းပဲ။ ဘယ်လိုမှ တားဆီးချေမှုန်းလို့ မရဘူး"

"ဘာလက်နက်လဲ။ ကျုပ်တို့ မသိဘူး။ ခင်ဗျား ကျုပ်တို့ မမြင်ရတာတွေနဲ့ မစွပ်စွဲပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

အဂီက ဝင်ပြောသလို ပီတာကလည်း ခပ်မြန်မြန်ပဲ . . .

"ခင်ဗျားတို့က ဖြောင်ငြင်းနေမှတော့ ဒီစစ်ပွဲက အဆုံးသတ်နိုင်ဖွယ် မရှိတော့ဘူးထင်တယ်"

"သေချာတာပေါ့"

လို့ အဂီက ပြန်ပြောလိုက်ရင်းပဲ နစ်ဘက်စစ်တပ်တွေ ပစ်ခတ်ဖို့ အသင့်ပြင်လိုက်တာကို တွေ့ရတယ်။

သမ္မတအိမ်တော်ကို ဝန်းရံလို့ စက်ရုပ်ပြည်သူတွေကလည်း တိုက်ရိုက်ကြည့်နေကြပါတယ်။ စက်ရုပ်ပြည်သူတွေ အမြောက်အမြား သမ္မတအိမ်တော်ရှေ့မှာ ပြည့်နှက်လို့။ ဆွေးနွေးနေတာက ကမ္ဘာသုံးစကားနဲ့ဆိုတော့ စက်ရုပ်ပြည်သူတွေ နားမလည်ကြဘူး။ ဒါပေမဲ့ မျက်နှာရိပ်မျက်နှာကဲတွေ အခြေအတင်ဖြစ်နေကြတာကို ကြည့်ပြီး ပြည်သူတွေ သိပါတယ်။ သူတို့ ဆွေးနွေးပွဲဆီက ငြိမ်းချမ်းတဲ့ရောင်နီကို သိပ်မမြင်ရ။

အဲဒီအချိန်ပဲ သူတို့ပေါ် အရိပ်တစ်ခု ထိုးကျလာတယ်။ အားလုံး မော့ကြည့်လိုက်ကြတော့ လေထီးနဲ့အတူ အသာအယာဆင်းသက်လာတဲ့ စက်ဘီးတစ်ဘီးကို တွေ့ရတယ်။ စက်ဘီးပေါ်မှာ စက်ရုပ်တစ်ယောက်။

"အမ်ဆေးနပ် . . ."

တစ်ယောက်ယောက်ရဲ့ ရေရွတ်သံကို ကြားလိုက်တယ်။ စက်ရုပ်ပြည်သူတွေ လှုပ်လှုပ်ရှရှ ဖြစ်ကုန်တယ်။ ဒီကောင် ထောင်ထဲမှာ မဟုတ်ဘူးလားပေါ့။ ဘာလာလုပ်တာလဲပေါ့။

အဂီလည်း မျက်မှောင်ကုတ်သွားတယ်။

စက်ဘီက ဘတ္တရီကုန်သွားလို့ အမ် လေထီးနဲ့ ဆင်းခဲ့ရတာပါ။ စက်ဘီးလည်း မြေပေါ်ရောက်ရောက်ချင်း အမ် ပြေးဆင်းလာပြီး ...

"အခု ကမ္ဘာဂြိုဟ်ကခေါင်းဆောင်ပြောတာ အမှန်ပါပဲ။ ကျွန်တော်တို့ဂြိုဟ်က လက်နက်တစ်ခုဟာ ကမ္ဘာဂြိုဟ်ဘက်ကို ရောက်ရှိပြီး အန္တရာယ်ပြုနေတာ အမှန်ပါပဲ"



အမ်က သမ္မတနဲ့ ပြည်သူတွေဘက်လှည့်ပြီး ပြောလိုက်တာပါ။

ပြီးတော့ ဂျေအိုင်သင်ပေးထားတဲ့ ကမ္ဘာသုံး ဘာသာစကားနဲ့ ကမ္ဘာဂြိုဟ်ဘက်က လူတွေဘက်လှည့်ပြီး အဲဒီစကားကိုပဲ ထပ်ပြောလိုက်ပါတယ်။

"တောက် . . . ဒီကောင် ဘာသောက်ဆင့်ရှိလို့ ဝင်လာပြောနေရတာလဲ။ ဖမ်းလိုက်စမ်း . . . အဲ့ဒီ ဝဲစားသောက်ရူးကို"

အဂီ မျက်နှာကြီးရဲပြီး သူ့တပ်ကို အမိန့်ပေးတယ်။ အမ် ထိတ်လန့်သွားတယ်။ ဒါပေမဲ့ . . .

"ရပ်လိုက်"

ကမ္ဘာဂြိုဟ်ဘက်က ခေါင်းဆောင်ပီတာက တားလိုက်တယ်။ ပြီးတော့ အမ့်ကို သေချာကြည့်လာတယ်။ အနား တစ်လှမ်းချင်းတိုးရင်း သေချာကြည့်လာတယ်။ အမ့်ကိုမြင်ရတာ သူ့စိတ်ထဲ တစ်မျိုးဖြစ်လာတယ်။ ပြီးတော့ အမ့်ကိုယ်ပေါ်က အမွေးအမျှင်တချို့ကလည်း သူ့ကို စိတ်ဝင်စားစေတယ်။ ဒီဂြိုဟ်က စက်ရုပ်တွေမှာ အမွေးအမျှင်မရှိတာကို သူ သေချာသိထားပြီးသားပါ။

"မင်း . . . မင်း . . . ဘယ်သူလဲ"

အမ့်ကို ထစ်ထစ်ငေါ့ငေါ့မေးတယ်။

အမ် သူ့အဖေကိုကြည့်ရင်း မျက်ရည်တွေ ဝဲလာတယ်။ သူ့အဖေရဲ့ ဉပဓိရုပ်က ဆင်ခြင်တတ်ပုံရပြီး မေတ္တာတရားနဲ့ သူ့ရဲ့ကောင်းဆန်နေတာရယ်ကြောင့် အမ် ကျေနပ်နေမိတယ်။

အမ် ဘာမှပြန်မပြောဘဲ အိတ်ကပ်ထဲက ဓာတ်ပုံလေးကို ထုတ်ပြီး ရှေ့ကို လှမ်းလာတယ်။ ပီတာကလည်း ရှေ့လှမ်းလာရင်း ကြည့်တယ်။ ဓာတ်ပုံလေးကိုတွေ့တော့ ပီတာ တအားတုန်လှုပ်သွားတယ်။ သေချာ လက်ထဲယူပြီး ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းကြာအောင်ကြည့်ပြီးမှ အမ့်ကို ပြန်ကြည့်လာတယ်။

"မင်း . . . မင်း . . . က . . ."

"လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ စုတ်ပြတ်နေတဲ့ ကွေဆာ အကျဉ်းထောင်ထဲမှာ ကျွန်တော်ဟာ ကိုယ့်အဖေနဲ့အမေအမည်ကို သိခွင့်ရတဲ့ မိဘမဲ့ တစ်ကောင်ကြွက် စက်ရုပ်တစ်ရုပ်ပါ။ ကျွန်တော့်အဖေနဲ့အမေက လူသားပီတာနဲ့ ဂြိုဟ်သား စက်ရုပ်မလေး အေမီတဲ့"

ပီတာ မျက်လုံးဝိုင်းသွားတယ်။ အသိလွတ်သွားသလို ရပ်တန့်ကြောင်နေတယ်။ ပြီးမှ အသိပြန်ဝင်လာပြီး . . .

"သား . . ."

ပြေးဖက်တော့တယ်။ မျက်ရည်တွေ တစ်ယောက်ပခုံးမှာ တစ်ယောက် ခိုလို့ပေါ့။

စက်ရုပ်ပြည်သူတွေကတော့ ဘာသာစကားကို နားမလည်တာကြောင့် ဘာတွေဖြစ်ကုန်တာလဲ မသိဘူးပေါ့။

ဒါပေမဲ့ ခံစားလို့တော့ရတယ်။ ဒါ သိပ်ကြေကွဲဖွယ် ဇာတ်လမ်းတစ်ခုပဲဆိုတာ။

အဂီကတော့ အကြီးအကျယ် မျက်နှာပျက်နေတယ်။ တောက်သောက်ရေးမပါတဲ့ဟာတွေ အခုမှ ဒုက္ခလာပေးနေရတယ်လို့။

အမ် ချက်ချင်း ပီတာ့ကိုဖက်ထားရာက ခွာပြီး ခံစားချက်ကို ခဏထားလို့ အရေးကြီးတာကို ရှင်းဖို့လုပ်တယ်။

"ကျွန်တော် ခုနကပြောတာ အမှန်ပါပဲ။ ကျွန်တော်တို့ဂြိုဟ်ထာတီထွင်လို့ မပြီးသေးတဲ့၊ လိုအပ်ချက်တွေရှိသေးတဲ့ လက်နက်တစ်ခုကို မသမာသူစက်ရုပ်တစ်ယောက်၊ ဒါမှမဟုတ် အဖွဲ့တစ်ဖွဲ့က ခိုးယူပြီး ဖက်ခတ်မိရာက ဒီလိုအဖြစ်တွေ ရှိလာတာပါ။ မနေ့ညနေက မြို့ထဲက ပျက်စီးသွားခဲ့တဲ့ အဆောက်အဦးတချို့ဟာ ဒီလက်နက်ကြောင့်ပဲလေ။ အခု အဲဒီလက်နက်က ကမ္ဘာဂြိုဟ်ဆီရောက်ပြီး ဒုက္ခပေးနေခဲ့ပြီ"



ဘာသာစကားနှစ်မျိုးနဲ့ ရှင်းပြခဲ့တာမို့ နှစ်ဂြိုဟ်စလုံးက လူနဲ့စက်ရုပ်တွေအားလုံး နားလည်ကြပါတယ်။ ပြန်တွေး၊ ပြန်စဉ်းစားကြည့်နေကြတယ်။

ဒီအချိန်ပဲ စက်ရုပ်ပြည်သူတွေကြားက စက်ရုပ်တစ်ကောင် ပြေးထွက်လာတယ်။ တီတော်ရီပါ။

"ဟား . . . ဟား . . . အဲဒါဆိုရင် တရားခံက မင်းပဲလေကွာ။ မင်းကို အဲဒီလက်နက်နဲ့အတူ ဖမ်းမိခဲ့တာပဲ။ ဒါကြောင့် ကမ္ဘာဂြိုဟ် ဒုက္ခရောက်ရတာလဲ မင်းလက်ချက် ဖြစ်သွားပြီပေါ့။ အခုလည်း မင်းကွေဆာထောင်က ထွက်ပြေးလာတာဆိုတော့ မင်းဟာ ဝရမ်းပြေးလည်းဖြစ်နေပြီ။ ဝရမ်းပြေးကို ဖမ်းဆီးကြပါဗျို့"

အဂီက ပြုံးတယ်။ သူ့သားရဲ့ အချိန်ကိုက် စွမ်းဆောင်ချက်ကို သိပ်သဘောကျသွားတယ်။

ဒါပေမဲ့ ဒီအချိန်ပဲ နောက်ထပ် စက်ရုပ်တစ်ယောက် ပြေးဝင်လာပြီး တီတော်ရီရဲ့ ခေါင်းကို တုတ်နဲ့ လွှဲရိုက်ပစ်ပါတော့တယ်။ တီတော်ရီ အွပ်ခနဲ တစ်ချက်အသံထွက်ပြီး လဲကျသွားတယ်။

"လူးကစ် . . ."

ဟုတ်တယ် . . . တီတော်ရီကို ပြေးရိုက်လိုက်သူက လူးကစ်။ သူမက ချက်ချင်း စက်ရုပ်ပြည်သူတွေရှေ့ ရဲရဲဝံ့ဝံ့ ရပ်လိုက်ပြီး . . .

"ကျွန်မက မနေ့ညနေကနေ လွန်ခဲ့တဲ့ တစ်နာရီလောက်အထိ ဒီ တီတော်ရီဆိုတဲ့စက်ရုပ်နဲ့ အတူရှိနေတာပါ။ ဒီပြဿနာရဲ့အစဟာ ဒီ ခွေးစိတ်ပေါက်နေတဲ့ တီတော်ရီပါပဲ။ သူဟာ မြို့ပြင်က ဂျေအိုင်ဆိုတဲ့ အဘိုးကြီးရဲ့ ဓာတ်ခွဲခန်းထဲကနေ ထူးဆန်းတဲ့လက်နက်တစ်မျိုးကို ခိုးယူလာခဲ့တယ်။ ပြီးတော့ မဆင်မခြင် ပစ်ခတ်တယ်။ မနေ့ညနေက မြို့ထဲက ပျက်စီးမှုတွေနဲ့ အခု ကမ္ဘာဂြိုဟ် ဒုက္ခရောက်နေတာတွေအားလုံးဟာ သူ့လက်ချက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

စက်ရုပ်ပြည်သူတွေရဲ့ အကြည့်အားလုံးက တီတော်ရီဆီ ရွှံ့ရွှံ့ ရွှာရွှာ ရောက်ကုန်တယ်။ လူးကစ်က ရိုဘော့ဂြိုဟ်ဘာသာစကားနဲ့ ပြောပြနေတာကို အမ်ကလည်း ကမ္ဘာဂြိုဟ်ကလူတွေဘက်လှည့်ပြီး ကမ္ဘာသုံးဘာသာစကားနဲ့ ရှင်းပြနေတယ်။

“မြို့ထဲမှာ ပျက်စီးမှုတွေပေါ်တော့ ကာကွယ်ရေးတပ်ဖွဲ့က တရားခံကို အပူအတပြင်းရှာရော။ ဒီအချိန်မှာတော့ တီတော်ရီ တော်တော် ခေါင်းကြီးရပြီပေါ့။ ဒါပေမဲ့ ကောက်ကျစ်တဲ့နေရာမှာ ထူးချွန်တဲ့သူက အမ်ဆေးနပ်ကို တရားခံအဖြစ် အချိန်မီ အကွက်ချ ချောက်တွန်းနိုင်ခဲ့ပါတယ်။ ဝန်ခံပါတယ်။ အဲ့ဒီလို အကွက်ချခဲ့တုန်းက ကျွန်မပါ ပါဝင်ကူညီခဲ့ပါတယ်။

ဒါပေမဲ့ ဒီတီတော်ရီက အကွက်ဆိုက်တော့ ကျွန်မကိုပါ အသေသတ် လုပ်ကြံခဲ့တယ်။ ကံကောင်းတယ်။ ကျွန်မကို ကယ်တဲ့သူတွေ ရှိလို့ပေါ့။ ဟိုးမှာ ကျွန်မကို ကယ်တဲ့သူတွေ။ အဲ့ဒီစက်ရုပ်တွေကလည်း တီတော်ရီရဲ့ အပေါင်းအသင်းတွေပါပဲ။ အခု ကျွန်မပြောနေတဲ့စကားတွေ အမှန်တွေဖြစ်ကြောင်း သူတို့ကို သက်သေပြနိုင်ပါတယ်”

လူးကစ် ညွှန်ပြပြီးပြောနေသူတွေက ဘွန်ဂေါတို့ပါ။ လူးကစ် တီတော်ရီရဲ့ ကန်ကျောက်မှုကြောင့် အဆောက်အဦးပေါ်က ပြုတ်ကျပြီး အောက်က ရေကန်ထဲ ကျခဲ့တယ်။ ဒါပေမဲ့ ဘွန်ဂေါတို့က ကယ်ခဲ့တယ်လေ။

“လျှောက်ပြောနေတာတွေ . . . ရပ်စမ်း။ ဘယ်က မိန်းမပျက်လဲ။ ဖမ်းဆီးပြီး ထောင်ထဲထည့်ကြစမ်း”

အဂီက ဝင်အော်တော့တယ်။ ဒါပေမဲ့ လူးကစ်က လုံးဝ မကြောက်တော့ပါ။

“ဟင်း . . . ဟင်း . . . ဖမ်းရဲ ဖမ်းကြည့်လိုက်စမ်းပါ။ အားလုံး နားထောင်ကြပါ။ အဲ့ဒီ ကာကွယ်ရေးဝန်ကြီးချုပ် အဂီကလည်း သူ့သားအပြစ်တွေကို သိနေပါတယ်။ ဒါပေမဲ့ သူ့သားကို ကာကွယ်



ပေးနေတယ်။ သူ့ ကာကွယ်ရေးဝန်ကြီးရာထူးက သူ့သားကို ကာကွယ်ဖို့ပဲ။ သူ့မိသားစုကို ကာကွယ်ဖို့၊ သူ့အတ္တကို ကာကွယ်ဖို့ပဲ”

အဂီ့တပ်သားတွေ လူးကစ်ကိုဖမ်းဆီးဖို့ ပြေးလာတယ်။

ဒီအချိန်ပဲ ဘယ်တုန်းက စက်ရုပ်တွေအုပ်ကြားထဲ ရောက်နေမှန်းမသိတဲ့ မော့စကီးနဲ့ ဘာမီတွန်က လှုပ်ရှားတော့တယ်။ မော့စကီးကလည်း သတင်းထောက်ဆိုတဲ့အတိုင်း ဘယ်အချိန် ဘာလုပ်ရမလဲကို သိတယ်။ ချက်ချင်းပဲ ဖွတော့တာပေါ့။

“အကျင့်ပျက်သားအဖကို ရှင်းလင်းပေးပါ။ ကိုယ့်ကျိုးကိုယ်ကြည့်တဲ့ အရာရှိတွေကို စီရင်ပေးပါ”

လို့ စ,လက်ရန်းတန်း ကြွေးကြော်လိုက်တယ်။

ချက်ချင်းပဲ အစကတည်းက အဂီ့ကိုမကြည်တဲ့ ပြည်သူတွေက ဘာလုပ်ရမလဲ နားလည်သွားတယ်။

“အဂီကို ဖြုတ်ပေး . . . အဂီကို ဖြုတ်ချပေး . . . အဂီကို ဖြုတ်ချပေး”

အဂီ အကြပ်ရိုက်ပြီး သမ္မတလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ တပ်သားတွေလည်း လူးကစ်ကိုမဖမ်းရဲဘဲ တွန့်ကုန်ကြတယ်။ စက်ရုပ်ပြည်သူတွေကလည်း အဆက်မပြတ် အော်ဟစ်တောင်းဆိုနေကြပြီ။

အမ်က အားလုံးရှေ့ ပြေးဝင်လာပြန်ပြီး အော်တာရပ်ဖို့ လက်ထောင်ပြတယ်။

“အခု ပိုအရေးကြီးနေတာ ဟိုဆန်းပြားလွန်းတဲ့ လက်နက်ကြီးကို ရှင်းပစ်ဖို့ပဲ။ မဟုတ်ရင် ကမ္ဘာဂြိုဟ်ကလူတွေ ထပ်ဒုက္ခရောက်ကုန်လိမ့်မယ်။ အခု အဲ့ဒီကမ္ဘာဂြိုဟ်ရောက်နေတဲ့ ရောင်ခြည်အလင်းတန်းကြီးကို ရှင်းပစ်ဖို့ သူ့ကို ပစ်လွှတ်ရတဲ့လက်နက်ကို လိုအပ်ပါတယ်။ သမ္မတအနေနဲ့ အဲ့ဒီလက်နက်ကို ပြန်ထုတ်ပေးဖို့ပါ”

သမ္မတလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ပြည်သူတွေကပဲ သိအောင် လုပ်ပေးရတော့တာပေါ့။

"လက်နက်ကို ထုတ်ပေး"

"လက်နက်ကို ထုတ်ပေး"

" . . . "

နောက်ဆုံး သမ္မတ လက်နက်ကို ထုတ်ပေးဖို့ အချက်ပြလိုက်ပါတော့တယ်။ အချိန်ကိုက်ပဲ ပင့်ခ်ဝါနဲ့ ဂျေအိုင်တို့လည်း ရောက်ရှိလာခဲ့ပါပြီ။ ပီတာက ဂျေအိုင့်ကိုတွေ့တော့ ပြေးဖက်တယ်။

"ဂျေအိုင် . . . ခင်ဗျားရုပ်တွေ ပြောင်းလဲသွားပါလား။ အိုစာသွားသလိုပဲ"

ဂျေအိုင်ကလည်း ပီတာ့ကိုတွေ့တော့ ကြေကြေကွဲကွဲ ဝမ်းသာပါတယ်။

"အိုစာသွားတာပေါ့ကွာ။ ငါက ဘဝပျက်ခဲ့ရတာကို။ ငါတို့ကို ဘဝဖျက်တာ ဟို အင်္ဂါဆိုတဲ့ကောင်ပေါ့။ မင်းကြောင့်ရတဲ့ကိုယ်ဝန်နဲ့ အေမီကို အဲ့ဒီခွေးကောင်က စွပ်စွဲနှိပ်စက်ခဲ့တာ။ အေမီ့ကိုသတ်တာ ဒီကောင်"

"ဟင်"

ပီတာ အခုမှ အေမီသေမှန်း သိရှာတာပါ။ မျက်လုံးထဲ အမုန်းမီးတွေ ဝင်းဝင်းတောက် လောင်သွားတယ်။

"အဲ့ဒီအမုန်းတွေ၊ အငြိုးတွေ ခဏထားလိုက်ပါကွာ။ အခု ပို အရေးကြီးတဲ့ အလုပ်ကို လုပ်ကြတာပေါ့"

စက်ရုပ်စစ်သားတချို့ ဝန်းရံစောင့်ရှောက်လို့ ဆန်းကြယ်လက်နက်ကို သယ်လာခဲ့ကြတယ်။ ပြီးတော့ သမ္မတရဲ့အမိန့်နဲ့အတူ ဂျေအိုင့်လက်ထဲ အပ်လိုက်တယ်။

ဂျေအိုင်က လက်နက်ရဲ့ကိုယ်ထည်ပေါ်က ခလုတ်တစ်ခုကို နှိပ်လိုက်တယ်။ အံဆွဲလို အချပ်လေးတစ်ခု ပွင့်ထွက်လာပြီး အဲ့ဒီအချပ်ပေါ်မှာ ခလုတ်တွေ ရှုပ်ထွေးသေးငယ်စွာ အများကြီး။ ဂျေအိုင်ကတော့ တဖျောက်ဖျောက်နဲ့ မြန်မြန်နှိပ်သွားနိုင်ပါတယ်။



ကမ္ဘာဂြိုဟ်ပေါ်မှာ သောင်းကျန်းနေတဲ့ ရောင်ခြည်အစုအဝေးကြီးဟာလည်း ကမ္ဘာ့အပြင် အာကာသထဲကို တိုးတက်သွားတယ်။ လူတွေ၊ တခြားသက်ရှိတွေနဲ့ ဝေးရာ၊ လွတ်ရာဆီ။

"ငါ ကာကွယ်ရေးဌာနလက်အောက်ထဲက တီထွင်ရေးအဖွဲ့က ထွက်ခဲ့ရတဲ့နေ့ကို ဘယ်တော့မှမမေ့ဘူး။ ကာကွယ်ရေးအဖွဲ့ ပြန်လာချင်လို့တော့ မဟုတ်ဘူး။ ငါ့တီထွင်ရေးအဖွဲ့ဝင်တွေနဲ့သာ လမ်းခွဲခဲ့ရလို့ပါ။ ငါ့ကိုစော်ကားခဲ့တဲ့ ကာကွယ်ရေးဌာနကို ငါ မကျေနပ်ခဲ့ဘူး။ ဒါကြောင့် သူတို့ တုန်လှုပ်စေမယ့် လက်နက်တစ်ခုတီထွင်မယ်လို့ ငါ ဆုံးဖြတ်ခဲ့တယ်။ ဆုံးဖြတ်တဲ့အတိုင်း တီထွင်နိုင်ခဲ့ပေမယ့်လည်း လက်နက်တိုင်းဟာ နောက်ဆုံးမှာ ဘာကောင်းကျိုးမှ မပေးခဲ့ပါဘူး။ အခု ငါ ဉာဏ်ကုန်သုံးခဲ့တဲ့ လက်နက်ကို ငါ ပြန်ဖျက်ဆီးတော့မယ်"

ဂျေအိုင် ပြောပြောဆိုဆိုနဲ့ နောက်ဆုံး အနီခလုတ်တစ်ခုကို နှိပ်လိုက်ချိန်မှာတော့ 'ဝုန်း' အာကာသတစ်ခုလုံး လင်းဖြာသွားတယ်။

လက်နက်ကြီး ကွဲမွှာပျက်စီးသွားပါပြီ။ အလင်းရည်တွေ တစက်စက်ကျပြီး အာကာသကြီး ပြန်လည်ငြိမ်သက်သွားခဲ့ပြီပေါ့။

မရှေးမနှောင်းဘဲ ပီတာ့နားကြပ်ထဲကို ကမ္ဘာဂြိုဟ်ကပေးပို့တဲ့ သတင်း ချက်ချင်းရောက်လာတယ်။

"လက်နက်ကြီး လုံးဝ ပျက်စီးသွားပြီ"

လို့ ပြောလိုက်သလို အမ်ကလည်း စက်ရုပ်ပြည်သူတွေဘက် လှည့်ပြီး . . .

"လက်နက်ကြီး . . . လုံးဝ လုံးဝ ပျက်စီးသွားပါပြီ"

"ဟေး . . . "

"ဟေး . . . "

ပြည်သူတွေ တအားပျော်သွားကြတယ်။ စစ်ပွဲကြီး အဆုံးသတ်မယ့်သတင်းလောက် ပြည်သူတွေကို ဘယ်အရာကများ ပျော်ရွှင်မှု ပေးနိုင်မှာလဲကွယ်။

www.burmeseclassic.com

ဒီအချိန့်ပဲ လှူးကစ်တုတ်နဲ့ရိုက်လို့ မေ့မျောနေတဲ့ တီတော်ရီ သတိပြန်လည်လာတယ်။ မြင်ကွင်းတွေက မှုးဝေမှုန်ဝါးနေတယ်။ မျက်လုံးကို ပိတ်လိုက်ဖွင့်လိုက် သုံးလေးခါလုပ်ပြီးမှ မြင်ကွင်းက ကြည်လင်လာတယ်။ မြင်ကွင်း ကြည်ကြည်လာချင်းမှာ သူမြင်ရတာက ပင့်ခ်ဝါ အနားမှာရှိနေတဲ့ ဝဲစားစက်ရုပ်ကိုပဲ။ တီတော်ရီ စိတ်မထိန်းနိုင်တော့ဘူး။ လှဲနေရာက မသိမှသာ ဖြည်းဖြည်းထပြီး ခါးကြားကဓားကို ဆတ်ခနဲ ဆွဲနှုတ်ကာ အမ့်ဆီ ပြေးတော့တယ်။

“ဟာ . . .”

အမ့်ကို တီတော်ရီ ဓားနဲ့ပြေးထိုးတာပါ။ ထိုးမိခါနီးမှာပဲ . . .

“ဒွိုး . . .”

ရောင်ခြည်သေနတ်တစ်ခုရဲ့ ပစ်ခတ်သံကို ကြားလိုက်ရတယ်။

“အား . . .”

အော်သံနဲ့အတူ ဘုန်းခနဲ တီတော်ရီ လဲကျသွားတယ်။ သေနတ်ကိုင်လျက် တန်းလန်းရှိနေသူက အဂီပါ။

“ဟာ . . .”

အဂ့ီမျက်နှာ သွေးဆုတ်သွားတယ်။ တီတော်ရီက အမ့်ကို ဓားနဲ့ပြေးထိုးသလို အဂီကလည်း အမ့်ကိုပဲ သေနတ်နဲ့ လှမ်းပစ်လိုက်တာပါ။ သားအဖနှစ်ယောက် အကြံတူပေမယ့် အဖြစ်ကတော့ ဆိုးခဲ့ပါပြီ။ အဂီ သေနတ်ခလုတ်နှိပ်လိုက်ချိန်မှာပဲ တီတော်ရီကလည်း အမ့်အနားကို ဓားနဲ့ထိုးဖို့ ရောက်နေခဲ့ပြီမို့ အမ့်အတွက် သေနတ်ဒဏ်ကို ဝင်ခံလိုက်သလို ဖြစ်သွားခဲ့ပါတယ်။

“သား . . . သား . . .”

“ငါ့သား . . .”

အဂီ အရှူးတစ်ပိုင်း လဲကျသွားတဲ့ တီတော်ရီဆီ ပြေးတယ်။

“သား . . . ငါ့သားလေး . . .”



တီတော်ရီ သွေးတွေ တပွက်ပွက်ထွက်လို့ သေဆုံးသွားပါပြီ။ အဂီ ဒူးထောက်လို့ငိုတယ်။ ပြီးတော့ သူ့သားလေးကို ဆွဲပွေ့ချီတယ်။ သူ့သားသေသွားမှန်း သူသိပါတယ်။ သူ့လက်ချက်ကြောင့် သူ့သားသေသွားမှန်း သူသိပါတယ်။ သူ့သားရဲ့ မျက်နှာကို သူ့ပါးနဲ့ကပ်လို့ ရှိုက်နေတယ်။ တဒင်္ဂအတွင်းမှာပဲ အမှားကြီး လုပ်မိသွားခဲ့ပြီ။ တစ်သက်လုံး အမှားတွေလုပ်ခဲ့ပေမယ့် ဒီတစ်ခါ အမှားကတော့ သူ့အပေါ် တုံ့ပြန်မှု ပြင်းထန်မြန်ဆန်ခဲ့ပြီ။

“သားလေး . . . ငါ့သားလေး အိပ်သွားပြီ”

လို့ ရယ်လိုက်ငိုလိုက်နဲ့ သူ ရေရွတ်တယ်။

သူ့ကို အားလုံး ဝိုင်းကြည့်နေကြတယ်။ အဂီ ဘာမှ အသိရှိတော့ဟန်မတူ။ မျက်လုံးတွေ မျက်ရည်တွေနဲ့အတူ အူကြောင်ကြောင် ဖြစ်သွားပြီ။ သူ့သားလေးကို ချီလို့ ဘယ်သွားနေတယ်။ ဘယ်ဆီလည်း မသိ။ စက်ရုပ်တွေကို တိုးဝှေ့ပြီး သူ ထွက်သွားတယ်။

အားလုံး မတားမြစ်ကြဘဲ တရားရစွာ ငေးနေမိခဲ့ကြရုံသာ။



www.burmeseclassic.com

www.burmeseclassic.com

"အမ် . . . အမ် . . . သူ့ရဲကောင်းအမ် . . ."

"အမ်ကွ . . . ရိုဘော့ဂြိုဟ်ကို ကယ်တင်သူ"

ဒီလိုပဲ ကမ္ဘာဂြိုဟ်ဘက်ကလည်း အသံထွက်လာတယ်။

"အမ် . . . အမ် . . . ကမ္ဘာဂြိုဟ်ကိုလည်း ကယ်တင်ပေးသူ"

လူတွေကော၊ စက်ရုပ်တွေကောရဲ့ ကောင်းချီးသြဘာသံတွေ လူတစ်ဝက်၊ စက်ရုပ်တစ်ဝက် (လူသွေး၊ စက်ရုပ်သွေး)ရောနေတဲ့ အမ့်မှာ နားနှစ်ဖက်မဆန့်အောင် ကြားနေရတယ်။ အနေခက်လွန်းလို့ ခေါင်းငုံ့ပြီး မျက်နှာဝှက်ထားနေရတယ်။

ပင့်ခ်ဝါက စက်ရုပ်တွေဘက် လှည့်ပြီး လက်ထောင်ပြတယ်။ စက်ရုပ်တွေ ငြိမ်သွားမှ . . .

"ရှင်တို့ဝဲစားစက်ရုပ်တွေက သူ့ရဲကောင်းဖြစ်နေတာ အခုမှ မဟုတ်ပါဘူးရှင်။ တာဝန်မဲ့တဲ့ လုပ်ရပ်တွေကို အနုပညာနဲ့အတူ အမြဲတမ်း တော်လှန်နေခဲ့တာပါ။ တကယ်တော့ ကဗျာဆရာ MMT-23 ဆိုတာ သူပါပဲရှင်"

စက်ရုပ်ပြည်သူတွေ တစ်ချက် ငြိမ်သွားသေးတယ်။ ပြီးမှ . . .

"ဟေး . . ."

ပြည်သူတွေ ထိန်းမရတော့ဘူး။ သမ္မတခြံဝန်းစည်းရိုးကို ကျော်ခွ၊ ခုန်တက်ပြီး အမ့်ကို ပွေ့ချီပင့်မြှောက်ကြဖို့ ပြေးလာကြတော့တယ်။



## (20)

### (a)

ဒီအုတ်ဂူဖြူဖြူလေးဟာ အေမီရဲ့ အုတ်ဂူလေးပါ။ ရှာဆွစ်ရဲ့ သူငယ်ချင်း ဂျေအိုင်ရဲ့ တစ်ဖက်သတ်ချစ်ရသူ၊ ပီတာရဲ့ဇနီး၊ အမ်ရဲ့ အမေပါ။

ပီတာက အုတ်ဂူခြေရင်းမှာ ကျင်းလေးတူးပြီး ပြန်ဆက်ထားတဲ့ နှစ်ခြမ်းပြဲဓာတ်ပုံလေးကို ကျင်းထဲ ထည့်မြှုပ်လိုက်ပါတယ်။

အုတ်ဂူရှေ့မှာ ဒူးထောက်ရင်း အေမီ့ကို ပီတာ တောင်းပန်နေမိတယ်။ ရှာဆွစ်က တသိမ့်သိမ့် ငိုနေတယ်။ ဂျေအိုင်က ကောင်းကင်ထဲကိုပဲ ကြည့်နေတယ်။ အမ်ကတော့ အုတ်ဂူလေးကိုပဲ တစိမ့်စိမ့်ကြည့်ရင်း တိုးတိုးခေါ်ဆိုနေတယ်။

"မေမေ . . ."



www.burmeseclassic.com

www.burmeseclassic.com

(၆)

“ချီး . . . မင်းကတော့ ငါ ကဗျာအကြောင်းတွေ ပြောတိုင်း ကြိတ်ဟားနေတော့မှာပဲ။ MMT-23 ဆိုတာ မင်းမှန်း ငါသိခဲ့ဖို့ကောင်း တယ်။ ဘာပဲဖြစ်ဖြစ် မင်း ငါနဲ့ ကဗျာစာအုပ် အတူတွဲထုတ်ပေးရမှာ နော်”

“တွဲထုတ်မှာပေါ့ . . . ဘာမိတွန့်ရယ်”

“အေး . . . မင်းတို့နှစ်ယောက်တွဲထုတ်ရင် စာအုပ်ကြော်ငြာ ကို ငါ့မဂ္ဂဇင်းမှာ ကြော်ငြာရမယ်။ ပြီးတော့ မင်းတို့နှစ်ယောက်ကို လည်း ကဗျာနဲ့ပတ်သက်ပြီး အင်တာဗျူးမယ်”

“ဗျူးဗျာ . . . ”

ဒီအချိန်ပဲ သန်မာကြီးမားလှတဲ့ စက်ရုပ်ကြီးတစ်ယောက် အမ် တို့အနားကို ရောက်လာတယ်။ လက်ဗွေ့ချန်ပီယံကြီး ဂုတ်ပါ။ သူက အမ့်မျက်နှာရှေ့ကို လက်သီးကြီး ဆန့်ထုတ်လိုက်တယ်။

အမ်တို့ ခပ်လန့်လန့် ဖြစ်နေတယ်။ ဘာလုပ်မလို့ပါလိမ့်။ ဒါ ပေမဲ့ ဂုတ်ကြီးက ချက်ချင်း မျက်နှာကြီး ပြန်ဖြဲသွားပြီး . . .

“ဟဲ . . . ဟဲ . . . ကျွန်တော့်လက်သီးပေါ်မှာ အမ်ဆေးနပ် ရဲ့ လက်မှတ်လေးတစ်ချက်လောက် ထိုးပေးပါလားဟင်”

အာ . . . အရေးထဲ အော်တိုလာထိုးခိုင်းနေသေးတယ်။ အမ် က ထိုးပေးလိုက်တော့ ဂုတ်ကြီး ပျော်ပြီးထွက်သွားတယ်။



ဒီအချိန်ပဲ နောက်ထပ် စက်ရုပ်တစ်ယောက် အမ်တို့ဆီးတ ဖြတ်လျှောက်သွားတယ်။ သူ့အဝတ်အစားတွေက စုတ်ပြတ်နေတယ်။ ပါးစပ်ကလည်း လျှောက်အော်နေတယ်။

“ဖယ်ကြစမ်း . . . ဒီမှာ သမ္မတကြီးတစ်ယောက်လုံး လာနေ တာကို ဘာလို့လမ်းမရှင်းတာလဲ။ ဖယ်ကြစမ်း။ ဟာ . . အခုမှ သတိရ တယ်။ ငါက သမ္မတမဟုတ်ဘူး။ ဟော့ . . . ငါ သမ္မတမဟုတ်ဘူး နော်။ ငါက သားလေးအိပ်နေတာကို စောင့်ရှောက်ပေးတဲ့ ဖေဖေပဲ။ ဟုတ် တယ်။ ငါက အိပ်နေတဲ့သားလေးရဲ့ ဖေဖေ။ ဖယ်ကြစမ်း . . ဖယ် . . ဖယ် . . သားလေးကို သွားရှာမယ်”

အဲ့ဒီလိုတွေပြောဆိုပြီး တခြားစက်ရုပ်တွေကို တိုးဝှေ့လို့ ပြေး ထွက်သွားတယ်။

အမ်တို့သုံးယောက် ကြောက်ခွဲရစွာ ခေါင်းခါမိကြပေါ့။ အဲ့ဒီ စက်ရုပ်ဟာ အဂီပဲ မဟုတ်ပါလားကွယ်။

ᚏ ᚏ ᚏ



www.burmeseclassic.com

www.burmeseclassic.com

(၈)

“နက်ဖြန်ပြန်တော့မှာ . . . ဟုတ်လား . . . ဖေဖေ။ သုံးလေးရက် နေပါဦး”

“တော်ပြီ . . . သားရေ။ နောက်ထပ် သုံးလေးရက်သာ ဆက်နေရင် ဖေဖေတို့လို ဇာတ်လမ်းမျိုးတွေ ထပ်ထွက်လာဦးမယ်။ ဖေဖေ့တပ်သားတွေက စက်ရုပ်မလေးတွေကို လှမလှ ကြည့်တတ်နေပြီကွ”

“ဟား . . . ဟား . . .”

အမ် ရယ်တယ်။ ပီတာလည်း ပြုံးရင်း . . .

“သား . . . အဖေနဲ့ ကမ္ဘာဂြိုဟ် လိုက်ခဲ့မှာလား”

အမ် ပြန်မဖြေနိုင်ပါ။ ပီတာ့ကိုသာ အားတုံ့အားနာ မျက်နှာမျိုးနဲ့ ကြည့်နေတယ်။ ပီတာက နားလည်တာမို့ သူ့ကို ပခုံးပုတ်ပြီး . .

“ဖေဖေ့မြေးလေးတွေရရင်တော့ ကမ္ဘာမြေကို တစ်ခေါက်လာခဲ့ဖို့ ကတိပေးကွာ”

ဒါကိုတော့ အမ် မြန်မြန်ခေါင်းညိတ်ပြလိုက်ပါတယ်။

“ဆက်ဆက်လာခဲ့မယ် . . . ဖေဖေ”



(၉)

သူနဲ့သူမ စတင်တွေ့ခဲ့တဲ့ ရေကန်လေးနား သူမ ရောက်နေတယ်။ ရေကန်လေးကို မျက်နှာမူပြီး ထိုင်နေတယ်။ ရေထဲမှာ အရိပ်တစ်ခုပေါ်လာတာမြင်တော့ သူမ ပြုံးတယ်။ အဲ့ဒီအရိပ်ရှင်က သူမဘေးမှာ ဝင်ထိုင်တယ်။

“ဖေဖေ့ကို မြေးလေးတွေရလာရင် ကမ္ဘာမြေကိုလာလည်မယ်လို့ ကတိပေးခဲ့တယ်”

“အဲ့ဒါ ဘာလုပ်ရမှာလဲ”

အမ်က အကောင်းပြောတာကို ပင့်ခ်ဝါက သူနဲ့မဆိုင်သလို ညစ်တစ်တစ်လေး ပြန်ပြောတယ်။ အမ် အူယားသွားပြီး . . .

“ကဲ . . . ဘာလုပ်ရမလဲဆိုတော့ ဒီဘက်လှည့်”

ဆိုပြီး ပင့်ခ်ဝါမျက်နှာကို ဆွဲလှည့်လိုက်တယ်။

မျက်နှာချင်းလည်းဆိုင်မိရော အမ့်မျက်နှာကြီးက တရွေ့ရွေ့ ကပ်ကပ်လာတယ်။ သူ့မျက်နှာက တိုးကပ်လာတော့ ပင့်ခ်ဝါမျက်နှာက နောက်ဆုတ်ရတာပေါ့။ အမ့်မျက်နှာက လိုက်တိုးကပ်လာပြန်ပြီ။ သူမ နေရခက်လှပါတယ်။

“ယခု သင့်ရဲ့ရင်ခုန်နှုန်းမှာ ပုံမှန်ထက် ပိုမိုမြန်ဆန်စွာ ခုန်နေပါသဖြင့် သင့်ခံစားချက်ကို ထိန်းချုပ်ပေးပါရန် သတိပေးအပ်ပါတယ်ရှင်။

www.burmeseclassic.com

တီ . . . တီ . . . တီ . . . ”

ပင့်ခ်ဝါရဲ့အင်္ကျီမှာ ရင်ထိုးလိုတပ်ထားတဲ့ စက်ကလေးက ထအော်တာပါ။ ပင့်ခ်ဝါ ရှက်သွားသလို အမ်က ထရယ်မိပါလေရော။ ဒီတော့ ပင့်ခ်ဝါက အမ့်ကို လက်သီးနဲ့ တဘုတ်ဘုတ်ထုတာပေါ့။

အမ်က အဲ့ဒီစက်လေးကို ဝေးရာဆီ လွှင့်ပစ်လိုက်တယ်။

ပြီးတော့ ရေထဲက အရိပ်ထဲမှာ သူတို့မျက်နှာလေးနှစ်ခု သိပ်နီးကပ်သွားပါတယ်။

ᕯ ᕯ ᕯ

သူဝေး
**July, 2013**
**03:26 PM**

BURMESE CLASSIC .com



# ရူးရူး

ချစ်မိသည့်မှအစ

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com